www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်

# ညဥ့်အမှောင်ထဲက .....?




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ညဥ့်အမှောင်ထဲက ....?

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၄၃၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၇၇၁၀၆၀၉

၂၀၁၀ ခုနှစ်၊ ဧပြီလ

ပထမအကြိမ်

တန်ဖိုး – ၁၀၀၀/–

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉–လမ်း၊ ရန်ကုန်။

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်
ညဥ့်အမှောင်ထဲက ...? /တက္ကသိုလ်တင်မြင့်–ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၃၅၂– စာ၊ ၁၂×၁၈ စင်တီ။
(၁) ညဥ့်အမှောင်ထဲက ...?

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







ဤဝတ္ထုစာတ်လမ်းသည် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီးနောက် နှစ်ပေါင်း(၂၀)ကျော်ခန့် ကြာညောင်းသည့် အချိန်အတွင်း ဖြစ်ပျက်သော အကြောင်းအရာများကို ဇာတ်လမ်းဖွဲ့ရေးသားထားခြင်းဖြစ်ပါကြောင်း။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတင်လွှာ

ဤစာတ်လမ်းကို အသေးစိတ်ပေး အပ်သော အငြိမ်းစား ပါလီမန်အတွင်း ဝန်ဟောင်း ဦးအောင်ဖေ (မုံရွာ)အား စာရေးသူက ကျေးဇူးအထူးတင်ပါ ကြောင်း ဖော်ပြအပ်ပါသည်။

စာရေးသူ



## အခန်း (၁)

အန်ကယ်(လ်) ဦးမျိုးဆက်ထံမှ ပေးပို့လိုက်သော စာကို ဒေါက်တာဝင်းမောင်ထွန်းသုံးကြိမ်ဖတ်ခဲ့ပြီးပြီ။

စာပါအကြောင်းအရာက မထူးဆန်းသော်လည်း စာအိတ်ပေါ်ရှိ စာတန်းကလေးက ဆန်းကြယ်လွန်းနေပါ၏။ စာပါ အကြောင်းအရာများက မထူးဆန်းလှပါ။

ထွန်းထွန်း ...

အချိန်အခါရောက်ပြီမို့ အန်ကယ်(လ်) ဖေါ်ရပြီလေ။ အန်ကယ်(လ်)ရဲ့ ဆန္ဒတစ်ခုတည်းမဟုတ်ဘဲ ထွန်းထွန်းရဲ့ဖေဖေ ဗိုလ်သီဟရဲ့ဆန္ဒကလဲ ဝါးဆယ်ရာနှုန်းထက်မက ပါဝင်ကြောင်းကို သိပြီးသားဖြစ်မှာပါ။

ထွန်းထွန်းရဲ့ မေမေ ဒေါ်မမလေး မကွယ်လွန်မီက ထွန်းထွန်းရဲ့ဖခင် ဗိုလ်သီဟနဲ့တပည့်လဲဖြစ် သူငယ်ချင်းဆိုလည်း ဟုတ်တဲ့ အန်ကယ်(လ်)အကြောင်းကို ပြည့်စုံစွာပြောပြခဲ့ပြီးသားပဲ ဖြစ်မှာပါကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အခုအချိန်မှာ ထွန်းထွန်း ရန်ကုန်မှာရှိတဲ့ အန်ကယ်(လ်)ဆီကိုလာသင့်ပြီဆိုတာ အထူးဖိတ်ခေါ်ဖို့လိုမယ်မထင်တော့ပါ။ ထွန်းထွန်းဆင်းလာတဲ့အခါ (သုံးပိုင်းတစ်ပိုင်း)လေးယူလာဖို့ မမေ့ပါနှင့်။

လာမည့်ရက်ကို ကြိုတင်ကြေးနန်းရိုက်ပါ။ အိမ်ကကားဖြင့် လာကြိုနေပါမည်။

အန်ကယ်(လ်) မျိုးဆက်

နံနက်ခြောက်နာရီတိတိ မန်းဒဂုံအမြန်ရထားကြီး မန္တလေးဘူတာမှထွက်လာသည်နှင့် ဒေါက်တာဝင်းမောင်ထွန်းက အိတ်ထဲမှ အန်ကယ်ဦးမျိုးဆက်၏စာကို စတုတ္ထအကြိမ်မြောက် ဖတ်ကြည့်ခြင်းပဲဖြစ်သည်။

ယင်းထည့်လိုက်သော စာအိတ်ကလေးက ဝင်းမောင်ထွန်းအတွက် ကြီးစွာသောပဟေဠိဖြစ်နေခဲ့ခြင်းပဲဖြစ်ပါ၏။

စာအိတ်မျက်နှာပြင်ပေါ်တွင် ... ။

ဒေါက်တာအောင်မြင့်ထွန်း

အမှတ်(....) စီဗွီလိုင်း။

မန္တလေး။

ဟုလိပ်စာတပ်ထားသည်က သမာရိုးကျမို့ မထူးမဆန်းလှ။ လိပ်စာတပ်မှ လိပ်စာရှင်ထံစာရောက်မည် မဟုတ်လား။ လက်ရေးက အန်ကယ်(လ်)ဦးမျိုးဆက်၏ ကိုယ်တိုင်ရေးသားမှန်းသေချာသည်။

စာအိတ်၏မျက်နှာပြင်ပေါ်တွင် ရန်ကုန်စာတိုက်ကြီးတံဆိပ်ဝိုင်း မန္တလေးစာတိုက်တံဆိပ်ဝိုင်းများပါရှိသည်။



ထူးဆန်းနေသည်က ...

စာအိတ်၏တစ်ဘက်မျက်နှာပြင်ကော်ကပ်အဖုံးဘက်တွင် "မလာပါနဲ့" ဟု ရေးသားထားသော စာလုံးလေးလုံးက ဒေါက်တာဝင်းမောင်ထွန်းအား ထူး၍ဆန်းသောကြီးမားသည့် ပဟေဠိဖြစ်နေခဲ့ပါ၏။

စာပါအကြောင်းအရာက ဆန္ဒပြင်းစွာဖိတ်ခေါ်ချက်ဖြစ်နေခဲ့ပြီး စာအိတ်ပေါ်တွင် ရေးထားသောစာက "နှင်ထုတ်ချက်" ဖြစ်နေသည်က ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျှက် ရှိနေခဲ့သည်။

အန်ကယ်(လ်)မျိုးဆက်သည် စိတ်ပြောင်း၍မလာစေခြင်လျှင် ယင်းစာကို မိမိထံသို့မပို့ဘဲထားလိုက်ရုံသာဖြစ်သည်။

ထိုသို့ဆိုလျှင် ...

အန်ကယ်(လ်)မျိုးဆက်ရှိရာသို့ မိမိရောက်ရှိလာမည်ကို မလိုလားသူတစ်ဦးဦးက "မလာပါနဲ့" ဟု ရေးလိုက်ခြင်းပဲဖြစ်နိုင်သည်။ ဦးမျိုးဆက်စာအိတ်ကို လိပ်စာတပ်ပြီး အဖုံးပိတ်ကော်တပ်ပြီးမှ ပြန်ဖွင့်ရန်မလွယ်သောကြောင့် စာအိတ်၏ကျောဘက်တွင် ကြုံသလိုရေးလိုက်ရခြင်းဖြစ်ပေမည်။

ကောင်းပြီ။ ထိုသူသည် အခြားကမဖြစ်နိုင်။ သူစိမ်းတစ်ယောက်တော့မဖြစ်နိုင်ပါလေတော့။ ဦးမျိုးဆက်အနေဖြင့် စာတိုက်သို့ကိုယ်တိုင်ကိုယ်ကျ သွားထည့်မည်မဟုတ်သည်ကသေချာသည်။ အိမ်မှဒရိုင်ဘာကို ထည့်ခိုင်းဖို့ပဲများမည်။

ထိုဒရိုင်ဘာကလဲ လစ်သည့်အချိန်ကလေးမှာပင် "မလာပါနဲ့" ဟု ရေးလိုက်ခြင်းပေပဲလား။ ဒရိုင်ဘာကရေးသည်ဆိုရအောင် မိမိသည် ဒရိုင်ဘာနှင့် သိကျွမ်းဖို့ဝေးစွ မြင်ပင်မမြင်ဘူးပေ။ ဒရိုင်ဘာနှင့် မိမိသည် ဘာမျှပတ်သက်စရာအကြောင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကပင် ဝင်းမောင်ထွန်းအတွက် ထူး၍ ဆန်းသောပဟေဠိဖြစ်နေရခြင်းဖြစ်တော့သည်။

“ဗျူး ...”

ဝင်းမောင်ထွန်း သက်ပြင်းကိုမှုတ်ထုတ်လိုက်သည်။ အရှိန်ပြင်းစွာ ခုတ်မောင်းနေသော အမြန်ရထား၏ပထမတန်းတွဲ ပြတင်းပေါက်မှ မြင်ပသို့လှမ်းကြည့်လိုက်သည်။

ရထားက ပလိပ်ဘူတာကိုပင်ဖြတ်ကျော်နေပေပြီ။ ပြင်ပကိုကြည့်ပြီးနောက် ထိုင်ခုံဆိုဖာကျောမှီအမြင့်ကြီးတွင် ကျောမှီချကာ ဝင်းမောင်ထွန်းဆက်၍တွေးပြန်သည်။

လွန်ခဲ့သော(၃)ရက်က ညပိုင်းတွင် စီဗွီလိုင်းရှိ မိမိအိမ်သို့ သူခိုးဝင်ခဲ့သည်မှာ အန်ကယ်(လ်)မျိုးဆက်၏စာနှင့်များ ပတ်သက်နေသလား၊ ဆက်စပ်မှုရှိလေသလားဟု တွေးစရာဖြစ်လာသည်။

မေမေဒေါ်မမလေး ကွယ်လွန်ပြီးနောက် စီဗွီလိုင်းက ကိုယ်ပိုင်အိမ်လေးတွင် ဝင်းမောင်ထွန်းသည် အဖော်နှစ်ဦးနှင့် စိတ်လွတ်ကိုယ်လွတ်နေခဲ့သည်မှာ တစ်နှစ်ကျော်ခန့်ရှိခဲ့ပြီ။

အဖော်တစ်ဦးက ဟိုင်းလုံ၊

ကျန်တစ်ဦးက ကျားမောင်၊

ကျားမောင်က အဖော်စာရင်းဝင်ဖြစ်သော်လည်း လူသားမဟုတ် လိမ္မာတတ်သိလွန်းသည့် အင်းခွေးကြီးပဲဖြစ်သည်။ မေမေဒေါ်မမလေး မကွယ်လွန်မီကတည်းက သူမကိုယ်တိုင်ခွေးပေါက်လေးတစ်ကောင်တောင်းလာပြီး နွားနို့တိုက်မွေးသည်။ ကြီးပြင်းလာတော့ အမဲရိုး၊ ဆိတ်ရိုးများ ကျွေးမွေးခဲ့သည်။

ခွေးမျိုးကောင်းဖြစ်၍ ကြီးပြင်းလာချိန်တွင် အုန်းခွံ



ရောင်အသွေးအမွေးဖြင့် ကြီးထွားကာ ကျားတစ်ကောင်လိုအားထားရသည့် ခွေးကြီးတစ်ကောင်ဖြစ်လာခဲ့သည်။

ထို့ကြောင့် ကျားမောင်ဟူ၍မှည့်ခေါ်ခဲ့ပါလေ၏။ ကျားမောင်မှာအမည်နှင့်လိုက်အောင်ပင် အလွန်ဟိန်းခြင်းဟောက်ခြင်းသာမက သခင်ခိုင်းရာကို တစ်သဝေမတိမ်းဆောင်ရွက်နိုင်သည့် ခွေးတစ်ကောင်ဖြစ်ပါလေ၏။ ကျားမောင်ဤသို့ သခင်ခိုင်းစေရာကိုနာခံလိုက်နာတတ်သည့် ခွေးတစ်ကောင်ဖြစ်အောင် ဟိုင်းလုံလေ့ကျင့်သင်ကြားပေးခဲ့ခြင်းပင်ဖြစ်သည်။

ကျားမောင်ကို မေမေအိမ်မှခေါ်မွေးထားခဲ့ပြီး ငါးလအကြာတွင် ဟိုင်းလုံ စီဗွီလိုင်းအိမ်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ဟိုင်းလုံကလည်း ကြမ်းတမ်းသည့်လူကြမ်းကြီးဖြစ်သည်။ ဝင်းမောင်ထွန်း အမ်ဘီဘီအက်(စ်) နောက်ဆုံးနှစ်ဖြေပြီး ဟောက်(စ်)ဆာဂျင်အလုပ်သင်ဆရာဝန်အဖြစ် မန်းဆေးရုံကြီးတွင် တာဝန်ကျစဉ်မှာပင် ဟိုင်းလုံနှင့်စတင်ဆုံဆည်းရခြင်းပင်။

ဟိုင်းလုံရောက်လာချိန်တွင် မေမေဆုံးသွားသည်မှာ လေးလကျော်လေပြီ။ အဲ ... ဟိုင်းလုံနှင့်တွေ့ရပုံကလည်း ဘဝရေစက်ဟု ဆိုရမည်။

အဲဒီနေ့က မန်းဆေးရုံကြီးတွင် ဝင်းမောင်ထွန်း အရေးပေါ်တွင် တာဝန်ကျသည်။

ည(၈)နာရီတွင် မြင်းလှည်းတစ်စီးဖြင့် ဟိုင်းလုံ ရောက်လာသည်။ ခေါ်လာခဲ့သူက ကေသီဆိုသည့် (၁၈)နှစ်အရွယ် မိန်းမချောလေးဖြစ်သည်။ ကေသီက စက်ဘီးနှင့်ရှေ့မှခေါ်ကာ ဟိုင်းလုံကိုအင်မာဂျင်စီသို့ ပို့ပေးခြင်းဖြစ်သည်။

ကေသီက ဖြူဖြူနုနုသွယ်သွယ်ချောချောလေး၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းလုံကရုပ်ဆိုးပြီး အသားကမည်းသည်။ လူကောင်ထွားကာ ဆံပင်တိုတိုကောက်ကောက်။ အကျႌမပါ။ ဘောင်းဘီက အရှည်ဆို သော်လည်း အနားဖွာလန်ကြဲကာ တဖက်တိုတစ်ဖက်ရှည်။ ဆိုရ လျှင် ဟိုင်းလုံ၏ရုပ်ရည်က တောင်အာဖရိကမှ ကပ္ပလီတစ်ဦးနှင့် တူလှသည်။

ခေါင်းကွဲလာသည်။ တစ်ကိုယ်လုံးကွဲပြဲနေခဲ့သည်။ တစ်ကိုယ်လုံးသွေးနီရောင်လွှမ်းနေခဲ့သည်။ ကေသီက ဆယ်တန်း ဖြေဖို့ကျူရှင်တက်သည်။ ကေသီအားကြံစည်နေသော လမ်းတော လေးခြောက်ကောင်က ကေသီအပြန်တွင် အကြမ်းဖက်သည်။

ထိုစဉ် လူထွားကြီးကလွှားခနဲဝင်လာပြီး ခြောက် ယောက်တစ်ယောက်ထိုးကြိတ်သတ်ပုတ်ခဲ့ကြတော့သည်။

လမ်းတောလေအချို့တွင် မောင်းပြန်ဓားတွေ၊ ချိန်း ကြိုးတွေပါသည်။ ပြီးတော့ လူအင်အားချင်းမမျှ။

လမ်းတောလေသုံးကောင်မြေပေါ်ပုံကျသွားသည်။ ကျန်သုံးကောင်မှာလည်း သွေးသံရဲရဲ။ လူထွားကြီးမှာလည်း မထူး သာ။

ခေါင်း၊ ရင်ဘတ်၊ ကျောမှာဒဏ်ရာတွေ ဗရပွ၊ သို့သော် လူထွားကိုရုပ်ဆိုးကလဲမသွား ကျန်သည့်တောလေသုံး ကောင်နှင့်ဆက်တိုက်ခိုက်ဆဲ။ အခြေအနေမဟန်မှန်းသိ၍ လမ်းတော လေသုံးကောင်ကလဲကျနေသည့် သူတို့အဖော်သုံးကောင်ကို ကိုယ် စီတွဲဆွဲကာ ပါလာသောဂျစ်ကားပေါ်တင်ပြီး မောင်းပြေးတော့ သည်။ ဆက်လက်၍တိုက်ခိုက်ခြင်းမပြုကြတော့။

ထိုရောအခါမှ လူထွားကြီးကိုရုပ်ဆိုး မာန်လျော့၍ လားမသိ။ လဲကျ၍သွားခဲ့သည်။ ဘေးအကူတွေဝင်လာသည်။ မြင်း



လှည်းငှားကာ လူထွားကြီးကိုရုပ်ဆိုးကို မြင်းလှည်းပေါ်တင်ပေး ကြသည်။ ကေသီက ကျေးဇူးရှင်လူထွားကြီးကိုရုပ်ဆိုးကို ဆေးရုံ အရောက်လိုက်ပို့ပေးခြင်းဖြစ်သည်။

တာဝန်ကျလက်ထောက်ဆရာဝန်က အကွဲအပြဲ ကြီးများကို ချုပ်ပေးကုသပေးပြီးနောက် ဟောက်(စ်)ဆာဂျင် ဝင်းမောင်ထွန်းနှင့်လွှဲပေးသည်။ တစ်ရက်နှစ်ရက်လောက်အထိ တော့ ကေသီလာသေးသည်။ အစားအသောက်နှင့်လိုအပ်တာလေး တွေလာ၍ပေးပါ၏။

သုံးရက်မြောက်တော့ ကေသီပေါ်မလာတော့ ...။ ကေသီ ကြည့်ရသည်မှာ ချောင်လည်လည်ထဲက ဟုတ်ဟန်မတူ။ စေတနာရှိသော်လည်း ရေရှည်တွင် တိတ်နိုင်ပုံမပေါ်။

ဘာဝရေစက်ပဲ ဆိုပါစို့။ လူထွားကိုရုပ်ဆိုးကြီး၏ကိစ္စ အဝဝကို ဝင်းမောင်ထွန်းပဲ တာဝန်ယူလိုက်သည်။ အကုန်အကျခံ ၏။

လူထွားကြီး၏ အသက်စစ်တော့ အသက်နှစ်ဆယ် ကျော်ရုံသာရှိသေးသည်။ ဝင်းမောင်ထွန်းထက် ငယ်သည်။

"မင်း နာမည်ဘယ်သူ့လဲ"

"ဟိုက်အလရုံ ..."

"အခေါ်ရခက်တယ် ... ဘာလူမျိုးလဲ ..."

သူပြောချင်ပုံမရ။ ဝင်းမောင်ထွန်း ဆက်၍မမေး တော့ပေ။ သူ့လူမျိုးဇာတိကို ဖုံးကွယ်ထားချင်ပုံပင်။

"ဝါ တောင်ပေါ်က လာတဲ့သူ ..."

တောင်ပေါ်သားတစ်ဦး ဖြစ်သည်ဟုသာ မှတ်ထား လိုက်သည်။ တိုင်းရင်းသား တစ်မျိုးမျိုးဖြစ်နိုင်သည်။ ယဉ်ကျေးမှု အရ တီတီပပ ဆက်မမေးဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ရက်အကြာတွင် ဟိုက်အလရုံကို ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။

ဟိုက်အလရုံကို လာကြိုမည့်သူမရှိ။ သူတွင် ဝတ်စရာပင် အပိုမပါ။ ဆေးရုံကပေးထားသောဝတ်စုံကို ချွတ်ပြီး သူဝတ်လာခဲ့သည့် သွေးစွန်းအဝတ်၊ ညစ်ပေနေသော တစ်ဘက်တို့ တစ်ဘက်ရှည် ဘောင်းဘီကိုသာ ကောက်ဝတ်ရတော့သည်။

"မနေနဲ့ ... ဆင်းတော့ဆိုလည်း ဆင်းရုံပဲပေါ့လေ"

သူ့အသံက တိုင်းရင်းသား တစ်မျိုးမျိုးဝဲပုံမျိုးဝဲသည်။ မည်သည့်တိုင်းရင်းသားမျိုးလည်း ခွဲခြားမရ။ သို့သော် ... သူသည် မြန်မာစကားကို ကျင်လည်စွာ ပြောတတ်ပါ၏။

"ဆေးရုံကဆင်းရင် မင်း ဘယ်သွားမှာလဲ ဟိုက်အလရုံ"

"ဘုရားကြီးကိုပေါ့ ... "

မန္တလေးမဟာမြတ်မုနိ ဘုရားကြီးကို ဆိုလိုခြင်းဖြစ်သည်။

"ဘုရားကြီးမှာ အမျိုးရှိလို့လား ... "

"မရှိပါဘူး ... စောင်းတန်းတွေ ဇရပ်တွေ ရှိတယ်လေ ... ညဆို အဲဒီမှာ သွားအိပ်တာပဲ ... "

"အလုပ်အကိုင်ကကော ... "

"ဂေါဝိန်ဆိပ်မှာ အထုပ်တွေ ထမ်းတယ် ... တစ်ခါတလေတော့ ဘူတာကြီးမှာ ... "

သူ ဘာကြောင့်မှန်းမသိ။ အလွန်သန်စွမ်းသည့် ယောကျ်ားသားကြီးတစ်ဦးဖြစ်သည့် ဟိုက်အလရုံကို ကြင်နာသနားစိတ် ဖြစ်မိသည်။

ဟိုက်အလရုံသည် ကေသီဆိုသည့် မိန်းကလေးကို



ဘာမျှဆက်စပ်သည် မဟုတ်ပါလော့ဟဲ ဝဋ်ကြွေးကယ်တင်သည်။ သူ့လို အနာခံကာ မတရားမှုကို ဝင်ရောက်ဖြေရှင်းရဲသည့်သတ္တိမျိုး ရှားသည်။ ဤစိတ်ဓာတ်ကို ဝင်းမောင်ထွန်း သဘောကျမိ။

"မင်း ငါနဲ့ လိုက်နေမလား ... ဟိုက်အလရုံ ... "

"ငါက ဘာလုပ်ပေးရမှာလဲ ... "

"မည်မည်ရရတော့ မရှိဘူးကွ ... ငါ့အိမ်မှာ အဖော်ဆိုလို့ ကျားမောင်ဆိုတဲ့ အင်းခွေးကြီးပဲ ... မင်းလည်း ငါ့အဖော် အဖြစ် ဆိုပါတော့ကွာ ... တစ်ခုတော့ရှိတယ် ... ငါ့အမေ ရှိတုန်းက ခြံနဲ့ အိမ်လေးဟာ သန့်ရှင်းတယ် ... သပ်ရပ်တယ် ... ပန်းပင်ဆိုလည်း ပွင့်ကြတယ် ... မင်းရောက်ရင် တော့ ခြံကို ပြန်ပြီး စိုပြေအောင်လုပ်ပေးစေချင်တယ် ... ငါကိုယ်တိုင် လုပ်ချင်တယ် အချိန်မရဘူးကွ ... ငါအလုပ် ဆင်းတုန်း မင်းအိမ်စောင့်ရမယ် ... မင်းပျော်ရင် ဆက်နေ မပျော်ရင် ထွက်သွားပေါ့ ... "

"အဲဒါကောင်းတယ် ... လိုက်နေမယ် ... "

ထိုမှနောက် ဟိုက်အလရုံက ဝင်းမောင်ထွန်းထံ လိုက်နေဖြစ်၏။

"မင်းနာမည် အခေါ်ရခက်တယ် ... ဟိုင်းလုံလို့ပဲ ငါခေါ်မယ် ... ဟုတ်ပြီနော် ... "

ကြာလာတော့ ဟိုက်အလရုံက နာမည်ရင်းကိုပင် သဘောမကျလေတော့။ ဟိုင်းလုံဟုခေါ်မှသာ ကြိုက်နှစ်သက် တတ်လာတော့၏။

ဝင်းမောင်ထွန်း၊ ကျားမောင်နှင့် ဟိုင်းလုံသည် အလွန်ခင်မင်ကြသော အဆွေခင်ပွန်း သုံးဖော်ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စားလျှင်အတူစားသည်။ အိပ်လျှင် ဝင်းမောင်ထွန်းက အိပ်ခန်းထဲတွင်အိပ်သည်။ ဟိုင်းလုံက ဘုရားဆောင်ရှေ့တွင် အိပ်သည်။ ကျားမောင်က အိမ်ရှေ့ဖိနပ်ချွတ်ကပြင်တွင် အိပ်၏။ ကျားမောင်က အိမ်လုံသည်။ ဆတ်ခနဲဆိုလျှင် ကျားမောင် နိုးနေတတ်၏။

ဟိုင်းလုံ ရောက်လာသည့်အချိန်မှစ၍ ကျားမောင်ကို သင်ပေးနေတတ်သည်။ ဟိုင်းလုံကြောင့် ကျားမောင် ပို၍လိမ္မာတတ်သိလာခဲ့သည်။ ဟိုင်းလုံ ရောက်လာပြီးနောက် ခြံတစ်ခုလုံး စိမ်းလန်းစိုပြည်လာခဲ့သည်။

ကြာတော့ ဟိုင်းလုံနှင့် ဝင်းမောင်ထွန်းတို့ ညီရင်းအစ်ကိုလို ချစ်ခင်ခဲ့ကြသည်။ ဝင်းမောင်ထွန်းကို အစ်ကိုရင်း တစ်ယောက်'ဂ' မှတ်ယူမိပြီး အစ်ကိုဟူ၍ခေါ်ခဲ့သည်။

စိတ်လိုလျှင် ဟိုင်းလုံက သူ့အကြောင်းကို ရယ်စရာ ပြောတတ်၏။

"ကျွန်တော်က အမြင့်ကနေပြီး အောက်ကိုခုန်ချတာ ... တောင်ပေါ်မှာ ဆက်နေရင် ကျွန်တော်က အုပ်ချုပ်သူဖြစ်ရမယ်လေ ... မန္တလေးမှာ လာနေတော့ ကူလီထမ်းရတယ်... အစ်ကိုနဲ့တွေ့ပြီးမှ ကူလီဘဝက လွတ်သွားတာ"

"လွတ်ရမှာပေါ့ ... မင်းကို ငါက ငါ့ညီလို့ စိတ်ထဲမှတ်ထားတာပဲ ... "

"တောင်ပေါ်ကျားကိုက်စေ ... အစ်ကို့ကို တကယ့်အစ်ကိုရင်းလို ခင်နေပြီ ... ဒါကြောင့်လည်း အစ်ကိုနဲ့ ဆက်နေနေတာ ... တကယ်လို့ ညီလိုမခင်ဘဲ အိမ်မှာနိုင်းတဲ့လူလို သဘောထားခဲ့ရင် ကျွန်တော် ဂေါဝိန်ဆိပ်မှာပဲ ပြန်ပြီး ကူလီ



ထမ်းမှာ ... "

သူ့အပြောကြောင့် ဝင်းမောင်ထွန်း ပြုံးလိုက်သည်။

"မပြုံးနဲ့ အစ်ကို ... ကျွန်တော်က အုပ်ချုပ်သူဘဝကိုတောင် မမက်မောဘဲ ပြေးလာတာ ... ဘယ်တော့မှ သူတစ်ပါးရဲ့ အစေအပါး အဖြစ်မခံဘူး ... ကူလီထမ်းတာက အစေအပါး မဟုတ်ဘူးလေ ... ခွန်အားနဲ့ အလုပ်လုပ်တာ"

ဟိုင်းလုံက သူ့အကြောင်းကို ဆက်ပြောပြ၏။ သူ့မိဘက တောင်ပေါ်တွင် အစဉ်အဆက် အုပ်ချုပ်သူအကြီးအကဲမျိုးရိုး ဖြစ်သည်။ ဟိုင်းလုံအဖေက ခေတ်အမြင်ရှိသည်။ ဟိုင်းလုံကို မြစ်ကြီးနားတွင် ကျောင်းအိပ်ကျောင်းစားထားသည်။ (၇)တန်းဖြေပြီးနောက် ဒီမှုခေတ်ပညာတတ်လျှင် တော်ပြီဆိုပြီ။ သူ့အဖေက တောင်ပေါ်သို့ ပြန်ခေါ်သွားသည်။

ဟိုင်းလုံမြို့စိတ်ဝင် သွားပြီ။ တောထဲတောင်ထဲမှာ မပျော်မွေ့တော့။

ထိုစဉ် သူ့အဖေ သေသွားခဲ့သည်။

အုပ်ချုပ်သူ အကြီးအကဲနေရာယူရန် ဟိုက်အလရုံ တက်ရသည်။ သို့သော် ဟိုက်အလရုံက သူ၏အရိုက်အရာကို သူ့ဦးလေး(အဖေ့ညီ)ကို လွှဲပေးခဲ့တာ သူက သူပျော်ပိုက်ရာမြို့သို့ ဆင်းလာခဲ့ခြင်း ဖြစ်သည်။

မြို့ကြီးပြကြီးဆိုတာ သူထင်သလောက် မလွယ်ခဲ့။ ကျောင်းသားဘဝက တောင်ပေါ်မှနေ၍ သူ ငွေလိုအပ်လျှင် ပို့ပေးသည်။ လွယ်လွယ်သုံးစွဲနိုင်၏။

အရိုက်အရာလွှဲပြီးနောက် မြို့သို့ဆင်းအလာတောင်ပေါ်က သူယူလာသည့် ရွှေတိုရွှေစနှင့် ကျောက်မျက်ရတနာတို့

www.burmeseclassic.com

www.burmeseclassic.com



လည်း မတန်ရေတန်ရေ ရောင်းချ၍ ကုန်ခဲ့သည်။ ဝင်းမောင်ထွန်းနှင့် တွေ့ချိန်တွင် ဟိုက်အလရဲ့ ကူလီထမ်းနေရပြီ။ အကယ်၍သာ ဝင်းမောင်ထွန်းနှင့် မတွေ့ခဲ့လျှင် သူ ကူလီဆက်မထမ်းတော့ဘဲ တောင်ပေါ်သို့ ပြန်ဖြစ်လေမည်လား မပြောတတ်။

အတွေးကိုဖြတ်ပြီး ရထားအပြင်သို့ ဝင်းမောင်ထွန်း ကြည့်မိပြန်သည်။ သာစည်ရောက်ရန် မလိုလှတော့။

စာအိတ်ပေါ်တွင် မလာပါနဲ့ဟု ရေးလိုက်ခြင်းနှင့် လွန်ခဲ့သည့်သုံးရက်ခန့်က မိမိအိမ်သို့ ညဘက် သူခိုးဝင်ခြင်းနှင့်များ ပတ်သက်မလေလား။

ဦးမျိုးဆက်ထံမှ စာကိုဖတ်ပြီး 'ထွန်းထွန်းဆင်းလာသည့်အခါ (သုံးပိုင်းတစ်ပိုင်း) လေးယူလာဖို့ မမေ့ပါနှင့်' ပါရှိသည်ကို သတိပြုမိမှ ဝင်းမောင်ထွန်းက ဗီရိုထဲတွင် သိမ်းဆည်းထားသော မြေပုံအပိုင်းအစတစ်ခုကို ထုတ်ယူထားလိုက်မိ၏။ *

မေမေရှိစဉ်ကတည်းက ဦးမျိုးဆက်သည် မေမေ့လက်သို့အပ်ရင်း 'အဲဒါသုံးပိုင်းတစ်ပိုင်း မိမိလေးရေ' ဟု ပြောပြီး အပ်သည်။

အကြောင်းသင့်၍ စာရေးလေတိုင်း ဦးမျိုးဆက်က "သုံးပိုင်းတစ်ပိုင်း"လေးကို သေချာသိမ်းဆည်းထားပါဟု မေမေ့ကို သတိပေးထည့်ရေးတတ်၏။

ထို့ကြောင့်ပင် "သုံးပိုင်းတစ်ပိုင်း" ဆိုသည်နှင့် ဝင်းမောင်ထွန်း နားလည်နေခြင်းဖြစ်ပါ၏။

ထိုညက ဦးမျိုးဆက်စာအိတ်နှင့်အတူ သုံးပိုင်းတစ်ပိုင်းကို ကလစ်တွဲကာ အိပ်ရာဘေးရှိ စားပွဲအံဆွဲထဲထည့်ပြီး ဝင်းမောင်ထွန်း သော့ခတ်သိမ်းဆည်းလိုက်သည်။



သို့သော် မန္တလေးအပူရှိန်ကြောင့် ညဘက်တွင် လေအေးရရှိရန်အတွက် ဝင်းမောင်ထွန်း ဖွင့်အိပ်တတ်သည်။

အိမ်ထဲတွင် အဖိုးတန်ပစ္စည်းကမရှိလှ။ ဂျာမဏီထုတ် လျှပ်စစ်ရေဒီယိုဆိုနီ ရီကော်ဒါတစ်လုံးသာရှိသည်။ သူခိုးအနေနှင့် အလွယ်တကူ ယူသွားနိုင်သောပစ္စည်း အရှယ်အစားပဲ ဖြစ်သည်။

သူခိုးက ဒါတွေမယူ။ ယုတ်စွအဆုံး စားပွဲပေါ် တင်ထားလေ့ရှိသည့် အိုမီဂါလက်ပတ်နာရီ အကောင်းစားကိုပင် မယူ။

ဝတ်အူလှည့်ဖြင့် ဗီရိုသော့ကို လာလှည့်၍ဖွင့်သည်။

အံဆွဲကို ကလန့်နေစဉ် ဝင်းမောင်ထွန်း နိုးပြီးလုံးထွေးသတ်ပုတ်သည်။' သူခိုးက အကောင်သေး၍ ငါးရှဉ့်တစ်ကောင်လို သူ့လက်မှထွက်၍ပြေးသည်။ သူခိုးမပြေးနိုင်။ ရဲစခန်းသို့ အပ်လိုက်သည်။

သူခိုးက ရဲမှတ်တမ်းဝင် ဖောက်ထွင်းဝိဇ္ဇာဟောင်းကျွင် ဖြစ်နေခဲ့၏။

ဝင်းမောင်ထွန်းက သူခိုးသည် အလွယ်တကူ ရရှိနိုင်သော ပစ္စည်းများကိုမယူဘဲ အဘယ်ကြောင့် ဗီရိုအံဆွဲတွေကိုသာ သဲသဲမဲမဲ ဖွင့်ရန် ကြိုးစားသလဲဟူသော အဖြေကို ရရှိရန် ရဲအဖွဲ့ကို စစ်မေးရန် တောင်းပန်ခဲ့သည်။

ရဲအရာရှိက စစ်မေးခဲ့သည်။

"အယူရလွယ်ပေမဲ့ ပြန်အထုတ်သိမ်းခက်ရုံမကဘူး ... ထင်ရှားတဲ့ သက်သေအထောက်အထားဖြစ်လို့ မိတာနဲ့ထောင်ကျဖို့ သေချာတယ်တဲ့ ဒေါက်တာ ... မောင်ကျွင်လို့ချင်တာက ငွေစက္ကူနဲ့ ရွှေထည်ပစ္စည်းပဲတဲ့ ... ဒါကြောင့် ငွေ

www.burmeseclassic.com

www.burmeseclassic.com



စက္ကူနဲ့ ရွှေထည်သိမ်းထားနိုင်တဲ့ ဗီရိုတွေ အံဆွဲတွေ ဖွင့်တာတဲ့လေ ...”

ရဲအရာရှိကိုယ်တိုင်မှလည်း မောင်ကျင်သည် ဝါရင့်ဖောက်ထွင်းသမားတစ်ဦး ဖြစ်၍ ငွေစက္ကူနှင့် ရွှေထည်ကိုသာ အဓိကထားပါသည်ဟု ပြောဆိုခဲ့ခြင်းကြောင့် ဆင်ခြေမှာလက်ခံနိုင်စရာ ဖြစ်နေခဲ့သည်။

ဝင်းမောင်ထွန်း၏ဆန္ဒအရဆိုလျှင် မောင်ကျင်အား တစ်စုံတစ်ဦးက စေခိုင်းသလား ဟူ၍ မေးချင်နေမိသည်။

မောင်ကျင်သည် ပစ္စည်းလို၍ ခိုးသည်ဆိုလျှင် တန်ဖိုးကြီးမားသော အိုမီဂါနာရီကိုတော့ ယူရမည်သာ၊ နောက်တစ်ချက်မှာ ကျားမောင်ကိစ္စဖြစ်သည်။

ထိုညက ကျားမောင် အိပ်နေခဲ့သည်မှာ မနက်မိုးလင်းသည့်တိုင် အိပ်နေ ဆဲဖြစ်သည်။ ဟိုင်းလုံ မသကာ၍ ခြံထဲလျှောက်ကြည့်သည်။ ခြံအတွင်းတစ်နေရာတွင် အမဲလုံးကြော် အစအနများ တွေ့ရ၏။ ဝင်းမောင်ထွန်းက အမဲလုံးကြော် အစအနများကို ဆေးရုံကြီးသို့သွားကာ ဓာတ်ခွဲကြည့်စေသည်။

အမဲလုံးကြော်ထဲတွင် အိပ်ဆေးမှုန့်များ ပါရှိကြောင်း တွေ့ရသည်။ ယင်းအချက်နှစ်ချက်ကြောင့် မောင်ကျင်သည် မိမိအိမ်ကို တင်ကြိုဖောက်ထွင်းရန် ကြံစည်ကြောင်း ထင်ရှားသည်။ မိမိအိမ်ပတ်ဝန်းကျင်တွင် ချမ်းသာကြွယ်ဝသူတွေ အများကြီး ရှိပါလျက် ချမ်းသာကြွယ်ဝခြင်း မရှိသည့် မိမိအိမ်ကိုမှ မောင်ကျင် အဘယ်ကြောင့် ဖောက်ထွင်းခဲ့ပါသနည်း။

ဦးမျိုးဆက်၏စာအိတ်ပေါ်တွင် ‘မလာပါနဲ့’ ဟု ရေးသူသည် သူဆက်သွယ်သူထံ ဖုန်းနှင့်ဖြစ်စေ၊ လူတစ်ဦးဦးကိုလွှတ်၍ ဖြစ်စေ ဆက်သွယ်ပြီး မောင်ကျင့်ကို စေခိုင်းခဲ့ခြင်းများ ဖြစ်လေသလား။



အကယ်၍သာ မောင်ကျင်သည် လူမိခဲ့ခြင်း၊ မရှိလျှင် ဘာပစ္စည်းကို ခိုးမည်နည်း။ ဦးမျိုးဆက်၏စာကိုလား၊ သုံးပိုင်းတစ်ပိုင်း မြေပုံကိုလား၊ ဒါမှမဟုတ် နှစ်ခုစလုံးကိုလား။

သာစည်ဘူတာသို့ အမြန်ရထားကြီး ရပ်နားခဲ့သည်။ အတွေးဖြတ်ကာ ပလာတာနှစ်ချပ်နှင့် နွားနို့တစ်ခွက် ဝယ်ယူပြီး ဝင်းမောင်ထွန်း ဝမ်းဖြည့်လိုက်သည်။ သုံးမိနစ်ခန့်သာနားပြီး ရထားမှာ ဆက်၍ထွက်သည်။

ရထားထွက်သည်နှင့် ဝင်းမောင်ထွန်း တွေးဖြစ်ပြန်ပါလေ၏။

မိမိဆရာဝန်ဖြစ်ပြီ ဆိုသည်နှင့် အန်ကယ်(လ်)ဦးမျိုးဆက်က ခေါ်တွေ့လိမ့်မည်ဟူ၍ မန်းဆေးတက္ကသိုလ် ပထမနှစ်တက်စဉ်ကတည်းက မေမေ ဒေါ်မမလေးက ပြောပြထားခဲ့ပြီး ဖြစ်သည်။

“မေမေ ခန့်မှန်းမိတာက ဦးမျိုးဆက်ဟာ ဂျပန်ခေတ်က ကျဆုံးသွားခဲ့တဲ့ သားရဲ့ဖေဖေ ဗိုလ်သီဟရဲ့ နေရာမှာ သားကို အစားထိုးချင်တာ အဓိကအချက်ပဲ ...”

မိခင် ဒေါ်မမလေးက အခွင့်ကြုံတိုင်း ပြောပြခဲ့၍ ဖေဖေဗိုလ်သီဟအကြောင်းကို သိသင့်သမျှ ဝင်းမောင်ထွန်း သိထားပါသည်။

ဖေဖေ ဗိုလ်သီဟက ဂျပန်ခေတ် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဗိုလ်ကြီးအဆင့် တပ်ခွဲမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဖေဖေ့တပ်ခွဲတွင် ဦးမျိုးဆက်က ဗိုလ်အဆင့်ဖြင့် တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်သည်။ အထက်အောက် အရာရှိဖြစ်စေကာမူ ညီအစ်ကို အရင်းနှယ် ချစ်ခင်ကြသည်။

ဗိုလ်သီဟ၏ သစ္စာ၊ သမာဓိ၊ သတ္တိနှင့် ကြီးမား မြင့်မြတ်သော စိတ်ဓာတ်ကို ဗိုလ်မျိုးဆက်က ထာဝစဉ်ကြည်ညို လေးစားခဲ့သည်။

မဟာမိတ်(အင်္ဂလိပ်စစ်တပ်)များ အဝင်၊ ဂျပန်ဆုတ်ပြေး ကာလဦးတွင် ဖေဖေတို့ တပ်ခွဲသည် အိန္ဒိယ–မြန်မာနယ်စပ် 'စောမရ' တောင်ခြေတွင် ရောက်ရှိနေကြသည်။

'စောမရ' တောင်ခြေတိုက်ပွဲတွင် ဖေဖေဗိုလ်သီဟ အမှတ်မထင် ကျဆုံးသွားခဲ့သည်။

ဖေဖေဗိုလ်သီဟ ကျဆုံးသွားကြောင်း အန်ကယ်လ် ဦးမျိုးဆက် ကိုယ်တိုင် မေမေ့ထံ လာရောက်ပြောကြားသည်ဟု ဆိုသည်။ ထိုစဉ်က ဝင်းမောင်ထွန်းသည် ကလေးအရွယ်(၅)နှစ် သားသာရှိသေးသောကြောင့် မည်မည်ရရ မမှတ်မိ။

ဦးမျိုးဆက် ရောက်လာစဉ်ကပင် ဖေဖေဗိုလ်သီဟနှင့်သာ သက်ဆိုင်သည်ဆိုသော သုံးပိုင်တစ်ပိုင်းမြေပုံကို မေမေ့ လက်သို့ပေးခဲ့သည်။

ဝင်းမောင်ထွန်း သေသေချာချာ မှတ်မိသောအရွယ်တွင်မူ ဦးမျိုးဆက်သည် ရဲဝန်ထောက် ရာထူးနှင့်ဖြစ်နေသည်။ နှစ်များ ကြာညောင်းလာသည့်နောက် ဦးမျိုးဆက်သည် ခရိုင်ရဲဝန် ရာထူးသို့ တိုးတက်ခဲ့၏။

နောက်တစ်ချက် ဝင်းမောင်ထွန်း သေသေချာချာကြီး မှတ်မိသည်မှာ ရဲဝန်ထောက်ဘဝကတည်းက အန်ကယ်(လ်) ဦးမျိုးဆက်သည် မေမေ့တွင်လိုအပ်သော ငွေကြေးအရင်းအနှီး လို



သလောက် ထုတ်ပေးရုံမက ဝင်းမောင်ထွန်း၏ကျောင်းစရိတ် ဟူသရွေ့ အားလုံး တာဝန်ယူခဲ့ကြောင်း သိခွင့်ရခဲ့သည်။

မေမေသည် ဈေးချိုထဲတွင် ဆိုင်ခန်းတစ်ခန်း ပိုင်ဆိုင်ကာ ရွှေဆိုင်ဖွင့်ထားခဲ့၏။ မှတ်မှတ်ရရ ထိုစဉ်က ရွှေတစ်ကျပ်သားမှ တစ်ရာ့ရှစ်ဆယ်။ မေမေ ပြောခဲ့သည်များကို ပြန်၍အမှတ်ရမိသည်။

"ဦးမျိုးဆက်ဟာ မေမေနဲ့ သားရဲ့ကျေးဇူးရှင်ပဲကွယ့် ... သူဟာ ရဲအရာရှိတစ်ယောက်အနေနဲ့ ဘယ်ဒေသကိုရောက်နေနေ ... မေမေနဲ့ သားရဲ့စီးပွားရေး၊ စားသောက်နေထိုင်ရေးကို မျက်ခြည်ပြတ်မခံဘဲ လိုအပ်မယ်ထင်သမျှကို ပံ့ပိုးကူညီခဲ့တယ် ... အဲဒီလိုကူညီခဲ့တာဟာ ကျေးဇူးတင်ခံချင်စိတ် လုံးဝမရှိဘူး ... မင်းဖေဖေဗိုလ်သီဟ ကိုယ်စား ... ဗိုလ်သီဟကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကူညီခဲ့တာပါတဲ့ ... အဲဒီအတွက် ကျေးဇူးလည်းတင်စရာ မလိုဘူး ... အားနာစရာမလိုပါဘူး ... သူဆပ်တဲ့ ကျေးဇူးဟာ ဗိုလ်သီဟ သူ့အပေါ်ထားရှိခဲ့တဲ့ စေတနာနဲ့ နှိုင်းယှဉ်ရင် မြူမှုန်သဲမှုန်လောက်ပဲ ရှိမှာပါတဲ့ ... အဲ ... သားရဲ့ပညာရေး ပြီးဆုံးရင်တော့ သူ့ဆီကို လွှတ်ပေးဖို့ တစ်ခုတည်းသာ တောင်းပန်ပါရစေတဲ့ ..."

"အန်ကယ်(လ်)မျိုးဆက်က သားဆရာဝန်ဖြစ်တာနဲ့ သူ့ဆီကို ဘာလို့လာစေချင်တာလဲ မေမေ ..."

"အဲဒါတော့ မေမေ သေသေချာချာ မသိဘူး ... သေချာအောင် မေးဖို့ကလည်း မေမေ ဝန်လေးခဲ့လို့ မမေးခဲ့ဘူး။ သူပြောတာက သားဆရာဝန်ဖြစ်ပြီ ... ဒါမှမဟုတ် အခြား

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရလို့ ပညာရေးဆုံးခန်းတိုင်ပြီ ဆိုတာနဲ့ သူ့ဆီလွှတ်ပေးဖို့ပါပဲ ... တွေးစရာတစ်ခုရှိတာက သားရဲ့ဖေဖေ မိုလ်သီဟနဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုခုကို သားနဲ့ကျမှ ဆက်ပြီး လုပ်ဆောင်မယ်ဆိုတဲ့ စိတ်ကူးရှိနေလို့လား ဆိုတဲ့အချက်ပဲ ... အဲဒီအချက်က သားဖေဖေ 'စောမရ' တောင်ခြေမှာ ကျဆုံးသွားပြီး မြေပုံအပိုင်းအစလေး မေမေ့ကို လာပေးတာနဲ့ ဆက်စပ်ပြီး တွေးကြည့်တာ ... ရော့ ... အဲဒီမြေပုံပိုင်းကို သားပဲယူထား ... ဦးမျိုးဆက်ရဲ့ အပြောနဲ့ပြောရရင်တော့ ဒီမြေပုံဟာ သုံးပိုင်းတစ်ပိုင်းမြေပုံတဲ့လေ ... "

"သုံးပိုင်းတစ်ပိုင်း ဟုတ်လား ... ဒါဆိုရင် သုံးပိုင်းနှစ်ပိုင်းရှိရဦးမှာပေါ့ မေမေ ... "

မေမေက ဦးခေါင်းယမ်းပြသည်။

"အသေးစိတ် မေမေ မသိဘူး ... ဖွင့်မပြောချင်တာကို ဇွတ်မမေးခဲ့ဘူး ... ကိုမျိုးဆက်စိတ်ပါလက်ပါ ပြောတာကတော့ ဒီသုံးပိုင်းတစ်ပိုင်း မြေပုံဟာ အသက်လောက်အရေးကြီးတယ်တဲ့ ... ကိုယ့်အသက်ကို လုံခြုံအောင် ထိန်းသိမ်းသလို ဒီမြေပုံပိုင်းကိုလည်း လုံခြုံအောင် ထိန်းသိမ်းပါတဲ့ ... အဲနောက်တစ်ချက်ရှိသေးတယ် ... "

"ဘာများလဲ မေမေ ... "

"ကိုမျိုးဆက် ရဲဝန်ထောက်ဘဝနဲ့ မိုးကုတ်ကို တာဝန်ကျတယ် ... မိုးကုတ်သူဒေါ်နန်းပုံ ဆိုတဲ့ အမျိုးသမီးနဲ့ အိမ်ထောင်ကျတယ် ... ဒေါ်နန်းပုံတို့ဘက် အတော့်ကိုကြွယ်ဝချမ်းသာတယ်တဲ့ ... သမီးလေးတစ်ယောက် ထွန်းကားတယ် ... သားနဲ့ အသက်ကိုးနှစ်လောက် ကွာမယ်ထင်



တယ် ... သားကို သူ့သမီးလေးနဲ့ လက်ထပ်ပေးဖို့ ရည်ရွယ်ထားတဲ့ ဆန္ဒမျိုး ရှိပုံရတယ်။ သားငယ်ငယ်တုန်းက ရိုးတိုးရိပ်တိတ်ပြောဖူးခဲ့တယ် ... ဒါကြောင့် သားပညာရေး ပြီးဆုံးတာနဲ့ ခေါ်တွေ့ချင်တာ အဲဒီအချက်လည်းပါမယ် ထင်ပါရဲ့"

တကယ်တော့ အန်ကယ်(လ်)မျိုးဆက်သည် မိုးကုတ်မြို့မှ ဒေါ်နန်းပုံနှင့် လက်မထပ်မီ၊ မေမေကသာ သဘောမျှညီဆိုပါလျှင် မေမေ့ကို လက်ထပ်လိုကြောင်း ပြောဖူးသည်ဟု ဝင်းမောင်ထွန်း အရွယ်ရောက်လာချိန်တွင် ပြောပြခဲ့ဖူးသည်။

မေမေကိုယ်တိုင်က ဦးမျိုးဆက်အား လက်ထပ်ရန် အကြောင်းသုံးချက်ဖြင့် ငြင်းပယ်လိုက်၏။

တစ်အချက်မှာ ကျဆုံးသွားရှာသည့် ချစ်လင်မိုလ်သီဟအပေါ်တွင် သေတစ်ပန်သက်တစ်ဆုံး သစ္စာရှိကြောင်း ပြလိုခြင်း ချစ်လင်ကလွဲ၍ အခြားတစ်ဦး၏ရင်ခွင်တွင် ဝင်ဖို့ စိတ်မသတီခြင်းပဲ ဖြစ်သည်။

နှစ်အချက်မှာ ဦးမျိုးဆက်အနေနှင့်ချစ်လင်မိုလ်သီဟအပေါ်ထားရှိသည့် မေတ္တာစေတနာကြောင့် ရာသက်ပန် တာဝန်ယူလိုစေကာမူ သားဖြစ်သူ ဝင်းမောင်ထွန်းအား မည်သို့သောထွေးနှင့်မှ မနေစေလို။ မည်သို့သောပုဂ္ဂိုလ်ဖြစ်စေ သားအတွက် အေအစားမထိုးနိုင်။

သုံးအချက်မှာ ဖေဖေ သေဆုံးသဖြင့် ဖေဖေ၏လက်အောက်တပည့် အရာရှိကို ယူလိုက်သည်ဟု ပတ်ဝန်းကျင်၏အတွင်းအချင်း စကားကို မေမေ မကြားလိုခြင်းပဲ ဖြစ်သည်။

ဦးမျိုးဆက်မှ ဒေါ်နန်းပုံအား လက်ထပ်သွားစေကာမူ မေမေ၏တစ်သက်သာမက ဝင်းမောင်ထွန်း၏ပညာရေး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးခန်းတိုင်သည်ထိ လိုသေသေးမရှိအောင် ထောက်ပံ့ခဲ့ပါ၏။

သို့တစေ မေဓမသည် ဦးမျိုးဆက်၏ကျေးဇူးကြီးလှသည့် သူ့စကားကို နားထောင်ပါဟု တဖွဖွ သေအံမူးမူး အချိန်အထိ ပြောသွားခဲ့ရှာသည်။

သူ အတွေးနံ့တွင် နှစ်လျက်ကပင် မန်းအဂုံရထားကြီးက ရန်ကုန်ကွမ်းခြံဘူတာကြီးသို့ ညနေခြောက်နာရီတိတိတွင် ဆိုက်ကပ်ခဲ့ပါလေတော့၏။



## အခန်း (၂)

အထက်တန်းတွဲပေါ်မှ လက်ဆွဲသေတ္တာနှစ်လုံးကို တစ်ဖက်ဆီဆွဲကာ ဝင်းမောင်ထွန်း ယောင်လည်လည်ဖြင့် ဆင်းခဲ့သည်။

ဘူတာပလက်ဖောင်းပေါ် ခြေချမိသည်နှင့် အန်ကယ်(လ်)မျိုးဆက်ကို ရှေ့နောက်ဝဲယာ ဝေ့ဝိုက်ကြည့်ပြီး သူ့ရှာဖွေမိသည်။

အန်ကယ်(လ်)ဦးမျိုးဆက်ကိုသာလျှင် ဝင်းမောင်ထွန်း အကျွမ်းဝင်သည်။ ဦးမျိုးဆက်၏မိသားစုကို သူမမြင်ဘူးခဲ့။

ကိစ္စမရှိ။ အန်ကယ်(လ်)ဦးမျိုးဆက် လာရောက်မကြိုလျှင်လည်း နေအိမ်လိပ်စာကို ဝင်းမောင်ထွန်း အလွတ်ရသည်။

ခြံအမှတ် (---)၊ မြဂနိုင်လမ်း၊ ရှစ်မိုင်သည် အန်ကယ်လ်ဦးမျိုးဆက်၏ နေအိမ်လိပ်စာပဲ ဖြစ်သည်။ အငှားကားတစ်စီး ငှားစီးသွားလျှင် ရောက်သွားမည်သာ။

"မောင်ရင်က မန္တလေးမှာနေတဲ့ ဒေါက်တာဝင်းမောင်ထွန်း ဟုတ်ပါတယ်နော် ..."

www.burmeseclassic.com

www.burmeseclassic.com



အသက်ငါးဆယ်ကျော်ခန့်ရှိမည်။ တစ်ခေါင်းလုံးဖွေးလက်ပြီး ငွေရောင်တောက်နေသော ဆံပင်များရှိသည်။ အသားညိုဏ်။ ခန္ဓာကိုယ်သွယ်သည်မို့ အရပ်ရှည်သည်ဟု ထင်ရသည်။ ကာကီရောင် တစ်ပတ်ရစ်ယူနီဖောင်း ရုပ်အင်္ကျီဝတ်ထားသည်။ ပင်နီရောင် ရှမ်းဘောင်းဘီပွကြီးကို အပြာကြီးသော သားရေခါးပတ်ကြီးဖြင့် ပတ်ထား၏။

ထိုပုဂ္ဂိုလ်ကြီး၏ လက်ထဲတွင် ဗို့စကတ်ဆိုက်ဓာတ်ပုံကိုင်ထားပြီး ဓာတ်ပုံကိုကြည့်လိုက် ဝင်းမောင်ထွန်းကိုကြည့်လိုက်ဖြင့် မေးခဲ့ခြင်းဖြစ်ပါလေ၏။

"ဟုတ်ပါတယ် အဘ ... ကျွန်တော် မန္တလေးက ဒေါက်တာဝင်းမောင်ထွန်းပါ ... ဆရာဝန်ဖြစ်တာ မကြာလှသေးပါဘူး"

အဘက ပြုံးလိုက်သည်။

"ဆေးတက္ကသိုလ်က နေ့ဇွေလဇွေ့မွေးထုတ်ပေးလိုက်တဲ့ဆရာဝန်ဟာ ကြာသည်ဖြစ်စေ မကြာသည်ဖြစ်စေ ဆရာဝန်ပါပဲ မောင်ရာ ... မောင်ရင်ရဲ့မကြွားဝါတတ်တဲ့အကျင့်ကလေးက နှစ်သက်စရာကောင်းပါတယ် ... ကျုပ်က ဖိုးလူပါ ... ဆရာဦးမျိုးဆက်ရဲ့ အိမ်တော်ပါ လူယုံတပည့်ရင်းပေါ့ကွယ် ... ဟော့ဒီ ဓာတ်ပုံပေးပြီး မောင်ရင့်ကို ကားနဲ့ကြိုခိုင်းလိုက်တယ် ... "

"ဪ ... ဟုတ်ကဲ့ ... အန်ကယ်(လ်) နေထိုင်မကောင်းဖြစ်နေသလား အဘ ... "

"ပေး ... ပေး ... မောင်ရင့်သေတ္တာနှစ်လုံး ... "

အဘ ဖိုးလူက လက်နှစ်ဖက်ဖြင့် သေတ္တာနှစ်လုံးကို ဆွဲကိုင်သည်။



"တစ်လုံးစီပေါ့ အဘ ... "

အဘဖိုးလူ ပြုံးပြန်သည်။

"သယ်ကြစတမ်းဆို အဲဒီသေတ္တာလေးငါးလုံးလောက် ကျုပ်ပခုံးပေါ်မှာ အသာလေး ထမ်းသယ်သွားနိုင်ပါတယ် ... မောင်ရင့်စိတ်ဓာတ်ကောင်းတယ် ... လက်အောက်ငယ်သားဟဲ့ဆိုတဲ့ အပေါ်စီးစိတ်မျိုး မရှိတဲ့အပြင် အလုပ်တစ်ခုကို မျှဝေလုပ်မယ်ဆိုတဲ့ စိတ်ရှိတယ် ... လာသွားကြစို့"

အဘဖိုးလူက ရှေ့မှပင်သွားသည်။ ဝင်းမောင်ထွန်းနောက်မှ လိုက်ပါသွားခဲ့ပါ၏။

မော်တော်ကားမှာ အိုပယ်ကပ္ပီတန်ဆလွန်းတံခါးနှစ်ပေါက်ကားလတ် အမျိုးအစားဖြစ်သည်။ အဖြူရောင်ဖြစ်၍ အတော်သစ်လွင်သေးသည်။

ကားနောက်အဖုံးကိုဖွင့်၍ သေတ္တာနှစ်လုံးကိုထည့်ပြီးမှ ရှေ့တွင်နှစ်ယောက်အတူ ထိုင်ကာ ဦးဖိုးလူကားကိုမောင်း၍ ဘူတာကြီးမှ ထွက်ခဲ့သည်။

"အဘက ကျွန်တော်မေးတာ မဖြေသေးဘူးနော်"

"ဘာလဲ ... ဆရာကြီး နေမကောင်းလို့လားဆိုတဲ့ မေးခွန်းကို ကျုပ်မဖြေသေးတာကို ပြောတာလား ... "

"ဟုတ်ပါတယ် ... အန်ကယ်(လ်)က သူကိုယ်တိုင်လာကြိုမယ်လို့ ပြောထားလို့ပါ ... "

"ပြောရရင်တော့ ခက်သားလား ... ဆရာကြီးဟာ ခန္ဓာကိုယ် ကျန်းမာတာတော့ ဒေါင်ဒေါင်မြည်နေတဲ့ သံချောင်းလား အောက်မေ့ရတယ် ... ဆရာကြီးနေကောင်းပါတယ်၊ ဒါပေမဲ့ အခုလာတော့မှဲ့ဆဲဆဲမှာပဲ ဆရာကြီး စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလို့ ကျုပ်ကိုပဲ ခေတ်ပုံပေးပြီး ကြိုခိုင်းလိုက်တာပါ”

“ဩော် ... အန်ကယ်(လ်) စိတ်နေမကောင်းဘူး ဟုတ်လား ... အဘဖြေချင်မှ ဖြေပါနော် ... ဘာဖြစ်လို့ ကျွန်တော် လာတော့မယ် အချိန်ကျမှ စိတ်နေမကောင်းဖြစ်သွားတာလဲ ... သူတစ်ပါးကိုယ်ရေးကိုယ်တာကို မေးပိုင်ခွင့် မရှိမှန်း ကျွန်တော် သိပါတယ် အဘ ... ဒါပေမဲ့ ကျွန်တော် ရောက်လာတာနဲ့များ ပတ်သက်နေသလားလို့ မေးမိတာပါ ... ”

“လုံးဝမပတ်သက်ဘူး ... မန္တလေးကလာမယ့် ဒေါက်တာဝင်းမောင်ထွန်းကို ဆရာကြီးက စိတ်ဆန္ဒလိုလိုလားလားကြီးနဲ့ကိုမျှော်နေမှန်း ကျုပ် ရိပ်မိနေတာပဲ ... ဆရာကြီးစိတ်မကောင်းဖြစ်ရတာကလေးလေးကြောင့်ပါ ... ”

“လေးလေး ... အဲဒီ လေးလေးဆိုတာက ဘယ်သူလဲ အဘ”

“ဆရာကြီးရဲ့ သမီးလေး ... တစ်ဦးတည်းသောသမီးပေါ့ ... နာမည်အရှည်က လေးလေးမြင့်တဲ့ ... အိမ်သားအားလုံးကတော့ ချစ်စနိုးနဲ့ ‘လေးလေး’ လို့ပဲ တစ်သက်လုံးခေါ်လာကြတာပဲ ... ”

“အဲဒီ ... လေးလေး ... အဲ ... လေးလေးမြင့်က ဘာဖြစ်လို့လဲ ... ”

“အပေါင်းအသင်းတွေ မှားနေတယ်ပေါ့ကွယ် ... အင်း ... မိန်းကလေးဆိုတာမျိုးက အရွယ်ရောက်လာရင် မိခင်ရဲ့ အုပ်ချုပ်မှုနဲ့ ထိန်းသိမ်းမှု ရှိနေမှ ပိုပြီးလိမ္မာနိုင်တယ် မဟုတ်လား ... ”

“ဒေါ်နန်းပုံက လေးလေးမြင့်ရဲ့မိခင် မဟုတ်လား အဘ”



“ဟုတ်တယ်လေ ... ဒါပေမဲ့ ဆရာကြီးကတော် ဆုံးသွားတာ တစ်နှစ်ခွဲတောင်ကျော်ပြီလေ ... ”

“ဩော် ... ဩော် ... ”

ဒေါ်နန်းပုံ ဆုံးပါးသွားသည်ကို ဝင်းမောင်ထွန်း မသိခဲ့ပေ။ အဘဦးဖိုးလှူ ပြောမှသိရသည်။ သေချာတွက်ကြည့်လျှင် ဒေါ်နန်းပုံ ဆုံးသွားသည်က ဒေါ်မမလေးထက် အချိန်ကာလစောနေပါသေးသည်။

အန်ကယ်(လ်)ဦးမျိုးဆက်သည် မေမေနှင့်အဆက်အသွယ်ရှိစေကာမူ သူ၏အိမ်ထောင်ရေးနှင့် ပတ်သက်၍ အသေးစိတ်တော့ ပြောမပြခဲ့ပေ။ မိခင်ဒေါ်မမလေးကလည်း ဒေါ်နန်းပုံအကြောင်းနှင့် သမီးလေးလေးမြင့်တို့အကြောင်းအားလည်း မိမိကိုပြောပြခဲ့ပါလေ။ လုံးလုံးလျားလျား မသိသည်မျိုးတော့ မဟုတ်။ ငယ်စဉ်က ဦးမျိုးဆက်တို့မှ လေးလေးမြင့်အား မွေးဖွားပြီးနောက် ပြောင်းမထားမီ အရွယ်အထိ ချစ်စနိုးနှင့် လေးလေးမြင့်အား ‘ဝက်မြွေ’ ဟုခေါ်ခဲ့ကြသည်လောက်တော့ သူကလေးဘဝအား သိခဲ့သည်။

ဝင်းမောင်ထွန်း ဆက်၍မမေးတော့။ သူရောက်လာခြင်းနှင့် အန်ကယ်(လ်)ဦးမျိုးဆက် စိတ်နေမကောင်းပါဟူသောကိစ္စ မပတ်သက်လျှင် တော်ပါပြီ။

ကားက ဘုရားလမ်းဘက်ထွက်ခဲ့ပြီးမှ ယောမင်းကြီးလမ်း(ယခင်–ယောက်လမ်း)ကွေ့အရောက် အဘဦးဖိုးလှူက ယောက်လမ်းဘက်သို့ ချိုးကွေ့ဝင်သည်။

ယောမင်းကြီးလမ်း(ယခင်–ယောက်လမ်း) အဝင်ဘုန်းအဆင်းတွင် မော်တော်ကားအောက်ပိုင်းမှ ဂလောက်

www.burmeseclassic.com

www.burmeseclassic.com



ဂလောက်ဆိုသည့် အသံများ ထွက်ပေါ်လာသဖြင့် အဘဦးဖိုးလူက အရှိန်လျှော့ဘရိတ်နင်းမည်အပြုတွင် ဂျိုင်းခနဲအသံမြည်ကာ ကားသည် ရှေ့ငိုက်ကျ၍ ကတ္တရာလမ်းတွင် ဒရွတ်ဆွဲသွားတော့သည်။

ဝင်းမောင်ထွန်းကိုယ်ရှေ့သို့ ငိုက်ကျသွားသည်။ နဖူးနှင့် ဆောင့်မိတော့မည့်ကို သတိထားမိ၍ ရှောင်လိုက်သည်။ ကားရှေ့မှန်နှင့် လွတ်သွားခဲ့သော်လည်း ကားဒက်(ရှ်)ဘုတ်နှင့် ဝင်းမောင်ထွန်း ဦးခေါင်းဆောင့်မိသွား၏။ မူးဝေဝေပင် ဖြစ်သွားပါ၏။

အဘဖိုးလူက ကားရှေ့လက်ကိုင်ဘီးကို ကိုင်ဆုပ်ထားခဲ့၍ ဘာမျှမဖြစ်ခဲ့ပေ။

"ဘာဖြစ်တာလဲ အဘ ..."

"ရှေ့ဘီးကျွတ်သွားတာလေ ... မောင်ရင်ထိုင်တဲ့ဘက်က ဘီး ... ဟိုမှာလိမ့်သွားပြီ ..."

ကားစက်သတ်ပြီးနောက်ကားတံခါးဖွင့်ကာဦးဖိုးလူ ဆင်းသည်။ ကျွတ်ထွက်သွားသည့် ဘီးနောက်သို့ လိုက်ရတော့၏။

ဝင်းမောင်ထွန်း ကားတံခါးဖွင့်ဆင်းသည်။

အဘဦးဖိုးလူက ကျွတ်လိမ့်သွားသောဘီးကို ပြန်ယူပြီး လှိမ့်ယူလာသည်။ ဘီးလှိမ့်လာရင်း လမ်းဘေးနှင့် လမ်းပေါ်သို့လည်း တစ်ခုခုရှာဖွေ[illegible]သာ မျက်လုံးများဖြင့်ကြည့်သည်။

"အံ့ဩစရာပဲ မောင်ရေ ... ရှေ့ဘီးနပ်တွေ အားလုံးပြုတ်ပြီး ဘီးကျွတ်သွားတာ ... ပြည်လမ်းပေါ်မှာ မောင်းတဲ့အရှိန်မျိုးနဲ့သာမောင်းရင် ခုလောက်ဆို ကျုပ်နဲ့ မောင်ရင် ပွဲချင်းပြီးလောက်တယ် ..."

"ဘီးနပ်တွေ ကတိုင်တွေများ အရစ်ပြုန်းနေလား အဘ"

"ကြံကြံဖန်ဖန် မောင်ရာ ... ဒီကားက ကားသစ်ပဲဟာ"



(ထိုစဉ်က အိုပယ်၊ ဗီးယက်၊ အော်စတင်၊ဟီးလ်မင်း၊ [illegible]ဘက်ဟော စသည်ကားများသည် ကားသစ်များဖြစ်ကြသည်။ [illegible]ခြားမှ အင်ပို့လိုင်စင်ဖြင့် မှာယူတင်သွင်းနိုင်ကြသည်။)

အဘဦးဖိုးလူက ကျွတ်သွားသောဘီးကို ဆောင့်[illegible]ကြောင့်ထိုင်ချပြီး စစ်ဆေးလိုက်သည်။

"ဒီမယ် ... လာကြည့်လေ ... နပ်တိုင်တွေ အရစ်က ဆေးသားတောင် မပျောက်သေးအောင် အကောင်းပကတိပဲ ... စက်ရုံဘူတာအပြင်မှာ ရပ်ထားတုန်း ကားဘီးခိုးသမားတွေ ဘီးချွတ်ခိုးမလို့နဲ့တူတယ် ... ကျုပ်တို့ရောက်လာတာနဲ့ ဒီအတိုင်းထားပြီး လစ်ပြေးတာဖြစ်မယ် ..."

"မဖြစ်နိုင်ဘူး အဘ ... ဘီးခိုးဖို့ဆိုရင် ဂျိုက်ထောက်ရမယ်၊ နပ်ဖြုတ်ရုံနဲ့ ဘီးကိုဆွဲချွတ်လို့ ဘယ်ရမလဲ ... ကားရဲ့ဝိတ်အားလုံးက ဘီးတွေပေါ်မှာ ဝိနေတာပဲဟာ ..."

"ဒါဆို ဘယ်ခွေးမသားက ဘာကိစ္စနဲ့ လက်ကမြင်းသွားတာလဲ ..."

အဘယ်သူသည် ဘာကိစ္စကြောင့် ဘီးနပ်တွေကို [illegible]တ်ခိုးသွားပါသလဲ။ ဝင်းမောင်ထွန်း စဉ်းစားရလေပြီ။

"လမ်းပေါ်မှာ လိုက်ကြည့်ပြီးပြီ ... ဘီးနပ်တစ်လုံးမှမတွေ့ဘူး ... ကျွတ်ကျန်ခဲ့လဲ ဘူတာက ထွက်လာတဲ့လမ်းမှာပဲ ကျန်ခဲ့မယ် ... ဒီယောက်လမ်းထိပ်မှာ ဝပ်ရှော့(ပ်)ရှိတယ် မောင်ရင် ... ကျုပ် သွားလိုက်ဦးမယ် ... ဘီးနပ်အပိုရမလားပဲ ... အကုန်အစေ့မရတောင် နှစ်လုံးသုံးလုံးလောက်ရရင် အိမ်အထိ မောင်းသွားလို့ရမှာ ..."

ပြောပြီးနောက် ဦးဖိုးလူ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမောင်ထွန်း ကားဘော်ဒီကိုမှီပြီး ယခု ဘီးနပ်များ အဖြုတ်ခံရခြင်းကို စဉ်းစားကြည့်သည်။

အဘဦးဖိုးလူသည် မသေချာသည့် လူစားမဟုတ်၊ ဘီးနပ်များ မကျပ်ဘဲထားမည်မဟုတ်။ တစ်စုံတစ်ယောက်က ဤကားစီးသူကို အန္တရာယ်ဖြစ်စေရန် ဘီးနပ်များ ဖြုတ်ထားခြင်းပဲ ဖြစ်ရမည်။

လတ်တလောချွတ်သည်ပဲဖြစ်မည်။ အိမ်ကအထွက် ချွတ်ထားသည်ဆိုလျှင် လမ်းမှာပဲ ကားဘီးကျွတ်ရမည်။ ဘူတာထဲသို့ ဦးဖိုးလူဝင်ပြီး မိမိကို ကြိုစဉ်အချိန်မှာ ဖြုတ်ထားခြင်းဘဲဖြစ်ပေမည်။

ဤကြံစည်သူသည် မိမိကို စာအိတ်ပေါ်တွင် မလာပါနဲ့ဟု ရေးလိုက်သူ ဖြစ်ရမည်။

ထိုစဉ်မှာပင် အနက်ရောင်ကားတစ်စီးက ဝင်းမောင်ထွန်းတို့ကား အနောက်တွင်ကပ်၍ ရပ်လိုက်သည်ကို ဝင်းမောင်ထွန်း သတိထားမိ၏။

ကားက အိုပယ်(လ)ဗင်ကားဖြစ်သည်။

ကားပေါ်မှ ဘောင်းဘီရှည်နှင့် လူသုံးယောက်ဆင်းလာသည်။ အားလုံး အသက် (၃၀)နှင့် (၄၀)ကြားပဲ ဖြစ်၏။

သုံးယောက်ထဲတွင် နှုတ်ခမ်းမွေးကားကားနှင့် လူက ခေါင်းဆောင်ဖြစ်ဟန်တူ၏။

"ဒေါက်တာဝင်းမောင်ထွန်း မဟုတ်လား ..."

"ဟုတ်ပါတယ် ... မန္တလေးက ဝင်းမောင်ထွန်းပါ ... ခင်ဗျားက ကျွန်တော့်ကို သိနေလို့လား ..."

"လူကိုတော့ ဘယ်သိမလဲ ငါ့ညီရာ ... ဒါပေမဲ့ ငါ့ညီရဲ့နာမည်



ကိုတော့ သိနေတယ်လေ ... ငါတို့အားလုံးက ငါ့ညီကို မိတ်ဆွေဖြစ်ချင်ပါတယ် ..."

"မိတ်ဆွေဖြစ်ချင်ရင် ရပါတယ် ... မိတ်ဆက်ကြရုံပေါ့"

"ရတယ်လေ ... ငါတို့က လက်ချည်းသက်သက် မဟုတ်ပါဘူး ... ဒီလက်ဆောင်လေးကို လက်ခံပါ ငါ့ညီ ရေ ..."

နှုတ်ခမ်းမွေးနှင့်လူက အိတ်ထဲမှ လက်မှတ်ကတ်[illegible]တစ်ခု ထုတ်ပေးသည်။

ဝင်းမောင်ထွန်းက မိတ်ဆွေ၏လက်ဆောင်ဆို၍ [illegible]ယူလိုက်မိပါ၏။

လက်ထဲရောက်မှ မီးရထားလက်မှတ်ဖြစ်နေသည်။ [illegible]ရထား အထက်တန်းတွဲလက်မှတ်ဖြစ်၍ ရန်ကုန်မှ မန္တလေးသို့ [illegible]အတွက် မနက်ဖြန်ရက်စွဲဖြင့် ဖြစ်ပါလေသည်။

"ဒီလက်မှတ်ကို ကျွန်တော် ဘာလုပ်ရမှာလဲ ..."

"ပြန်ပေါ့ ... နက်ဖြန်မနက် ခြောက်နာရီတိတိမှာ အမြန်ရထားစီးပြီး ... မန္တလေးကိုပြန်ပါ ..."

ကိုယ်နေဟန်အနေအထား ကိုဝင်းမောင်ထွန်းပြင်[illegible]လိုက်၏။ ကားဘော်ဒီကို မှီရာမှ မတ်မတ်အနေအထားသို့ [illegible]သည်။

"ကျွန်တော် မပြန်ချင်သေးဘူးဗျာ ..."

"ဘာလုပ်မှာလဲ ငါ့ညီရာ ... ရန်ကုန်ဆိုတာက မြို့ကြီးသလောက် အန္တရာယ်များပါတယ် ... ငါ့ညီက မန္တလေးမှာသာ အမ်ဘီဘီအက်(စ်)ဒေါက်တာဘွဲ့ယူတဲ့အထိ နေပြီး ... မန္တလေးမှာသာ ကျွမ်းကျင်တာပါ ... ရန်ကုန်ကို ငါ့ညီ အရောက်အပေါက် သိပ်နည်းတယ် မဟုတ်လား ... ပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



ငှါညီ … အန္တရာယ်တောမှာ မပျော်ချင်ပါနဲ့ …”

“ကဲ … အစ်ကိုတို့ ပြန်မယ်နော် ငှါညီ …”

“ဟုတ်ကဲ့ … ပြန်ကြပါ အစ်ကို … ဒါပေမဲ့ …”

စကားကို ရပ်ပစ်လိုက်ပြီး မီးရထားလက်မှတ်ကို ဝင်းမောင်ထွန်း နှစ်ပိုင်းသုံးပိုင်း ဆုတ်ပစ်လိုက်သည်။

“ဟော့ … ဒါက ဘာသဘောလဲကွ …”

“မြင်တဲ့အတိုင်းပဲလေ အစ်ကို … ကျွန်တော်မှ မန္တလေး မပြန်ချင်တာ …”

“အား … မင်းက လိမ္မာမလိုလိုနဲ့ အလွန်မိုက်မဲတဲ့ကောင် ပါလား …”

“မှားနေပြီ အစ်ကို … ရန်ကုန်ကိုလာတဲ့သူတိုင်းသာ မိုက်မဲ တယ်ဆိုရင် စောစောက ရထားပေါ်မှာ လူတွေထောင်နဲ့ သောင်းနဲ့ ပါလာတာလေ … အဲဒီလူတွေအားလုံးဟာ လူ မိုက်တွေချည်း ဖြစ်မယ်မထင်ပါဘူး …”

“ကဲ အာစရိ … လက်မှတ်ဆုတ်ပစ်လိုက်ပြီပဲ … ဘာမှ ပြောစရာ မလိုတော့ဘူးထင်တယ် …”

တပည့်တစ်ယောက်က စိတ်မရှည်တော့ သူ့ဆရာ နှုတ်ခမ်းမွေးနှင့်လူအား ပြောလိုက်သည်။

“မှန်တယ် မှုံကြီး … ကဲ … မင်းပဲ ဆုံးမလိုက်တော့”

မှုံကြီးဆိုသောလူက ကားခေါင်းမှကွေ့ပြီး ဝင်းမောင်ထွန်းဆီသို့ လက်သီးရွယ်ကာ ပြေးဝင်လာခဲ့သည်။

မှုံကြီး မှားသွားပြီ။

ဝင်းမောင်ထွန်းက ဤအရေတွေမြင်သဖြင့် ကား တံခါးဂျက်ကို အသင့်ဖြုတ်ထားပြီးဖြစ်သည်။ အနီးသို့ မှုံကြီးကပ်လာ



သည်နှင့် တံခါးကိုဖွင့်ကာ တံခါးရွက်ကို မှုံကြီးဘက်သို့ အရှိန်ပြင်း စွာ တွန်းထုတ်လိုက်သည်။

“အင့် …”

ထုထဲမာကျောသော သံတံခါးရွက်နှင့် မှုံကြီး၏ ရင် ဘတ်ကြီး ဖောင်းခနဲနေအောင် တိုက်မိပါ၏။

မှုံကြီးကတ္တရာလမ်းပေါ်သို့ပက်လက်ကျသွားသည်။ ပက်လက်ကျသွားသော မှုံကြီးက တံတောင်ဆစ်နှစ်ဘက်ထောက် ပြီး ခေါင်းထောင်ပြန်ထဖို့ ဟန်ပြင်သည်။

ဆော့ရီးပဲ မှုံကြီး။

ဝင်းမောင်ထွန်း ခါးတစ်ဝက်ကုန်းကာ ဘယ်ဝိုက် လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။ မှုံကြီးဦးခေါင်းညာဘက် စောင်းသွားစဉ်မှာပင် ဝင်းမောင်ထွန်းက ညာဖြောင့်လက်သီးတစ် လုံး မိမိရရထိုးလိုက်ပြန်သည်။

ခွပ် … ခွပ်ဆိုသော အသံနှစ်ချက်ကြားရပြီး မှုံကြီး ခွေ၍ လဲကျသွားခဲ့၏။ နာရီဝက်လောက်တော့ မှုံကြီးဝိညာဉ်သည် လျှောက်သွားနေလိမ့်မည်ဖြစ်ပါ၏။

“ဟာ … ဟ … ဒီ … ဒီကောင်မညံ့ဘူး … ဝိုင်းဘော်မှဖြစ် မယ်”

ကျန်တပည့်တစ်ယောက်က နှုတ်ခမ်းမွေးနှင့် လူကို အလောတကြီးပြောလိုက်သည်။

ဆရာဝန်တစ်ယောက်ဖြစ်သော ဝင်းမောင်ထွန်းကို လူပျော့တစ်ဦးဟု သူတို့လျှော့တွက်ထားပုံရသည်။ မှုံကြီးတစ်ဦး တည်းနှင့် ကိစ္စပြတ်မည်ဟု မျှော်လင့်ထားသည်ကို။

နှုတ်ခမ်းမွေးနှင့် လူက သူ၏ ဘောင်းဘီအိတ်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားလုပ် မောင်းပြန်ဓားကို ထုတ်လိုက်သည်။ တပည့်က လည်း အလားတူပင် မောင်းပြန်ဓားထုတ်ပါလေ၏။

(ထိုစဉ်က ဂလုပ်ရုံပလက်ဖောင်း ... တစ်လျှောက် တွင် မောင်းပြန်ဓားများကို ဆိုင်ခင်းရောင်းချခဲ့ကြသည်။ ဂလုပ်ရုံ (ဂုဏ်ရုံ)မှာ ယခုအခါ မရှိတော့ဘဲ ထိုနေရာ၌ ကုန်သည်ကြီးများ ဟိုတယ်ဆောင်လုပ်ထားပြီး ဖြစ်ပါသည်။

ဓားကိုင်နှစ်ယောက်က လက်ဝဲ၊ လက်ယာဝင်လာ သည်။

ဝင်းမောင်ထွန်းက ဦးဖိုးလူချသွားခဲ့သည့် မော်တော် ကားကို လက်နှစ်ဘက်ဖြင့် မကာ ရင်ဘက်ရှေ့တွင် ဒိုင်းသဖွယ်ကွယ် ထားလိုက်သည်။ ထိုနောက် ကားဘော်ဒီတွင် ကျောကပ်ထား လိုက်ပါ၏။ အရေးကြီးသည်က နောက်ကျောလုံရန်အတွက်ပဲဖြစ် သည်။

နီးကပ်လာသည်နှင့် မော်တော်ကား တာယာဘီး ကို နှုတ်ခမ်းမွေးရှေ့တည့်တည့်သို့ ပစ်ပေါက်လိုက်သည်။

နှုတ်ခမ်းမွေးနောက်ဆုတ်သော်လည်း မလွတ် တော့။ နှုတ်ခမ်းမွေးရင်ဘက်ဆီသို့ တည့်တည့်ကြီးဝင်သွားပြီ။

ဒစ်(စ်)ဝှီးတွဲထားသော မော်တော်ကား ဘီး အလေးချိန်သည် ဆန်တစ်တင်းနီးပါးခန့် အလေးချိန်စီးသည်။ ဝေ တင်းသော ကားတာယာကလည်း အထိုက်အလျောက်မာသည်။ အယ်ဒစ်(စ်)ဝှီးက သံကွင်းဘီးကြီး။

နှုတ်ခမ်းမွေးပက်လက်။ တာယာက သူ့ရင်ဘတ် ပေါ်ပိလျက်သား လဲကျသွားသည်။

ဝင်းမောင်ထွန်း ချက်ချင်း နောက်ပြန်လှည့်သည်



ထင်သည့်အတိုင်းပင် ကျန်ဓားသမားက ဝင်းမောင်ထွန်းကျောပြင် ကို ဓားစိုက်ချရန် လက်ကြီးမြှောက်အရှိန်ယူနေပေပြီ။

လက်မြှောက်နေ၍ ဓားသမား၏ ဝမ်းဗိုက်က ... အကာအကွယ်မဲ့နေခဲ့၏။ လျှပ်တပြက်ပင် ဝင်းမောင်ထွန်း၏ ခြေ တစ်ဖက်က ဝမ်းဗိုက်တည့်တည့်ကို ကန်ထည့်လိုက်သည်။

ဓားသမားနောက်သို့ ယိမ်းယိုင်သွားသည်။ ဟန် ချက်မပျက် မလဲအောင်ထိန်းနေခဲ့ရ၏။

"ဟော့ ... ဟော့ ... ဒါတွေက ဘယ်လိုဖြစ်တာလဲ ... ဟာ နောက်မှာ မောင်ရင် ... နောက်မှာ ..."

အဘဖိုးလူ၏ သတိပေးသံကြောင့် ချာခနဲ ဝင်း မောင်ထွန်းလှည့်လိုက်သည်။ အချိန်အနည်းငယ်မျှ နောက်ကျသွား သည်။ နှုတ်ခမ်းမွေးနှင့်လူက ထလာခဲ့ပြီး ဝင်းမောင်ထွန်းကို ဓား ဖြင့် ရိုက်ချလိုက်သည်။

ဝင်းမောင်ထွန်း ... ရှောင်လိုက်သော်လည်း လက် မောင်းတွင် စစ်ခနဲ ရှိန်းခနဲ ခံစားလိုက်ရသည်။

နှုတ်ခမ်းမွေး နောက်တစ်ကြိမ် ဓားဖြင့်မတိုက်မီ ဝင်းမောင်ထွန်းက သူ၏ခေါင်းဖြင့် နှုတ်ခမ်းမွေးရင်ဘက်ကို အရှိန် ပြင်းပြင်း တိုက်ပစ်လိုက်၏။

နှုတ်ခမ်းမွေး နောက်ယိုင်သွားသည်။ ထိုစဉ်မှာပင် ဝင်းမောင်ထွန်း၏ ခြေကန်ချက်က လျှပ်ပြက်သလို ဝင်သွားခဲ့၏။

နှုတ်ခမ်းမွေး ပက်လက်လန် လဲကျသွားခဲ့သည်။ နှုတ်ခမ်းမွေးက မာကျောသည်။ ဓားလွတ်မသွားဘဲ ကိုင်လျက် အနေအထားနှင့် ပြန်၍ လူးလဲထသည်။

ယင်းအခိုက်မှာပင် အရှယ်နှင့်မလိုက် လျင်မြန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးလှူက နှုတ်မွေးထိ ရောက်ရှိသွားသည်။ နှုတ်ခမ်းမွေးကို ဦးဖိုးလှူက နဖူးပြင်ကို ဖနှောင့်နှင့် ပေါက်ချလိုက်ပါလေ၏။

သွားပြီ။ နှုတ်ခမ်းမွေး ကတ္တရာလမ်းနှင့် ခေါင်းဆောင့်ကာ ထမလာနိုင်ခဲ့တော့။

"ဘယ်လိုဖြစ်တာလဲ မောင်ရင် ..."

"မသိဘူး ... သူတို့ ကားနဲ့ရောက်လာပြီး သက်သက်မဲ့ ရန်လုပ်ကြတာဘဲ ..."

ဝင်းမောင်ထွန်းက အကုန်အစင်မပြောပြခဲ့။ အဘဖိုးလှူသည် ပြောသင့် သူ ... မပြောသင့် သူမှန်းမသိရသေး။ အန်ကယ်ဦးမျိုးဆက်နှင့် တွေ့မှ ပြောသင့် သူမပြောသင့် သူကို ခွဲခြားနိုင်းပေလိမ့်မည်။

"ရပါတယ် အဘ ... ရှပ်ထိတာပါ ... အရိုးနဲ့အဝေးကြီး ... ကျွန်တော့်မှာ ဆေးအိတ်ပါတယ် ... အိမ်ကျမှ ကျွန်တော့်ဘာသာကုမယ် ... အခုလောလောဆယ် သွေးတန့်သွားရုံလောက်ဆိုရတယ် ..."

ပြောအပြီး ဝင်းမောင်ထွန်းက လက်ကိုင်ပဝါထုတ်ကာ အဘအား ဒဏ်ရာကို တင်းကျပ်စွာ ချည်နှောင်ခိုင်းလိုက်သည်။ အဘဖိုးလှူက လုပ်ဆောင်ပေးပါ၏။

"အနီးဆုံး ရဲစခန်းကတော့ ကျောက်တံတား ရဲစခန်းပဲသွားတိုင်မလား"

"ရဲမတိုင်နဲ့အဘ ... ရှုပ်ကုန်လိမ့်မယ် ... အန်ကယ်(လ်)ဦးမျိုးဆက် မသိဘဲ ဘာမှမလုပ်ချင်ဘူး ... ကဲ ... အဘရော ဘီးနပ်ရခဲ့လား ..."

"အဲ ... ရှားရှားပါးပါး တစ်လုံးပဲရတယ် ... ဟော ... နေဦး



ဒီကောင်တွေကားနဲ့ ငါ့ကား အမျိုးတူပဲ"

ဦးစွာ လှုမြင်မကောင်းဖြစ်နေသည့် သတိလစ်နေသည့် သကောင့်သား သုံးယောက်ကို သူတို့ကားပေါ်သို့ နှစ်ယောက်မတင်လိုက်သည်။ ဝင်းမောင်ထွန်းက သူတို့သုံးယောက်ကို အခြေအနေစစ်ဆေးကြည့်သည်။

စိုးရိမ်စရာမရှိ။ အချိန်တန်လျှင် သတိရလာကြပေလိမ့်မည်။

အဘဦးဖိုးလှူက သူတို့ရှေ့ဘီးမှ ဘီးနပ်နှစ်လုံးသာယူသည်။ ပြီး ဝင်းမောင်ထွန်းအကူအညီဖြင့် မ၍ ဂျိုက်ထောက်တင်ကာ ဘီးပြန်ဖွပ်ပြီး ဘီးနပ်များတပ်ဆင်တော့၏။

တော်သေးသည်။ ယောက်လမ်းစွင် ခြံကြီးဝင်းကျယ်ဖြင့် နေထိုင်ကြပြီး စပ်စပ်စုစု မရှိကြသောကြောင့်ပင်။ ပြီးအတော်အတန်လည်း မှောင်ရီပျိုးနေပြီဖြစ်၍ လူသွားလူလာကပြတ်နေခဲ့သည်။

ဘီးတပ်ပြီးနောက် အဘဖိုးလှူနှင့် အေးဆေးစွာ ... မောင်းထွက်လာခဲ့ကြပါ၏။

"မောင်ရင် အားကစားလိုက်စားတယ် ထင်တယ် ..."

"ဟုတ်ပါတယ် ... ကျောင်းတက်ရင်း စာကျက်ရင်း ပြေးခုန်ပစ်ဘက်မှာရော ... ရိမ်းဘားကွင်း ကားအလေ့အကျင့်ရောရှိခဲ့ပါတယ် ... လက်ဝှေ့ကတော့ ဝါသနာသက်သက်နဲ့ သင်ခဲ့တာပါ ..."

"ကောင်းတယ် ... မော်တော်ကားဘီးကို လက်နှိပ်ဘက်နဲ့မပြီး တစ်ဘက်ရန်သူကို ပစ်ပေါက်ဖို့ဆိုတာ တော်ရုံလုပ်နိုင်ဖို့မလွယ်ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"အဘလည်း အသက်နဲ့ မလိုအောင် အင်မတန်မြန်ပြီ အင်မတန်သန်တာပါပဲ ..."

"အင်း ... ကိုယ်ခံပညာနဲ့ ပတ်သက်လို့ နှံ့စပ်ပါတယ် ... မောင်ရင့်မှာ အချိန်လည်းရတယ် ... ကိုယ်တိုင်ကလည်း လိုလားတယ် ... ဆရာကြီးအိမ်မှာလဲ ကြာကြာနေမယ်ဆိုရင်ပေါ့လေ ... ကျုပ် မောင်ရင့်ကို တတ်သရွေ့ မှတ်သရွေ့ သင်ပေးချင်ပါတယ် ..."

"ဟာ ... သိပ်ကောင်းတာပေါ့ အဘရာ ... ကျွန်တော် အန်ကယ်(လ်)ဦးမျိုးဆက်အိမ်မှာ ကြာဦးမှာပါ"

ပြောလို့သာပြောရသည်။ အန်ကယ်(လ်)ဦးမျိုးဆက်အိမ်တွင် မိမိမည်မျှ ကျန်းကျန်းမာမာ ချမ်းသာစွာ နေထိုင်နိုင်ပါမည်နည်း။

အန်ကယ်(လ်)ဦးမျိုးဆက်၏ အိမ်သို့ မိမိရောက်ခြင်းအတွက် မလိုလားသူရှိနေခြင်းက ထင်ရှားနေခဲ့ပြီ။

ရန်ကုန်မြေကို ခြေချရုံသာရှိ သည်။ မိမိအတွက် အန္တရာယ်က ဝိုင်းနေခဲ့ပြီ ဖြစ်ပါလေ၏။



## အခန်း (၃)

"သီရိမြိုင် ..."

တံခါးပေါက် အုတ်တိုင်ကြီး၏ ထိပ်ဘက်တွင် ဝါးပြားတစ်ချပ်စီမြှုပ်ထားသည်။ တစ်ချပ်ပေါ်တွင် သီရိမြိုင်ဟူ၍ အမည်စာလုံးထွင်းထားကာ တစ်ချပ်ကြေးဝါးပြားပေါ်တွင် ဝင်ဟူ၍ ရေးထား၏။

တံခါးပေါက် အဝင်ပေါက် အထွက်ပေါက်နှစ်ပေါက်ရှိဟန်တူသည်။ အလွန်ကျယ်သော ခြံဝင်းကျယ်ကြီးများတွင် ဝင်ပေါက်နှစ်ပေါက် ရှိတတ်စမြဲပင်။

ခြံဝင်း အုတ်တံတိုင်းပေါ်တွင် အဖြူရောင် မီးလုံးကြီးတွေ ရှိနေခဲ့သည်။ ခြံတံခါးကြီးမှာ သံပန်းများဖြင့် ဆင်ထားသော တံခါးဖြစ်၍ ပိတ်လျက်ရှိနေခဲ့သည်။ ခြံစည်းရိုးမှာ လက်နှုပ်တစ်ဖောင်ခန့် မြင့်သော အုတ်ရိုးများဖြင့် ကာထားခဲ့ပါ၏။

"ပွမ် ... ပွမ် ... ပွမ် ..."

ဦးဖိုးလူက ကားကို သံတံခါးနှင့် တေ့ထားပြီး ကားဟွန်းကို တီးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အုတ်တံတိုင်းထိပ်မှ မီးလုံးကြီးနှစ်လုံး လင်းလာခဲ့ပြီး ခြံထဲဝင်ရာ လမ်းတစ်လျှောက်ရှိ မီးတိုင်မှ မီးများလည်း လင်းလာခဲ့သည်။

မီးများလင်းခဲ့ပြီး မိနစ်အနည်းငယ်အကြာတွင် … အမျိုးသမီးကြီးတစ်ဦး သော့တွဲကိုင်ကာ ရောက်ရှိလာခဲ့သည်။

ခြံတံခါးသော့ခလောက်ကို ဖွင့်ပြီး တံခါးရွက်နှစ်ရွက်ကို အတွင်းဘက်သို့ ဆွဲကာ ဖွင့်ပေးလိုက်သည်။

ဦးဖိုးလူက တစ်ချက်သာ စောင့်ငဲ့ကြည့်ပြီး ကားကို ခမောင်းဝင်လာခဲ့သည်။

"အဲဒါ … ကျုပ်ဇနီးပဲ … နာမည်က မယ်သာအုံတဲ့"

ခြံဝမှ ဂဝံကျောက်လမ်းအတိုင်း မောင်းဝင်ရသည်။ အရှည် ကိုက်ငါးဆယ်တော့ ရှိပေမည်။ တစ်ဆစ်ချိုး လက်ယာဘက် ထပ်ကွေ့မှ နှစ်ထပ်တိုက်ကို တွေ့ရသည်။

နှစ်ထပ်တိုက်ဆိုသော်လည်း အတော်ပင် မြင့်မား၏။ ရှေးခေတ် ရဲတိုက်တစ်တိုက်နှင့်တူလှ၏။ စစ်ပြီး ဆောက်လုပ်ထားသော တိုက်ဖြစ်နိုင်ဖွယ်မရှိဘဲ စစ်မဖြစ်မီ အင်္ဂလိပ်ကိုလိုနီခေတ်က ဆောင်လုပ်ထားပြီး စစ်အတွင်းက ဗုံးဒဏ်ခံခဲ့ရသော တိုက်ကြီး ဖြစ်ဖို့များပါ၏။

ထိုခေတ်အဆောက်အအုံတို့က လှပမှုထက် ခိုင်ခံ့မှုကို ဦးစားပေး၏။ ကုလားသူဌေးတစ်ဦး ပိုင်ဆိုင်သိတည်းမဟုတ် မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် ဘိလပ်ပြန်သွားရသော နယ်ဘက်။ ခေတ်မျက်နှာဖြူအရာရှိတစ်ဦးဦး၏ အဆောက်အအုံဖြစ်ဖို့ ဖြစ်နိုင်ချေများသည်။ ယင်းရဲတိုက်ကြီးကို ရဲအရာရှိကြီး ဦးမျိုးဆက် ပြန်ဝယ်ယူခဲ့ဟန်တူ၏။



ကားက တုံးခနဲ ပေါ်တီကိုရှေ့တွင် ရပ်သွားခဲ့သည်။

ပေါ်မှ ဆင်းလိုက်သည်။

"လာပေ့ … ထွန်းထွန်း … ရောက်ခဲ့သင့်တာထက် တစ်နာရီ နောက်ကျသွားတယ် … အန်ကယ်(လ်)စိတ်ပူလို့ ဧည့်ခန်းမှာဆင်းပြီး ထိုင်စောင့်နေတာကွယ်"

"လမ်းမှာ … ကားဘီးကျွတ်သွားလို့ နောက်ကျတာပါ … အန်ကယ်(လ်)"

"ကားဘီးကျွတ် … ဖြစ်နိုင်ပါ့မလား … ဒီကားက … အန်ကယ်(လ်)ကိုယ်တိုင် အသစ်စက်စက် အင်ပို့လုပ်ပြီး မှာစီးတဲ့ကားပဲ … "

ဝင်းမောင်ထွန်း ပခုံးတွန့်လိုက်မိသည်။ ဒါတော့ … ကျွန်တော်မပြောတတ်ဘူးဟု အဓိပ္ပါယ်ကောက်ယူနိုင်ပါ၏။

"ဟာ … လက်မောင်းမှာ သွေးတွေနဲ့ပါလား … ထွန်းထွန်း ဘာဖြစ်တာလဲကွာ"

ဦးမျိုးဆက် မီးရောင်ဖြင့် ဝင်းမောင်ထွန်း၏ လက်မောင်းမှ ဒဏ်ရာကို မြင်သွားခဲ့ရပါ၏။

ဆက်တီကုလားထိုင်တွင် ဝင်းမောင်ထွန်း ဝင်ထိုင်လိုက်သည်။ ဦးမျိုးဆက်နှင့် မျက်နှာချင်းဆိုင်တွင် ဖြစ်သည်။

"ဘီးကျွတ်သွားတော့ ဘီးနပ်ကို အဘဖိုးလူ လိုက်ရှာရတယ် … အန်ကယ်(လ်) … အဘဖိုးလူကို စောင့်နေတုန်းမှာ အိုပယ်(လ်)ကားဝင်အမျိုးအစား အနက်ရောင်နဲ့ လူသုံးယောက် ရောက်လာပြီး တိုက်ကြခိုက်ကြရတော့ တာပါပဲ"

ဖြစ်ပျက်သမျှ အကြောင်းစုံ ဝင်းမောင်ထွန်းက ဦးမျိုးဆက်အား ပြောပြလိုက်သည်။ ဦးမျိုးဆက် အသေအချာ ဂရုတစိုက်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသည်။ နားထောင်၏။ ဇင်းမောင်ထွန်းက ပြောရင်း ဦးမျိုးဆက် မျက်နှာကိုကြည့်ကာ အကဲခတ်သည်။

ထိုစဉ်က လုပ်သက်(၂၅)နှစ်။ အသက်(၅၅)နှစ်တွင် ပင်စင်ပေးသည်။ ဦးမျိုးဆက်က ခရိုင်ရဲဝန်ဘဝဖြင့် ယူထား၍(၅၅)နှစ်ကျော်ပြီဟု ဆိုရမည်။ ဖေဖေမိုလ်သီဟနှင့် ရွယ်တူဟု မေမေပြောခဲ့ဖူးသည်။

သို့သော် ... ၊ ဦးမျိုးဆက်၏ အသက်က (၅၀)ဟု ပြောလည်း လွယ်ကူစွာ ယုံကြည့်ကြလိမ့်မည်။

တောင့်တင်းကြံ့ခိုင်သော ကိုယ်ကာယရှိသည်။ ဆံပင်ကလည်း မည်းနက်နေဆဲရှိသေးသည်။ အသားညိုသော်လည်း စိုပြေ၏။ ဦးမျိုးဆက်၏ ဥပမိရုပ်က တစ်ဖက်သားက ရှိသေလေးစားစေသော ရုပ်မျိုး

"အေးပေါ့ကွာ ... ကိုယ်ဘာမှ မသိဘဲ ရန်သူပေါ်လာတယ် ဆိုတာက အဲဒီရန်သူအက်မှာတော့ သူတို့မလိုလားတဲ့ ... အကြောင်းရှိလို့ ဖြစ်ရမှာပေါ့"

"ကဲ ... ကဲ ထွန်းထွန်း အနှာဆေးထည့်မှဖြစ်မယ် ... အန်ကယ်(လ်) ... ဖိုးလူနဲ့ စကားပြောချင်သေးတယ် ... ထွန်းထွန်းနေဖို့ အခန်းကိုလည်း ဖိုးလူတို့ လင်မယားနဲ့ စီစဉ်လိုက်မယ်"

ဦးမျိုးဆက် ထိုင်ရာမှထသည်။ ထို့နောက် အသံခပ်ကျယ်ကျယ်ဖြင့် လှမ်းခေါ်လိုက်၏။

"သမီးရေ ... လေးလေး"

"ရှိတယ်ဖေဖေ ... အဲဒီကိုလာဖို့ လိုသလား"

"လိုတယ် သမီး ... လာခဲ့ပါ"



လေးလေးမြင့် ခေါ်လေးလေး ထွက်လာပါ၏။ ဝင်း ...င်ထွန်း မမြင်ဖူး၍ ကြည့်သော အကြည့်မျိုးဖြင့် လှမ်း၍ ကြည့်ပါ ...၏။

သိပ်လှသည်။

သို့သော် အမြင်ကတော့ သတိရမိပါ၏။

ရွှေမန်းသားမို့လား ဒါမှမဟုတ် သိပ်မြန်မာဆန်လွန်း ... မိခင် ဒေါ်မမလေး၏ သားမို့လား မပြောတတ်။

လေးလေးမြင့် ပုံစံက မိန်းမမဆန်။ ဆတ်ကော့ ...ကော။ ယောကျ်ားရှပ်အင်္ကျီရှည်ကို လက်ခေါက်တင်ထား ...ည်။ အခေါက်ညီညီ ခေါက်သည့်မျိုးမဟုတ် ရှပ်အင်္ကျီနှစ်ဘက်အစ ...ခါးသိမ်လေးမှ ရစ်ပတ်ပြီး ဗိုက်ပေါ်တွင် ချည်နှောင်ထားသည်။

ဘောင်းဘီရှည်အကျပ်ကို ဝတ်ထားပြီး ဘောင်းဘီ ...က်အနားစကို ခြေမျက်စိပေါ်အောင်မဟုတ်ဘဲ ထိုပုံစံမျိုး ဆင် ...ထားခဲ့သည်။ ပြည့်ဖြိုးသော ရင်နှစ်မွှာ၊ သူမ၏ တောင့်တင်း ... တင်ပါး၊ ပေါင်တံတွေသည် တကယ့်ကို လက်ရာမြောက် ...အချိုးအကွေ့ အတင်းအမို့ အဖုအထွာစ်များဖြင့် အရုပ်ကလေး ...ရုပ် ထုဆစ်ထားသည့် ပမာအချိုးကျလှလွန်းပါ၏။ ဘယ်နည်း ...မှ ယောကျ်ားတစ်ယောက်မဖြစ်နိုင်တော့။

အသားရောင်ကလည်း မိန်းကလေးအများအပြား ...ဝင် ဖြူပြီးမှ ဝါရောင်သမ်းသော ဝင်းနေသည့်မှာ၊ ပါးအသားအရေ ...ပဲ ဖြစ်ပါလေ၏။

"ဟောဒါ ... ဖေဖေ ခဏခဏ သမီးကို ပြောပြဖူးတဲ့ ... မန္တလေးက ထွန်းထွန်းပဲ ... အမ်ဘီဘီအက်(စ်)ဘွဲ့ရပြီးတဲ့ ဆရာဝန်တစ်ယောက်ပေါ့ ... နာမည်အပြည့်အစုံက ဝင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းတဲ့ ...”

လေးလေးမြင့်က သူမ၏ ဖေဖေ့ရှေ့တွင် ပြုံးလိုက်သည်။ ပြုံးမှ ပိုတောင်လှပါသေးသည်။ ပြုံးလိုက်လျှင် ပါးချိုင့်လေး ခွက်ဝင်သွားသည်။ ပြုံးရင်းပင် လေးလေးမြင့်က လက်တစ်ဖက်ကမ်းလိုက်သည်။

“တွေ့ရတာဝမ်းသာပါတယ် ... မောင်ဝင်းမောင်ထွန်း”

“ဘာ ... ဘာ ... ဘယ်လိုခေါ်လိုက်သလဲ သမီး”

“ဖေဖေပဲ မိတ်ဆက်ပေးတယ်လေ ... သူ့နာမည် မောင်ဝင်းမောင်ထွန်းဆို ...”

ဦးမျိုးဆက်၏ နှုတ်ခမ်းနှစ်လွှာ တင်းစေ့သွားသည်။ သမီးအကြောင်းကို သူသိသည်။ လေးလေးမြင့် ရွဲ့စောင်းခဲ့ပြီလေ။

“ဖေဖေ့ကို ဒီအချိုးမျိုး ချိုးသလား မိလေးလေး ... ဖေဖေ့အကြောင်း သမီး ကောင်းကောင်းသိပါတယ်နော် ... ဟော ဒီ ထွန်းထွန်းဟာ ဖေဖေရဲ့ အဓိက ဦးစားပေး ညှို့သည်ဆိုတာ ခေါင်းထဲသေချာမှတ်ထားပါ ...”

ဖေဖေ စိတ်ဆိုးမှန်းသိတော့ လေးလေးမြင့်လျော့သွား၏။ မထီတရီပြုံးနေရာမှ တည်တံ့သွားရုံမက မျက်နှာလေးပင် ငယ်သွားပါ၏။

“ထွန်းထွန်းဟာ သမီးထက် အသက်ရှစ်နှစ် ကိုးနှစ်ကြီးတယ် သမီးလို ဆယ်တန်းကျောင်းသူက လေးစားထိုက်တဲ့ ပညာကို ထွန်းထွန်းပိုင်ဆိုင်တယ် ... သဘောပေါက်ရဲ့လား သမီး သမီးက အိမ်ရှင် ... ပြန်နှုတ်ဆက်ပါ ...”

လက်ကလေး ကမ်းလျက်ကပင် ...

“တွေ့ရတာ ဝမ်းသာပါတယ် ကိုဝင်းမောင်ထွန်း ...”



“ဟုတ်ကဲ့ ... အလားတူပါပဲ ... မလေးလေးမြင့် ... ဒါပေမဲ့ ကျွန်တော်က အရွယ်ရောက်နေတဲ့ အမျိုးသမီးကို လက်ဆွဲနှုတ်ဆက်လေ့မရှိတာ ခွင့်လွှတ်ပါ ... ယောက်ျားချင်းဆိုရင်တော့ ခေတ်ယဉ်ကျေးမှုနဲ့ မကင်းကွာခြင်းလို့ လက်ကမ်းတဲ့သူကို ပြန်လက်ကမ်းပါတယ် ...”

လက်ကမ်းခဲ့သော လေးလေးမြင့်၏ လက်ကလေးသာ အလိုလိုခါးပေါ်သို့ ထောက်လျက်သား ပုံစံဖြစ်သွားပါ၏။ တုံ့ပြန်မှုကို မကျေမနပ် အောင့်သက်သက်ဖြစ်သွားဟန်တူပါ၏။

“အဟင်း ... ဟင်း ...”

ဦးမျိုးဆက် ရယ်သံပြင်းပြင်းပြုလိုက်သည်။

“တွေ့ရဲ့လား ... သမီး ... ထွန်းထွန်းရဲ့ အပြုအမူက အင်မတန် မြန်မာပီသလွန်းတယ်လေ ... အဲဒီ စိတ်ဓာတ်ကို အတုယူပါ ... လောလောဆယ် ထွန်းထွန်းလက်မောင်းမှာ ဒဏ်ရာရလာတယ် ... သမီးကပဲ ဆေးထည့်ပေးပါ ... ပတ်တီးစည်းပေးပါ ...”

“သူက ဆရာဝန်ဆို ဖေဖေ ...”

“အေး ... ဆရာဝန်ဆိုတာ မှန်ပေမဲ့ ကိုယ့်ဒဏ်ရာကျတော့ ကိုယ်တိုင်လုပ်ဖို့ မလွယ်ဘူးလေ ... အကူတစ်ယောက်တော့ ရှိရမှာပေါ့ ... ထွန်းထွန်းက ဘာလုပ်ပေးပါလို့ ပြောလိမ့်မယ် ... သူပြောတဲ့အတိုင်း သမီးက လုပ်ပေး ... ဖေဖေ ဖိုးလှနဲ့ တိုင်ပင်စရာရှိတယ် ... ထွန်းထွန်းဟာ သိရိမြိုင်ရဲ့ အတူးညှို့သည်ဆိုတာ လေးလေး သဘောပေါက်ပါ ...”

လေးလေးမြင့်က ဖခင်ဖြစ်သူ ကျောပေးသွားမှ ခုံးကို တွန့်သည်။ ဝင်းမောင်ထွန်းအနီးသို့ သူမ လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တခဏအတွင်း လေးလေးမြင့်သည် ခတ်ဘူးတစ်ဖက် ဇလုံတစ်ဖက်သယ်ကာ ရောက်လာခဲ့သည်။

ဝင်းမောင်ထွန်းက လက်မောင်းမှ လက်ကိုင်ပ၀ါ ချည်ထားသည်ကို မြင်လိုက်သည်။ လက်တစ်ဖက်တည်းဖြင့် ကျစ်ကျစ်ချည်ထားသောပ၀ါကို ပြန်၍ဖြေရသည်မှာ မလွယ်ကူလှ။ ဝင်းမောင်ထွန်း ဖြေနေသည်ကို ကြည့်ပြီး လေးလေးမြင့် စိတ်ရှည်နိုင်ခြင်း မရှိပါလေ။

လေးလေးမြင့်က … ကြမ်းပြင်ပေါ်တွင် ဒူးထောက်ထိုင်ကာ ဝင်းမောင်ထွန်း၏လက်ကို ပုတ်ပစ်လိုက်သည်။

"ဖယ်ပါ … ဆရာဝန်ဆိုပြီး အဖြစ်လဲမရှိဘဲနဲ့ …"

ပြောပြောဆိုဆို လေးလေးမြင့်က သူမ၏ လက်သည်းချွန်ကလေးများဖြင့် အထုံးကို ထိုးကလော်ကာ ဖြေထုတ်လိုက်ပါ၏။

"ဖြေပြီးပြီ … လက်ကိုင်ပ၀ါကို ဖြုတ်ပေးရမလား …"

"ဖြုတ်ပေးပါ … ကျေးဇူးပဲ …"

"ကျေးဇူးတင်စရာ မလိုပါဘူး … ဖေဖေခိုင်းလို့ လုပ်ပေးတာ စေတနာကတော့ တစ်စက်မှပါတာ မဟုတ်ဘူး"

လက်ကိုင်ပ၀ါက သွေးစများဖြင့် ကပ်နေခဲ့သည်။

"ကပ်နေတယ် … ဘာလုပ်လို့ရမှာလဲ …"

"အပန်းမကြီးရင်ပေါ့ဗျာ … ကားထဲက ကျွန်တော့်သေတ္တာထဲမှာ ဆေးအိတ်ရှိတယ် … ယူပေးပါလား …"

"အပိုတွေမပြောနဲ့ … အပန်းကြီးတာတွေ အပန်းမကြီးတာတွေ မလိုဘူး … ခိုင်းတာလုပ်ပေးရမယ်လို့ ဖေဖေက မှာထားတယ် … ဒါပေမဲ့ မေးချင်တယ် … ရှင့် ဆေးသေတ္တာ



ရမှာဖြစ်မယ် … ဒီအိမ်မှာလည်း ကြက်ခြေနီသေတ္တာရှိပါတယ် …"

"အဲဒီ သေတ္တာထဲမှာ ဂွမ်းပါသလား …"

"အို … ၊ ကြက်ခြေနီသေတ္တာဆိုမှ ဂွမ်း … ပတ်တီး … တင်ချာ … အက်(စ်)ပရီ … သာလာဆပ်စတဲ့ အိမ်သုံးဆေးဝါးအားလုံးပါတာပေါ့ …"

"ပလာစတာကော ပါလား …"

"ပါတယ် … ရိုးရိုးပလာစတာအပြင် ဆေးပလာစတာတောင်ပါသေး …"

"ဒါဆိုဖြစ်တယ် … အဲဒီ ကြက်ခြေနီ သေတ္တာပဲသွားယူ"

"မှန်ပါ့ … တင်ပါ့ …"

လေးလေးမြင့် ထွက်သွားပြီး ချက်ချင်း ကြက်ခြေနီသေတ္တာဆွဲကာ ပြန်ရောက်လာ၍ သေတ္တာအဖုံးကို ဝင်းမောင်ထွန်းအား ဖွင့်ပြသည်။

"ဇလုံထဲ ရေနွေးထည့်ပါ … ဂွမ်းစကို ရေနွေးဆွတ်ပြီး လက်ကိုင်ပ၀ါ ခွာထုတ်ပါ …"

"ဖြစ်တယ် … ဖြစ်တယ် … အဲဒီလောက်တော့ ဖြစ်သေးတယ်"

ရွဲ့ပြောနေသလား မပြောတတ်။ အရှူးပါးစပ်လို … ဘတွတ်တွတ်ပြောရင်း ဂွမ်းဖတ်ဖြင့် ဒဏ်ရာကို ကပ်နေသည်။ တစ်ခဏသာကပ်ပြီး ဘာစိတ်ကူးပေါက်သည်မသိ၊ လက်ကိုင်ပ၀ါကို … ဆတ်ခနဲ ခွာချလိုက်၏။

"အား …"

ဝင်းမောင်ထွန်း အော်သွားသည်။ ရေမနွေးမီ အတင်း

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရွှာချသဖြင့် ဒဏ်ရာမှ သွေးသစ်သွေးနီများပင် ထွက်လာခဲ့သည်။

"အယ် ... "

လေးလေးမြင့်ထံမှ အသံထွက်လာသည်။ သွေးများထပ်ထွက်လာသည်ကို ငေးကြည့်နေမိသည်။ ဝင်းမောင်ထွန်း သူမ၏မျက်နှာကိုကြည့်သည့်အခါ၊ သူမလုပ်မိ၍ ကရုဏာဖြစ်ခြင်း၊ ကြင်နာခြင်း အရိပ်အယောင်များ လေးလေးမြင့်မျက်နှာနှင့် မျက်လုံးတွင် ထင်ဟပ်နေကြောင်း သူသတိထားရိမ်မိသည်။ ဝင်းမောင်ထွန်း ကြည့်မှန်းသိလိုက်သည်နှင့် ချက်ချင်း မျက်နှာကို တင်းတင်းမာမာပင် လေးလေးမြင့် ပြောင်းလိုက်ပါ၏။

"ဟင်း ... လူနာကျတော့ အကြောထဲ အပ်နဲ့ထိုး အသားထဲ အပ်နဲ့ထိုး ... ခွဲပြီဆိုလည်း လူနာက နာလှပါပြီ အော်လည်း မရဘဲ ဓားနဲ့ ခွတ်ခွဲတယ် ... ရှင့်ကျတော့ တယ်ပြီး နာတတ်ပါလား ... ကိုရွှေဒေါက်တာကြီးရဲ့"

လက်မောင်းပေါ်က လေးလေးမြင့်၏ လက်ကိုဝင်းမောင်ထွန်း ညင်သာစွာ ဖယ်ချလိုက်သည်။

"သွားပါတော့ မလေးလေးမြင့် ... ကျန်တာတွေ ကျွန်တော့်ဘာသာပဲ လုပ်တော့မယ် ... စေတနာမပါဘဲ လုပ်ပေးရပေမဲ့ တစ်ဘက်သားကို တမင်တကာ နာကျင်သွားအောင် စေဆိုတဲ့ စိတ်ထားနဲ့ လုပ်တာတော့ မကောင်းဘူးပေါ့ဗျာ"

"ဘာလဲ ... ကျွန်မက ဆက်မလုပ်ဘဲ ထွက်သွားတာနဲ့ ရှင်က ဖေဖေ့ကို ကျွန်မ မလုပ်ပေးဘူးလို့ တိုင်မယ်မဟုတ်လား"

"ကျွန်တော် စိတ်ဓာတ် အဲဒီလောက် မရိုင်းပါဘူး ... မလေးလေးမြင့်နဲ့ ပတ်သက်ပြီး တစ်ခွန်းမှ အနက်ကယ်(လ်)ကို ကျွ



မပြောဘူး ... "

"အို ... မလိုချင်ဘူး ... ရှင်ခိုင်းချင်ခိုင်း မခိုင်းချင်နေ ... ရှင့် အနာကိစ္စပြီးတဲ့အထိတော့ ကျွန်မ ဒီနားမှာ ထိုင်နေရမှာဘဲ ... ဖေဖေပြန်ဝင်လာလို့ ကျွန်မကို မတွေ့ရင် ဆူခံထပ်ထိဦးမယ် ... "

ဝင်းမောင်ထွန်း ဘာမှမပြောတော့၊ ဂွမ်းတစ်ဆုပ်ယူကာ ဒဏ်ရာပေါ်မှ သွေးခြောက်များကို စင်အောင်ဆေးကြောသည်။

"အယ် ... မနည်းပါလား ... သုံးလက်မလောက် ပြဲသွားတာပဲ ... "

လွှတ်ခနဲကြည့်ကာ လေးလေးမြင့်ပြောသည်။ ဝင်းမောင်ထွန်း ဒဏ်ရာကိုသာ ဆက်လုပ်နေခဲ့သည်။

ဒဏ်ရာက သုံးလက်မခန့်ရှည်သည်။ ချုပ်လျှင် ... ကောင်းပေမည်။ သူ့ဆေးအိတ်ထဲတွင် ဆရာဝန်သုံး အပ်ရော အပ်ချည်ပါ ပါသည်။ သို့သော် လေးလေးမြင့်ကို ဆေးအိတ်သွားယူပါဟု တော့ မခိုင်းချင်၊ ဒီအတိုင်း မချုပ်ဘဲထား၍ တော့ရသည်။ အမာရွတ်ကျန်နိုင်ပါ၏။

အနာကို ဝင်းမောင်ထွန်း အရက်ပျံဆွတ်သည်။ စပ်လှန်းသော်လည်း သူတောင့်ခံလိုက်ပါ၏။ သူမကို ဘာမှမခိုင်းတော့ဘဲ ကြိတ်မှိတ်ခံနေသော ဝင်းမောင်ထွန်း၏ မျက်နှာကို ငေးကြည့်နေမိသည်။

သူ့အမေ ဒေါ်မမလေးသည် မျက်ခုံး၊ မျက်လုံး၊ နှာတံမှအစ သိပ်လှ သိပ်ချောသော အမျိုးသမီးဟု ဖေဖေ ပြောခဲ့ဖူး၏။ သူ့အမေရဲ့ အလှအပတွေကို အမွေအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်ခံရရှိပြန်တူသည်။

သူ့မျက်နှာက မြင်ရုံနှင့် လူချော လူလှဟု မည်သူမဆို ပြောမည်သာ။ အသားအရေက ဖြူဝင်းပြီး၊ လက်မောင်းအိုးကြီးတွေက တီကောင်ဆစ်ကွေးထားလျှင် ဖုထစ်ပြီး မာကျောလှသည်။ ဖြန့်းခနဲကြည့်လျှင် သွယ်လျှသည်ဟု ထင်ရသော်လည်း ပခုံးသားရင်အုံသားတွေ မာနေပြီး ဝမ်းဗိုက်သားရှပ်နေ၍သာ သွယ်သည်ထင်ရခြင်းဖြစ်ပါ၏။

သူက ဆေးသေတ္တာထဲမှ ပလာစတာကို ထုတ်ယူသည်။ ဒဏ်ရာအရှည်ထက် အနည်းငယ်ပိုရှည်ပြီး ဖြတ်၏။

"ဒါတော့ နည်းနည်း ကူညီပါ မလေးလေးမြင့် ... ကျွန်တော်က ဒဏ်ရာကို စေ့နေအောင် ဆွဲစေ့ထားမယ် ... မလေးလေးမြင့်က ပလာစတာကို အနာပေါ် သေချာအုပ်မိအောင် လိုက်ကပ်ပေးပါ ... ဒါမှ မချုပ်ဘဲ ပြန်ပြီးအသားချင်း ကပ်သွားမှာပါ"

"ရပါတယ် ... လုပ်လေ"

လေးလေးမြင့်က ပလာစတာကို ဒဏ်ရာပေါ် မိမိရရကပ်ပေးရင်း စကားပြောခဲ့သည်။

"ရှင် ဖေဖေ့ဆီက စာရရချင်း လိုက်လာတာလား ... "

"စာရပြီး သုံးရက်ကြာမှ လိုက်လာတာပါ ... ဘာဖြစ်လို့လဲ"

"အော် ... စာအိတ်ပေါ်မှာ မလာပါနဲ့လို့ ရေးထားတာကို ရှင်မတွေ့မိဘူးလားလို့ မေးကြည့်တာပါ ... "

"တွေ့သားပဲ ... အဲဒါ မလေးလေးမြင့် ရေးလိုက်တာ ... မဟုတ်လား"

လေးလေးမြင့်က မိမိရောက်လာသည်ကို မလိုလား



သန့်ဖြင့် ဆက်ဆံသည်ကို ဂရုပြုမိ၍ လှစ်ခနဲ ဟုတ်လို့ဟုတ်ကြောင်းသွေးလိုက်မိခြင်းဖြစ်သည်။

"ဟုတ်တယ် ... ကျွန်မရေးလိုက်တာ ... ဖေဖေ့အလစ်သီးသန့်စာကြည့်ခန်းထဲ စာထားတုန်းက ကျွန်မ ဝင်ရေးတာ"

"ဘာဖြစ်လို့ ဝင်ရေးတာလဲ ... "

"ရှင်းပါတယ် ... သီရိမြိုင်ကို ရှင် မလာစေချင်လို့ပဲပေါ့"

"ဘာလို့ ကျွန်တော့်ကို မလာစေချင်ရတာလဲ ... "

ပလာစတာကို လေးလေးမြင့် ကပ်ပြီးသွားခဲ့သည်။

"သီရိမြိုင်ကို ရှင်ရောက်လာတဲ့အတွက် နောက်ဆက်တွဲ ... ပြဿနာတွေသောင်းခြောက်ထောင်ဖြစ်လာနိုင်တယ်လေ"

"လျော့ပါဦးလား ... မလေးလေးမြင့် ... ပြဿနာတွေဟာသောင်းခြောက်ထောင်များလွန်းပါတယ် ... "

သာမန်အားဖြင့် ဝင်းမောင်ထွန်း တစ်ဖက်သားကို ထေ့တတ် မရိတတ်။ သို့သော် အခြေမှန်ပေါ်ထွက်လာမလားဟု တစ်ဖက်သားမခံချင်အောင် ဝင်းမောင်ထွန်း တမင်ပြောလိုက်မိခြင်းဖြစ်သည်။

"ဟင်း ... ဟင်း ... ရှင့်ပုံက သူ့ရဲ့ကောင်းပုံစံမျိုးတော့ ရှိသားပဲ ... ဒါပေမဲ့ လက်တွေ့မှာ ဘယ်လို စွမ်းဆောင်နိုင်မလဲဆိုတာတော့ စောင့်ကြည့်ရမှာပဲလေ ... "

"ကျွန်တော် လူဆိုးသုံးယောက်နဲ့ လက်တွေ့ ဂိုက်ခိုက်ခဲ့ပြီးပါပြီ ... အဲဒီ လူဆိုးသုံးယောက်လည်း နာရီဝက် တစ်နာရီလောက်စီတော့ လူလောကကို ခဏကျောခိုင်းနေကြမှာတော့ အမှန်ပါပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်က နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ မခံချင်စိတ်ကို ချုပ်တည်းရသည့် အသွင်ဖြစ်ပါ၏။ နှုတ်ခမ်းလေး ဖိကိုက်လိုက်သဖြင့် ပါးချိုင့်ခွက်ဝင်သွားသည်က ပို၍ပင် ... ကြည့်ကောင်းပြီး ပိုလှသွားလေသလား မပြောတတ်။

ထိုစဉ်မှာပင် ဒေါ်သာအုံ ဝင်လာခဲ့သည်။ ပြီးတော့ သူတို့နှစ်ဦးလုံးကို လှမ်း၍ ပြောလိုက်သည်။

"ဆရာကြီး ထမင်းစားခန်းမှာ စောင့်နေတယ် ... မောင်ရင်ရော လေးလေးပါ ထမင်းစားကြရအောင် ခေါ်လိုက်တယ်"

"နေပါဦး ဒေါ်သာအုံ ... စောစောက လေးလေး တအားအော်ပြီး ဒေါ်သာအုံကို ခေါ်တာ မကြားဘူးလားဟင်"

"ကြားသားပဲ လေးလေး ..."

"အဲ ... ကြည့် ... ကြားလျက်သားနဲ့ ဘာမှမလာတာ ဟုတ်လား ..."

"အဲ့ ဒီလိုမဟုတ်ဘူးလေ ... ဆရာကြီးက ကားထဲက ... သေတ္တာသယ်ခိုင်းတယ် ... ဒီမောင်ရင်နေဖို့ အခန်းသန့်ရှင်းရတယ် ... အိပ်ရာပြင်ရတယ် ... လေးလေးအသိဆုံးပါလေ ... သီရိမြိုင်မှာ ဆရာကြီးထက်ပိုပြီး ဘယ်သူ့ကိုကြောက်ရမှာလဲ ဆိုတာ ... ကြားပေမဲ့ ဆရာကြီးခိုင်းတာမပြီးလို့ မလာနိုင်တာပဲ လေးလေး ..."

လေးလေးမြင့် ဘာမှမပြောနိုင်ပါလေတော့။ ငြိမ်ကျသွားခဲ့သည်။ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ လေးလေးမြင့် ထွက်သွားတော့၏။

ဝင်းမောင်ထွန်း ထမင်းစားခန်းသို့ လျှောက်ခဲ့သည်။



ဒေါ်သာအုံ စတ်ဘူး၊ ရေဇလုံ စသည်တို့ကို သိမ်းဆည်းကျန်ရစ်ခဲ့သည်။

ထမင်းစားပွဲထိပ်တွင် အန်ကယ်(လ်)ဦးမျိုးဆက် ထိုင်နေခဲ့ပြီး ... လေးလေးမြင့်က လက်ျာဘက်တွင် ထိုင်နေခဲ့သည်။ ဝင်းမောင်ထွန်းက လေးလေးမြင့်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ပါ၏။

"ထွန်းထွန်းကို အန်ကယ်(လ်)ပြောထားမယ် ... ဟောဒီ သီရိမြိုင်အိမ်ကြီးမှာ ထွန်းထွန်းကို အန်ကယ်(လ်)ရဲ့ သားကြီးတစ်ယောက်လို့ နေရာပေးထားလိုက်ပြီ ... ဒိုးလှနဲ့ မယ်သာအုံကိုလည်း ဒီအတိုင်းပဲ ပြောထားပြီးပြီ ... အခု ဖေဖေ ပြောတာ လေးလေးလည်း ကြားပြီ ... ဒီတော့ ဒီသီရိမြိုင် အိမ်ကြီးမှာ စားတဲ့နေရာ ... နေထိုင်တဲ့နေရာတွေအားလုံးမှာ ကိုယ့်အိမ်လိုပဲ မှတ်ပြီး စားပါ သောက်ပါ နေပါလို့ ပြောချင်တယ် ... ဟုတ်လား ..."

"ဟုတ်ကဲ့ အန်ကယ်(လ်) ..."

"အမွေစား ... အမွေခံ သားကြီးလား ဖေဖေ ... ဒါဆိုရင်တော့ လေးလေး အမွေတွေ ထက်ဝက်လျော့သွားတော့မှာဘဲ ..."

"တယ် ... ဒီကောင်မလေး ..."

သမီးလေးလေးမြင့်ကြောင့် ပြုံးခဲ့ ရယ်ခဲ့ပါသည့် ... ဦးမျိုးဆက် ပြုံးသွားပါလေ၏။

လေးလေးမြင့်ကလည်း ဖခင်နည်းတူ ပါးချိုင့်လေး ခွက်ဝင်အောင် ရယ်မောလိုက်ပါ၏။ ဝင်းမောင်ထွန်း ပြုံးရ[illegible] ရယ်ရအခက်ဖြစ်ရသည်။ ထို့ကြောင့် မရယ်မပြုံးတော့ဘဲ ထမင်းကို

www.burmeseclassic.com

www.burmeseclassic.com



သာ စားသောက်လိုက်သည်။

ဦးမျိုးဆက်က အစားမြန်သည်ကြောင့် စားသောက်ပြီးစီးသွားသည်။

"ထွန်းထွန်းစားပြီးရင် အန်ကယ်(လ်) စာကြည့်ခန်းထဲကို လာခဲ့ပါ ... ခရီးပန်းနေတာကို သိပေမဲ့ သိအပ်တဲ့အရာဆိုတာမျိုးက အချိန်ဆွဲလို့ မကောင်းဘူးလေကွယ် ... အခုပဲ အန်ကယ်(လ်)မြန်မြန်ခနဲ သေသွားခဲ့ရင် ... "

"အို ... ဖေဖေကလည်း ဘာမှန်းမသိဘူး ... လျှောက်ပြောနေတာပဲ ... "

"ဥပမာ ပြောတာပါ သမီးရယ် ... ထွန်းထွန်းနဲ့ ပြောရမယ့်စကားတွေက အရေးပါတော့ အချိန်မဆွဲသင့်ကြောင်း တင်စားပြောတာပါ ... ဖေဖေ့ ကျန်းမာရေးက တင်းဘုတ်နဲ့ရိုက်သတ်တောင် မသေနိုင်မှန်း သမီး သိသားနဲ့ ... "

သမီး၏ သံယောဇဉ်ကို သိလိုက်ရ၍ ဦးမျိုးဆက် တပြုံးပြုံးဖြင့်သာကာ ထမင်းစားခန်းမှ ထွက်သွားခဲ့သည်။

လေးလေးမြင့် စားသောက်ပြီးစီးသွားသည်။

"ခဏလေး လေးလေးမြင့် ... အန်ကယ်(လ်)စာကြည့်ခန်းက ဘယ်မှာမှန်း ကျွန်တော်မှ မသိတာ ... ကျွန်တော်စားလို့ပြီးတော့မှာပါ ... ကျွန်တော့်ကို စာကြည့်ခန်း လိုက်ပို့ပေးပါဦး ... "

"ဒါဆိုလဲ မြန်မြန်စား ... တကတဲ သူများအိမ်မှာ စားကောင်းသောက်ကောင်း ဖြစ်နေလိုက်တာ လွန်ရော"

"သူများအိမ်မဟုတ်ပါဘူး ... သီရိမြိုင်က ကိုယ့်အိမ်ပဲလို့ အန်ကယ်(လ်)ပြောသွားတာပဲ ... ကိုယ်ခန္ဓာနဲ့ကိုယ် စားနိုင်း



တာ ဘာတတ်နိုင်မလဲ ... "

"ကဲပါ စားပါ ... ဟွန်း ... ဖေဖေ့ကိုကြောက်လို့ သူခိုင်းသမျှလုပ်ပေးနေတာသိလား ... မျက်နှာသာပေး ရွှေရေးပန်းကန်သိပ်မတတ်ချင်နဲ့ ... "

ထမင်းကို ဝင်းခေါင်ထွန်း လက်စသပ်လိုက်သည်။
စိတ်ထဲမှာလည်း လေးဇလေးမြင့်ကို ညီမဆိုးတစ်ယောက်လို ... သဘောထားပြီး သူမ ဘာပြောပြော ဇွဲမယူဟု၍ ...

"ကဲ လာ ... ဖေဖေ့ဆီ လိုက်ပို့ပေးမယ် ... "

ရှေ့မှ ထွက်သွားသော လေးလေးမြင့်နောက်မှ ဝင်းခေါင်ထွန်း လိုက်ပါရင်း လေးလေးမြင့်၏ ခန္ဓာကိုယ်နောက်ပိုင်းအလှကို မကြည့်ချင်မမြင်ရှမရဘဲ တင်ပါးဆုံလုံးလုံးလေးတွေကို မြင်တွေ့နေရပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

စာကြည့်ခန်းဟု ... ဆိုရသော်လည်း ပြတိုက်ခန်းသဖွယ်ရှိနေသည်။ အခန်းအတွင်း ပြောင်ချိုများ၊ ပုံသွင်းထားသောကျားခေါင်းကြီး နှစ်လုံးတို့ကို နံရံတွင် တွေ့ရသည်။ ကျားရေနှင့် ပြောင်သားရေချပ်များကို ကော်ဇောသဖွယ် ခင်းထားခဲ့သည်။

တူမီးရှသေနတ်၊ ရိုင်ဖယ်သေနတ်၊ ဂျပန်ဓားရှည် ... စသည်တို့ကို တစ်ဘက်နံရံတွင် ချိတ်ဆွဲထားပြန်သည်။

ဒါတွေကို ကြည့်ခြင်းအားဖြင့် ဦးမျိုးဆက်သည် စစ်အတွင်းက စစ်သားဟောင်း တစ်ဦးဟု ခန့်မှန်းနိုင်ကာ အမဲလိုက်ဝါသနာကြီးကြောင်း ပေါ်လွင်နေခဲ့သည်။ အခန်းတွင်း ပစ္စည်းတွေက ဖရိုဖရဲနှင့် သဘာဝအတိုင်း ထားရှိသည်ကို တွေ့ရသည်။ ဦးမျိုးဆက်က သဘာဝအတိုင်း အလှအပထားရှိခြင်းမျိုးကို နှစ်သက်ဟန်ရှိသည်။

စာအုပ်စင် ဗီရိုအတွင်း၌ သုတေသနဘက်ဆိုင်ရာ စာအုပ်များ၊ ရဲဥပဒေ၊ ရဲကျင့်ထုံး စာအုပ်များကို တွေ့ရသည်။

အလျား ၅ပေ။ အနံ ၃ပေ ခွဲခန့် စာရေးစားပွဲပေါ်တွင် သက္ကလတ်အစိမ်းစကို မှန်အထူးပေါ်၌ ထပ်ခင်းထားသည်။



စားပွဲနောက်တွင် ဦးမျိုးဆက်က ဆုံလည်ကုလားထိုင်ဖြင့် ထိုင်နေခဲ့၏။

"လာ ... ထိုင်ပေါ့ ထွန်းထွန်း ... "

စားပွဲရှေ့ရှိ ထိုကုလားထိုင် နှစ်လုံးကို ဦးမျိုးဆက် ...ဆတ်ပြသည်။

ဝင်းမောင်ထွန်းက ဝင်ထိုင်ကာ ကျောမှီကို မှီလိုက်သည်။

"အန်ကယ်(လ်) အနေနဲ့ ထွန်းထွန်းကို သိရှိမြင်ကို လာပါလို့ ခေါ်တာ အမိက နှစ်ခုရှိလို့ပဲကွယ့် ... တကယ်တော့ အမိက ဆိုတာ တစ်ခုတည်းရှိသင့်တာပါ ... ထားပါတော့ကွယ် အခု ပထမကိစ္စဖြစ်တဲ့ အမိကအချက်ကိုပဲ ပြောကြတာပေါ့"

"ပြောပါ အန်ကယ်(လ်) ... နားထောင်ပြီးမှ ကျွန်တော်ဖြန်ပြီး ဆွေးနွေးနိုင်မှာပါ ... "

"သိပ်ဟုတ်တာပေါ့ ... အခု ပထမအမိကဖြစ်တဲ့ "စောမရ" သိုက်အကြောင်း ပြောရအောင် ... "

"သိုက် ... ဟုတ်လား ... အန်ကယ်(လ်) ... "

"အဖိုးတန် ရတနာတွေကို လူမသိ ... လူမသိ ဝေသီခေါင်ဖျားနေရာတစ်ခုခုမှာ သိုဝှက်ထားတာကို ယေဘုယျအားဖြင့် လွယ်လွယ်ကူကူ "သိုက်" ဆိုတဲ့ ဝေါဟာရ သုံးလိုက်ကြတဲ့ သဘောပါ ထွန်းထွန်း ... ဥစ္စာစောင့်မတွေ ... တစ္ဆေသရဲကြီးတွေ စောင့်တဲ့ "သိုက်" ကို ဆိုလိုတာ မဟုတ်ဘူးလေ ... "

"အော် ... ဟုတ်ကဲ့ ... "

"ပထမဦးဆုံး လူသုံးယောက်အကြောင်း ပြောရမယ် ...

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းရဲ့ ဖခင် ဗိုလ်သီဟရယ် ... အန်ကယ်(လ်)ရယ် တပ်ကြပ်ကြီး ရန်ကျော်ရယ်ဟာ တပ်ခွဲတစ်ခုတည်းမှာ ... အတူတူ တာဝန်ထမ်းဆောင်ကြတယ် ... ”

“အန်ကယ်(လ်)တို့ တပ်ခွဲဟာ ဖက်ဆစ်တပ်မ(၃၁)နဲ့အတူ ကိုဟီးမားစစ်ကြောင်း ချီတက်ခဲ့ရတယ် ... အန်ကယ်(လ်)တို့ တပ်ခွဲမှာ ဗိုလ်သီဟ က ခေါင်းဆောင်တပ်ခွဲမှူး ... အန်ကယ်(လ်)က ဒုတပ်ခွဲမှူး ... ရန်ကျော်ကတော့ တပ်ခွဲက တပ်ကြပ်ကြီးပေါ့ ... အဲဒီအချိန်မှာ ဖက်ဆစ်တွေဟာ ပစိဖိတ် စစ်မျက်နှာတစ်ခုလုံးမှာ အရေးနိမ့်နေတဲ့အတွက် ... ဒီအာက်မှာရှိတဲ့ တပ်တွေမှာ လေတပ်အကာအကွယ်မဲ့နေခဲ့တယ် ... ”

“၁၉၄၄ ခုနှစ်ထဲမှာဘဲပေါ့ ... ကိုဟီးမား တိုက်ပွဲမှာ ဖက်ဆစ်ဗိုလ်ချုပ် ဆက်တို အုပ်ချုပ်ခဲ့တဲ့ တပ်ဟာ တစ်လုံးနီပါး အချေမှုန်းခံလိုက်ကြရတယ် ... အန်ကယ်(လ်)တို့လည်း အတူတူပေါ့ ... အင်္ဂလိပ်က လေတပ်အင်အားသိပ်ကောင်းသွားပြီလေ ... ဖက်ဆစ်တပ်ရော ... အန်ကယ်(လ်)တို့ရော ဆုတ်ရတာမှ ပရမ်းပတာ တရကြမ်းပဲ ... အလျဉ်းသင့်သလို ဆုတ်ပြေးရတဲ့အတွက် တပ်တွေကွဲကုန်တယ် ... ဆုတ်ပြေးလိုက်ကြတာ မနက်မိုးလင်းကြည့်လိုက်တော့ အန်ကယ်တို့ တပ်ခွဲဟာ တပ်စိပ်ခြောက်စိပ်ပဲ ရှိတော့တယ် ... ဆုတ်ရင်း ကျကုန်သူများ ပြေးမိပြေးရာ ပြေးကြသလားတော့ မသိဘူး ... အဲဖက်ဆစ်တပ်က ပိုဆိုးသေးတယ် ... တပ်မကြီး တစ်ခုလုံး ပျောက်ပြီး အန်ကယ်(လ်)တို့နဲ့အတူတူ တပ်စိပ်တစ်စိပ်သာ ကျန်တော့တယ် ... တပ်စိပ်နှစ်ခုဟာ“စောမရှ”



တောင်ကြားထဲ ရောက်နေကြတယ်လေ ... ”

“တစ်ညလုံး မနားမနေ ဆုတ်ပြေးရလို့ နံနက်လင်းလို့ စောမရှ တောင်ကြားအရောက်မှာ အန်ကယ်(လ်)တို့အားလုံး ခြေဝစ်လက်ပစ် ဖြစ်နေပြီ။ ရန်သူနဲ့လည်း ဝေးခဲ့ပြီဆိုတော့ စောမရတောင်ကြီးမှာဘဲ သစ်ပင်တွေအောက် ပစ်လဲအိပ်နေလိုက်ကြတာပေါ့ ... ဒါပေမဲ့ လေယာဉ်ပျံသံတွေ ဆူညံလာတာနဲ့ နိုးခဲ့ကြပြီး ဂျပန်စစ်သားရော မြန်မာစစ်သားတွေပါ လုံးထွေးပြီး ကျောက်ဂူတွေထဲ အတင်းဝင်ပုန်းကြရပြန်တယ် ... အင်္ဂလိပ်လေယာဉ်ပျံတွေ တွေ့သွားလို့ အနိမ့်ဆင်းပြီး စက်သေနတ်နဲ့ ပစ်ခတ်ပြန်ပြီလို့ ထင်လိုက်ကြတာကို အမှန်တော့လား ... လား ... ဘီ(၂၉) လေယာဉ်ကြီး ပျက်ကျပြီး ဆင်းလာတာပဲ ... ”

“ဘာကြာလိုက်မလဲ ... ဝုန်း ဒိုင်းဆိုတဲ့ သေနတ်သံတွေ ထွက်လာတော့တာပဲ ... ဖက်ဆစ်စစ်သားတွေရော အန်ကယ်(လ်)တို့ပါ အသံကြားရာကို ပြေးသွားခဲ့ကြတယ် ... လေယာဉ်ပျံကြီး ခေါင်းတစ်ပိုင်း ကိုယ်တစ်ပိုင်းဖြစ်နေတာကိုတွေ့ရပြီး ... ခေါင်းပိုင်းထဲက လူနှစ်ယောက်ပဲ မသေဘူး ကျန်တာတော့ သေကုန်ကြတာ တွေ့ရတယ် ... အဲဒီ နှစ်ယောက်က အမေရိကန်စစ်ဗိုလ်တစ်ယောက်နဲ့ တရုတ်စစ်ဗိုက်တစ်ယောက်ပဲ ... သူတို့နှစ်ယောက်ကို မေးမြန်းတော့ အမေရိကန်အစိုးရက ကူမင်တန်တရုတ်အစိုးရလို့ စစ်ရေးထောက်ပံ့တဲ့ ဘဏ္ဍာတွေရယ် လက်နက်တွေ သယ်လာတဲ့ လေယာဉ်ဖြစ်နေတယ် ... ”

“နယူးဒေလီကနေ ချုံကင်းကိုအသွားမှာ ဖက်ဆစ်ဓါးရိုး

www.burmeseclassic.com

www.burmeseclassic.com



တိုက်လေယာဉ်တွေနဲ့ ပက်ပင်းတိုးပြီး ပစ်ချခံလိုက်ရတာ တိုက်ခိုက်ရေး လေယာဉ်မဟုတ်ဘူးပေ့ါ ... အမေရိကန် စ်ဗိုလ်နဲ့ တရုတ်စစ်ဗိုလ်လည်း သက်ဆိုးမရှည်ပါဘူး ... မေးတာကိုဖြေပြီး သေကုန်တာပဲ ... အဲဒီနောက် မီးလောင်နေတဲ့ လေယာဉ်ကြီးဟာ တဝုန်းဝုန်း တဒိုင်းဒိုင်းပေါက်ကွဲတော့တာပဲ ... လက်နက်ခဲယမ်းတွေ ပါလာတာကိုး ... ပေါက်ကွဲတာတွေ ငြိမ်ကျသွားမှ ဖက်ဆစ်စစ်သားတွေရော အန်ကယ်(လ်)တို့ပါ လေယာဉ်ကြီးနားပြန်ကပ်ကြတယ် ... ဘာပစ္စည်းတွေ အကောင်းကျန်မလဲဆိုတာ ရှာကြည့်ကြတာပေ့ါ ... ”

“ပစ္စည်းက အစုံပဲ ... လက်နက်တွေ သေတ္တာလိုက်[illegible]တယ် မီးဘေးဒဏ်ခံနိုင်တဲ့ သံမဏိသေတ္တာတွေလည်း ရလိုက်တယ် ... အဲဒီ သေတ္တာက သော့ခတ်ထားတယ် ... ဖက်ဆစ်စစ်ဗိုလ်က သေသွားတဲ့ အမေရိကန်နဲ့ တရုတ်စစ်ဗိုလ်ရဲ့ အိတ်တွေထဲ လျှောက်ရှာတော့ သော့တွဲတွေ တွေ့ရတယ် အဲဒီသော့နဲ့ သံမဏိသေတ္တာတွေကို ဖွင့်တော့ အားပါးပါး ဘာတွေ တွေ့ရတယ်ထင်သလဲ ထွန်းထွန်း ... ”

“ရွှေတွေ တွေ့မှာပေ့ါ အန်ကယ်(လ်) ... ”

“အန်ကယ်(လ်)စောစောက သိုက်အကြောင်းပြောထားတယ်လေ ... ပြီးတော့ လေယာဉ်က တရုတ်ကူမင်တန်အစိုးရကို အမေရိကန်က ထောက်ပံ့ခဲ့တဲ့ လေယာဉ်ဆိုတော့ ကျွန်တော်ဆပ်စပ်တွေးကြည့်တာပါ ... ”

“သိပ်ဟုတ်တာပေ့ါ ... ရွှေတွေမှ ရွှေချောင်းတွေရော ဒင်္ဂါးတွေရော နည်းနည်းနောနောမှ မဟုတ်တာ ... ဆယ်လုံးက



ရွှေချောင်းတွေ ကျန်နှစ်လုံးက ရွှေဒင်္ဂါးတွေချည်းပဲ ... အခုမြန်မာပြည်ရွှေဈေး တစ်ကျပ်သားကို တစ်ရာ့ရှစ်ဆယ် ... နှစ်ရာနဲ့တွက်ဦး ... ဒီရွှေချောင်းတွေဟာ ငွေတန်ဖိုးသန်းပေါင်း တော်တော်များမယ်လို့ အန်ကယ်(လ်)တွက်တယ်”

“ရွှေချောင်းတစ်ချောင်းမှာ အလေးချိန် ဘယ်လောက်စီးမယ်ဆိုတာ တွက်ပြီး အချောင်းရေတွက်လိုက်ရင် အနီးကပ်ဆုံး ငွေတန်ဖိုး တွက်နိုင်မှာပေ့ါ အန်ကယ်(လ်) ... ”

“ဘယ်လွယ်မလဲ ထွန်းထွန်း ... အင်္ဂလိပ်လေတပ်က လေယာဉ်ပျံတွေ တစ်စီးစီလိုက်ပြီး စက်သေနတ်နဲ့ပစ် ... ဗုံးနဲ့ကြဲလုပ်နေတာ ဘယ်သူမှ သံမဏိသေတ္တာတွေထဲက ရွှေချောင်းတွေ တစ်ချောင်းစီရေတွက်မနေရဲဘူး ... ရွှေချောင်း ရွှေဒင်္ဂါးလို့ သိတာနဲ့ပဲ သေတ္တာကို ပြန်ပိတ်ထားလိုက်တယ် အဲဒီနောက် ဖက်ဆစ်စစ်ဗိုလ်နဲ့ ဗိုလ်သီဟတို့ တိုင်ပင်ပြီး အနီးမှာရှိတဲ့ ကျောက်ဂူကြီး တစ်ခုထဲ သယ်သွားကြရတယ် လေယာဉ်ပျက်နဲ့ ဂူကသုံးဖာလုံလောက်ဝေးတယ် ... ”

“ထင်တဲ့အတိုင်းပဲပေ့ါ ... သယ်နေတုန်းမှာဘဲ အင်္ဂလိပ်လေယာဉ်မည်းမည်းကြီး ပေါက်ချလာတော့တာပဲ ... စက်သေနတ်နဲ့ပစ် ... ဗုံးတွေကြဲချပြီး တိုက်ခိုက်တယ် ... လေယာဉ်ပျက်ကြီးပေါ်ကိုလည်း စိမ်ပြေနပြေ ဗုံးတွေဝဲဝဲပြီးချတာ ... အဲဒီမှာတင် ဖက်ဆစ်ရော တို့ပါ အထိနာပြန်တယ် ... အန်ကယ်၊ ဗိုလ်သီဟ ... တပ်ကြပ်ကြီး ရန်ကျော်နဲ့ အခြား ဖက်ဆစ် လေးယောက်ရယ်ပဲ လွတ်တယ် ... အဲဒီအချိန်မှာ ... တို့ခုနစ်ယောက် ကျောက်ဂူထဲ ရောက်နေတယ်လေ ... ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနောက် လေယာဉ်ကြီးပျံသွားမှာဘဲ အန်ကယ်(လ်)တို့
အားလုံး အပြင်ထွက်ရဲကြတယ် ... အပြင်ဘက်မှာ ကျန်ခဲ့
ဖက်ဆစ်ဘက်ကရော အန်ကယ်(လ်)တို့ဘက်ကပါ တ
ယောက်မကျန် စက်သေနတ်ဒဏ် ... ဗုံးဒဏ်ခံရပြီး သေသွား
ကြတယ် ထွန်းထွန်း ... အဲဒီနောက် ကျောက်ဂူထဲကို ကျ
တဲ့သူ ... ခုနစ်ယောက်ပဲ ကျန်ပစ္စည်းသယ်ကြရတယ် ...
ကျောက်ဂူထဲမှာ ဝှက်ထားပြီးနောက် ဖက်ဆစ်စစ်ဗိုလ်
မြေပုံဆွဲခဲ့တယ် ..."

ထွန်းထွန်း ဖေဖေ ဗိုလ်သီဟလည်း ကျောက်ဂူ တည်နေ
ကို ဈေးမရတောင်ကြီးလမ်းအဝင်ကစပြီး အသေးစိ
မြေပုံဆွဲခဲ့တယ် ... မြေပုံကို သုံးပိုင်းပိုင်းပြီး ဗိုလ်သီဟ ...
အန်ကယ် တပ်ကြပ်ကြီး ရန်ကျော်တို့ တစ်ယောက်တစ်ပိုင်
စီယူထားလိုက် ကြတယ် ... စစ်ပြီးလို့ အေးအေးဆေးဆေး
ဖြစ်မှ သုံးယောက်ပြန်ဆုံမယ် ... မြေပုံအညွှန်းအတိုင်းလာ
ပြန်ရှာကြမယ်ပေါ့ကွာ ..."

"ကျောက်ဂူစခန်းက အထွက် ဖက်ဆစ်စစ်ဗိုလ်က ခုနစ်
ယောက်လုံးထွက်ရင် ... ရန်သူတွေ အလွယ်တကူတွေ့နိုင်
တယ် ... သူတို့လေးယောက် သတ်သတ်သွားမယ် ... မြန်မာ
စစ်သားသုံးယောက်သတ်သတ်သွားပါလို့ အကြံပေးတယ်
သဘောတူလိုက်ကြတယ် ... မှန်တာပြောရရင် ဗမာ့တာ
ကွယ်ရေး တပ်မတော်လို့သာ ဆိုပေမဲ့ ဖက်ဆစ်စစ်တပ်
ဩဇာမကင်းဘူး ... နောက်တစ်နေ့နံနက် စောစောမှာ ...
ကျောက်ဂူစခန်းက ထွက်ခဲ့ကြတယ် ... အန်ကယ်တို့က
လည်း သူတို့နဲ့ စစ်ချီရတာ မလွတ်လပ်လို့ သူဟာသူ ကိုယ်



ဟာကိုယ်ခွဲပြီး ထွက်ခဲ့ကြတာ ... အဲ ... ဒါပေမဲ့ ... အန်ကယ်(လ်)တို့ မှားသွားတယ် ထွန်းထွန်းရေ ..."

"ဘယ်လိုမှားသွားတာလဲ အန်ကယ်(လ်) ..."

"ဖက်ဆစ်တွေက အကောင်ကြံတယ်လေ ... စစ်ရေးမဟုတ်ဘူး ... အဲဒီအချိန်အထိ ဖက်ဆစ်တော်လှန်ရေးမစသေးဘူး သူတို့အကောင်ကြံတာက ရွှေချောင်းတွေကြောင်းပဲ ... ဝေစုခွဲ မပေးချင်တဲ့ သဘောလေ ... အန်ကယ်(လ်)တို့ သုံးယောက်စတင်ပြီး ခရီးထွက်တာနဲ့ သူတို့ကကာဘာယူထားတဲ့နေရာက အပိုင်ဆော်တော့တာဘဲ ... ဘယ်တော့မဆိုခေါင်းဆောင်ပီသတဲ့ ဗိုလ်သီဟက ရှေ့ဆုံးကဆိုတော့ ဗိုလ်သီဟကို တန်းထိတာပဲ ထွန်းထွန်း ..."

"တောက် ... ယုတ်မာလိုက်တဲ့ ဖက်ဆစ်တွေ ..."

ဝင်းမောင်ထွန်း ... မကျေမနပ်ဖြစ်မိပြီး တောက်
ခေါက်လိုက်၏။

"အဲဒီ ယုတ်မာတဲ့ ဖက်ဆစ်တွေဟာ ဗိုလ်သီဟ လက်ချက်နဲ့ ဇာတ်သိမ်းသွားကြပါတယ် ..."

"ဖေဖေ ထိသွားပြီဆို အန်ကယ်(လ်) ..."

"အဲဒါပြောတာပေါ့ ... အန်ကယ်(လ်)နဲ့ တပ်ကြပ်ကြီးရန်ကျော်က ဗိုလ်သီဟကို ခေါ်ပြီး လွတ်ရာပြေးဖို့ ကြိုးစားတယ် ... ဒါကို ဗိုလ်သီဟက လက်မခံဘူး ... သူဟာ ဒဏ်ရာရပြီး သေလူဖြစ်နေပြီ ... ဒီတော့ သူထိထားတဲ့ ဒဏ်ရာကုဆေးကုဖို့အတွက် ဘယ်လိုမှ မြို့ကို ရောက်ဖို့ မလွယ်ဘူးတဲ့လေ ... ဒီအတွက် သူအသေခံတိုက်မယ် ... အန်ကယ်(လ်)နဲ့ တပ်ကြပ်ကြီး ရန်ကျော်က ကျည်ကာအဖြစ် ရန်သူဖက်

www.burmeseclassic.com

www.burmeseclassic.com



ဆစ်တွေရဲ့ ကတုတ်ကျင်းကို တရစပ်ပစ်ပေးထားပါ ... ဗိုလ်သီဟက တွားတက်ပြီး ကတုတ်ကျင်းထဲ လက်ပစ်ဗုံးပစ်သွင်းမယ်တဲ့ ... ”

ဖခင်၏ သူရဲကောင်းစိတ်ဓာတ်သတ္တိကို ဝင်းမောင်စိတ်ထဲမှ ဂုဏ်ယူမိသည်။ ဦးမျိုးဆက် ပြောမည့်စကားကို နားစွင့်နေခဲ့သည်။

“အနက်ကယ်(လ်) ဒီလိုမလုပ်ဖို့ တားပါတယ် ... ဗိုလ်သီဟက သူ့နားထင်ကို လက်ထဲက ပစ္စတိုလ်နဲ့ ထောက်ပြီးတော့ ကျုပ်ဟာ တာဝန်ခံမှူးတဲ့ ... ကျုပ်အမိန့်ကို ခင်ဗျားတို့ နားထောင်ရမယ် ... ဒါစစ်မိန့်ပဲ ... ဒီနေရာမှာ ပုဂ္ဂိုလ်ရေးတွေ ဘာမှ စဉ်းစားဖို့ မလိုဘူး ... ကျုပ်အမိန့်ကို ကျုပ်လက်အောက်က လူတွေ လက်မခံခဲ့ရင် ဒီနေရာမှာတင် သေနတ်နဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်တဲ့ ... ဒီတော့ ဗိုလ်သီဟ အမိန့်အတိုင်း အနက်ကယ်(လ်)နဲ့ တပ်ကြပ်ကြီးရန်ကျော်တို့ မျက်ရည်ကြားကပဲ တရစပ် ကျည်ကာပစ်ပေးခဲ့ရတယ် ... ဗိုလ်သီဟက စိတ်ဆောင်နေတော့ ဖက်ဆစ် ကတုတ်ကျင်းနဲ့ လက်ပစ်ဗုံး တစ်ပစ်စာအထိ တွားသွားတယ် ... အဲဒီနောက် ဖက်ဆစ်တွေရဲ့ ကတုတ်ကျင်းထဲကို ဗိုလ်သီဟက လက်ပစ်ဗုံးတွေ တစ်လုံးပြီးတစ်လုံး ပစ်ထည့်လိုက်တယ် ... လက်ပစ်ဗုံးတွေက ဖက်ဆစ်လေးကောင်လုံး ကြွကုန်ကြတာပေါ့ ... တပ်ကြပ်ကြီးရန်ကျော်ကို ဖက်ဆစ်တွေ သေမသေ သွားကြည့်ခိုင်းပြီး ... အနက်ကယ်(လ်)က ဗိုလ်သီဟကို ပြေးပွေ့ခဲ့တယ် ... ”

“ဖက်ဆစ်လေးကောင်စလုံး သေသွားပြီဖြစ်ကြောင်း တပ်



ကြပ်ကြီးက သတင်းပို့တော့ ... ဗိုလ်သီဟက သူ အောင်မြင်ခဲ့တဲ့အတွက် ဒဏ်ရာမချိမဆံ့ ရထားတဲ့ကြားထဲ ကပြုံးသေးတယ် ... အဲဒီနောက် အနက်ကယ်(လ်) လက်တစ်ဖက်ကို သူ့ကိုင်ပြီး သူ့အိတ်ကို ပုတ်ပြတယ် ... အိတ်ထဲမှာ သုံးပိုင်းတစ်ပိုင်း မြေပုံရှိတာကိုပြတာလေ ... အနက်ကယ်(လ်) ကို စိုက်ကြည့်ပြီး စကားပြောတယ် ... အသံတော့ မထွက်ဘူး ... စကားပြောတိုင်း ပါးစပ်ထဲက သွေးတွေပဲ အန်ထွက်လာတယ် ... ”

ဦးမျိုးဆက် စကားပြောရင်း အသံတိမ်ဝင်သွားသည်။ မျက်ရည်တွေ ပါးပြင်ပေါ်သို့ စီးကျလာခဲ့သည်။

မျက်မှန်ကို ချွတ်သည်။ ပါးပြင်ပေါ်မှ မျက်ရည်ကို သုတ်ဝစ်ပြီးမှ တုန်ယင်သော အသံဖြင့် ဆက်ပြောပါ၏။

“သူ့အသံမထွက်ပေမဲ့ အနက်ကယ်(လ်)နားလည်တာပေါ့ကွယ်၊ လည်ပင်းဖက်ပေါင်းလာတဲ့ တပည့်ဆိုလည်းဟုတ် သူငယ်ချင်းဆိုလည်းဟုတ်တဲ့ လူတွေပဲ ... ဗိုလ်သီဟ နောက်ဆုံးပြောတာ “ထွန်းထွန်း”တဲ့ “မမလေး”တဲ့ ... အဓိပ္ပါယ်ကတော့ ငါ့သား ငါ့ဇနီးကို မင်းဆက်ပြီး ကြည့်ရှုပါ၊ မြေပုံထဲက အတိုင်း စောမရ ကျောက်ဂူထဲက ရွှေတွေ ပြန်ရခဲ့ရင် သားထွန်းထွန်းနဲ့ ဇနီးမလေးကို သူ့ဝေစုပေးပါဆိုတဲ့ သဘောပဲ ထွန်းထွန်း ... ”

“အနက်ကယ်(လ်)ရယ် ... ”

ဝင်းမောင်ထွန်း ဘယ်လိုပင် တောင့်ခံထားသော်လည်း သေခါနီး ဖခင်က သားလူမမည်အတွက်နှင့် ဇနီးတို့ အသေမဖြောင့်ဘဲ မှာကြားသည်ကိုတော့ သူ့မျက်ရည်တွေ ကျလာခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် အပ်ကျသံ ကြားနိုင်လောက်အောင် ပင် တိတ်ဆိတ်သွားခဲ့၏။ နှစ်ဦးစလုံး ဝမ်းနည်းနေခဲ့ကြသည်။

ဦးမျိုးဆွက်က သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

"စောမရသိုက်အကြောင်းကတော့ အဲဒါပဲ ထွန်းထွန်း … စစ်ပြီးတဲ့နောက် ဗမာ့တပ်မတော်ကို လူဦးရေကန့်သတ်ပြီး ပြန်ခန့်တဲ့ အထဲမှာ အန်ကယ်(လ်)မပါဘူး … ဒါနဲ့ ရဲအဖွဲ့ဝင် လိုက်တယ် … ဒီပိုင်အက်(စ်)ပီ ရာထူးတန်ပေးတယ် … စစ်ပြီးစမှာ အင်္ဂလိပ်စစ်အုပ်ချုပ်ရေးဘဲ ရှိသေးတော့ သူတို့ မျက်စိတွေ့တဲ့ သူဆိုရင် ရာထူးသစ်ခန့်ပစ်တာဘဲ … အန်ကယ်(လ်) ရဲဝန်ထောက်ဘဝနဲ့ရော ခရိုင်ဝန်ဖြစ်တဲ့အထိပါ ထွန်းထွန်းရဲ့ အရပ်တိုင်းမှာ စုံစမ်းရှာဖွေတယ် … အနှစ် နှစ်ဆယ်ကျော်ကြာသည့်အထိ ပေါ်မလာတော့ တပ်ကြပ် ကြီးရန်ကျော် သေဆုံးသွားပြီလို့သာ အန်ကယ်(လ်)ထင်ပါ တယ် …"

"ကျွန်တော်ပြောချင်တာက … ကွယ်လွန်သွားတဲ့ ဖေဖေနဲ့ မေမေ့ကိုယ်စား ကျွန်တော့်ကို ပညာရေးဆုံးခန်းတိုင်သည် အထိ စောင့်ရှောက်ခဲ့တဲ့အတွက်ရော ကျွန်တော်တို့ သား အမိအတွက် စားရေးနေရေးအတွက် မငြိုမငြင် တာဝန်ယူခဲ့ တဲ့အတွက် အန်ကယ်(လ်)ကို ကျေးဇူးတင်ပါတယ် … မေ မေကဆို သေအံမူးမူး အချိန်အထိ အန်ကယ့် ကျေးဇူးတရား ကြီးမားကြောင်း ပြောပြသွားခဲ့တာပါ …"

ဦးမျိုးဆက်က လက်ဝါကာပြသည်။ ပြီးမှ ပြုံးကာ ရယ်ကာဖြင့် ဆက်၍ ပြောသည်။



"အန်ကယ်(လ်)ဟာ မင်းတို့ သားအမိကို စောင့်ရှောက်နေ နိုင်ခဲ့တာ အန်ကယ်(လ်)အသက်ရှင်နေခဲ့လို့ပါပဲ … ထွန်း ထွန်းရဲ့ ဖေဖေ ဗိုလ်သီဟဟာ အန်ကယ်(လ်)အသက်ကို နှစ်ကြိမ်တိုင်တိုင် ကယ်ခဲ့ဖူးပါတယ် … အဲဒီအတွက် အန် ကယ်(လ်)အပေါ် တင်ခဲ့တဲ့ ကျေးဇူးက ပိုပြီးကြီးမားပါ တယ် … လူတစ်ယောက်ရဲ့ ဘဝမှာ အသက်ရှင်သန်ဖို့က အရေးကြီးဆုံးပဲ မဟုတ်လား … အန်ကယ်(လ်) ကူညီစောင့် ရှောက်ခဲ့တာက ဗိုလ်သီဟရဲ့ ကျေးဇူးပြုခဲ့တာနဲ့စာရင် … မပြောပလောက်ပါဘူးကွယ် …"

"အန်ကယ်(လ်)က ကျွန်တော့်ပညာရေးပြီးဆုံးတာနဲ့ မြေပုံ မိုင်းကို ယူပြီး လာခဲ့ပါဆိုတော့ ကျွန်တော့်ကို စောမရသိုက် ရှာတဲ့ နေရာမှာ လိုက်စေချင်တဲ့ သဘောလား …"

"အန်ကယ်(လ်)အနေနဲ့ကတော့ လိုက်ခဲ့စေချင်တယ်လေ တကယ်လို့ ထွန်းထွန်းဟာ ဆရာဝန်ဖြစ်နေပြီမို့ အသက်ကို တန်ဖိုးထားပြီး မလိုက်ဘဲနေမလား … စောမရ တောင် အထိ လိုက်နိုင်ပါ့မလား ဆိုတာကို အန်ကယ်(လ်) စိတ်ထဲ ဝေခွဲမရဖြစ်နေတယ် … ဘာလို့လဲဆိုတော့ စောမရသိုက်ကို ရှာဖွေတဲ့ နေရာမှာ အန္တရာယ်အနည်းနဲ့အများ တွေ့ရမှာ သေချာလို့ပဲ …"

"စောမရသိုက်ကို အခုချက်ချင်း သွားမလား အန်ကယ်(လ်) ကျွန်တော်အဆင်သင့်ပဲ … ကျွန်တော့်ကိုယ်ထဲမှာ ဖေဖေ ဗိုလ်သီဟရဲ့ သွေးတစ်ဝက်တိတိပါပါတယ် …"

ဝင်းမောင်ထွန်းက … အားမာန်ရှိသော အသံအရာ င်းမာလာသော လေသံဖြင့် ပြောလိုက်ပါ၏။ ဦးမျိုးဆက်က …

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက် ကမ်းပေးလိုက်သည်။ ဦးမျိုးဆက်၏ လက်ဖဝါး
ဝင်းမောင်ထွန်းက လှမ်းဆုပ်လိုက်သည်။

"ယုံပါတယ် မောင်ရာ ... ဗိုလ်သီဟရဲ့ သွေးပါတဲ့ ထွန်းထွ
ရဲ့ သတ္တိကို ရာနှုန်းပြည့် အန်ကယ်(လ်)ယုံကြည်ပါတယ်
ဒါပေမဲ့ စောမရတောင်ကြားကို သွားဖို့ကတော့ ချက်ချ
ကြီး မဖြစ်သေးပါဘူး ... ထွန်းထွန်း ခဏလောက်စောင့်
အချိန်တန်ပြီဆိုရင် အန်ကယ်(လ်)ပြောမယ် မဟုတ်လား
"တပ်ကြပ်ကြီးရန်ကျော်ကို စောင့်ရမှာလား အန်ကယ်(လ်)
"တပ်ကြပ်ကြီး မြေပုံကတော့ သုံးပိုင်းတစ်ပိုင်းဆိုပေမဲ့
အမြီးပိုင်းလောက်ပါ ... ခေါင်းပိုင်းနဲ့ ကိုယ်ပိုင်းက အန်ကယ်
တို့ဆီမှာ ရှိနေတာပဲ ... ဆိုလိုတာက အမြီးပိုင်း မြေပုံမပါ
လည်း အန်ကယ်(လ်)စိတ်မှန်းနဲ့ ဖြည့်စွက်သွားလို့ရပါတယ်
အဲ ... ခဏစောင့်ပါဆိုတာကတော့ အန်ကယ်(လ်)ရဲ့ ကိုယ
ရေးကိုယ်တာ ကိစ္စကြောင့်ပါ ..."

"မေးပါရစေဦး အန်ကယ်(လ်) ... အန်ကယ်(လ်) ကျွ
တော့်ကိုပြောတုန်းက ပထမအဓိက ဒုတိယအဓိကလို့ပြော
တယ် ... ဒုတိယ အဓိကအကြောင်းကိုရော ကျွန်တော့်
မပြောနိုင်သေးဘူးလား ... သိခွင့်ရှိရင်တော့ သိချင်ပါတယ်"

"ညဦးနက်နေပါပြီကွယ် ... ဒုတိယ အဓိကက အေးအေး
ဆေးဆေးကိစ္စမျိုးပါ ... နောက်မှ ဆွေးနွေးကြတာပေါ့"

"ဟုတ်ကဲ့ ... ဒါဆိုရင် သီရိမြိုင်မှာ ဆက်နေဖို့ လိုသလား
အန်ကယ်(လ်) မန္တလေးမှာဘဲ ကျောင်းမောင်နဲ့ ဟိုင်းလုံကို
စောင့်ခိုင်းထားရမယ် ... နောက်တစ်ချက်က ကျွန်တော်
သီရိမြိုင်မှာ နေတဲ့အတွက် မလေးလေးမြင့် အနေကျဉ်းတ



မယ် ... အနေမကျဉ်းကျပ်ဘူးဆိုရင်တောင် ဘောအမြင်နဲ့
မလေးလေးမြင့် ဂုဏ်သိက္ခာ ထိခိုက်မလားလို့ပါ အန်
ကယ်(လ်)"

ဦးမျိုးဆက်က လက်ခါပြသည်။ ခေါင်းခါပြ၏။

"အန်ကယ်(လ်)ပြန်မေးမယ် ... သီရိမြိုင်မှာ နေရတဲ့အတွက်
ထွန်းထွန်း အနေရကျပ်သလား ..."

"ဟား ... ဘယ်ကျပ်မလဲ ... မန္တလေးက ကျွန်တော့်အိမ်က
တင်းကုတ်သာသာပဲရှိတာပဲ ... ဒီမှာက တကယ့်တိုက်ကြီး
တာကြီးပဲ ..."

"ကောင်းပြီ ... သီရိမြိုင်မှာ နေရလို့ ထွန်းထွန်းမှာ သိက္ခာထိ
ခိုက်စရာရှိလား ..."

"မထိခိုက်ပါဘူး ... ရန်ကုန်ပတ်ဝန်းကျင်က ကျွန်တော့်
ပတ်ဝန်းကျင်မှ မဟုတ်တာ ... ပြီးတော့ ကျွန်တော်က
ယောက်ျားလေးပါ ... အဲ ... မလေးလေးမြင့် အတွက်သာ"

"မပူနဲ့ ထွန်းထွန်း ... အန်ကယ်(လ်)က လေးလေးရဲ့ ဖအေ
အရင်းပဲ သမီးသိက္ခာ ကျတာကို ဘယ်ခံမလဲ ... ကဲဒါဆိုပြီး
ပြီ ... ထွန်းထွန်း သီရိမြိုင်မှာဘဲနေပါ ... မမလေးလည်း ရှိ
မှမရှိတော့တာ ... မန္တလေးအိပ်စောင့်နေတဲ့ လူအတွက်
စရိတ်ငွေကို အန်ကယ်(လ်)ဆီက ယူပြီး လိုသလောက် ...
ထွန်းထွန်းပို့ပေးလိုက်ပါ ... ဘာပဲဖြစ်ဖြစ် ထွန်းထွန်းကို
သီရိမြိုင်မှာနေစေချင်တာ အန်ကယ်(လ်) အင်မတန် လို
လားတဲ့ ဆန္ဒပါ ..."

စကားပိုင်းသိမ်းပြီးနောက် အဘဖိုးလူက ဝင်းမောင်
ထွန်းအတွက် ပြင်ဆင်ထားသော အိပ်ခန်းသို့ လိုက်ပို့ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ညမအိပ်မီ ဝင်းမောင်ထွန်း ရေချိုးဝစ်လိုက်ပါသေး၏။ တစ်ကိုယ်လုံး လန်းဆန်းသွားသည်။

တောင်ဆုပ်ခန့်ရှိ ရေမြှုပ်မွေ့ရာပေါ်မှာ လှဲချကာ ဝင်းမောင်ထွန်း အိပ်ပစ်လိုက်သည်။ ညက တဖြည်းဖြည်း နက်စပြလာခဲ့သည်။

မန္တလေးအိမ်မှာ ရှိနေခဲ့သော ဟိုင်းလုံနှင့် ကျားမောင်တို့ကို ဝင်းမောင်ထွန်း သတိရလိုက်မိပါလေ၏။



## အခန်း (၅)

ဂျွတ် ... ဂျွတ် ... ဂလောက် ... ။

ဖျတ်ခနဲ အိပ်မောကျနေခဲ့သော ဝင်းမောင်ထွန်း လန့်နိုးသွားခဲ့ပါ၏။

"ဘာသံပါလိမ့် ... ဒီအချိန်ကြီးမှာ ..."

ဝင်းမောင်ထွန်း အိပ်ရာမှ ထလိုက်သည်။ တစ်ခန်းလုံးမှောင်နေသည်။ ဆိုဇေကာမှ မှန်ပြူတင်းပေါက်တွေမှ ကြယ်ရောင်နှင့် ကောင်းကင်အလင်းရောင်ကြောင့် ဝိုးတဝါး မြင်နေခဲ့ရသည်။

အိပ်ခန်းတံခါးဆီသို့ ခြေဖွလျှောက်ခဲ့သည်။ တံခါးဘုသီးကို အသံမမြည်အောင် လှည့်ဖွင့်လိုက်ပြီး၊ အပြင်သို့ ကိုယ်တစောင်း ထွက်ကြည့်သည်။

သိန်ရိုမြိုင် ... တိုက်ကြီး၏ အပေါ်ထပ်တွင်လည်း ... အောက်ခန်းထပ် ပိုမိုပြည့်စုံသာလွန်သော ဧည့်ခန်းရှိနေမှန်း မအိပ်ခင် တက်လာကတည်းက ဝင်းမောင်ထွန်း သတိထားမိသည်။

အိမ်ပေါ်ထပ်အခန်းများတွင် ဦးမျိုးဆက်က ဘုရားခန်းနှင့် ကပ်လျက်အခန်းတွင် အိပ်သည်။ လေးလေးမြင့်က ဦးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဆက်အခန်းနှင့် ကပ်လျက်အခန်းတွင် အိပ်သည်။

အောက်ထပ်တွင် အဘဦးဖိုးလူနှင့် ဒေါ်သာအ
နေထိုင်ကြသည်။ ညှော်ခန်းဆီမှ ထွက်လာသော အသံဟု ခန့်မှ
သဖြင့် ညှော်ခန်းသို့ ဝင်းမောင်ထွန်း အာရုံစိုက်ကြည့်သည်။

လက်ခနဲ မီးတန်းလေးတစ်ခု တွေ့လိုက်ရသ
နှစ်တောင့်ထိုးသေးစား ဖောင်တိန်ဓာတ်မီးလေးမှ ထွက်လာ
အလင်းမှန်း ဝင်းမောင်ထွန်း သိလိုက်သည်။

ဝင်းမောင်ထွန်း ခြေသံကို လုံနိုင်သမျှလုံအောင်
နင်းရင်း နံရံကို ကျောကပ်ပြီး လျှောက်လာခဲ့သည်။ လက်နှစ်
ကလည်း နံရံပြင်မှ မီးခလုတ်များကို စမ်းသပ်ရှာဖွေသည်။

ညှော်ခန်းသို့ နီးလာပြီ။

ဒင်္ဂါးဝိုင်းခန့် မီးရောင်က အံဆွဲတွေကို ထိုး
သည်။ ပြန်ပိတ်သည်။ နောက်ထပ် ဗီရိုကို ထိုးကာ ကြည့်ပြန်သ

ဘယ်နည်းနှင့်မျှ သီရိမြိုင်အိမ်သားထဲက မဖြစ်
လေတော့။ ဦးမျိုးဆက်၊ လေးလေးမြင့်ဖြစ်လျှင် မီးထွန်းပြီ
ရိုချင်တာကို ရှာဖွေယူပေးမည်။

တရွေ့ရွေ့စမ်းနေခဲ့သော ဝင်းမောင်ထွန်း၏
သည် နံရံမှ မီးခလုတ်အုံကို စမ်းမိပြီ။ မီးခလုတ်လေးလုံးတိုင်
သော ခုံဖြစ်ပါ၏။

မီးခလုတ်လေးခုစလုံးကို ဝင်းမောင်ထွန်း
လိုက်သည်။

ညှော်ခန်းတစ်ခုလုံး ထိန်လင်းသွားသည်။

ညလူသူခိုးသည် ဘောင်းဘီနက်၊ အင်္ကျီအနက်
သံပုရာခွံသားရေ ဦးထုပ်အနက်ဆောင်းထားသည်။



လှစ်ခနဲ သူခိုးက ဝင်းမောင်ထွန်းကို လှည့်ကြည့်
သူခိုး၏ မျက်နှာကို ဝင်းမောင်ထွန်း ရိပ်ခနဲတွေ့လိုက်ရသည်။
ခါမျှ မမြင်ဖူးသော သူခိုးလူစိမ်း တစ်ဦးဖြစ်နေပါလေ၏။

ဝင်းမောင်ထွန်း သူခိုးဆီသို့ ပြေးဝင်သည်။ လူချင်းပူး
တ်ပုတ်သည်။ ပူးသတ်ရသော ဝင်းမောင်ထွန်း သတိထားမိ
သူခိုးက ဝင်းမောင်ထွန်းထက်ပင် တုတ်ခိုင်သေးသည်။

သူခိုးက ဝင်းမောင်ထွန်းအား ပြန်လည်သတ်ပုတ်ဖို့
လွတ်မြောက်ရေးကိုသာ ကြိုးစားသည်။ အတင်းဖက်တွယ်
သော ဝင်းမောင်ထွန်း၏ ရင်ဝကို သူခိုးက ဆောင့်တွန်းလိုက်
သည်။

လွတ်သွားပြီ။ ဝင်းမောင်ထွန်း နောက်သို့ယိုင်ပြီး
လိုက်ရသည်။ သူခိုးက လှေကားဆီသို့ ဇွတ်ပြေးသည်။

သူခိုးက ပြေးလိုက်လာသော ဝင်းမောင်ထွန်း ပြေး
သာအောင် ကုလားထိုင်တစ်လုံးဆွဲကာ လျောတိုက်၍ တွန်း
သည်။

အရှိန်ဖြင့် ကုလားထိုင်ကို ဝင်းမောင်ထွန်း တိုက်မိ
ပြီကျသွားသည်။ လှေကားမှ သူခိုးဆင်းပြေးခွင့်ရသွား၏။

တဝုန်းဝုန်း တဒိုင်းဒိုင်း အသံများကြောင့် ဦးမျိုး
သော လေးလေးမြင့်ပါ နိုးကာ အခန်းကိုယ်စီမှ ထွက်လာကြ
သည်။

ဝင်းမောင်ထွန်း ဇွတ်ထပြီး လှေကားသို့ ဆင်းပြေး
အောက်ထပ်တစ်ထပ်လုံး မီးတွေလင်းကာ လှေကားတွင်
ဦးဖိုးလူနှင့် ဒေါ်သာအုံတို့ကို ရပ်လျက်သား ရှိနေသည်ကို တွေ့
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မောင်ရင် ... ဘာဖြစ်တာလဲ ..."

"သူခိုးလေ ... သူခိုး။ လှေကားက ဆင်းပြေးသွားတာ ... အဘ မတွေ့လိုက်ဘူးလား ..."

"ဟုတ်လား ... ကျုပ်မတွေ့မိဘူး ... ကျုပ်အခန်းထဲ ထွက်တာ နောက်ကျသွားသလားပဲ ..."

ဦးမျိုးဆက်နှင့် လေးလေးမြင့်လည်း လှေကား ဆင်းလာကြသည်။

"ဘာဖြစ်လို့လဲ ထွန်းထွန်း ..."

ထွန်းထွန်းက အပေါ်ထပ်သူခိုးဝင်သည်ကို အကျဉ်း ချုံးပြောပြလိုက်သည်။

"ဒါဆို လာစမ်းဟေ့ ... သူခိုးအဝင်အထွက်ကို ရှာကြည့်ကြ မယ ..."

ဦးမျိုးဆက်နှင့် အဘဖိုးလူတို့ ငါးတောင့်ထိုးလက် နှိပ်ဓာတ်မီးကိုယ်စီဖြင့် အောက်ထပ်တစ်ထပ်လုံး ရှာဖွေကြသည်။

ပြတင်းပေါက်တွေအားလုံး ပကတိနဂိုအတိုင်းအထဲ မှ ဂျက်ထိုးထားသည်ကို တွေ့ရသည်။

တံခါးမကြီးတွေဆို ... လုံးဝအနေအထားမပျက် သော့ခလောက်တန်းလန်း ကိုယ်စီပိတ်လျက် ရှိနေခဲ့သည်။

ဦးမျိုးဆက် ခေါင်းကုတ်မိ၏။

"အခုလိုက်ပြီး သူခိုးဝင်ပေါက် ထွက်ပေါက်ကို စစ်ဆေးကြည့် တယ် ... ဘယ်ကမှ မဝင်နိုင်ဘူး ... ဘယ်ကမှ မထွက်နိုင် ဘူး ... သီရိမြိုင်ဟာ တံခါးတွေအားလုံး ပိတ်ထားရင် ပိုးဟပ် တောင် မဝင်နိုင်တာ အမှန်ဘဲ ... အဲ ... ထွန်းထွန်း သူခိုး တွေ့လိုက်တာ အမှန်နော် ..."



ဝင်းမောင်ထွန်း ဘယ်လိုပြန်ဖြေရမှန်းမသိ။

သို့သော် ... သူ ချက်ချင်း သတိရလိုက်မိသည်။

"ဒါဆိုရင် အန်ကယ် အပေါ်ထပ် တက်ကြည့်ပါ ... သူခိုးဟာ အံဆွဲတွေ ဖွင့်သွားတယ် ... ဗီရိုတွေ မွှေနှောက်သွားတယ် ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ ..."

"အေး ... ဟုတ်သားပဲ ... လာ ... အပေါ်ပြန်တက်ကြည့်ကြ မယ် ..."

အံဆွဲတွေ ပွင့်နေ၏။ ဗီရိုတံခါးတွေ ပွင့်နေသည်။ ပစ္စည်းတွေ ဖရိုဖရဲ ဖြစ်နေခဲ့သည်။

"အေး ... ဒီလိုဆိုတော့လည်း ထွန်းထွန်း ပြောတဲ့အတိုင်း သူခိုးတစ်ယောက် အိမ်ထဲဝင်တယ်ဆိုတာ ဟုတ်နေတာပေါ့ ဒါပေမဲ့ သူခိုး ဘယ်ကဝင်သလဲ ... ဘယ်လိုပြန်ထွက်သွား သလဲ ..."

"တကယ်လို့ သူခိုးဟာ အိမ်ကြီးရဲ့ တံခါးကို ဖွင့်ဖို့ မလိုဘူး တံခါးကပဲ ထွက်ပြေးဖို့ မလိုဘူးဆိုတဲ့ သူခိုးဖြစ်နေရင်ကော အန်ကယ်(လ်) ..."

"ထွန်းထွန်း ဘာကိုဆိုလိုတာလဲ ..."

ဝင်းမောင်ထွန်းအကြည့်က လေးလေးမြင့်ကို ... ထိုမှတစ်ဆင့် အဘဖိုးလူကိုတလှည့် အမိမ့်ပါယ်ပါဝါကြည့်လိုက်သည်။

"ကျွန်တော်ဆိုလိုတာက သူခိုးဝင်ဖို့ အိမ်ထဲက ... တစ် ယောက်ယောက်က တံခါးဖွင့်ပေးထားမယ် ... သူခိုးကဝင် လာမယ် ... အဲဒီ တံခါးပေါက်ကပဲ ပြန်ထွက်ပြေးသွားမယ် အိမ်ထဲကလူက နဂိုအတိုင်း ပြန်ပိတ်ထားမယ်ဆိုရင် မဖြစ်နိုင် ဘူးလား အန်ကယ်(လ်) ..."

www.burmeseclassic.com



"ရှင်ဘာပြောချင်တာလဲ ... ရှင့်စကားက အိမ်ထဲမှာရှိတဲ့ လူတွေ ဟိုမကောင်း ဒီမကောင်းနဲ့ ..."

"ဟုတ်တယ် မောင်ရင် ... မောင်ရင်ပြောတာ ကျုပ်တို့လင် မယားကို ဆရာကြီး သံသယဖြစ်နိုင်စရာပဲ ..."

ဝင်းမောင်ထွန်းက ပြန်လည်မချေပတော့ပါလေ။

"ကျွန်တော် အိပ်တော့မယ် ... အန်ကယ်(လ်) ... သူခိုးကို တွေ့ပါလျှက် မဖမ်းလိုက်နိုင်ဘူး ... ဒါပေမဲ့ အဲဒီ သူခိုးကို နောက်တစ်ခါပြန်တွေ့ရင်တော့ မှတ်မိနိုင်လောက်ပါတယ် ဂွတ်နိုက် အန်ကယ်(လ်) ..."

ဝင်းမောင်ထွန်းက သူ့အခန်းရှိရာသို့ လျှောက်ခဲ့တော့သည်။

ဒေါ်သာအုံက ပစ္စည်းများကို သိမ်းရန်ပြင်လိုက်၏။

"ထားလိုက် မယ်သာအုံ ... ဘာမှမသိမ်းနဲ့ ... ရဲကို ... အကြောင်းကြားဦးမယ် ... ခြေရာလက်ရာမပျက်စေနဲ့ ... အားလုံးပြန်အိပ်ကြတော့ ..."

ဦးမျိုးဆက်ပြောအပြီး အားလုံး ကိုယ့်အိပ်ရာကိုယ် ဝင်လိုက်ကြပါလေ၏။



## အခန်း (၆)

ဝင်းမောင်ထွန်း အိပ်ရာထဲ့နောက်ကျသွားသည်။ ...ရာမှန်းတော့ ရေချိုးခန်းဝင်၏။ ညဝတ်အင်္ကျီကိုလဲပြီးနောက် ...က်ထပ်သို့ ဆင်းလာခဲ့သည်။

ထမင်းစားခန်းသို့ လျှောက်ခဲ့၏။

"လာဟေ့ ... ထွန်းထွန်း ... ညက အိပ်ရေးပျက်တော့ အန်ကယ်တို့လည်း နောက်ကျသွားတယ် ..."

ကော်ဖီပိုင်းတွင် ဦးမျိုးဆက်ရော လေးလေးမြင့်ပါ ...ခဲ့သည်။ ဝင်းမောင်ထွန်း ခင်ရောက်ထိုင်လိုက်ပြီးနောက် ကော် ...မှ ထ၍ ထွက်သွားခဲ့ပါ၏။

ဦးမျိုးဆက်က စကားစ၏။

"ဆက်စပ်စဉ်းစားစရာတွေတော့ ရှိနေတယ် ... ထွန်းထွန်း အန်ကယ်(လ်)အိမ်မှာ အရင်က အင်မတန်မျိုးကောင်းတဲ့ အင်းခွေး အထီးအမ တစ်စုံရှိတယ် ... အဲ ... လိုရင်းပြောရ ရင်တော့ လွန်ခဲ့တဲ့ နှစ်ပတ်က မိုးလင်းတော့ အင်းခွေးအမ သေနေတယ် ... သိရှိမြင်ကို ကြိုစည်နေသူ တစ်ဦးဦးက ခွေးနှစ်ကောင်ကို အမဲလိုးလာပစ်သွားတာဘဲ ... အထီးက

www.burmeseclassic.com



အစားမငမ်းဘူး ... အမကငမ်းတယ် ... အဆိပ်အမဲလုံး
အမကောင်စားမိပြီး ကြွသွားတယ် ... အထီးကောင် ခွေး
ကြီးကိုတော့ ခြံဘေးသရက်ပင်ပေါ်တက်ပြီး ပွို့င့်တူးတူး
မစ်သတ်တယ် ... မသေဘူး ... အဲ ... ခါးဆစ်ကိုတော့
ထိသွားတယ် ... မထနိုင်လို့ အင်းစိန် တိရစ္ဆာန်ဆေးကု
ပို့ပြီး အခုထိ ကုသထားရတုန်း ရှိသေးတယ် ... ”
“အန်ကယ်(လ်)ဆိုလိုတာက အဲဒီဖြစ်ရပ် နှစ်ခုနဲ့ ညက အိမ်
ထဲ သူခိုးဝင်တယ်ဆိုတာကို ဆက်စပ်လို့ရမလားလို့ တိုင်ပင်
တာပဲ ထွန်းထွန်း ... ”
“ဆက်စပ်ချင်လည်းဆက်စပ်မှာပေါ့ အန်ကယ်(လ်) ...
ဒါပေမဲ့ သူခိုးရဲ့ အဝင်အထွက် ခြေရာလက်ရာ မကျန်ခဲ့တော့
အာ ပြောရမှန်းတောင် မသိဘူး ... ”
“အန်ကယ်(လ်)လည်း စဉ်းစားပါတယ်လို့ အိမ်တွင်း လူ
တစ်ယောက်က တံခါးဖွင့်ပေးတယ်ထား ... ဟိုတုန်း
သူခိုးဟာ ခွေးကြီးနှစ်ကောင် ခြံသိပ်လုံတော့ ခြံထဲမဝင်နိုင်
တာမျိုးဖြစ်မယ် ... အခု ခွေးနှစ်ကောင်မရှိမှ ခြံထဲ သူဝင်လို့
တာမျိုးကော တွေးမကြည့်နိုင်ဘူးလား ... ”
“တွေးရင်တော့ ရတာပေါ့ အန်ကယ်(လ်) ... အိမ်တွင်းလူ
ရှိရိုးမှန်ရင်တော့ ခွေးကို သေနတ်မစ်စရာမလိုဘူး ... ခွေး
တဲ့ အစာထဲကို အိမ်တွင်းလူက အဆိပ်ထည့်ပေးရုံပဲ ...
အထီးကောင်ကြီးက အစားမငမ်းဆိုပေမယ့် နေ့တိုင်း အိမ်
ကကျွေးတာတော့ စားတာပဲ မဟုတ်လား ... ”
“နောက်တစ်ချက်ရှိသေးတာက ထွန်းထွန်း ဘူတာ
အလာမှာ လိုက်ခြိမ်းခြောက်တဲ့ ကိစ္စရှိသေးတယ်၊ အဲဒါတွေ



အားလုံး ရေသောက်မြစ်တစ်ခုတည်းက လာတဲ့အကိုင်း
အခက်အလက်တွေ မဖြစ်နိုင်ဘူးလား ... ဘယ်လိုထင်သလဲ
ထွန်းထွန်း ... ”
“ဆက်စပ်လို့ရပါတယ် ... အန်ကယ်(လ်) ... ဒီထက်ပိုပြီး
ဆက်စပ်လို့ရအောင် ပြောတော့မယ် ... အစကတော့ ...
မပြောဘူးလို့ နေတာပဲ ... ဒါပေမဲ့ အခု အတွင်းလူကိစ္စပါ
ပါလာပြီမဟုတ်လား ... ”
ဦးမျိုးဆက် မျက်မှောင်ကုတ်စဉ်းစားသည်။
“ဘာများပါလိမ့် ထွန်းထွန်း ... ”
“ခဏစောင့်ပါ အန်ကယ်(လ်) ... ”
ထွန်းထွန်း အိမ်ပေါ်တက်ခဲ့သည်။ ဦးမျိုးဆက် ပေးပို့
သော စာအိတ်ကို အိပ်ခန်းထဲဝင်ယူပြီး ချက်ချင်းပြန်ဆင်းလာကာ
စာအိတ်ကိုပြခဲ့သည်။
“အဲဒီ“မလာပါနဲ့” လို့ ရေးထားတဲ့ လက်ရေးကို အန်ကယ်က
ဘယ်သူ့လက်ရေးလို့ ပြောနိုင်းမလား ... ”
ဦးမျိုးဆက် အသေအချာကြည့်လိုက်ပါ၏။
“ဟာ ... အဲဒါ မီလေးလေး လက်ရေးပဲ ... ”
“ရောက်လာတဲ့နေကဘဲ မလေးလေးမြင့်က ပြောင်ပြောပါ
တယ် ... မလာပါနဲ့ဆိုတာကို မတွေ့ဘူးလားတဲ့ ... ကျွန်
တော် သီရိမြိုင်ကို လာတဲ့အတွက် ပြဿနာတွေ သိပ်ရှုပ်နိုင်
တယ်တဲ့ ... ”
ဦးမျိုးဆက် ကြည့်ရသည်မှာ အလွန်စိတ်ရှုပ်ထွေး
ကြောင်း မြင်ရုံဖြင့် သိသာပါ၏။
“မီလေးလေးဟာ အဲဒီလောက် မိုက်မဲရသလား ... ခွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရတာ … ညက သူခိုးဝင်တာ … ထွန်းထွန်း
လူဆိုးသုံးယောက် ခြိမ်းခြောက်တာတွေဟာ အိမ်တွင်း
ဖြစ်နေတဲ့ မိလေးလေး လက်ချက်လားဟင် … ”

“မလေးလေးမြင့်က ကလေးသာသာပဲ အန်ကယ်(လ်) …
အဲဒီလောက်ကြီးမားတဲ့ ပြင်ပဆက်သွယ်မှုတော့ ရှိနိုင်ပုံ
ဘူးလို့ ကျွန်တော်အကဲခတ်တယ် … ”

“ဒါ … ဒါဆို … ”

“ဒါဆို ကျွန်တော်ကိုယ်တိုင်လည်း မလေးလေးမြင့် ဘယ်
လဲဆိုတာ မပြောနိုင်ပါဘူး … တစ်ခုပြောနိုင်တာက မလေး
လေးမြင့်ဟာ နေတာစားတာကအစ ကလေးဆန်လွန်း
တော့ ဒီလောက် ကြီးကြီးမားမားကိစ္စထဲမှာ မလေးလေး
မြင့်ဟာ လေးလေးနက်နက် မပါဝင်နိုင်ပါဘူး … ”

“လေးလေးနက်နက်မပါဝင်နိုင်ဘူးဆိုတာ ပေါ့ပေါ့တန်
တော့ ပါနိုင်တယ်လို့ ယူဆမလား ထွန်းထွန်း … ”

“မလေးလေးမြင့်ကို တစ်ဦးတစ်ယောက်က စေခိုင်းနေ
မျိုးလောက်တော့ ဖြစ်နိုင်ကောင်းတယ် … အဲဒီ တစ်ဦး
ယောက်ကိုလည်း မလေးလေးမြင့်က မလွန်ဆန်ရဲတဲ့ …
သဘောလောက်တော့ ရှိမယ်ထင်နိုင်တာဘဲ … ”

“ဖြစ်နိုင်တယ် … ဖြစ်နိုင်တာပေါ့ ထွန်းထွန်း … ”

“ကျွန်တော် ဒီကိုမလာခင် အန်ကယ်(လ်)စာရတာနဲ့
တော့် … မန္တလေးအိမ်မှာလည်း သူခိုးဝင်ခဲ့တယ် …
အတွက် ဆက်စပ်တွေးယူဖြစ်တာပါ … ”

“ဟေ … ”

“ကျွန်တော်တို့ မချမ်းသာမှန်း မန္တလေးတစ်မြို့လုံးက သိ



တယ် … အပူအအိုက်ဒဏ် သက်သာအောင် တံခါးဖွင့်ပြီး
မေမေဆုံးပါးပြီးတဲ့နောက်ပိုင်း ဟိုင်းလုံရော ကျွန်တော်ပါ
အိပ်တတ်ကြပါတယ် … တစ်ခါမှ သူခိုးဝင်မခိုးဖူးပါဘူး …
အိမ်မှာ မကျိလောက်တဲ့ အဖိုးတန်ပစ္စည်းမရှိမှန်း လူတိုင်းသိ
နေတာပဲလေ … ”

“အဲ … အန်ကယ်(လ်)စာရောက်မှ သူခိုးဝင်တယ်ဆိုတော့
စဉ်းစားစရာဖြစ်လာတယ် … ဟိုမှာတုန်းက စဉ်းစားပေမဲ့
အဖြေမပေါ်ခဲ့ဘူး … အခု သီရိမြိုင်ရောက်လာပြီး ဖြစ်ပျက်
သမျှတွေ ပြန်ဆက်စပ်ကြည့်မှ မန္တလေးအိမ် သူခိုးဝင်တာ
ဒါကြောင့်ကိုးလို့ တွေးမိတာပါ … ”

“ဆိုပါဦး … တွေးမိပုံကို … ”

“ရှင်းပါတယ် အန်ကယ်(လ်) … ညကဝင်တဲ့ သူခိုးရော …
မန္တလေးက သူခိုးရော … “စောမရသိုက်မြေပုံ”ကို လိုချင်ကြ
တာပဲ နေမှာပါ … တခြား ပစ္စည်းမှ ယူမသွားကြတာပဲ
လေ”

“ဖြစ်နိုင်တယ် … ဆက်ပြောပါဦး ထွန်းထွန်း ”

“ကျွန်တော့်တို့ မန္တလေးက မလုံမလဲအိမ်မျိုးမှာ သုံးပိုင်းတစ်
ပိုင်းမြေပုံ … ရှိနေမယ်လို့ ရန်သူက တွက်မထားခဲ့ဘူး …
အန်ကယ်(လ်) ကျွန်တော့်ဆီ စာရေးလိုက်တဲ့ စာထဲမှာ
ထွန်းထွန်းဆင်းလာတဲ့အခါ သုံးပိုင်းတစ်ပိုင်းလေးယူလာဖို့
မမေ့ပါနဲ့ဆိုတာ ပါတယ်လေ … စိတ်ထဲထင်တာကတော့
မလေးလေးမြင့်က အန်ကယ်(လ်)စာရေးပြီး အိတ်မပိတ်
ခင် ခိုးဖတ်နိုင်ခဲ့တယ်လို့ ထင်ပါတယ် … ”

“အင်း … ဖြစ်နိုင်တယ် … အန်ကယ်(လ်)ရဲ့ သီးသန့်စာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခန်းထဲကို မီလေးလေးတစ်ယောက်ပဲ ဝင်ထွက်နိုင်ခွင့် ရှိတာပဲလေ ... ”

“သုံးပိုင်းတစ်ပိုင်းဆိုတာ လာလဲလို့တောင် မလေးလေးမြင့် ကိုယ်တိုင် သိချင်မှလည်း သိမယ် ... ဒါပေမဲ့ သူမလွန်ဆန် နိုင်တဲ့ လူကိုတော့ ဖေဖေ့စာထဲမှာ အဲဒီလိုပါတယ်လို့ ပြောမှာဘဲ ... အဲဒီမှာတင် မလေးလေးမြင့် ပြောပြလို့သိ တဲ့လူက မန္တလေးမှာရှိတဲ့လူ အဆက်အသွယ်ဆီ အကြောင်း ကြားမယ် ... ဒါမှမဟုတ် သူကိုယ်တိုင် မန္တလေးကို လိုက် လာချင်လိုက်လာမယ် ... လာပြီးနောက် ကျွန်တော့်ဆီမှာ ရှိနေမှန်း သိသွားပြီးဖြစ်တဲ့ သုံးပိုင်းတစ်ပိုင်းကို လာရှာဦး မှာဖြစ်မယ်လေ ... ”

ဦးမျိုးဆက် ခေါင်းတညိတ်ညိတ် လုပ်နေခဲ့သည်။

“သိပ်ကိုဖြစ်နိုင်နေတယ် ထွန်းထွန်း ... တကယ်တော့ မီလေးလေးမှာ အလွမ်းမိုးခံနေရတာ တစ်ခုရှိနေတယ်”

“ဗျာ ... မလေးလေးမြင့်ကို ... ဘာလွမ်းမိုးနေလို့လဲ ... အန်ကယ်”

“မိုးလေ ... နံပါတ်ဖိုးလို့ခေါ်တဲ့ ဘိန်းဖြူပေါ့”

“ဖြစ်နိုင်ပါ့မလား အန်ကယ်(လ်) ... ကျွန်တော် ဆရာဝန် တစ်အနေနဲ့ ဘိန်းဖြူအကြောင်း သိတန်သလောက် သိပါတယ် ဒါပေမဲ့ မြန်မာပြည်ထဲမှာ ဘိန်းဖြူဖြန့်ဝေတဲ့အထိ ခေတ် မရောက်သေးဘူးထင်ပါတယ် ... တခြား တစ်ဖက်နိုင်ငံမှာ တော့ နံပါတ်ဖိုးဆိုပြီး တော်တော်ဖြန့်နေပြီလို့လည်း နိုင်ငံ ခြား မဂ္ဂဇင်းတွေမှာ ဖတ်ရပါတယ် ... ”

“အန်ကယ်(လ်)လည်း ပင်စင်စားရဲအရာရှိဟောင်းကြီးတစ်



ယောက်ပဲ ထွန်းထွန်း ... အန်ကယ်(လ်)ပင်စင်မယူခင်က တည်းက မြန်မာပြည်ထဲကို ခိုးဝင်နေပြီဆိုတာ ရဲအရာရှိတစ် ဦးအနေနဲ့ လျှို့ဝှက်သိထားခဲ့တယ် ... ဒါပေမဲ့ အစပဲရှိသေး တာပေါ့ကွာ ... အခြားနိုင်ငံတွေမှာတော့ အကြောထဲကို ဘိန်းဖြူအရည်ထိုးထည့်တဲ့ အဆင့်ရောက်နေပေမယ့် မြန်မာ ပြည်မှာတော့ စီးကရက်ထဲ ထည့်ရှုတဲ့အဆင့်ပဲ ရှိသေးတယ် အဲဒီ အဆင့်ထဲမှာဘဲ မီလေးလေးတစ်ယောက်လည်း အပါ အဝင် ဖြစ်သွားတယ် ထွန်းထွန်း ... ”

ဝင်းမောင်ထွန်းသည် အန်ကယ်(လ်)ဦးမျိုးဆက် အား ကြောင်နာသော အကြည့်ဖြင့် ကြည့်မိသည်။ မိခင်မရှိရှာသည့် အရွယ်ရောက် သမီးပျိုလေးလေးမြင့်၏ မိုက်မဲမှုကို ဦးမျိုးဆက် မည် သို့ ခံစားရရှာမည်ကို ခန့်မှန်းမိသောကြောင့် ဖြစ်ပါလေ၏။

ထိုသို့ တွေးနေစဉ်မှာပင် ကားတစ်စီး အိမ်ရှေ့ဆိုက် သံနှင့်အတူ လေးလေးမြင့်၏ အားရဝမ်းသာစွာ နှုတ်ဆက်သံတို့ကို တစ်ဆက်တည်းကြားရသည်။

တစ်ခဏအတွင်းမှာပင် ဧည့်ခန်းဆီမှ စန္ဒရားသံ စီစီ ညံညံထွက်လာသံကို ဆက်တိုက်ကြားနေကြရသည်။ ခမ်းလုံ့နေ သဖြင့် စန္ဒရားသံက လှိုက်သံပါ၍ ဆူညံနေသလိုဖြစ်နေခဲ့ပါ၏။

ဦးမျိုးဆက်က စားပွဲကို လက်ဝါးနှစ်ဖက်ဖြင့် မကျေ နပ်မှုတ်လိုက်သည်။

“အပေါ်ထပ်တက်ပြီး ဆက်တိုင်ပင်ကြစို့ ထွန်းထွန်း ... သူ တို့စန္ဒရားသံနဲ့ဆိုရင် စကားအော်ပြောရမလို ဖြစ်နေပြီ”

“ဟုတ်ကဲ့ ... အန်ကယ်(လ်) ... ”

ဦးမျိုးဆက်နှင့် ဝင်းမောင်ထွန်းတို့ အပေါ်ထပ်လှေ

www.burmeseclassic.com

www.burmeseclassic.com



ကားဆီသို့ အသွားတွင် ညှော်ခန်းကို ဖြတ်ကျော်ရသည်။

"အော် ... ဖေဖေ ... ဟောဒီက ဆရာကိုကျော်စိုးမင်းနဲ့ ဒေါက်တာကိုဝင်းမောင်ထွန်းတို့ကို မိတ်ဆက်ပေးပါလား ဟင် ..."

"အင်း ... ဆက်လေ ..."

အမှန်တော့ လေးလေးမြင့်က သူမ၏အိမ်တွင် သူစိမ်းယောကျ်ားပျိုတစ်ယောက် ရောက်ရှိနေသည်ကို ကျော်စိုးမင်းဆိုသည့်လူအား သံသယရှင်းစေလိုဟန် ဖြစ်နေခဲ့သည်။

အန်ကယ်(လ်)ဦးမျိုးဆက်ကိုယ်တိုင် မိတ်ဆက်ပေးခြင်းဖြင့် သံသယကို လျော့နည်းစေသည်ဟု လေးလေးမြင့် ယူဆခဲ့ရပါ၏။

"ဒီမယ် ထွန်းထွန်း ... ဟောဒါက သမီးကို စန္ဒရားသင်ပေးနေတဲ့ ဆရာပေါ့လေ ... မောင်ကျော်စိုးမင်းတဲ့ ... အဲ ... ဒါက အန်ကယ်(လ်)ရဲ့ တူလိုသားလိုနေတဲ့ မန္တလေးက ဒေါက်တာဝင်းမောင်ထွန်းပဲ မောင်ကျော်စိုးမင်း ..."

ကျော်စိုမင်းက သွက်လက်သည်။ ထိုင်ရာမှထ၍ လက်ကမ်း၏။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုကျော်စိုးမင်း ..."

အေးဆေးသော လှုပ်ရှားမှုဖြင့် ဝင်းမောင်ထွန်းက လက်ဆွဲနှုတ်ဆက်သည်။ ဝင်းမောင်ထွန်း အကြည့်က အေးစက်၏။

မတ်တတ်ရပ်နေသော ယောကျ်ားနှစ်ဦးအား ယှဉ်၍ လေးလေးမြင့် ကြည့်နေမိသည်။

ကိုကျော်စိုးမင်းက အကောင်သေးသည်။

ကိုဝင်းမောင်ထွန်းက အကောင်ကြီးသည်။



ကိုကျော်စိုးမင်းက တီရှပ်ဝတ်ထားပြီး ဘောင်းဘီညိုမီးခိုးရောင်နှင့် ဂျုန်ပိုက်ရှူးဖိနပ်ကို စီးထားသည်။ အသားကဖြူသည်။ ဆံပင်က ရှည်လျားစွာရှိသော်လည်း လည်ကုပ်မှ တိတိကို ကတ်ကြေးဖြင့် ပိုက်ညှပ်ထားသည်။

ကျနစွာဝတ်ဆင်ထား၍ မြို့သားတစ်ဦး၏ အလှမျိုးရှိနေခဲ့သည်။ ကိုဝင်းမောင်ထွန်းကမူ စွပ်ကျယ်လက်စကဝတ်ကာ ပေါလုံရှည်ကို ခပ်တိုတိုဝတ်ထားသည်။ ဆံပင်ပုံစံက ညှပ်ရိုးညှပ်ပုံစံဖြစ်ပြီး သေသပ်စွာဖီးထားသည်။ အရယ်အပြုံးနည်းပါးကာ မျက်နှာက တည်ပါလေ၏။

ဦးမျိုးဆက်နှင့် ဝင်းမောင်ထွန်းတို့ အိမ်ပေါ်ထပ်သို့ တက်လာခဲ့ကြသည်။ ညှော်ခန်းတွင် ထိုင်လိုက်ကြ၏။

"အင်း ... မိလေးလေးနဲ့ ပတ်သက်ပြီး ဘယ်ကစပြောရမှန်းတောင် မသိဘူး ... အမှန်တော့ သမီးမိန်းကလေးကို လိုတာထက်ပိုပြီး အလိုလိုက်မိတာကစပြီး ပြောရမှာဘဲ ... သူ့အမေက တော်တော်ကြီး အလိုလိုက်တာယ ... နောက်ပြီး မအောက်ကလည်း အမွေတွေ နင့်နေအောင် ရလိုက်တယ် အန်ကယ်(လ်)ကလည်း ခရိုင်ရဲဝန်ထမ်းတစ်ယောက်ဆိုတော့ ရောက်လေရာရာမှာ မျက်နှာကြီးတယ် ... ငွေဆိုလည်း သူ့အမေက သမီးတောင်းသရွေ့ ထုတ်ပေးနေတာဆိုတော့ မိလေးလေးဟာ နေရာတကာမှာ ဖူးဖူးမှုတ်ခံရတယ် အပေါင်းအသင်းစုံလာတယ် ... အလုပ်နဲ့နယ်မှာ နေတုန်းကတော့ အရေးမကြီးသေးဘူးလေ ... သူ့အမေလည်း ရှိနေသေးတယ် ... နယ်မှာဆိုတော့ ပျက်စီးစရာ သိပ်လည်းမရှိဘူး ... သိပ်မပျက်စီးဘူး ... ထစ်ခနဲဆို အန်ကယ်(လ်)ကို

www.burmeseclassic.com

www.burmeseclassic.com



သတင်းပေးမဲ့ သူတွေက အဆင်သင့်ဆိုတော့ အန်ကယ်
ထိန်းနိုင်သလောက်ထိန်းလို့ရတယ် ... ”
“သူ့အမေဆုံးပြီး မကြာခင် အန်ကယ်(လ်)ပင်စင်ယူလိုက်
တယ် ... ရန်ကုန်မှ ဝယ်ထားတဲ့ ခြံကြီးကို ပြောင်းလာပြီး
သိရှိမြင်လို့ နာမည်ပေးထားတာဘဲ ... သူ့အမေဆုံးပြီး
နောက် မိတဆိုးလေးဆိုပြီး အန်ကယ်(လ်)မသိနိုင်ဘူး ...
ဒါက ရန်ကုန်မဟုတ်လား ... မြို့သိပ်ကြီးတယ် ... လူပေါ
စုံတယ် ... နယ်မှာဆိုရင်တော့ သူ ဘယ်သူနဲ့ပေါင်းနေတယ်
ဆိုတဲ့ သတင်း အန်ကယ်(လ်)ဆီ အမြဲရထားတယ် ... ဒီမှာ
တော့ တပည့်တပန်းမရှိသလောက်ရှားတယ်လေ”
“စန္ဒရားဝယ်ပေးတာ ရန်ကုန်ရောက်မှလား အန်ကယ်”
“အင်းပေါ့ ... ”
“အခု စန္ဒရားသင်ပေးနေတဲ့ ကိုကျော်စိုးမင်းဟာ အန်ကယ်
ရှာပေးတဲ့ စန္ဒရားဆရာလား ... ”
“မဟုတ်ဘူး ... မိလေးလေး သူ့အကြိုက် ရှာလာတာလေ
“ဒါဆို ကိုကျော်စိုးမင်းရဲ့ ဇာတိဇစ်မြစ်ကို အန်ကယ်(လ်)
မသိဘူးပေါ့ ... ”
“ဘယ်မှာနေမှန်းတောင် မသိဘူး ... သမီးကတော့ သိမှာ
ပေါ့လေ ... ဒါပေမဲ့ အန်ကယ်(လ်)က သမီးကို တစ်ခါမှ
ဒီသူငယ်အကြောင်း မမေးခဲ့ဖူးပါဘူး ... ဒီသူငယ်အပေါ်
စိတ်ဝင်စားတဲ့ အမူအရာလည်း မပြခဲ့ဘူး ... နေပါဦး
မောင်ထွန်းထွန်းကိုယ်တိုင်က မောင်ကျော်စိုးအပေါ် ဘယ်
လိုမြင်ထားသလဲ ... ”
“အခုမှ မိနစ်ပိုင်းလောက်မြင်ဖူးသေးတာဆိုတော့ ကျွန်



တော်ဘာမှ မပြောတတ်သေးဘူးလေ ... ကျွန်တော်သိချင်
တာက အန်ကယ်(လ်) သူ့အပေါ် ဘယ်လိုမြင်ထားသလဲ
ဆိုတာပါ ... ”
“ဖော်ရွေတယ် ... နှုတ်ချိုတယ် ... လူကြီးသူမကို လေးစား
တယ် ... တစ်ဖက်သား ကျေနပ်အောင် ပြောတတ်တယ်
ဒါတွေက ဗဟိဒ္ဓမြင်ပသဏ္ဌာန်တွေပဲ လုပ်ယူလို့ရတဲ့ ကိစ္စမျိုး
တွေပါ ... အဲဒါတွေတော့ ဒီသူငယ်မှာ အပြည့်ရှိတယ် ...
ဒါကြောင့် သမီးကိုယ်တိုင်က ဒီသူငယ်ကို အထင်ကြီးပြီး
စိတ်ဝင်စားနေပုံရတယ် ... ဒါပေမဲ့ သူ့ရဲ့ အဇ္ဈတ္တ အတွင်း
စိတ်အမှန်ကိုတော့ အန်ကယ်(လ်) မသိသေးဘူး ... သိနိုင်
အောင် စူးစမ်းနေတယ် ... အစီအစဉ်တွေ လုပ်ထားတယ်
မကြာခင် သိနိုင်မယ်လို့ ထင်တာပဲ ... ကဲ ... မိလေးလေး
အကြောင်းဆက်ဆွေးနွေးကြရအောင် ... ”
“အန်ကယ်(လ်)ဇနီး ဆုံးပါးပြီးတဲ့နောက်မှာ လေးလေးဟာ
သိပ်စည်းလွတ်ဝါးလွတ်ဖြစ်လာတယ် ... ကားတစ်စီးနဲ့
သွားချင်သလိုသွားတယ် ... အန်ကယ်(လ်)ရဲ့ မီးခံသေတ္တာ
ထဲက ... ငွေကို ကြိုက်သလို ဖွင့်ယူသုံးတယ် ... အပေါင်း
အသင်းလည်း သိပ်များတယ် ... စီကရက်ကို သူ့ခိုးသောက်
တာကို နောက်မှ အန်ကယ်(လ်)မသက်သလို့ သူ့အခန်းထဲ
ဝင်ကြည့်မှ သိရတော့တယ် ... အဲဒီအချိန်မှာ လွန်နေပြီလေ
သူသောက်တာ အတော်ကြာနေပြီဆိုတာ သိလိုက်ရတော့
တယ် ... ထိန်းချုပ်မှ ဖြစ်မယ်ဆိုပြီး သူစီးနေတဲ့ ကားရောင်း
ပစ်လိုက်တယ် ... အဲဒီနှစ်မှာ မိလေးလေး စာမေးပွဲကျသွား
တယ်လေ ... နောက်နှစ်မှာ အိမ်ကကားနဲ့ ဖိုးလှကို အကြို

www.burmeseclassic.com

www.burmeseclassic.com



အပို့လုပ်နိုင်းခဲ့တယ် ... အိမ်ကကားဆိုတာက အန်ကယ်ကားနဲ့ပဲ အသွားအပြန်လုပ်နိုင်းတာကို ဆိုလိုတာပါ ... ”

“အိမ်မှာလည်း စီကရက်ခိုးသောက်တာမျိုးကို လက်မခံတော့ဘူး ... အိမ်မှာတော့ အန်ကယ်(လ်)မသိအောင် သူခိုးမသောက်ဘူးလို့ ထင်ခဲ့ပေမယ့် အမြဲတစေ ကြည့်နိုင်ဖို့ မလွယ်ဘူးလေ ... ခိုးသောက်နိုင်တဲ့ အခွင့်အရေးရနေတာပဲပေါ့ ... စီကရက်ထဲ ဘိန်းဖြူပါနေတာကို အန်ကယ်(လ်) ပထမတော့ မရိပ်မိခဲ့ဘူး ... ဒါပေမဲ့ တစ်နေ့ သူ့အခန်းထဲကို သူမရှိခိုက် အန်ကယ်(လ်) ဝင်ရှာတယ် ... မသောက်ရသေးတဲ့ စီကရက် သုံးလေးလိပ်ရလိုက်တယ် ... တစ်လိပ်ယူထားလိုက်ပြီး ဟန်မပျက် ကျန်တဲ့ စီးကရက် နှစ်လိပ်ကို ပြန်ထားလိုက်တယ် ... မိလေးလေး အမူအရာကို အကဲခတ်တော့ မှုပျက်နေခဲ့တယ် ... ဒါပေမဲ့ သူ့ကိုမေးလိုက်တော့ ဝန်ခံတယ် ... မလိမ်ခဲ့ဘူး ... သူစီးကရက်မဖြတ်နိုင်လို့ ခိုးသောက်မိပါသတဲ့လေ ... ”

“နောင်ကို မသောက်တော့ပါဘူးလို့ အဖေ့ကို သူကတိပေးတယ် ... အန်ကယ်(လ်)မယုံခဲ့ဘူး ... ဒါပေမဲ့ အန်ကယ်ဟာ ရဲအရာရှိဟောင်းတစ်ဦးပီပီ သူ့ရှေ့မှာ မေ့ပစ်လိုက်တဲ့ အနေအထားမျိုး နေပြလိုက်တယ် ... သူဆီကရက်ဲ စီးကရက်ကို မသက်စတဲ့အတွက် ဓာတုဗေဒဌာနက မိတ်ဆွေဆီ စစ်ဆေးခိုင်းမှ မိလေးလေးဟာ ဘိန်းဖြူစွဲနေပါလားဆိုတာ သိလိုက်ရတယ် ... ဘယ်လို ကိုင်တွယ်ရမလဲ ဆိုတာ ခေါင်းမီးတောက်အောင် စဉ်းစားရတော့တာပဲ ... ဒါပေမဲ့ အဖြေမရခဲ့သေးဘူး ... ”



“မလေးလေးမြင့်ဏ ဝန်ခံရဲလား ... ”

“မခံလို့မှ မရတာဘဲ ... အန်ကယ်(လ်)အထောက်အထားက ခိုင်လုံနေပြီလေ ... အန်ကယ်(လ်)စိတ်ထိခိုက်မှန်း ... ဖေါသဖြစ်မှန်းသိတော့ မိလေးလေးက ဖြတ်ပါ့မယ်လို့ ကတိပေးတယ် ... ”

“သူ ကတိတည်ရဲ့လား အန်ကယ်(လ်) ... ”

“ဘယ်တည်လိမ့်မလဲ ... ဒါမျိုးက စွဲမိရင် ဘဝကို အနစ်အမွန်းခံနိုင်တဲ့ အထိစွဲတာပဲ ... အန်ကယ်(လ်)လစ်ရင် လစ်သလို ခိုးသောက်နေတာပဲ ... ”

“အန်ကယ်(လ်)ဆက်ပြီးတော့ မတားမြစ်ဘူးလား ... ကြာလေဆိုးလေဖြစ်လာနိုင်တယ် ... အန်ကယ်(လ်) ... ”

“ဆက်ပြီးတော့လည်း မထူးပါဘူး ... တားမြစ်တာပဲရှိတယ် နှစ်ဆယ့်လေးနာရီလုံးလုံး သူ့ကို စောင့်နေနိုင်တာမှမဟုတ်တာ ... လစ်တာနဲ့ သူလုပ်ချင်ရာ လုပ်နိုင်တာပဲ ... ဒီတော့ အန်ကယ်(လ်)စိတ်ကူးကြည့်တယ် ... တံတားလေး စိတ်ရောဂါကုဆေးရုံပို့ပြီး ဖြတ်မလို့ ... ”

ထိုစဉ် ယခု မြောက်ဥက္ကလာပအစပ်ရှိ တံတားဖြူကို ခြံတံတားလေး စိတ်ရောဂါကု ဆေးရုံဟုခေါ်သော စိတ်ရောဂါကုဆေးရုံရှိပါသည်။ ယခုအချိန်တွင် မရှိတော့ဘဲ ရွာသာကြီးသို့ ဆေးရုံကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ စိတ်ရောဂါကု ဆေးရုံဟုသုံးစွဲခေါ်ဝေါ်ခြင်း မရှိတော့ဘဲ စိတ်ကျန်းမာရေး ဆေးရုံဟု ပြောင်းလဲခေါ်ဝေါ်ပါသည်။

“ဟာ ... အန်ကယ်(လ်)ကလည်း ပြင်းထန်လွန်းပါတယ်”

“ဟုတ်ပါတယ် ... အန်ကယ်(လ်) မိတ်ဆွေ ဆရာဝန်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီလိုပဲ ပြောပါတယ် ... စိတ်ရောဂါကု ဆေးရုံကို နောက်ဆုံးမဖြစ်တော့ဘူးဆိုတဲ့ အခြေအနေကျမှ ပို့ပါတဲ့ ... အကောင်းဆုံးကလေ ဒီဒေါက်တာ တစ်ယောက်ယောက် အိမ်မှာခေါ်ထားပြီး ကုနိုင်ရင် အင်မတန်ကောင်းပါတယ်တဲ့ သမီးအခြေအနေက ရင့်သေးတာမဟုတ်ပါဘူး ... နုသေးတဲ့ အချိန်မှာ အနီးကပ် ဆရာဝန်တစ်ယောက်နဲ့ဆို အောင်မြင် သွားမှာပါလို့ ပြောတယ် ... နံပါတ်ဖိုးကို စွဲလမ်းတယ်ဆို တာ ခန္ဓာကိုယ်က တောင်းခံတာထက် စိတ်ရဲ့တောင်းခံ ချက်က ပိုပြင်းထန်တယ်တဲ့ ... ဒီတော့ မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုး ... လူညွန့်တုံးစေတဲ့ အန္တရာယ်တွေကို အနီးကပ် ပြီး ဆရာဝန်က ပြောပေးဖို့ လိုပါတယ်တဲ့ ... အန်ကယ်တို့ က တတ်နိုင်တဲ့ သူတွေဆိုတော့ ဆရာဝန်ကို အိမ်ခေါ်ကုပါ လို့ အကြံပေးတယ် ... ”

ဝင်းမောင်ထွန်း ပြုံးလိုက်မိသည်။ လက်စသတ် ... တော့ ဒီလိုကိုးဟုလည်း ရိပ်စားမိသည်။

“ထွန်းထွန်းပြုံးတယ် ... သဘောပေါက်ရောပေါ့ကွယ် ... အန်ကယ်(လ်)ပြောတဲ့ မိလေးလေးကိစ္စဟာ ဒုတိယ ... အဓိကပါပဲ ... မိလေးလေးကို ထွန်းထွန်းပဲ ကုသပေးပါ”

“အမျိုးသမီး ဆရာဝန်ဆိုရင် ပိုမျှားသင့်တော်မလား ... အန်ကယ်(လ်) ... ”

“အိမ်ထဲမှာ ညှို့အိပ် ညှို့နေခေါ်ထားဖို့ လူဟာ သူစိမ်းဆို ရင်တွေခြင်းပါ့မလား ... ထွန်းထွန်း ... ညကဘဲ သူနိုးလာ တယ်လေ ... နောက်ပြီး ကြီးစည်တဲ့ လူတွေဟာ ဒီထက်ပို ပြီး ကြမ်းလာဖို့ပဲရှိတယ် ... ထွန်းထွန်းက ဆရာဝန်ဖြစ်နေ



တော့ အန်ကယ်(လ်) သိပ်ဝမ်းသာခဲ့တယ် ... တကယ် တော့ ထွန်းထွန်းကို အန်ကယ်(လ်)ရဲ့သားတစ်ယောက် အဖြစ် စိတ်ထဲက မှတ်ထားတာလေ ... ”

ဝင်းမောင်ထွန်း မျက်နှာအထားရတော့ နည်းနည်း ခက်မိပါ၏။ အန်ကယ်(လ်)ရဲ့ သားကြီးတစ်ယောက်မှာ လေးလေး နှင့် ရှေ့မှာလည်း ကြေငြာခဲ့ပြီးပြီ။ ယခုတစ်ကြိမ် “သား”ဟု ပြော ပြန်ပါလေ၏။

သူက စာချုပ်စာတမ်းနှင့် အမွေစားအမွေခံစား ... တော့။ အဲ ... တချို့က သမီးနှင့် ရသော သားသမက်ကို သားဟူ၍ ခေါ်ကြသည်။

ဗုဒ္ဓေါ ... အန်ကယ်(လ်) ဦးမျိုးဆက်သည် သမီး ... မှာ လေးလေးမြင့်နှင့် မိမိကို ရည်ရွယ်လေသလား မပြောတတ်။

မေမေ ပြောခဲ့ဖူးသည်မှာ မှန်နေပြီလား။

သူ့ရင်တို့ ခုန်စပြုလာသည်။ နှစ်သက်သလိုလို မနှစ် သက်သလိုလို ခံစားမိရပါ၏။

“မလေးလေးမြင့်ကို ... ကျွန်တော် ခေါ်ကုပေးပါ့မယ် ... အန်ကယ်ရဲ့ ကျေးဇူးကို ဆပ်ရင်းပေါ့ ... ”

“ဒါဆို မကုနဲ့တော့ ထွန်းထွန်း ... ”

“ဗျာ ... ”

“အန်ကယ်(လ်)ပြောပြီးပြီပဲ ... ထွန်းထွန်းရဲ့ ဖေဖေ ဗိုလ် သီဟရဲ့ ကျေးဇူးထက် အန်ကယ်(လ်)ပြုခဲ့တာက မပြော ပလောက်ပါဘူး ... နောက်ပြီး ကျေးဇူးပြန်ဆပ်တယ်ဆိုတာ က ဝတ္တရားအရ လုပ်ရတာ အန်ကယ်(လ်)လိုချင်တာက မိသားစုစိတ် ... မိသားစုကရုဏာ ... မိသားစုသံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆောင်ရွက်တာမျိုး လိုချင်တာ ... ”
“ခွင့်လွှတ်ပါ အန်ကယ်(လ်) ... အန်ကယ်(လ်)အပေါ်မှာ
အဖေလို သံယောဇဉ်ထားခဲ့ပါတယ် ... လူမှန်းသိတတ်တဲ့
အလယ်တန်းကျောင်းသားဘဝလောက်ကတည်းက အဲဒီလို
သံယောဇဉ်မျိုး ကျွန်တော့်ရင်ထဲ အလိုလို အမြစ်တွယ်ခဲ့
တယ် ... အန်ကယ်(လ်)မယုံရင်တော့ မတတ်နိုင်ပါဘူး”
“အေးကွယ် ... အခုလိုကြားရတာ ရင်ထဲမှာ အေးမြသွား
တာပါပဲ ... ဒါဆိုရင် မိလေးလေး ကိစ္စ ဘယ်လိုလုပ်မယ်ဆို
တာ ဆက်ဆွေးနွေးကြရအောင် ... ”
“ပထမဆုံး အခက်အခဲက ဆေးဖြတ်ပြီဆိုတာနဲ့ ဒီမူးယစ်
ဆေး ဘိန်းဖြူကို ဘယ်လိုမှ မလေးလေးမြင့် လက်ထဲ ရှိ
မနေစေရပါဘူး ... အဲဒါ ရှိနေသရွေ့ ဘယ်လောက်ဖြတ်
ဖြတ် အဓိပ္ပဲ ... လစ်တာနဲ့ ခိုးလုပ်မယ် ... အပြင်ကို အသ
ဖိုးလူမပါဘဲ မလွှတ်ဘူး ဆိုရင်တောင် မလေးလေးမြင့် ဘိန်း
ဖြူစီးကရက်ကို ဝှက်ထားတာ ဘယ်လောက်အများကြီး ရှိ
နေသလဲဆိုတာ တွေ့အောင်ရှာရမယ် ... ”
“အများကြီးတော့ ဝှက်မထားနိုင်ဘူးထင်တယ် ... အဲဒါ
သိနိုင်အောင် အန်ကယ်(လ်) စီစဉ်ထားတာရှိတယ် ... အခု
အချိန်ထိတော့မပေါ်သေး မမိသေးဘူးပေါ့ ... ဘယ်လောက်
ပါးနပ်တဲ့ ကြွက်ဖြစ်ပါစေ ... တကယ်အစာ ငတ်တဲ့အခါ
ထောင်ထားတဲ့ ထျောင်အိမ်ထဲ ဝင်လာစမြဲပါ ... တစ်ခါ
ဏာလေတော့ ဆရာသမားလည်းဖြစ် သူငယ်ချင်းလည်းဖြစ်
တဲ့ ဗိုလ်သီဟနဲ့အတူ တိုက်ပွဲမှာ ကျသွားတာက ကောင်းပြီ
မယ်လို့ စိတ်ပျက်လွန်းတော့ တွေးမိတယ် ... ဓနီးဆုံးကာ



လည် ကြေကွဲရ ... သမီးလိမ္မာရေးခြားမရှိလို့ စိတ်ဆင်းရဲရ
တယ် ... ဒီအခြေအနေနဲ့ အသက်တောင် မရှင်ချင်တော့ဘူး
ကွယ် ... ”
“စိတ်မပျက်ပါနဲ့ အန်ကယ်(လ်) ... အန်ကယ်(လ်)ရဲ့သား
အရင်းတစ်ယောက်လို ဒီကိစ္စတွေကို ကျွန်တော်ရင်ဆိုင်ဖြေ
ရှင်းသွားပါ့မယ် ... ”
ဦးမျိုးဆက် မျက်ဝန်းမှ မျက်ရည်ကြည်များ ရစ်ဝဲ
ထိ ကျေနပ်မဆုံးဖြစ်ရပါလေ၏။ ဝင်းမောင်ထွန်း၏ ပခုံးတစ်
ဘက်ကို သူဆုပ်ကိုင်ထားရှာသည်။
“ကျွန်တော်ခြံထဲ ဆင်းကြည့်လိုက်ဦးမယ် အန်ကယ်(လ်)က
ညက သူခိုးအဝင်အထွက်ကို ရှာကြည့်တဲ့သဘောပေါ့”
“သိပ်ကောင်းတာပေါ့ ... ဖိုးလူကို ခေါ်သွားလေ ... ခြံကြီး
တကျယ်လွန်းတယ် ... ဖိုးလူကတော့ ချွေးတိုးပေါက်က
စပြီးသိတယ် ထွန်းထွန်း ... ”
ဦးမျိုးဆက်က လက်ပက်နာရီကို ကြည့်ပြန်သည်။
“အင်း ... ရဲမှူး ဘတူတောင်လာတော့မယ် ... ညက သူခိုး
ဝင်တဲ့ကိစ္စ အကြောင်းကြားထားတယ် ... အင်းခွေးအထီး
ကြီး သေနတ်နဲ့ပစ်ခံရတဲ့ ကိစ္စလည်း ရဲမှူးဘတူကိုပဲ ပြော
ထားတယ် ... လူချင်းခင်လို့ ကူညီတဲ့သဘောပေါ့ ... အန်
ကယ်(လ်)အနေနဲ့ တရားဝင်တော့ အမှုမဖွင့်ပါဘူး ... ”
ဝင်းမောင်ထွန်း အောက်ထပ်ဆင်းလာခဲ့သည်။ ညို့
ထဲတွင် စန္ဒရားဆရာ ကိုကျော်စိုးမင်း မရှိပါလေတော့။ လေး
မြင့်ကိုလည်း မတွေ့ရ။
အဘဖိုးလူကို လိုက်ရှာသည်။ ကားဂိုဒေါင်အပြင်

www.burmeseclassic.com

www.burmeseclassic.com



တွင် ကားကို ရေဆေးပြီး၍ လက်စသတ် အဝတ်ခြောက်နှင့် သု
နေသည်ကို တွေ့ရသည်။

"အဘရေ ခြံထဲ လျှောက်ကြည့်ကြစို့ ..."

"သူခိုးက ပြေးသွားပြီလေ ..."

"ပျံလေတဲ့ ငှက်ခါးလိုပေါ့ အဘရာ ... ခြေရာ လက်ရာ
သဲလွန်စရှာဖို့ဆိုတာက သူခိုးအဝင်ခံရတဲ့ အိမ်ရှင်တွေရဲ့ လု
ရိုးလုပ်စဉ်ပဲလေ ..."

"ဒါတော့ ... မှန်တယ် ... သွားကြစို့ ..."



ခြံကြီးက ... နှစ်ဧကခန့်မက။ သရက်၊ မရန်း၊ ပိန္နဲ၊
င်းကဲ့သို့ သီးစားပင်တွေ အုပ်ဆိုင်းစွာ ရှိနေခဲ့၏။

သီရိမြိုင်တိုက်ကြီးက ကြီးမားလှသည်ဆိုဦးတော့
ပင်ကြီးငယ်များ အုပ်ဆိုင်းစွာ ရှိနေခဲ့၍ လမ်းကကြည့်လျှင်
ကြီးကို ဖုန်းခနဲမမြင်နိုင်။ တိုက်ကြီး၏ အတွင်းဘက်မှာ သေ
စ်လွင်စွာ ရှိနေခဲ့သော်လည်း အပြင်ဘက်တွင် ဘာဆေးမျှ
ည်။ ညစ်ပေစွာပင် ထားပေသည်။

ခြံကြီးတစ်ခုလုံးကို ပတ်ပတ်လည် လျှောက်ကြည့်
ည်။ အုတ်ရိုးအလုံကာစည်းရိုးဖြစ်သည်။ (၇)ပေခန့် မြင့်သည်။

"အုတ်စည်းရိုးက မြင့်တဲ့နေရာမြင့်နေပြီပဲ ... နောက်ပြီး သရက်
ကိုင်း ပိန္နဲကိုင်းတွေက ခြံစည်းရိုးအပြင်ထွက်ပြီး အောက်ကို
ပြန်ကိုင်းနေတာ တွေ့ရှိတယ် ... ဒီတော့ သူခိုးက သစ်ကိုင်း
ခိုတက်ပြီး အုတ်စည်းရိုးကို ကျော်လို့ရနေတာပဲ ... မြင့်တဲ့နေ
ရာကဝင်လည်း ရနိုင်တာပဲ အဘ ..."

"အေးလေ ... ဒီတိုက်ကြီး သက်တမ်းလည်း ကြာပြီဥစ္စာ
ဟိုဒုတိယ ကမ္ဘာစစ်မဖြစ်ခင်ကတည်းက ဒီတိုက်ပိုင်ရှင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကုလားသူဌေးတစ်ယောက်ပဲ ... တိုက်ကြီးအောက်ထပ်မှာ မြေတိုက်ခန်းလည်းရှိတယ် ... စစ်ဖြစ်တော့ အင်္ဂလိပ်တွေ ဆုတ်ပြေးတယ် ... ကုလားသူဌေးလည်း ဖက်ဆစ်ကြောက်တယ်ဆိုပြီး အိန္ဒိယပြန်ပြေးခဲ့တယ် ... အဲ ... ဖက်ဆစ်ခေတ်မှာ အင်္ဂလိပ်စပိုင်တစ်ယောက်ဟာ ဒီတိုက်ကြီးထဲ ဝင်နိုင်ပြီး ဝါယာလက်နဲ့ သတင်းပို့တယ်လို့ ကြားတော့ ဖက်ဆစ်ကင်ပေတွေ ချောင်းဖမ်းတာ စပိုင်ကို တိုက်ကြီးထဲမှာ တွေ့လျှက်နဲ့ ဖမ်းမမိလိုက်ဘူးတဲ့ ... ”

“ဟုတ်ပါ့မလား အဘ ... ဖက်ဆစ်ကင်ပေနဲ့ ပက်ပင်းတွေ့ပြီဆိုရင် ဘယ်သူမှ လွတ်သွားတယ် မရှိဘူးလို့ မေမေပြောဖူးတယ် ... အရှင်မမိရင် အသေပစ်ဖမ်းကြာတာလို့ပြောတယ် ... စစ်စည်းကမ်းတွေ ဘာတွေ အရေးသိပ်မစိုက်ဘူးလို့ ပြောတယ် ... ”

“နားထောင်ဦးလေ တကယ့်လူဆိုရင်တော့ မောင်ရင်ပြောသလို အရှင်မမိအောင် ဖက်ဆစ်ကင်ပေတွေက အသေပစ်ဖမ်းမှာပေါ့ ... အဲဒီ အင်္ဂလိပ်စပိုင်က နာနာဘာဝတဲ့ ... ”

“ဟာ ... မဟုတ်တာ ... ”

“ဟာ ... သိပ်ဟုတ်တာပေါ့ မောင်ရင် ... အင်္ဂလိပ်စပိုင်က ဖက်ဆစ်တွေလည်း တွေ့ရော ဒီအိမ်ကြီးအောက်က မြေတိုက်ထဲ ဝင်ပြေးတာကိုတွေ့တာနဲ့ နောက်ကကပ်လိုက်တာ ... မြေတိုက်ထဲကျတော့ စပိုင်ဟာ လေထဲမှာ ပျောက်သလို ပျောက်သွားသတဲ့ ... ပြောရင်းဆိုရင်း ကြက်သီးထဟ ... စပိုင်က နာနာဘာဝလေကွာ ... ကိုယ်ရောင်ဖျောက်လိုက်တာပေါ့ ... ”



“မဟုတ်နိုင်ဘူး ... ရှာလို့မတွေ့အောင်ပုန်းနေတာဘဲ ဖြစ်မှာပေါ့ ... ”

“အားတဲ့ တစ်နေ့ အဲဒီမြေတိုက်ထဲ မောင်ရင့်ကို ခေါ်ပြမယ် ဘယ်နေရာမှ ပုန်းစရာမရှိဘူး ... မြေတိုက်က ပေလေးဆယ်လောက်ရှိတဲ့ ဟော(လ်)ကြီး ... ဘာမှမရှိဘူး ရှင်းနေတာ ... ကုလားသူဌေး ရွှေဂင်္ဂါး ... ငွေဂင်္ဂါးထားတယ်ဆိုတဲ့ သံမဏိဗီရိုကြီးတွေကလည်း နံရံအုတ်ထဲမှာ မြှုပ်ထားပြီး တံခါးရွက်တွေက နံရံတပြေးညီထားတာ ... ”

“မကြည့်ဘဲ နေမလား ... အပြင်က သေနတ်နဲ့ ချိန်ထားပြီး ဖွင့်ကြည့်တာတဲ့ ... ဘာဆို ဘာမှမတွေ့ရဘူးတဲ့ ... ကျုပ်စိတ်ထင်တော့ စပိုင်တစ်ယောက်ဟာ ဒီသီရိမြိုင် မြေတိုက်ထဲမှာဘဲ သေသွားဘူးမယ် ... အဲဒီကောင်က ဂျွတ်ဘဲ နာနာဘာဝဖြစ်ပြီး ခြောက်နေတာဖြစ်မှာပေါ့ ... ”

“ခုကော မခြောက်ဘူးလား အဘ ... ”

“ဆရာကြီးက ဒီအိမ်ပေါ်တက်တော့ သံဃာအပါးငါးဆယ် ပင့်ဖိတ်ပြီး ပရိတ်ရွတ်တယ်၊ ကမ္မဝါဖတ်တယ် ... ဒီနာနာဘာဝကျွတ်သွားပုံရတယ်၊ ဒါပေမဲ့ ကျုပ်တော့ ဒီအိမ်ကြီးမှာ နေရတာ စိတ်ကိုမသန့်ဘူး၊ တိုက်အိမ်ကြီးကိုက မည်းမည်းနက်နက်ကြီး သစ်ပင်တွေပေါက်နေတာကလည်းအပြိုင်အရိုင်းနဲ့ ကျုပ်ငယ်ငယ်က ဖတ်ဖူးတဲ့တစ္ဆေအိမ်ကြီးဆိုတာ ဒီအိမ်မျိုးပဲဖြစ်မှာ၊ ဆရာကြီး ဘယ်စိတ်ကူးနဲ့များ ဝယ်သလဲမသိပါဘူး၊ အခင်း ဈေးချောင်ရလို့ ဝယ်လိုက်တာပဲနေမှာပါ”

“ဈေးချောင်ရတယ်ဟုတ်လား ... ဘယ်လောက်နဲ့ဝယ်လိုက်တာလဲ ... ”

www.burmeseclassic.com

www.burmeseclassic.com



"တစ်သောင်းခွဲတည်းနဲ့လေ ... မဟာမိတ်တွေ မြန်မာပြ
သိမ်းပြီး မကြာခင် ကုလားသူဌေး ပြန်ရောက်လာပြီး
တိုက်မှာပြန်နေတယ်၊ မြန်မာပြည် လွတ်လပ်ရေးရပြီးေ
အင်္ဂလိပ်တွေ ပြန်သွားခဲ့တယ်၊ အဲဒီတုန်းမှာပဲ ကုလ
သားတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ကိုကြ
မှုဖြစ်တယ်၊ ဒါလည်းကုလားသူဌေးသားမို့ တစ်ဖက်က
သက်ထောင်ချောက်ဆင်တာလို့ ဆရာကြီးကပြောတ
"အဲဒီကိစ္စမှာ ရဲအရာရှိဖြစ်တဲ့ ဆရာကြီးက အမှုမှန်အ
ဖြစ်အောင်လုပ်ပေးလိုက်တော့ သူဌေးသားဟာ ရုံးတော
လျှော်ကြေးနည်းနည်းပါးပါးပေးရတဲ့ စီရင်ချက်နဲ့ လွတ်
တယ် ... အဲဒီ ကျေးဇူးလည်း ရှိနေတယ် ... လွတ်လပ်
ရပြီးတော့ သူတို့စီးပွားရေးလုပ်ကွက်လည်း မြန်မာပြ
မများသာတော့လို့ ထင်ပါရဲ့ ... ဆရာကြီးကို တစ်သော
ထိုးရောင်းပြီး မိသားစုအားလုံး အိန္ဒိယပြန်သွားကြတာ

ထိုစဉ်က ဂျစ်ကားတစ်စီးမှ (၅၀၀) ကျပ်မျှသာ ေ
သော အချိန်ကာလဖြစ်သည်။ ၎လျှောက်ရင်း စကားပြောကြ
တိုက်အိမ်ကြီး အနောက်ဘက်သို့ ရောက်လာခဲ့သည်။

"ဒါက မာလီကုလား အာရမ္မန်တို့ မိသားစုလေ ...
လေးတွေက ညဆိုရင် ဒီအိမ်ကြီးမှာနေရတာ ကြောက်
လို့ ပြောကြတယ်တဲ့ ..."

ဆက်၍ လျှောက်ခဲ့ကြသည်။ အဘဖိုးလှသည်
တိုက်ကြီး၏ အနိဋ္ဌာရုံတွေကို တော်တော်များများ ပြောနေသ
သွေးရိုးသားရိုးပဲလား။ သို့တည်းမဟုတ် ... ရည်ရွယ်ချက်တ
နှင့်များ ပြောသလား။



ဝင်းမောင်ထွန်း ဝေခွဲမရနိုင်ခဲ့ပါလေ။

"ဒါထက်၊ မောင်ရင်ရော သီရိမြိုင်မှာနေဖို့ ကြာဦးမလား"

"ကြာဦးမယ်ထင်တယ် အဘ ... အန်ကယ်(လ်)ပေးထား တဲ့ အလုပ်လေးတွေပြီးပြတ်အောင် လုပ်ဖို့ရှိတယ်လေ"

စောမရသိုက်အကြောင်း ကိုဝင်းမောင်ထွန်း လုံးဝ မပြောခဲ့လေ။

"ကောင်းတယ် ... မောင်ရင် သီရိမြိုင်ကိုရောက်လာတော့ ဆရာကြီးအတွက် သိပ်ကောင်းသွားတာယ် ... အားကိုးအား ထားပြုနိုင်တယ် ... ကျုပ်တို့ကတော့ ဆရာကြီးခိုင်းရင် တုံး တိုက်တိုက် ကျားကိုက်ကိုက် လုပ်ရဲတယ် ... ဒါပေမဲ့ ပညာ မရှိဘူး ..... ညဏ်မရှိဘူးမဟုတ်လား ..."

"နေပါဦး အဘရဲ့ ... တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ် စရာအန္တရာယ်တွေများ ဒီအိမ်ကြီးမှာ ရှိနေတာကို အဘမြင် လို့လား ..."

ဝင်းမောင်ထွန်းက စကားထောက်ကြည့်သည်။

"အန္တရာယ်မရှိဘူး ရှိတယ်ဆိုတာ မောင်ရင့်ကို လူမိုက်တွေ ရန်လုပ်တယ် ... ဒီအိမ်ကို သူခိုးဝင်တယ် ... အဲ့မှာ ခွေးကြီး နှစ်ကောင်ကို အသေသတ်ဖို့ကြံစည်တယ် ... ကျုပ်ရင်ထဲမှာ အင်းခွေးကြီး အဆိပ်မိကတည်းက မသိုးမသန့်ဖြစ်နေခဲ့တာ"

"ဒါဆို အဘစိတ်ထဲ မြင်ထားတဲ့ အန္တရာယ်တစ်ခုခု ရှိနေမှာ ပေါ့ ... အဲဒီ အန္တရာယ်ကို တိတိကျကျ ကျွန်တော့်ကိုပြောပြ ပါစေား အဘ ..."

"တိတိကျကျမြင်ပြီဆိုရင် ဆရာကြီးကိုတောင်အသိမပေးဘူး၊ ကျုပ်က လက်ရုံးရည်သမား၊ အဲဒီအန္တရာယ်ကို လည်ပင်းညှစ်

www.burmeseclassic.com

www.burmeseclassic.com



သတ်မယ်၊ ဖနောင့်နဲ့ပေါက်သတ်မယ်၊ အဲဒီ နှလုံးရည်
မရှိတာအမှန်ပဲ ...”

“ဒါဆို ဘာများတွေးကြောက်စရာရှိလဲ ... တွေ့တာနဲ့ရင်
လိုက်ရုံပေါ့ ...”

“ကျုပ်ကြောက်စိတ်လုံးဝမရှိဘူး ... အဲ ... နာနာဘာဝ
ဝိနာဘာဝတို့ကျတော့ ရုပ်ဒြပ်မရှိတော့ခက်တယ်လေ
ကျုပ်က ဆရာကြီး၊ လေးလေးနဲ့ မောင်ရင်တို့ အတွက်
စိုးရိမ်တာ၊ ဟိုတုန်းက ဆရာကြီးနဲ့ကျုပ်ပဲ ယောက်ျားသား
ရှိတာ၊ အခု မောင်ရင်ရောက်လာတော့ အားတက်မိတယ်
အာရုမ္မနိုကတော့ ခြိရှင်းလို့ မြွေတွေ့ရင်တောင် ကြော
သေးပါတဲ့အကောင် ... ဒါထက် မောင်ရင် ကိုယ်ခံပညာ
တတ်ပုံရသားပဲ ... ဟိုသုံးကောင်နဲ့ချတာ မောင်ရင့်လက်
အတော်ပြောင်သားပဲ ...”

“အင်္ဂလိပ်လက်ဝှေ့တော့တော်တော်လေ့ကျင့်ဖူးတယ်၊ ကျ
တာတော့ ဆရာကောင်းနဲ့ သင်ရတာမျိုးမဟုတ်ဘူး၊ အ
ဟိုစပ်စပ်သည်စပ်စပ် သူငယ်ချင်းတွေဆီလိုက်သင်ရတာ
မျိုးပါ ...”

“အင်္ဂလိပ်လက်ဝှေ့ကတော့ ကျုပ်အားမကိုးဘူး ... စည်း
ကမ်းချက်တွေများလွန်းတယ် ... ကြိုးဝိုင်းထဲမှာ ဒိုင်က
အဆုံးအဖြတ်နဲ့ နိုင်ရတာမျိုး ရှုံးရတာမျိုးမို့ ပျော့တယ်ထင်
တယ် ... ရန်သူနဲ့ သတ်ပုတ်ကြရင် ဘယ်ဒိုင်ကမှ အမှတ်ပေး
တာမဟုတ်ဘူးလေ ... သူလဲလဲ ... ကိုယ်လဲရှုံ တီးကြ
တာမဟုတ်လား ...”

“အဘလည်း ကိုယ်ခံပညာ တော်တော်များများတတ်



တယ် ... ဟိုသုံးကောင်တုန်းက အဘရဲ့ ဖနှောင့်ချက်တွေ
ကသိပ်ထိတာပဲ ...”

“လူအတော်များများကို ကျုပ်ကိုယ်ခံပညာတတ်ကြောင်း
ဘယ်တော့မှ မပြောခဲ့ဖူးဘူး ... အခု မောင်ရင်နဲ့ နှစ်
ယောက်တည်းလည်းဖြစ်နေတယ် ... အန္တရာယ်ကို လက်တွဲ
ရင်ဆိုင်ရမယ့် လူလည်းဖြစ်လို့ ကျုပ်ပြောပြမယ် ... ကိုယ်ခံ
ပညာကို ကျုပ်ကျွမ်းကျွမ်းကျင်ကျင်တတ်ပါတယ် ... လက်
နက်နဲ့ တိုက်ခိုက်နည်းရော လက်နက်မဲ့ရော တတ်တယ်
ကျုပ်က အင်္ဂလိပ်စစ်တပ်မှာ ကွန်မန်ဒိုအဖြစ် အရွေးခံရတဲ့လူ
ပဲ ... ဒါပေမဲ့ မြန်မာလူမျိုးဆိုပြီး အင်္ဂလိပ်ကနှိမ်တယ် ...
ရာထူးတက်မပေးဘူး ... အခု သူတို့ပြန်တော့ သူတို့တပ်နဲ့
ပြန်လိုက်ဖို့ ခေါ်သေးတယ် ... ကျုပ်မလိုက်ဖြစ်တော့ဘဲ
တစ်ခါတည်းထွက်လိုက်တယ် ... ကျုပ်မြန်မာပြည်ကိုဘဲ
ခင်တယ် ... သူတို့ တိုင်းပြည်အတွက် ကျုပ်က ဘာလို့တိုက်
ရမှာလဲ ...”

“ဒါဆိုရင် ဟန်ကျတာပဲ အဘ ... အားလပ်တဲ့အခါ အဘသင်
ပေးနိုင်မလား ...”

“သိပ်သင်ပေးတာပေါ့ ... ကျုပ်က မောင်ရင့်ကို သင်ပေးချင်
နေတာပါ ... သေနတ်ပစ်လည်း သင်ပေးမယ် ... ဆရာကြီး
ဆီမှာ ပြောင်းတို ... ပြောင်းရှည်သေနတ်မျိုးစုံရှိပါတယ်
မောင်ရင်ပစ်ခွင့်တောင်းလေ ...”

“ကောင်းတယ် ... အဘ ... ကျွန်တော့်ဘဝမှာ သေနတ်နဲ့
နီးစပ်မှု ... ကျွမ်းကျင်မှုမရှိခဲ့ဘူး ... အဘ သင်ပေးမှ ကျွန်
တော်သေနတ်ပစ်တတ်မှာ ...”

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ခြံထဲသို့ ရဲကားအပြာတစ်စီး ဝင်လာသည်ကို လှမ်းမြင်ရသည်။

"ဆက်မကြည့်တော့ဘူး အဘရာ ... ခြံစည်းရိုးက လုံမှမလုံတာ ... ဒါလောက်ကြည့်ရရင်တော်ပါပြီ ..."

ဝင်းမောင်ထွန်း ပြန်လာခဲ့သည်။ ဦးဗိုးလှုက ခြံကြီးတစ်နေရာမှ ကျန်ခဲ့သည်။

ရဲမှူး ဦးဘလူက ကားပေါ်မှ ဆင်းလာသည်နှင့် အန်ကယ်(လ်)ဦးမျိုးဆက်အား အလေးပြုလိုက်သည်။

ဦးမျိုးဆက် ခရိုင်ဝန်ဘဝက တပည့်ဟောင်းဖြစ်သည်။

ရဲမှူး ဦးဘလူနှင့် ဝင်းမောင်ထွန်းကို ဦးမျိုးဆက်က မိတ်ဆက်ပေးသည်။ ထို့နောက် ဝင်းမောင်ထွန်းက ကိုယ်တိုင် သူမြင်ရသူမို့ ညက ဖြစ်ပျက်ပုံကို ဦးဘလူအား အသေးစိတ်ပြောပြသည်။

၎င်းနောက် အပေါ်ထပ်တက်ကာ လက်ရာမပျက်ထားရှိသော ဇရိဖရဲများကို ဦးဘတူနှင့် အဖွဲ့အား စစ်ဆေးခဲ့သည်။

လက်ဗွေပေါ်စေနိုင်သော ပေါင်ဒါမှုန့်ဖြူးပြီး ရှာဖွေကြသည်။

"ဒီကောင် လက်စွပ်ပြီး ကိုင်တွယ်သွားတယ် ... ဆရာမျိုး ဘာလက်ဗွေမှ မရဘူး ..."

"အင်း ... ဒါဆိုလည်း မတတ်နိုင်ဘူးပေါ့ မောင်ဘတူ ... ခွေးကြီးကိစ္စကော ဘာထူးသေးလဲ ..."

"ခွေးကြီးကိုယ်ထဲက ပွိုင့်တူးတူးသေနတ်ကျည်ဖူး နှစ်ခုတယ် ... ဒီကျည်ဖူးနဲ့ ကိုက်ညီနိုင်တဲ့ ပွိုင့်တူးတူးလိုင်စင်သေနတ်



ကို လိုက်စစ်တယ် ... ခက်တာက လိုင်စင်မဲ့ ပွိုင့်တူးတူးသေနတ်နဲ့ ပစ်သွားတာဆိုရင်တော့ ရှာလို့မရနိုင်တော့ဘူးပေါ့ ခွေးကြီးက ခါးဆစ်ရိုးကျိုးသွားတော့ အခုဒ့်တ်ရာပျောက်တာတောင် ဖင်တရွတ်ဆွဲနေသေးတယ် ... ဒါကြောင့် ... တိရိစ္ဆာန်ဆေးကုမှာဘဲ ဆက်ထားထားရပါတယ် ..."

ဦးမျိုးဆက် ခေါင်းညိတ်လိုက်သည်။

"အင်း ပရုတ်လုံးကို ပိုးထိုးခံရတာမျိုးဖြစ်နေပြီ မောင်ရင်ကျုပ်ရဲ့အရာရှိဟောင်းကို သူတို့လုပ်ပုံက တမင်မခံချင်အောင် ထာကယ်နေလို့ စိတ်ထဲမှာ သိပ်ခံပြင်းနေရတယ်"

"ဆရာမျိုးပဲ ရဲ့အရာရှိသင်တန်းတွေမှာ လူဆိုးဟာ ဘယ်လောက်မဆို ရဲတွေရှေ့မှာ တစ်ကွက်ကျော်နေတတ်တယ် သူတို့က ကြံစည်ကျူးလွန်ပြီးမှ ရဲက နောက်ကလိုက်ရတဲ့အတွက် ရဲ့အဖို့ တစ်ကွက်အမြဲနောက်ကျနေတတ်တယ် ... ဒါပေမဲ့ စိတ်မပျက်နဲ့ ရေရှည်ကျတော့ လူဆိုးကို ရဲကနိုင်ခဲ့ မိတာချည်းပဲ ... ရှေ့ကအကြောပေးပြီး ပြေးနိုင်းတဲ့သဘောလို့သာ မှတ်ထားလို့ ပို့ချတာပဲ ဆရာမျိုး ... ဒီကောင်တွေ မလွတ်ဖါဘူး ... တစ်နေ့ကျရင်မိရမှာပေါ့ ဆရာ ..."

ဦးမျိုးဆက် ခေါင်းညိမ့်ပြလိုက်ပါ၏။

"ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ် ... ဆရာကြီးရဲ့မြဂနိုင်လမ်းထဲကိုလည်း အထူးအစီအစဉ်နဲ့ ညလုံးပေါက်ပတ္တရောင်ချပေးပါ့မယ် ..."

ဝင်းမောင်ထွန်းက ဦးမျိုးဆက် အနီးတိုးကပ်၍ တိုးတိုးပြောလိုက်သည်။

"အန်ကယ်(လ်) ... ကျွန်တော့်သဘောကတော့ အထူးအစီ

www.burmeseclassic.com

www.burmeseclassic.com



အစဉ်နဲ့ ညလုံးပေါက်ပတ္တရောင်မချစေချင်ဘူး ... ဒီသူနိုး ပြန့်အလာကို အမိဖမ်းချင်တယ် ... ကျွန်တော့်မှာ စိတ်ထူ တစ်ခုရှိနေလို့ပါ ... ”

ဦးမျိုးဆက်က ဦးဘတူအား လှမ်းပြောလိုက်ပါ၏

“ချရိုးချစဉ်ပဲ ချပါ မောင်ဘတူ ... အထူးအစီအစဉ်အနေနဲ့ ညလုံးပေါက်မချပါနဲ့ ... ”

“ဘာလို့လဲ ... ဆရာမျိုး ... ကျွန်တော့်ကို အားနာလို့လား တပည့်ရင်းတွေပဲ ဆရာ ... ကူညီနိုင်သမျှ ကူညီပါရစေ”

“ကျေးဇူးတင်ပါတယ် ... တစ်ဦးတစ်ယောက်ကောင်း ကူညီတဲ့အတွက် အများပြည်သူအပေါ်မှာ လုပ်အားမလျော့ သွားစေချင်ဘူး ... နောက်တစ်ချက်က ကျုပ်ကိုယ်တိုင် ဒီသူနိုးကို ထပ်ဖမ်းချင်တယ် ... ညလုံးပေါက် ပစ္စည်းရှိနေရင် ဒီကောင်ထပ်မလာမှာစိုးလို့ပါ ... ”

“ဟုတ်ကဲ့ ဆရာမျိုး ... ထူးခြားတာရှိရင် ကျွန်တော့်ကို ချက်ချင်း ဖုန်းဆက်ပါ ... ”

ဦးမျိုးဆက်အား အလေးပြုနှုတ်ဆက်ပြီးနောက် ရဲမှူး ဦးဘတူအဖွဲ့ ပြန်သွားခဲ့သည်။

ဦးမျိုးဆက် အိမ်ထဲသို့ ပြန်ဝင်လာသည်။ ဒေါ်သာ ကိုခေါ်ကာ လေးလေးမြင့်ကို ခေါ်ခိုင်းလိုက်သည်။

“ထွန်းထွန်း ခဏနေဦး ... ထွန်းထွန်းနဲ့ မောင်ဖိုးလူ ခြံ ဆင်းကြည့်တုန်း အနက်ကယ်(လ်)မှာ ထူးခြားတာ တစ်ခု ထားတယ် ... ဒါကြောင့် သမီးကို ခေါ်ခိုင်းလိုက်တာ”



## အခန်း (၇)

ဝါးခနဲသမ်းသည်။ လေးလေးမြင့် မျက်တောင်စင်း သည်။ ဇက်ကြောတွေတင်းနေသည်။

တစ်ကိုယ်လုံး သူ့မခန္ဓာကိုယ်တွင် တစစ်စစ်ဖြင့် ... သိတ်များ ကိုက်နေသလား ထင်ရသည်။ တစစ်စစ်ဖြစ်လာ အခါတိုင်း ခန္ဓာကိုယ်အနှံ့ လေးလေးမြင့်ကုပ်နေမိသည်။

ဖေဖေ့ကို လေးလေးမြင့်ချစ်သည်။ ပေးထားခဲ့သော အတိုင်း ဘိန်းဖြူပါသော စီးကရက်ကို လုံးဝမသောက်ဘဲ ... မှိတ်နေခဲ့ပါသည်။

ယခုမူ သူမ တောင့်မခံနိုင်တော့ပြီ။

အို ... ဒီတစ်ခါတော့ ဟူသော ဆင်ခြေဖြင့် စားပွဲအံ လေးထဲမှထုတ်ယူကာ တစ်လိပ်ကိုမီးညှိကာဖွာရှူလိုက်တော့

အငမ်းမရ ဆက်တိုက်ရှူသွင်းလိုက်ကာမှ ထကြွနေ အကြောအချဉ်တွေငြိမ်ကျသွားသည်။ နေသာထိုင်သာရှိသွား

“ဒေါက် ... ဒေါက် ... ”

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးရေ ... လေးလေး ..."

"ဟာ ... ဘာများလဲ ဒေါ်သာအုံ ... အရေးထဲမှာ ..."

"ဆရာကြီးက အခုချက်ချင်း စာကြည့်ခန်းကိုလာခဲ့ပါတဲ့"

ထက်ဝက်ကျိုးသွားသော စီးကရက်မီးကို လက်ဖ ဖျံတွေးဆွတ်ပြီး လေးလေးမြင့် မီးငြိမ်းသတ်သည်။ စီးကရက်အစကို စီးကရက်သံဘူးပြားထဲတွင် ထည့်ကာ အံဝှက်ထဲ ပြန်သိမ်းထားလိုက်သည်။

ရေမန်ချိုင့်ထဲမှ ရေတစ်ခွက်ဖြင့် ကျကျနန သွမ ပလုတ်ကျင်း၍ ဆေးသည်။ စီးကရက်အနံ့ မနံစေရန်အတွက်ဖြစ်၏။

အောက်ထပ်သို့ လေးလေးမြင့် ဆင်းခဲ့သည်။

အောက်ထပ်စာကြည့်ခန်းထဲတွင် ဖေဖေရော ကိုဝင်းမောင်ထွန်းပါ ရှိနေခဲ့ကြသည်။

စားပွဲပေါ်တွင် ဆိုနီအသေးစား အသံသွင်းတိပ် ဘော်ဒါ မီးခိုးရောင်ကလေးကိုလည်း တွေ့ရပါ၏။

ဖေဖေ၏ မျက်နှာက အတော်အတန်တင်းမာနေသည်။ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာ ဖခင်မျက်နှာကြည့်ရုံဖြင့် သူမ ဒက်ခနဲသိသည်။

လေးလေးမြင့် ဝင်သည်နှင့် သားအဖနှစ်ဦး လွတ်လပ်စွာ ပြောဆိုနိုင်ရန်အတွက် ဝင်းမောင်ထွန်း ထိုင်ရာမှထသည်။

"ထိုင်ပါ ထွန်းထွန်း ... ဒီကိစ္စက ထွန်းထွန်းနားထောင်မှ ဖြစ်မှာ ..."

ဝင်းမောင်ထွန်း ပြန်၍ထိုင်ရသည်။

လေးလေးမြင့် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်



လိုက်သည်။

"ဖေဖေ နေကောင်းရဲ့လားဟင် ဖေဖေ့မျက်နှာ ညှိုးနေသလိုပဲ ..."

"အေး ... လူကတော့ နေကောင်းတာမှ တင်းပုတ်နဲ့ရိုက်သတ်တောင် မသေနိုင်ဘူး ... ဒါပေမဲ့ စိတ်ကတော့ သချိုင်းတစ်ဖက်လှမ်းနေပြီလေ ..."

"ဖေဖေပြောတာ လေးလေးနားမလည်ဘူး ..."

"အေး ... ဒါဆိုရင် လေးလေးကို နားလည်အောင်ကို ဖေဖေပြောရတော့မယ် ... သမီးဟာ ဘိန်းဖြူဖြတ်ပါမယ်လို့ အကြိမ်ကြိမ်ကတိပေးခဲ့ပေမယ့် တကယ်တမ်းကျတော့ မဖြတ်နိုင်ခဲ့ဘူး ..."

လေးလေးမြင့် မငြင်းပါ။ ဝင်းမောင်ထွန်း ရှေ့တွင် စွဲနေသူဖြစ်ကြောင်းနှင့် ခိုး၍ ရှူနေဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောသဖြင့် ရှက်သည်မှာ သေချင်စော်နံအောင် ရှက်မိပါ၏။

"ဒီတော့ ဘိန်းဖြူ စီးကရက်ဖြတ်မလား ... ဒါမှမဟုတ် တံတားလေး စိတ်ရောဂါကုဆေးရုံမှာ ဖေဖေကိုယ်တိုင်တင်ပြီး ဖြတ်ပေးရမလား ... သမီးကြိုက်ရာရွေးပါ ..."

"မရက်စက်လွန်းဘူးလား ဖေဖေ ..."

မျက်ရည်ဝဲတာမြင်တော့ ဦးမျိုးဆက်ရင်ထဲ နာကျင်သွားလိုက်ရ၏။ သို့သော် ... သူစိတ်တင်းထားလိုက်ရ၏။

"သမီးနားလည်အောင် ယယ်ယယ်က အဖြစ်ကလေးတစ်ခုကို ပြောပြမယ် ... အဲဒီ အချိန်က သမီးသုံးနှစ်သမီး ... သမီး မေမေက နားဖောက်မယ်ဆိုပြီး ဆရာဝန်ခေါ်မယ်ပေါ့ ... ဖေဖေက ဝှါသမီးလေး အသားနုနုလေးကို အပ်နဲ့ဖောက်ရင်

www.burmeseclassic.com

www.burmeseclassic.com



နာမှာဘဲဆိုပြီး သဘောမတူချင်ဘူး ... ဒီတော့ သမီးအမေ
က သူဟာ မွေးထုတ်တဲ့ အမေအရင်းပါ သမီးလေးနာမယ့်
အစား သူသာခံလိုက်ချင်တယ် ... ဒါပေမဲ့ အခုလို ဖောက်ရ
တာက သမီးလေးကြီးလာရင် စိန်နားကပ်ပန်ဖို့ ဖောက်ထေး
တာတဲ့ ... အဲဒီသဘောပဲ သမီးကို စိတ်ရောဂါကုဆေးရုံပို့
မယ်ဆိုတာ ရာသက်ပန် သမီးကောင်းဖို့ လူညွန့်တုံးမသွားဖို့
လုပ်တယ်ဆိုတာ သဘောပေါက်ပါ ... ဒါဆို ဖေဖေ ရက်စက်
ရာရောက်သေးသလား ... "

ချက်ချင်း လေးလေးမြင့် မျက်နှာလေး ပြန်လည်
ကြည်လင်သွားသည်။

ပြုံးရိပ်သမ်းသွားသည်။

"သမီးသဘောပေါက်ပါပြီ ဖေဖေ ... ဒါပေမဲ့ စိတ်ရောဂါကု
ဆေးရုံမသွားဘဲ ဘိန်းဖြူဖြတ်တဲ့ တခြားနည်းလမ်း မရှိဘူး
လား ဖေဖေ ... "

လက်ခနဲ ဦးမျိုးဆက် ပြုံးလိုက်သည်။

"သိပ်ရှိတာပေါ့ ... ဟောဒီ ထွန်းထွန်းက လေဒီဒေါက်တာ
တစ်ယောက် အိမ်ခေါ်ထားပြီး ကုသဖြတ်နိုင်းပါလားလို့ ...
အကြံပေးနေတယ်လေ ... "

"အဲဒါ အကောင်းဆုံးဖြစ်မှာပါ ဖေဖေ ... "

"အကောင်းဆုံးတော့ မဟုတ်ဘူး ... ကောင်းတစ်ဝက် ဆိုး
တစ်ဝက်ပဲ သမီး ... "

လက်ရှိ အခြေအနေတွင် တစ်စိမ်းတစ်ဦးတွင် ရှိမနေ
သင့်ကြောင်း အနီးကပ် ဆရာဝန်မ ခေါ်ထား၍လည်း မဖြစ်ကြောင်း
အမျိုးသမီးဆရာဝန်တစ်ဦးကို ခေါ်ထားသည့်တိုင် ကိုယ့်ဆွေမျိုး



ချင်း မဟုတ်သူအတွက် အခကြေးငွေ မည်မျှပေးပေး ညအိပ်
နေမည်ကို ဦးမျိုးဆက်က ရှင်းပြခဲ့သည်။

"ဒီတော့ အိမ်မှာဘဲ ကုမယ်ဆိုရင် ထွန်းထွန်းနဲ့ပဲ ကုမါ ...
ဆေးရုံပို့မယ်ဆိုတာက ဟိုမှာ (၂၄)နာရီ အလှည့်ကျ ဆရာ
ဝန် ... သူနာပြုတွေရှိတယ်လေ ... အဲဒါကြောင့်ပါ ... "

"ကိုဝင်းမောင်ထွန်းနဲ့ဘဲကုပါ ဖေဖေ ... စိတ်ရောဂါကုဆေး
ရုံပို့မယ့်အစား ဆရာဝန်ပေါက်စနဲ့ဆိုတော့ တော်သေး
တယ် ... "

"ဘယ်လိုပြောလိုက်တောလဲ မီလေးလေး ... "

ဦးမျိုးဆက်က ချက်ချင်း သမီးကို လှမ်းအော်လိုက်

"ရပါတယ် အန်ကယ်(လ်) ... ကျွန်တော်က အမိုက်အမဲကို
ငွေယူတတ်တာမှ မဟုတ်တာ ... "

"ဘာအမိုက်အမဲလဲ ... ဟွန်း ... ဖေဖေ့ကို သူပဲ ကြီးကိုင်နေ
တာ ... "

"များတော့မှာပေါ့ မလေးလေးမြင့် အန်ကယ်(လ်)ကြီးဆွဲသ
လို ကပေးနေတာပါ ... "

"တော်ပြီ သမီး ... ထွန်းထွန်းပြောတာမှန်တယ် ... ထွန်း
ထွန်းက သားတစ်ယောက်လို သံယောဇဉ်နဲ့လာပြီး လျှော်
လုပ်ကိုင်ပေးနေတာပါ ... သမီးက ငယ်သူ ... ကိုယ့်အစ်ကို
အရွယ် ထွန်းထွန်းကို သိက္ခာသမာဓိထိခိုက်တဲ့ စကားမျိုး
မပြောမိဖို့ ဆင်ခြင်ပါ ... "

"ရပါတယ် ... အန်ကယ်(လ်) ... ဆရာဝန်ပေါက်စလည်း
ဆေးထိုးရင် အပ်နဲ့ထိုးတာပဲ ... ရင့်မာတဲ့ သမားတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဆေးထိုးလည်း အပ်နဲ့ထိုးတာပါပဲ … မလေးလေး
ကျွန်တော့်အပေါ် အထင်သေးလွန်းတာ … ဆေးထိုး
အခါကျမှ အမယ်လေးတ,အောင် ဆရာဝန်ပေါက်စ ပညာ
လိုက်မယ်လေ … ”

“ကြည့် … ဖေဖေ … ဒါဆို ဘယ်လိုကုမလဲ … ”

ဦးမျိုးဆက်ပြုံးသည်။ ညီမဆိုးလေးကို အစ်ကိုကြ
ကစသလို တမင်စလိုက်ကြောင်းသိ၍ ဦးမျိုးဆက် ပြုံးလိုက်မိပါ

“သမီး ဘိန်းဖြူဖြတ်တဲ့အခါ သမီးလက်ဝယ်မှာ
ဘိန်းဖြူထည့်ထားတဲ့ စီးကရက်မရှိမှဖြစ်မယ် … ဘယ်လော
ဆေးဝါးတွေနဲ့ ဖြတ်နေဖြတ်နေ သမီးလက်ထဲ ဘိန်းဖြူစီးကရက်
နေရင် ဘယ်လိုမှ ဖြတ်နိုင်မှာမဟုတ်ဘူး … ဒီတော့ ဘိန်းစီးကရ
တွေက ဘယ်ကရသလဲဆိုတာ … ”

လေးလေးမြင့် မျက်နှာပို၍ တည်သွားသည်။
လည့်ဖြေကြားခြင်းမပြုခဲ့။

“ဖေဖေ မေးနေတယ်လေ သမီး … ”

လေးလေးမြင့် ပါးပြင်ပေါ်သို့ မျက်ရည်ကျလာ
သည်။ ခေါင်းငုံ့ကာ သူမ မျက်ရည်သုတ်၏။

“သမီး မဖြေရဲဘူး ဖေဖေ … ဘယ်သူက ဆပ်ပလိုင်
တယ်ဆိုတာမျိုးကို ထုတ်မပြောပါဘူးလို့ သစ္စာရေသော
ထားရတယ် … သစ္စာရေသောက်တုန်းက တိုင်တည်ဆိုနိုင်
တာတွေဟာ တကယ့်ကြောက်စရာချည်းဘဲ … သမီးဖော်
ရင် ဖေဖေကိုပါ ဘေးဆိုးအန္တရာယ်ဆိုးတွေ ထိပါစေလို့
တွယ်ခဲ့ရတာပါ … ”

“တောက် … မိုက်ရိုင်းတဲ့ ကောင်တွေ … ”



“ကောင်းပြီ ဒါဆို သမီး မဖော်နဲ့တော့ … ဖေဖေမသိလို့
မေးတာမဟုတ်ဘူး … သမီးကိုယ်တိုင် ထုတ်ဖော်ဝန်ခံ
စေထားကြားချင်လို့ မေးခဲ့တာ … ဒီလောက် ဒီကောင်တွေ
ထုတ်မာတယ်ဆိုရင် မဖော်နဲ့ … ဟောဒီ တိပ်ခွေကို သမီး
နားထောင်ကြည့်ပါ … ”

ပြောပြီးနောက် ဆိုနီတိပ်ရီကော်ဒါ၏ ခလုတ်အသီး
ကို ဦးမျိုးဆက် နှိပ်လိုက်သည်။

ပထမစန္ဒရားသံ ထွက်လာသည်။ စန္ဒရားသံရပ်သွား
သော် စကားသံတွေ ထွက်ပေါ်လာခဲ့ပါလေပြီ။

“ကိုကျော်တို့အဖွဲ့ လာမယ့်ဆန်းဒေးမှာ အင်းလျားကန်
ဘောင်ကို ပျော်ပွဲစားထွက်မလို့ … စန္ဒာနဲ့ မာလာလည်းပါ
မယ် … တခြား အဆိုကျော်တွေလည်း ပါမယ် … လေး
လေးလိုက်ဖို့ အသင့်ပြင်ထားတော့ … ”

“လေးလေး လိုက်ဖို့မလွယ်ဘူး ကိုကျော် … ”

“ဘာလဲ … လေးလေးက ကိုကျော်ကို အတွဲဖြုတ်ချင်လို့
လား … အိမ်ပေါ်မှာ လူချော လူတွား ဒေါက်တာကြီးတစ်
ယောက်လုံး ရှိနေတာပဲလေ … ”

“ဟင်း … ဒီလိုအရူးတိုတဲ့ စကားမျိုးမပြောနဲ့ … လေးလေး
ကြိုက်ဘူး ကိုကျော် … ကိုကျော်ခိုင်းတဲ့အတိုင်း ဖေဖေ့
အခိတ်ပေါ်မှာ မလာပါနဲ့လို့ အလိုကျရေးပေးခဲ့တာပဲ …
ဟုတ်လား … သူဟာသူရောက်လာတော့ ဘယ်တတ်နိုင်
မှာလဲ … ဒီအိမ်မှာ ဖေဖေ့ကို ကြောက်ရတာ … ဖေဖေ့အ
နဲ့ သူရောက်လာတာ ကိုကျော်အသိဆုံးပါ … ”

ဝင်းမောင်ထွန်း ထရပ်ပြီး အပြင်သို့ ထွက်မည်ပြု

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ရီကော်ဒါကို ဦးမျိုးဆက် ပိတ်လိုက်သည်။

"ထိုင်ပါ ထွန်းထွန်း ... "

"မထိုင်ပါရစေနဲ့တော့ အန်ကယ်(လ်) ... အခုကိစ္စက ... မလေးလေးမြင့်ရဲ့ ကိုယ်ရေးကိုယ်တာဖြစ်နေပါတယ် ... သွေးမတော်စပ်တဲ့ ကျွန်တော်ဟာ ဒီစကားတွေကို ဆ[illegible] နားမထောင်သင့်ပါဘူး ... အန်ကယ်(လ်) ... ကျွန်တော်[illegible] ခွင့်လွှတ်ပါ ... "

စကားကိုဖြတ်ပြီး ဝင်းမောင်ထွန်း တည်ငြိမ်စွာ[illegible] စာကြည့်ခန်းထဲမှ ထွက်သွားခဲ့သည်။

မျက်ရည်တွေကြားမှ လေးလေးမြင့်က ဝင်းမော[illegible] ထွန်း ထွက်သွားသည်ကို ကြည့်နေမိသည်။

ဝင်းမောင်ထွန်းက စာကြည့်ခန်းတံခါး ပြန်ပိ[illegible] ထားလိုက်မှ ဦးမျိုးဆက်ဘက်သို့ ပြန်လှည့်သည်။

ဦးမျိုးဆက်က ခလုတ်ကို ပြန်ဖွင့်သည်။

"ကိုကျော် အလကားနောက်တာပါ ... လေးလေးရဲ့ [illegible] တင်းကျပ်လာတာ ကိုကျော်သိတာပေါ့ ... အခုအချိ[illegible] အတန့်မှာ လေးလေး ဖေဖေ့ကို အယုံသွင်းခြေငြိမ်[illegible] လိုက် ... ဘယ်မှ မလိုက်နဲ့တော့ ... ဒီရက်အတွင်း ကို[illegible] လည်းမလာဘူး ... အဲ ... ဒါထက် စီးကရက်ကော [illegible] သေးရဲ့လား လေးလေး ... "

"ငါးလိပ်ကျန်သေးတယ် ... "

"ဟင်...သောက်တာ နည်းလှချေလား ... ဒါမျိုးက ဗီလ[illegible] အောင်သောက်ရတာ များများသောက်လေ ဗီလင်ရ[illegible] ပေါ့ လေးလေးရာ ... "



"သောက်ချင်တာပေါ့ ... ဒါပေမဲ့ ခိုးသောက်ရတာလေ ... ဖေဖေ့ကို ကတိခဏခဏပေးပြီးမှ ခိုးသောက်ရတာ ရင်ထဲမှာ တမျိုးပဲ ... "

"လူကြီးတွေအကြိုက်တော့ နေရာတိုင်း ဘယ်လိုက်နိုင်ပါ့မလဲ ... ကိုယ့်အခန်းထဲ ကိုယ်သောက်တာပဲ ... ဗီလင်ရအောင်သာသောက် ... နောက်တစ်ခါ ကိုကျော်လာရင် ... အလိပ်နှစ်ဆယ်ဝင် ဘူးလေးစပ်ပြီး ယူလာခဲ့မယ် ... "

"ကျေးဇူးကမ္ဘာပဲ ကိုကျော် ... "

ခလုတ်ကိုဦးမျိုးဆက်ပိတ်လိုက်သည်။ ဖခင်မျက်နှာ[illegible] ကြည့်ရဲ၊ သူမ မျက်နှာလွှဲထားခဲ့သည်။

"ကျော်စိုးမင်းကို မသင်္ကာတာ ကြာနေပါပြီ ... သူစန္ဒရားလာသင်တိုင်း ... ရီကော်ဒါကို ဖေဖေ ဖွင့်ထားခဲ့တယ် ... ဒါပေမဲ့ သမီးနဲ့ ပတ်သက်လာရင် ဖေဖေဘာမဆိုလုပ်ရဲတယ် လူသတ်ရဦးမလား ... သတ်ရဲတယ် ... "

"ဖေ ... ဖေဖေစိတ်ချပါ ... သမီး ဘိန်းဖြူစီးကရက်ကို ဖြတ်ပါ့မယ် ... "

"ဆပ်ပလိုင်းလုပ်တဲ့ သူပါဖြတ်ရမယ် ... ကျော်စိုးမင်းကို နောက်ထပ် အိမ်မလာပါစေနဲ့ ... နောက်တစ်ခါ သူဆပ်ပလိုင်းလုပ်ခဲ့ရင် ဒီကောင်လေးကို ဖေဖေ ကြိုးဒဏ်ကျရင်ကျပါစေ ... ဖေဖေသတ်မယ် ... သမီးဆီမှာ ကျန်တဲ့ စီးကရက်လည်း ဖေဖေ့လက်အပ်ပါ ... "

"ကိုကျော်စိုးမင်း မလာစေရပါဘူး ဖေဖေ၊ နောက်ထပ်လည်း သူ့ဆီက ဘာစီးကရက်မှ သမီးလက်မခံတော့ပါဘူး"

"အိမ်မလာစေရပါဘူး၊ သူ့ဆီက စီးကရက်လည်း လက်မခံ

www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူးဆိုတော့ သမီးစကားက ကျော်စိုးမင်းကို အ...
မှာတွေ့မယ်၊ ဒီအိမ်တော့ မလာနဲ့ဆိုတဲ့ သဘောလား"

လေးလေးမြင့် နှုတ်ဆိတ်နေသည်ကိုတွေ့ရသည်...

"ဖေဖေ ရှင်းရှင်းမေးမယ်၊ ကျော်စိုးမင်းနဲ့ သမီးဟာ ဘိ... ကိစ္စအပြင် တခြားဆက်သွယ်မှုရှိသေးလား၊ ကျော်စိုးမင်း... သမီးကိုယ်တိုင်က ခင်တွယ်နေပြီလား၊ သမီးတို့အခြေအ... မှန်ကို ဖေဖေသိချင်တယ် ..."

"ခင်တွယ်မှုအနေနဲ့တော့ ရှိတယ် ... သမီးရင်ထဲက... ဖြစ်သွားမှုမရှိသေးပါဘူး ... မိတ်ဆွေလိုဘဲ ခင်မိသ... ဒီထက်ပိုသေးသလားဆိုတာ ကိုယ့်ကိုယ်ကိုယ် မဆန်း... သေးဘူး ... အခုအချိန်အထိ သမီးမှ မှဲ့တစ်ပေါက်မစွန်း... ပါဘူး ... သမီးကိုယ်သမီး ထိန်းသိမ်းနိုင်ပါတယ် ဖေဖေ..."

ဦးမျိုးဆက် ခေါင်းညိတ်လိုက်မိသည်။ လေးလေးမြင့်အဖြေကိုလည်း သဘောပေါက်သည်။

"ဖခင်အနေနဲ့ အရွယ်ရောက်စ သမီးရဲ့ကိုယ်ရေးကိုယ်... ကိုပြောရတာ ခပ်ခက်ခက်ပဲ ... ဒါပေမဲ့ အမေမရှိတဲ့အတွ... အဖေကပဲ အမေ့နေရာကနေ ရှင်းပြရမှာပဲ ... အရွယ်ရော... လာရင် မိန်းကလေးပဲဖြစ်ဖြစ် ယောကျ်ားလေးပဲဖြစ်ဖြ... ချစ်သူရှိလာတာ ဓမ္မတာပါ ... တကယ့်ချစ်သူစစ်မှန်ရဲ့... ဆိုတာမျိုးတော့ အသက်နှစ်ဆယ်မပြည့်သေးတဲ့ဆယ်... သက်အရွယ်မျိုးမှာ အဖြေမှန်မထွက်တတ်ပါဘူး ..."

"အန်(န်)ဖကျူးအေးရှင်းလို့ ခေါ်တဲ့ ဆန္ဒရှုပ်စိတ်အ... လှုံ့ဆော်မှုကြောင့် ... ကိုယ်နဲ့နီးစပ်နေတဲ့ ယောကျ်ား... ယောက်ကိုပဲ ချစ်သူလို့မှားမှားယွင်းယွင်းယူဆတတ်ကြတ...



အဲဒါက စနေ့ကိုယ်က သွေးသားကတောင်းဆိုတဲ့ ချစ်သူမျိုးပဲ ..."

"နောက်တစ်ခုက နှလုံးသားကတောင်းဆိုတဲ့ အချစ်စစ် အချစ်မှန်ဆိုတဲ့ (ထရူးလပ်(ဗ်)ပဲ သမီး ... အဲဒီ အချစ်စစ် အချစ်မှန်က အားနဲ့တဲ့မိန်းမသားက အားကိုးအားထားပြုပြီး ချစ်တဲ့စိတ်၊ ချစ်သူကို ယုယပိုက်ထွေးလိုတဲ့မိန်းမသား မိခင်စိတ်ပေါင်းစပ်ပြီးထွက်လာတဲ့ အချစ်မျိုး အဲဒီနှစ်ခုကို လေးလေးသေချာစဉ်းစား၊ ဖေဖေ့အမြင်မှာတော့ ကျော်စိုးမင်းအပေါ်မှာ သမီးခင်မင်ရာက စိတ်ကစားတာလောက်ဖြစ်မှာပါ၊ လေးလေး လုံးဝဖြတ်လိုက်ပါ ..."

လေးလေး ခေတ္တမျှ ငြိမ်သွားသည်။ ပြီးမှ ဖခင်ကို ...နှာချင်း ဆိုင်လိုက်နိုင်၏။

"ကိုဝင်းမောင်ထွန်းရဲ့ ဆုံးမသွန်သင်မှုကို လေးလေး ကျေနပ်စွာ ခံယူပါ့မယ် ... ဒါပေမဲ့ ကိုကျော်စိုးမင်းကို ဆက်သွယ်နေတာတော့ ဖြန်းခနဲ ယတိပြတ်ကြီး မဖြတ်ချင်ဘူး ... ဒီလိုပြောလို့ သူ့ကို မဖြတ်နိုင်ဘူးလို့ မထင်ပါနဲ့ ဖေဖေ ... လေးလေးမှာလည်း အပေါင်းအသင်းအထိုက်အလျောက်ရှိနေပါတယ် ... ယတိပြတ်ကြီးဖြတ်လိုက်တာနဲ့ လေးလေးရဲ့ ... အသိုင်းအဝန်း ... အပေါင်းအသင်းတွေရော ... ကိုကျော်စိုးမင်းကရော သူ့အဖေ ဩဇာကို မလွန်ဆန်ဝံ့ရှိလို့ ကျော်စိုးမင်းကို ချစ်လျှက်နဲ့ အဆက်ဖြတ်လိုက်ရတယ်လို့ ထင်ကြမှာ အမှန်ဘဲ ... သူတို့အားလုံးရဲ့ သနားစရာ မိန်းကလေးပါလားလို့ ထင်တာကို လုံးဝမခံချင်ဘူး ..."

ဦးမျိုးဆက် ခေါင်းညိတ်လိုက်မိသည်။ လေးလေး

www.burmeseclassic.com

www.burmeseclassic.com



စကားက မှန်သင့်သလောက်မှန်ပါ၏။ သူ့မှာလည်း သူ့အသိ
အဝန်းနှင့် သူပဲမဟုတ်လား။

"နောက်တစ်ခုက ကိုကျော်စိုးမင်းအပေါ် စိတ်ကစား
လား ... အချစ်စစ်နဲ့ ချစ်တာလားလို့ သမီးဘာသာ
ပိုင်းခြားပိုင်ခွင့် အချိန်ပေးပါလား ... ဒီအတောအတွင်း
ကိုကျော်စိုးမင်းနဲ့ အဆက်အသွယ်ရှိချင်လဲ ရှိနေဦးမှာ

"ကောင်းပြီလေ ... ဒါဆို သမီးက အချိန်ဘယ်လောက်
ချင်လဲ ..."

"တနင်္ဂနွေ တစ်ပတ်လောက်ပါ ဖေဖေ ... ဒီအတော
အတွင်း သမီးဆုံးဖြတ်ပါ့မယ် ... တကယ်လို့မှ ဝေဖန်
ခြားလို့ မရသေးရင် နောက်ထပ်တစ်ပတ်လောက် အ
ပေးပါလို့ အချိန်ထပ်တောင်းပါရစေ ... ဒါပေမဲ့ သမီးတ
အချိန်မဆွဲထားဘူးလို့လည်း ကတိပေးပါတယ် ..."

"ကောင်းပြီ ... သမီးဆန္ဒကို ဖေဖေလိုက်လျောပါ့မယ် ...
ဒါဆိုရင် သမီး ဆေးဖြတ်နိုင်ဖို့ အခုအချိန်ကစပြီး ဖြ
တော့ ... လက်ကျန်စီးကရက်တွေအားလုံး ဖေဖေ့လက်
အခုပဲ အပ်ပါလား သမီး ..."

"အပ်မယ် ဖေဖေ ... အခုပဲ သွားယူလိုက်ပါ့မယ် ..."

လေးလေးမြင့်က လက်ကျန်စီးကရက် လေး
နှင့်တစ်ပိုင်းကို အပေါ်ထပ်သို့ တက်ရောက်ယူပါလေတော့၏။

ဦးမျိုးဆက်သည် ဝါရင့် ရဲအရာရှိဟောင်းကြီး
ယောက်ပီသလွန်းသည်။ လိမ္မာပါးနပ်စွာ ကိုင်တွယ်နိုင်ပါလေ



## အခန်း (၈)

ဆေးဖြတ်ရသည်မှာ တကယ်တော့ လွယ်လှသည်တော့မဟုတ်။ ဒါပေမဲ့ လေးလေးမြင့်ကိုယ်တိုင် ဖြတ်လိုစိတ်ရာနှုန်းများနေခဲ့၍ သူမကို ဆေးဖြတ်ရသည်မှာ ထင်သလောက်တော့ ... ခက်လှ။

မထမနေ့တွင် ထိုးဆေး သောက်ဆေးရိုးရိုးဖြင့်ရသည်။ သူမ သောက်သုံးသည့် ဘိန်းဖြူအငွေ့အသက် သူမ ခန္ဓာကိုယ်အတွင်း အငွေ့အသက် ကျန်ရှိနေသေးသည်ကိုး။

ဒုတိယနေ့နှင့် တတိယနေ့များတွင် ဆိုးရွားစွာ ကိုင်တွယ်ရပါလေသည်။

မျက်စိကို လေးလေးမြင့် မှိတ်ထားသည်။ ခုတင်ပေါ်တွင် လူးလိမ့်နေခဲ့သည်။ နှိပ်စေ့တပ် အင်္ကျီကြယ်သီး တချို့ပြုတ်ထွက်ကုန်သည်။ ထဘီအနားစသည် ခြေသလုံးအထက်လန်တက်သည်။

ဖခင်ဖြစ်သော ဦးမျိုးဆက် မကြည့်တော့။

"ထွန်းထွန်း ... မင်းဟာ ဆရာဝန်ပဲကွာ ... မမြင်ဝံ့ဆေးဆရာလို့ စကားပုံရှိနေသားပဲ ... နောက်ပြီး ထွန်းထွန်းက

www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းမဟုတ်ဘူး ... အန်ကယ်(လ်)ရဲ့သားပဲ ... ကုသ[illegible]
အခါ လိုအပ်သလိုလုပ်ပါ ထွန်းထွန်း ... ”

ထိုမျှပြောပြီး အန်ကယ်(လ်)ဦးမျိုးဆက် ထွက်သွား ပါ၏။

ဒေါ်သာအုံကို ဝင်းမောင်ထွန်း ခေါ်ထားခဲ့သည်။ သို့သော် အင်မတန် ကျန်းမာသန်စွမ်းသော လေးလေးမြင့်အား ... အတွားကြီး ဒေါ်သာအုံက နိုင်အောင်အဘယ်သို့ ထိန်းချုပ်နိုင်ပါ[illegible] နည်း။

“ဟဲ့ ... ဟဲ့ ... လုပ်ပါဦး ... ငါမနိုင်ဘူး ... လေးလေး[illegible]
သောက်ကျိုးနဲ့ သန်တယ်ဟယ် ... ”

ဟု အော်ရင်း ဒေါ်သာအုံပါ ခုတင်ပေါ်တွင် ဗလုံး ဗထွေးဖြစ်နေပြီး ဖုတ်ခနဲ ခုတင်အောက်သို့ ဒေါ်သာအုံ ပြုတ်ကျ သွားသည်။

ဝင်းမောင်ထွန်း ဝင်၍ လေးလေးမြင့်ကို ချုပ်ကိုင်ရ တော့သည်။

လေးလေးမြင့်ကို ပယ်ပယ်နယ်နယ် ပွေ့ဖိုက်ထားရ တော့သည်။

အားမာန်နှင့် ဖက်ထားရသည်။ ယင်းသို့ မချုပ်၍ မဖြစ်။ လေးလေးမြင့်က ဆေးထပြီဆိုသည့်အခါ ယားယံသော သူ့ ခန္ဓာကိုယ်အနှံ့ကို ကုတ်ဖဲ့တော့သည်။ သူ့မ လက်သည်းများက ရှ[illegible] မြသော အရှည်ရှိသည်။ လက်သည်းချွန်က ဓားဦးနှင့် မခြားလှ[illegible]

ဒေါ်သာအုံ မနိုင်သော အပိုင်းတွင် လေးလေးမြင့် မှာ သူ့မလက်လှမ်းမီရာ ခါး၊ ပေါင်တို့ကို ကုတ်ခြစ်သဖြင့် လက် သည်းအချွန်ရာ၊ အစင်းရာတွေ ဓားရှသလို ထင်ခဲ့ပြီ။ ဆူခြစ်မိသလို



အစင်းရာတွေ ရှိနေခဲ့ပြီ။

ဒေါ်သာအုံလည်း မလွှတ်။ ဒေါ်သာအုံ၏ ပါးပြင်၊ နဖူးပြင်တို့တွင် ဆူးခြစ်သလို အစင်းကြောင်းတွေ ထင်သွားခဲ့ရပြီ။

ဝင်းမောင်ထွန်းလည်း ခံလိုက်ရသေးသည်။

လည်ပင်းနှင့် ရင်ညွန့်အထက်ပိုင်းတို့တွင် လေးလေး မြင့် လက်သည်းချွန်မိသွားသေးသည်။

ထိုအခါမျိုးတွင် ဒေါ်သာအုံ အကူအညီယူကာ ချုပ် ကိုင်ပြီး စိတ်ငြိမ်ဆေးထိုးပေးရသည်။

ဆေးထိုးပြီး ခဏအကြာတွင် လေးလေးမြင့်သည် ဘာမှ မလုပ်ခဲ့သော အပြစ်ကင်းသည့် ကလေးငယ်တစ်ဦးပမာ ... တရှူးရှူး အိပ်မောကျသွားတော့၏။

ဝင်းမောင်ထွန်းကအိပ်ပျော်နေသော လေးလေးမြင့် ကို ငုံ့ကြည့်မိသည်။ နဖူးပြင်တွင် စို့သီနေသော ချွေးစက်လေးများကို သုတ်သွားသုတ်ပေးခဲ့သည်။ ယခုလို ငြိမ်သက်သွားသည့်အချိန်တွင် လေးလေးမြင့်အား ပွေ့ဖက်မိသည်များကို သာယာသလိုဖြစ်မိရ၏။

ဘာပဲပြောပြော အတွေ့သည် အငွေ့မဟုတ်။

ပြီးတော့ အရွယ်ရောက် မိန်းမပျိုတစ်ဦးအား ပွေ့ ဖိုက်ဖူးခြင်းမှာ လေးလေးမြင့်သည် သူ့ဘဝတွင် ပထမဆုံးသော မိန်းကလေးပဲ ဖြစ်ပါ၏။

ပထမဆုံးသော မိန်းကလေးကလည်း ပြောစရာမရှိ ပါလေသော မိန်းကလေးမျိုးဖြစ်နေပါလေသည်။ ရှိသမျှ အလှတွေ ရှိနေသော မိန်းကလေးမျိုး။

သည်တော့။

“ဟာ ... ငါဆရာပဲ ... အခုဟာက ဆေးကုနေတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦး တစ်ဦးနဲ့တစ်ဦး ယုယနေကြတာမျိုးမှမဟုတ်တာ ... ”

ဟု စိတ်ကိုတင်းပြီး ဝင်းမောင်ထွန်းအတွေးကို ... မောင်းနှင်ရပါလေ၏။ စတုတ္ထနေ့တွင် လေးလေးမြင့် နေရထိုင်ရ သက်သောင့်သက်သာဖြစ်လာခဲ့သည်။ သို့သော် ... အိပ်ဆေး၊ ငြိမ်ဆေးများကြောင့် တစ်ကိုယ်လုံး နုံးနေခဲ့၏။ မလှုပ်ချင် မရှားချင် အိပ်ရာပေါ်မှာဘဲ လှဲနေခဲ့သည်။

ဒေါ်သာအုံကတော့ လေးလေးမြင့်အပါးမှာ အမြဲ မပြတ်ရှိနေခဲ့သည်။ လူနာအခြေအနေကောင်းလာပြီမို့ ဝင်းမောင် ထွန်း အပြင်မှာဘဲ ထွက်နေခဲ့သည်။ လိုအပ်လျှင်တော့ လာခေါ်ပါ ဟူ၍ ဒေါ်သာအုံကို မှာခဲ့ပါ၏။

လေးလေးမြင့်က မိမိအား ခြေဆုပ်လက်နယ်ပြုနေသော ဒေါ်သာအုံအား ငေးကြည့်ရင်းမှ နဖူးနှင့်ပါးပြင်ရှိ ခြစ်ရာများကို တွေ့သွားခဲ့သည်။

“ဒေါ်သာအုံ နဖူးနဲ့ပါးမှာ ခြစ်ရာတွေနဲ့ပါလား ဘာဖြစ်လို့လဲ”

“ညည်း လူမှန်းမသိတုန်းက လက်သည်းနဲ့ ရှန်းရင်းကန်ရင်း ကုတ်ခြစ်ထားတာလေ ... လက်သည်း ချွန်ရာတွေပေါ့ ... ဟိုဆရာဝန်လေးမှာလည်း လည်ပင်း ... ရင်ညွန့်မှာ ညည်း လက်ရာတွေ ပွနေတာပေါ့ လေးလေးရဲ့ ... ”

“တကယ် ... ”

“တကယ်ပေါ့ကွယ် ... ဆရာကြီးက ကိုယ့်သမီးလေးကို မကြည့်ရက်ထင်ပါရဲ့ ... အပြင်ထွက်သွားတယ် ... ”

“အဲဒီလောက်တောင် လေးလေး ဖြစ်သွားသလား ... ဒေါ်သာအုံရယ် ... ”



“ဖြစ်တာမှ နှစ်ရက်ဆက်တိုက်ပဲ လေးလေး ... ဒုတိယနေ့ဆို လေးလေး အတင်းရုန်းတာကို ဒေါ်သာအုံ မနိုင်ဘူးလေ လေးလေးရဲ့ အားကို ဘယ်နိုင်မှာလဲ ... ခုတင်ပေါ်ကကို ဒေါ်သာအုံ ပြုတ်ကျရော ... ဒါနဲ့ ဆရာဝန်လေးက လေး လေးကို အတင်းဖက် အတင်းချုပ်ရတယ် ... ”

“သူက အတင်းဖက်တယ် ... ဟုတ်လား ... ”

“ဖက်ရသပေါ့တော် ... ဆရာဝန်လေးသာ နိုင်အောင်ဖက် မထားနိုင်ရင် လေးလေးလည်း ခုတင်ပေါ်က လိမ့်ကျမှာပေါ့ ... မနေ့ကလည်း ဒီလိုပဲ ဆရာဝန်လေးပဲ ဖက်ထားရတာ ... ဒီနေ့မှ လေးလေး သက်သာလာတာ ... ”

လေးလေးမြင့်ကျောကိုစိမ့်သွားသည်။ ကိုဝင်းမောင် ထွန်း၏ ရင်အုပ်ထွားထွားကြီးကြီးမားမား လက်မောင်းအိုးတွေကို ချက်စိတ်ထဲအလိုလို မြင်မိသည်။

“ဒီမှာ ဒေါ်သာအုံ ... လေးလေး သတိလစ်တုန်းက ပေါင် ပေါ် ဒူးပေါ်ဖြစ်နေမှာပေါ့နော် ... ”

“ဖြစ်တာပေါ့ ... လေးလေးရဲ့ အကျႌနိပ်စေ့တွေတောင် ပြုတ် တဲ့ဟာကပြုတ်ကုန်တယ် ... ”

“ဘုရား ... ဘုရား ... ”

“ဟို ... ဟို ကိုဝင်းမောင်ထွန်း ဘာတွေမြင်သွားသလဲဟင် ဒေါ်သာအုံ ... ”

“သူက မျက်နှာလွှဲနေပါတယ် ... ဒေါ်သာအုံက လိုက်ဆွဲချုံ တာပေါ့ ... နိပ်စေ့တွေလည်း ဒေါ်သာအုံ ချက်ချင်းပြန်တပ် ပေးတယ် ... သူက ဘာမှမမြင်ပါဘူး ... ”

ဒေါ်သာအုံက ပြောသော်လည်း လေးလေးမြင့်ရှက်

www.burmeseclassic.com

မိပါလေ၏။

"ဒီလိုမှန်းသိရင် လေးလေး ခေါင်းစွပ်စပို့ရှပ်နဲ့ ဘောင်းဘီရှည်ဝတ်ထားပါတယ် ဒေါ်သာအုံ ... "

"အင်း ... စပို့ရှပ်တော့ ဝတ်လို့ရမယ် ... ဘောင်းဘီအရှည်တော့ ဝတ်ခွင့်ပေးမှာမဟုတ်ဘူး ထင်တယ် ... "

"ဘာဖြစ်လို့လဲ ဟင် ... "

"လေးလေးရဲ့ တင်းပါးကိုလည်း ဆေးထိုးရသေးတာပဲ ... ဘောင်းဘီနဲ့ဆို ဘယ်ဖြစ်မလဲ ... ဘောင်းဘီတွေက အကျပ်တွေပဲ ... ထဘီဆိုတော့ အထက်ဆင်ခါးစည်းကိုဖြေပြီး လျှော့ချရလွယ်တယ် မဟုတ်လား ... "

"တင်ပါးလည်းထိုးရတယ် ဟုတ်လား ... "

"အင်းလေ ... "

"အို ... ရှက်လိုက်တာ ဒေါ်သာအုံရယ် ... ဒီလိုမှန်းသိရင် ဖေဖေ့ကို အစကတည်းက အမျိုးသမီးဆရာဝန် ခေါ်ခိုင်းပါတယ် ... "

"လွယ်မလား လေးလေးရယ် ... တော်ရုံ အမျိုးသမီးဆရာဝန်ဆို လေးလေး တွန်းတွန်းထိုးထိုးလုပ်တာနဲ့ အပြင်ဘက်တောင် လွင့်သွားဦးမယ် ... ဆရာဝန်လေး ဒီလောက်ဖလကောင်းတာတောင် လေးလေး အကုတ်အခြစ်ခံရသေးတာ"

ဟင်းခနဲသက်ပြင်း သူမ ချဖြစ်သည်။ လေးလေးမြင့်အဖို့ ကျော်စိုးမင်းနှင့် အတွေ့သွား အတွေ့လာနေသည် ဆိုစေကာမူ လေးလေးမြင့်၏ လက်ကလေးကိုပင် ကျော်စိုးမင်း ကိုင်ခွင့်ရခဲ့သည် မဟုတ်။



လေးလေးမြင့်က သူမကိုယ်တိုင် အထိမခံ၊ ထိန်း... စောင့်ရှောက်ပါလေ၏။ ယခုမူ ဒေါက်တာဝင်းမောင်ထွန်းက ...ကိုယ်ကို တစ်ကိုယ်လုံး ပွေ့ဖက်ခဲ့သည်တဲ့။ သူမရင်တွေ တလှပ်...စားမိသည်။ ဘာကြောင့်မှန်းတော့ သူမ ... မပြောတတ်။ ...မိသည်နှင့် ရင်တဖိုဖိုဖြစ်မိရပါ၏။

ထိုအချိန်မှာပင် ဒေါက်တာဝင်းမောင်ထွန်း ဝင်လာ...သည်။

"ကဲ ... မလေးလေးမြင့် ဆေးထိုးချိန်ရောက်ပြီ ... "

"ဘယ်မှာ ထိုးမှာလဲ ... "

"တင်ပါးမှာ ... "

"ဟင့်အင်း မထိုးချင်ဘူး ... လက်မောင်းမှာထိုး ... "

"ဘားပလက်(စ်)ဆေးက အသားထဲဝင်တဲ့အခါ နာတယ် တင်ပါးကျတော့ နာတာသက်သာတာပေါ့ မလေးလေးမြင့်"

"အို ... တင်ပါးမှာ မထိုးချင်ပါဘူး ဆိုနေမှ ... လက်မောင်းမှာဘဲထိုးမယ် ... "

ဝင်းမောင်ထွန်း ပြုံးလိုက်သည်။

"မမြင့်ဝှံ ဆေးဆရာတဲ့ ... ဆရာဝန်တစ်ယောက်အနေနဲ့ အမျိုးသမီးလူနာတွေရဲ့ တင်ပါးကို မြင်တာမဆန်းပါဘူး ... မလေးလေးမြင့် ... ဟောက်(စ)ဆာဂျင်ဘဝတည်းက ... အမျိုးသမီးပေါင်းစုံရဲ့ တင်ပါးကို ဆေးထိုးခဲ့ရတာပါ ... မလေးလေးမြင့် တင်ပါးနှစ်ဖက်ကိုလည်း နှစ်ဖက်လုံး ရှေ့နိ တော်ထိုးပေးခဲ့ပြီးပြီပဲ ... "

"ဒါက သတိလစ်နေတုန်း ထိုးခဲ့တာပဲလေ ... "

www.burmeseclassic.com



"ဒါဆိုရင် မလေးလေးမြင့် သဘောအတိုင်းပဲ ... ဆေးမထိုး လို့ကတော့ မရဘူးလေ ..."

ဝင်းမောင်ထွန်းခါးကိုင်းသည်။ လေးလေးမြင့်လက် မောင်းကို ကိုင်တွယ်ပြီး ဆေးထိုးသင့်သော နေရာကို ရှာသည်။

ဆေးထိုးမည့်နေရာကို ဝင်းမောင်ထွန်းက အရက်ပံ့ ဖြင့် ဆွတ်သည်။ ပွတ်ပေးလိုက်၏။

"ဆေးထိုးမယ်နော် ... နည်းနည်းတော့နာမယ် ..."

အပ်အဝင်မနာသော်လည်း ဆေးသွင်းတော့မှ နာ တော့သည်။

"အား လားလား ... နာတယ် ... နာတယ် ..."

နာကျင်မှုကြောင့် လေးလေးမြင့်က ဝင်းမောင်ထွန်း ၏ ပခုံးကို မျက်စိမှိတ်အေအံရင်း ဆုတ်ထားမိတော့သည်။

မျက်စိဖွင့်တော့မှ ကိုင်ထားသော ပခုံးမှလက်ကို ရုတ်ရင်း ဝင်းမောင်ထွန်း မျက်နှာနှင့် ရင်ညွန့်တဝိုက်ကို ကြည့်လိုက် မိသည်။

ဟုတ်သားပဲ။ ဝင်းမောင်ထွန်းမျက်နှာနှင့် ရင်ညွန့် အထက်မှာ အနီစင်း လက်သဲရာတွေ။ သူမ သနားလိုလိုခံစားမိ သည်။

ဝင်းမောင်ထွန်း အကြည့်နှင့်ဆုံမိသည်။

လေးလေးမြင့် ရင်ခုန်လာမိသည်။ လှုပ်ခါနေသည့် ရင်ကို တည်ငြိမ်အောင် သူမ ထိန်းထားရတော့သည်။ အကြည့်လွှဲ လိုက်မိ၏။

"မလေးလေးမြင့် အခြေအနေအတော်ကောင်းလာပါပြီ ... ဆေးဒဏ်ကြောင့် စိတ်မကြည်လင်တာ ... ထိုင်းမှိုင်းတာ



မျိုးဘဲ ရှိမယ် ... ဒေါ်သာအုံနဲ့ ခြံထဲလမ်းလျှောက်ပါလား ဒါမှမဟုတ် ဧည့်ခန်းမှာထိုင်ပြီး တိပ်ရီကော်ဒါတို့ ဘာတို့ နားထောင်လေ ... စိတ်အာရုံပြောင်းတဲ့ သဘောပေါ့"

"မထွက်ဘူး ... နားမထောင်ဘူး ..."

"ကျွန်တော်နဲ့ မလေးလေးမြင့်ကြားမှာ စိတ်ဆိုးစရာ ... အကြောင်းမရှိဘူး ထင်ပါတယ် ..."

"မသိဘူး ... မသိဘူး ..."

ဝင်းမောင်ထွန်း မျက်နှာပျက်သွားသည်။ သက်ပြင်း ချသံကို လေးလေးမြင့် ကြားလိုက်ရသည်။

"မလေးလေးမြင့်ကို ဆေးဖြတ်စေချင်တာ အန်ကယ်(လ်) ကျွန်တော်ကတော့ လူနာရှင်က အကူအညီတောင်းရင် ဆေးကုပေးရမှာပါ ... ဆေးဖြတ်လိုက်ရလို့ စိတ်ဆိုးနေရင် လည်း ကျွန်တော်ဆက်မကုတော့ပါဘူး ... အန်ကယ်(လ်) ကို ကျွန်တော် ပြောလိုက်ပါ့မယ် ..."

"အို ... ဖေဖေနဲ့ မတိုက်ပေးပါနဲ့ ... ဒီအဖေနဲ့ ဒီသမီးပဲရှိတာ"

"မန္တလေးမှာ လုပ်ကိုင်စားသောက်မယ်ဆိုရင် ကျွန်တော့်လို တစ်ကိုယ်ရေတယသမားတွက် စားရေးနေရေးမခက်ခဲပါ ဘူး ... ဒါပေမဲ့ သီရိမြိုင်ကို အန်ကယ်(လ်)က လာစေချင်တဲ့ ဆန္ဒကြောင့် မလေးလေးမြင့် မလာစေချင်တဲ့ကြားက ကျွန် တော် ရောက်လာခဲ့တာပါ ... ကျွန်တော့်မှာလည်း အန် ကယ်(လ်)ရဲ့ ဆန္ဒကို မပယ်ရှားနိုင်တာတွေ ရှိသလို မလေး လေးမြင့်လည်း ဖခင်ရဲ့ ဆန္ဒကို မဖယ်ရှားနိုင်တာတွေ ရှိမှာ ပါ ... အန်ကယ်(လ်)က ကျွန်တော်နဲ့ မလေးလေးမြင့်ကို ရည်ရွယ်ကောင်း ရည်ရွယ်ပါလိမ့်မယ် ... မလေးလေးမြင့်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကြားမှာ ကျွန်တော်က ဖျက်မြင်းအဖြစ်ရောက်
တယ် ထင်ချင်ထင်မှာပဲ ... စိတ်ချပါ ... မလေးလေး
မလိုလားရင် အန်ကယ်(လ်)က ဖွင့်ပြောလာခဲ့ရင် ခါး
သီး ငြင်းပေးမှာပါ ... "

"အို ... ဘာတွေပြောနေမှန်း မသိဘူး ... ကျွန်မမှာ ချ
မရှိဘူး ... "

ဝင်းမောင်ထွန်းက သူမတွင် ချစ်သူရှိသည်ဟု
လာသည်ကို မခံနိုင်သလို ဖြစ်လာခဲ့သည်။ ဒီလိုကျတော့ သူမ
ဗ္ဗာမျိုးဖြစ်လာခဲ့သည်။ ထိုကြောင့်ပင် လေးလေးမြင့်က ချစ်သူ
ကြောင်း ပြောလိုက်မိခြင်းပဲဖြစ်ပါ၏။

"ဒါဆိုရင်တော့ ဆောရီးပေါ့ ... ကျွန်တော်က မလေး
မြင့် ကျွန်တော့်အပေါ် သံသယကင်းရှင်းအောင်ပြောပြ
ပြတာပါ ... တိပ်ရိုကော်ဒါထဲမှာ မလာပါနဲ့လို့ ကျော်စိုး
ကရေးနိုင်းတာကို ကြားလိုက်ရလို့ ကျော်စိုးမင်းက
တော့်ကို ပြိုင်ဘက်လုဘက်လို့ သဘောထားတာပဲလို့ထင်
ပြောမိတာပါ ... အဲသည်လိုပဲ မလေးလေးမြင့်ကလည်
ကျွန်တော့်ကို ဆူးညှောင့်ခလုတ်လို့ထင်ပြီး စိတ်ဆိုး
တယ် ထင်လို့ပါ ... "

ပြောပြီးသည်နှင့် ဝင်းမောင်ထွန်း လှည့်ထွက်သွား
လေ၏။ သူထွက်သွားလေမှ လေးလေးမြင့်က မျက်စိတစ်ဆုံး
ကျောပြင်ကို လိုက်လံငေးကြည့်မိပါလေတော့သည်။



## အခန်း (၉)

ဦးမျိုးဆက်က သမီးဖြစ်သူ အခြေအနေကောင်းလာမြင်တော့ အပြုံးဖြင့် ဝင်းမောင်ထွန်းကို ကြည့်လိုက်သည်။

"လေးလေး အခြေအနေက ... ထင်ထားတာထက် သိပ်ကောင်းနေတယ် ထွန်းထွန်း ... ထွန်းထွန်းကို ကျေးဇူးတင်တယ်လို့ မပြောချင်ဘူး ... ထွန်းထွန်းက အန်ကယ်(လ်)ရဲ့ မိသားစုပဲလေ ... "

"အခု အခြေအနေက မလေးလေးမြင့်ကို စိတ်ချလို့မရသေးပါဘူး ... မရှိလို့ ဘိန်းဖြူမမှီဝဲရပေမယ့် နေနိုင်တာ တစ်ခုတည်းပဲ ရှိသေးတယ် ... တကယ် လုံးလုံးလျားလျားဖြတ်ဖို့ဆိုတာက သူနဲ့ပတ်သက်တဲ့ အသိုင်းအဝန်းနဲ့ မတွေ့မှဘဲဖြစ်မယ် ... အပြင်ထွက်လို့ တွေ့တာနဲ့ စိတ်မခိုင်လို့ ပြန်သောက်ရင်တော့ မပြတ်နိုင်ပါဘူး ... အန်ကယ်(လ်)"

"ဒီတော့ ဘာလုပ်သင့်သလဲ ... "

"အကောင်းဆုံးက မလေးလေးမြင့်ကို ကိုယ်တိုင်ဘိန်းဖြူနဲ့ ကြီးမားတဲ့ဆိုးကျိုးကို စိတ်ထဲကကိုတွေးကြောက်သွားမှဖြစ်မယ်၊ အဲဒါက မလေးလေးမြင့် ဖတ်နိုင်တဲ့ ပညာပေးစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေကိုရှာပေးဖို့ပါပဲ ... ဘိန်းဖြူအန္တရာယ်ကြောင့် လူ
တုံးသွားတဲ့ အကြောင်းအရာတွေ ဓာတ်ပုံတွေပါတဲ့စာ
မျိုးပေါ့ အန်ကယ်(လ်)၊ အပြင်မှာ ရှာမရရင် ဆရာဝန်
အသင်းက စာကြည့်တိုက်မှ သွားမရှာမယ် အန်ကယ်(
"အေး ... အဲဒီမှာတော့ ရှမှာသေချာတယ် ... "
"စာအုပ်ရလာတဲ့အခါအန်ကယ်(လ်)ကိုယ်တိုင် မလေး
မြင့် နားဝင်အောင် ကြောက်လာအောင် ပြောပြပေး
"ဖြစ်ပါ့မလား ... အန်ကယ်(လ်) အင်္ဂလိပ်စာကို ဖတ်နိုင်
မဲ့ ဆေးပညာနဲ့ ပတ်သက်တာတွေကျတော့ အန်ကယ်(
ဖတ်လို့ နားလည်နိုင်မယ်မထင်ဘူး ... ထွန်းထွန်းကိုယ်
ပဲ ဖတ်ပြ ... ပြောပြပေးပါလား ... "
"ကျွန်တော် ပြောချင်ပေမဲ့ မဖြစ်နိုင်ဘူး ထင်ပါတယ်
ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်လေ ... စာအုပ်ရလာရင်
ကယ်(လ်)ကို ကျွန်တော်ရှင်းပြပေးပါ့မယ် ... "
"ကောင်းပါတယ် ထွန်းထွန်း ... နောက်ထပ် ပြော
သေးတယ် ထင်တယ် ... "
"သူခိုးကိစ္စကိုတော့ ပြောချင်ပါတယ် ... သူခိုးဟာ နော
တစ်ခါလာဖို့ သေချာပါတယ် ... သူလိုချင်တဲ့ ပစ္စည်း
အိမ်ကြီးရဲ့ အပေါ်ထပ်မှာဘဲ ရှိမယ်လို့ သူတွက်ထား
အောက်ထပ်ကတော့ ကျွန်တော် သိရှိမြင်ကို မရောက်
ခင်ကတည်းက မွှေပြီးဖြစ်နိုင်ပါတယ် ... ခွေးတွေ အ
တာ သေနတ်နဲ့ အပစ်ခံရတာတွေ ဆက်စပ်ကြည့်ရင် သ
ပါတယ် ... "
"ထားပါတော့ ... အန်ကယ်(လ်)တို့ မနိုးဘူးဆိုတာ



ဒါပေမဲ့ ဖိုးလူတို့ လင်မယားက အောက်ထပ်မှာ အိပ်တာပဲ ထွန်းထွန်း ... "

ဝင်းမောင်ထွန်း ... ပခုံးကို အမိပ္ပါယ်ပါရှိစွာ တွန့်ပြ
က်သည်။ သူပခုံးတွန့်တာကို ဦးမျိုးဆက် သဘောပေါက်ပုံရ
ည်။ သူခိုး လွယ်ကူစွာ အိမ်သားတွေမသိအောင် ဝင်နိုင်သည်ဆို
ော့ အတွင်းလူပါနိုင်ဖို့ များနေခဲ့ပြီ။

လေးလေးမြင့် ... သူမက မိမိ၏ သမီးအရင်း။ ဖခင်
ျိုးမဲ့အောင် မလုပ်တန်ရာ။

ဒါဆိုလျှင် ... ဖိုးလူတို့ လင်မယားဘဲရှိသည်။

ဒါကရော ... ။

ခက်သည်။ ပြောနေကျစကားနှင့် ပြောရလျှင် လူရိုး
ာ သချိုင်းကုန်းမှာဘဲရှိသည်။ ကျွန်ယုံလျှင် တစ်ဖက်ကန်းတို့
ားရိုးကန်းတို့၊ လူယုံသတ်၍ သေဆိုတာတွေ ရှိနေတာပဲ
တ်လား။

"ဘာပဲဖြစ်ဖြစ်လေ ... သံသယရှင်းအောင်တော့ ဒီတစ်ခါ သူခိုးဝင်လာရင် အဖြေမှန်ပေါ်ဖို့ ကျွန်တော်စီစဥ်ထားတာရှိပါတယ် ... ကျွန်တော် အပြင်ထွက်ပြီး ပစ္စည်းဝယ်ရမယ် အန်ကယ်(လ်) ... အဲဒီအတွက် ငွေတစ်ထောင်လောက်လိုပါတယ် ... မအောင်မြင်ခဲ့ရင်တော့ ပစ္စည်းတန်ဖိုးတော့ ... နည်းနည်းပါးပါး ဆုံးရှုံးမှာပေါ့ ... အဲဒီအတွက် ပစ္စည်းပြန်ရောင်းလို့ရနိုင်ပါတယ် ... "

"ကိစ္စမရှိပါဘူး ထွန်းထွန်းရယ် ... ဆုံးရှုံးသွားတော့ရော ဘာမှမဖြစ်ပါဘူး ... ငွေရေးကြေးရေး မပြောနဲ့ကွယ် ... "

ဦးမျိုးဆက် အိမ်အပေါ်ထပ်သို့ တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်း ပြန်ဆင်းသည်။ ထွန်းထွန်းလက်သို့ ငွေတ
ထောင်အုပ်ကို ပေးပါလေ၏။

"အပြင်သွားရင် သတိထားသွားနော် ... ရန်ကုန်ရောက်စ
လူဆိုး လူမိုက်သုံးယောက်ဟာ ထွန်းထွန်းကို အခဲကြေ
မှ ကြေနိုင်မယ် ... အော် ... ဖိုးလူကို ခေါ်သွားပါလား ...
အဖော်လည်းရတယ် ... ပြီးတော့ ထွန်းထွန်းက ရန်ကု
လမ်းတွေကို ကျွမ်းကျင်မှာ မဟုတ်ဘူး ..."

"အဘဖိုးလူကို မခေါ်ချင်ဘူး ... ကျွန်တော် ဘာပစ္စည်းတွေ
ဝယ်တယ်ဆိုတာ မသိစေချင်လို့ပါ ... ကားကို ကျွန်တော်
ယူသွားပါရစေ ... ရန်ကုန်မြေပုံကို ကျွန်တော် သေသေချာချာ
လေ့လာထားပြီးပါပြီ ... မြေပုံကိုလည်း ယူသွားပြီး မြေပုံ
ကြည့်မောင်းမှာပါ ... နောက်ပြီး ကျွန်တော်သွားမှာက ဝန်း
ဆိုးတာန်းက စမတ်အင်မူကာဒန် စာအုပ်ဆိုင်ကိုပဲ သွားမှာပါ
အဲဒီမှာ မရမှ ဆရာဝန်များ အသင်းတိုက်သွားမှာပါ"

ဦးမျိုးဆက် ခေါင်းညိတ်ပြန်သည်။ ဝင်းမောင်ထွန်း
လုပ်ပုံကိုင်ပုံတွေက စည်းကျသည်။ သူ့အကြိုက်တွေချည်း ဖြစ်ပါလေ
၏။ ပြီးတော့ ... ဝင်းမောင်ထွန်းက ဘာမဆို လေ့လာထားပုံရ၏။

တချို့ ရန်ကုန်သားစစ်စစ်တွေပင် ဝန်းဆိုးတန်းရှိ
စမတ်အင်မူကာဒန် စာအုပ်ဆိုင်တွင် ဗဟုသုတပေး နိုင်ငံခြားစာအုပ်
စာတမ်းရောင်းချခဲ့သည်ကိုမသိ။ ဒါကို ဝင်းမောင်ထွန်း သိထားပါ
လေ၏။ သည်တော့ ဦးမျိုးဆက်မှ ဝင်းမောင်ထွန်းအပေါ် သဘော
ကျနှစ်ခြိုက်ခြင်းမှာ ဘာများဆန်းတော့ပါမည်နည်း။



ဖျတ်ခနဲ လေးလေးမြင့် အိပ်ပျော်ရာမှ လန့်နိုးသွား

အပေါ်ထပ်အပြင် ... ညှို့ခန်းတွင် တစ်ဦးတစ်
တာ တဒုန်းဒုန်း ထုရိုက်နေခဲ့သည်။

သိချင်စောဖြင့် လေးလေးမြင့် အိပ်ရာမှ ထသည်။
တံခါးကို ဆွဲဖွင့်ကာ ညှို့ခန်းသို့ သူမ ထွက်လာခဲ့ပါ၏။
လား ... လား ဘယ်သူရမလဲ ဝင်းမောင်ထွန်းပဲဖြစ်

ဘောင်းဘီတို စွပ်ကျယ်လက်ပြတ်နှင့် ... ကိုးရို့
ား ဿစ်သားလှေကားမှ ဝင်းမောင်ထွန်း ဆင်းလာခဲ့သည်။
"ဒါက ဘာဖြစ်နေတာလဲ ..."

ကိုးရို့ကားယား မြင်နေသည်မို့ လေးလေးမြင့် မျက်
ကြတ်ကာ မေးသိခြင်းဖြစ်ပါ၏။

"အန်ကယ်(လ်)က ပြောတယ် ... မျက်နှာကျက်ထဲ ကြွက်
သိုက်တွေ ဖွဲ့နေသလားမသိဘူး ... ညကျရင် အသံတွေ
ကြားရတာ အိပ်မပျော်ဘူး ဆိုလို့ တက်ကြည့်ပြီး လှန့်ပြေး

www.burmeseclassic.com

www.burmeseclassic.com



အောင် အသံပေးရတာ ...”

“ချက်နှာကျက်က အိပ်ခန်းတွေနဲ့ တစ်ပြေးညီဘဲ ... ဥ ဘက်မှ လေးလေးတော့ ... အဲလေ ... ကျွန်မတော့ အ မကြားမိပါဘူး ...”

လေးလေးမြင့်က လေးလေးဟု သုံးစွဲလိုက်ပြီးမှ ... ကျွန်မဟု ပြန်ပြင်ပြောသည်ကို ဝင်းမောင်ထွန်း သတိထားလိုက်မိ သည်။ ဝင်းမောင်ထွန်းသည် မိမိဘာလုပ်နေသည်ကို အန်ကယ်(လ် ဦးမျိုးဆက်မှအပ လေးလေးမြင့်နှင့် အဘဖိုးလူတို့ လင်မယား မသိစေချင်ပေ။

အကယ်၍ သိခဲ့ပါက ပြင်ပသို့ ပေါက်ကြားနိုင်ပါ လေးလေးမြင့် သိလျှင် ကျော်စိုးမင်း သိသွားပေမည်။

မိမိက မသိစေချင်၍ အန်ကယ်(လ်)ဦးမျိုးဆက် အဘဖိုးလူတို့ လင်မယားကို ရမယ်ရှာပြီး ကားဖြင့် ခေါ်ထုတ်သွား သည်။

“ဒါတော့ မပြောတတ်ဘူး ... အန်ကယ်(လ်)က ကြွက် တယ်ထင်လို့ လုပ်ခိုင်းတာပဲ ... မလေးလေးမြင့် ဟိုတုန်း မကြားဘူးဆိုတာ ဘိန်းဖြူစီးကရက်သောက်ပြီး အိပ်တာမျိုး ဆိုရင် ဆင်အော်သံတောင် ကိုယ့်ဖီလင်နဲ့ကိုယ် ဘယ်ကြား မှာလဲ ...”

“အို ... ဒီအိမ်မှာ ကြွက်တစ်ကောင်မှ လေးလေး ... အဲ ကျွန်မ မကြားဘူး မတွေ့ဖူးပါဘူး ... တကယ်လို့ ကြားရင် တောင်မှ ဖေဖေက ဦးဖိုးလူကို လုပ်ခိုင်းမှာပေါ့ ...”

“ဒါတော့ မပြောတတ်ဘူး ... အန်ကယ်(လ်)အပြင်ထွက် သွားတယ် မလေးလေးမြင့် ... ပြန်လာမှ မေးကြည့်လေ”



ပြောပြောဆိုဆို ဝင်းမောင်ထွန်း ထွက်သွားပါလေ ဝင်းမောင်ထွန်း သစ်သားခွဲတောက်ကြီးကိုထမ်း၍ ထွက်သွား း ဖြစ်ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမောင်ထွန်းက ဖုန်တွေ၊ ချွေးတွေ ပေကျံနေ၍ သူ့အိပ်ခန်းအတွင်းရှိ ရေချိုးခန်းမှာဘဲ ရေချိုးလိုက်ပါ၏။

ထို့နောက် အဝတ်အစားလဲကာ ဧည့်ခန်းရှိရာသို့ သူဝင်ခဲ့၏။ လှေကားထစ်အလယ်တွင် ဝင်းမောင်ထွန်း ဆက်၍ မဆင်းဖြစ်ပဲ ရပ်တန့်နေမိကာ မြင်တွေ့နေရသော မြင်ကွင်းကို ကြည့်လိုက်သည်။

ဧည့်ခန်းထဲတွင် ကျော်စိုးမင်းရောက်နေခဲ့ပြီး စန္ဒရားထိုင်ခုံတွင် ကျော်စိုးမင်းထိုင်နေခဲ့ပြီး လေးလေးမြင့်အား တတွတ်တွတ်ပြောနေခဲ့သည်။ လေးလေးမြင့်က ခေါင်းခါယမ်းသည်။

လေးလေးမြင့် ခေါင်းခါယမ်းလွန်းတော့ ကျော်စိုးမင်းက ဆက်မပြောတော့။ သူ၏အိတ်ထဲမှ စီးကရက်ကိုထုတ်၍ မီးညှိသည်။ စီးကရက်မီးခိုးငွေ့များကို လေးလေးမြင့် မျက်နှာရှေ့တွင် ရစ်ဝဲစေရန် ကျော်စိုးမင်း မှုတ်ထုတ်လိုက်ခြင်းဖြစ်ပါ၏။

ထို့နောက် စီးကရက်ကို လေးလေးမြင့်အား သူကမ်းပေးပေးလိုက်သည်။ လေးလေးမြင့် မယူသေးဘဲ ငေးကြည့်နေခဲ့သည်။



ကျော်စိုးမင်း တတွတ်တွတ်ပြောသည်။ လေးလေးစိတ်ပြောင်းလဲသွားခဲ့ဟန်တူသည်။

စီးကရက်ကို လေးလေးမြင့် လှမ်းယူသည်။ နှုတ်ခမ်းကြားသို့ စီးကရက်ကို သူမ တေ့လိုက်သည်။

"ဟော့ ..."

ဝင်းမောင်ထွန်း၏ အော်သံက တစ်ခန်းလုံး ဟိန်းခဲ့သည်။ ပျာပျာသလဲဖြင့် သူတို့နှစ်ဦးလုံး လှည့်ကြည့်ကြသည်။

လေးလေးမြင့်က သူမလက်အတွင်းရှိ စီးကရက်ကို ပြင်ပေါ်သို့ ပစ်ချလိုက်သည်။

ဝင်းမောင်ထွန်း လျှောက်လာခဲ့ပြီး လေးလေးမြင့် ထားခဲ့သော စီးကရက်ကို ကောက်သည်။

"မလေးလေးမြင့် သူပေးတာကို ပြန်ပြီး လက်ခံလိုက်နေပြီလားဗျာ ..."

လေးလေးမြင့် မျက်စိပျက် မျက်နှာပျက်ကာ ခေါင်းသည်။ ကျော်စိုးမင်းက ထိုင်ရာမှ ထရပ်လိုက်သည်။

"ဒီကိစ္စမှာ ခင်ဗျားနဲ့ မဆိုင်ဘူး ထင်တယ် ... ကိုဝင်းမောင်ထွန်း ..."

"သိပ်ဆိုင်တာပေါ့ ... မလေးလေးမြင့်ဟာ ကျွန်တော့်ရဲ့လူနာပဲ ... မလေးလေးမြင့်ဟာ ဆေးဖြတ်တုန်းက အလူးအလဲခံရလို့ အကင်းတောင်မသေသေးဘူး ... ခင်ဗျား ထပ်ပြီး သွေးဆောင်ဖြားယောင်းဖို့ မကောင်းပါဘူး ... ဂျာယဏ်ရှင် ဦးမျိုးဆက်သိရင် ခင်ဗျား မလွယ်ဘူး ..."

"ဟား ... ဟား ... ဟား ... တော်တော်စကားပြောကောင်းတဲ့ ဆရာဝန်ပဲ ... ကျလည်းကျတဲ့ ဆရာဝန်ပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်က ဆရာကြီးရယ် ... ကျွန်မကို ဘိန်းဖြူဖြတ်ပေးပါလို့ ရှိခိုးတောင်းပန်ဖူးလို့လား ကိုယ်လိုရာဆွဲပြီး မပြောစမ်းပါနဲ့ ... ”

ထိုမျှနှင့် ကျော်စိုးမင်းက မရပ်ခဲ့။

“တကယ်တော့ လေးလေး ဆေးဖြတ်ရတာ သူ့ဆန္ဒမပါဘူး ... ဖအေကိုင်ပြီး ဆေးဖြတ်ခံတာ ... ဖအေကျေနပ်အောင် ငြိမ်ခံနေလိုက်တာ ... ခင်ဗျားပြောသမျှ ဦးမျိုးဆက်ကအဟုတ်ကြီးထင် သမီးကို အကြပ်ကိုင်ခဲ့တာ ... ဖအေချစ်လို့ ခင်ဗျားလုပ်သမျှ ခံလိုက်ရတာ ... ဒီမှာ ခင်ဗျားထင်တဲ့ ကာယကံရှင်ဆိုတာ ဦးမျိုးဆက်မဟုတ်ဘူး၊ လေးလေးမြင့် သိရဲ့လား ... ”

“ဟုတ်သလား မလေးလေးမြင့် ... မလေးလေးမြင့် ဆန္ဒမပါဘဲနဲ့ အန်ကယ်(လ်)ကိုပေါင်းပြီး ဖြတ်အတင်းဖြတ်တာလို့များ သူ့ကို မလေးလေးမြင့် ပြောဖူးသလား ... ”

“အို ... မပြောဘူး ဒီလိုလည်းမပြောဘူး ... လေးလေး အဲ ကျွန်မ ဖြတ်ထားပြီ၊ မသောက်တော့ဘူးလို့သာပြောတာ”

ဝင်းမောင်ထွန်းပြုံး၍ အောင်နိုင်သောအသံဖြင့်ပြောသည်။

“ကြားပါတယ်နော် ... ကိုကျော်စိုးမင်း ... ”

“ဒါ ... ခင်ဗျားက သူ့အဖေကို ပြန်တိုင်မှာစိုးလို့ ဒီလိုပြောတာ ... ”

“ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ... ခင်ဗျား ဆက်ပြီး မလေးလေးမြင့်ကို ဘိန်းဖြူစီးကရက် ထပ်ပြီ ဆပ်ပလိုင်းမလုပ်ပါနဲ့ ... လုပ်ခဲ့ရင် ကျွန်တော့်လူနာဖြစ်တဲ့ မလေးလေးမြင့်အတွက် သတ်



ဆိုင်ရာကို ကျွန်တော် တိုင်ရပါလိမ့်မယ် ... ”

“အမှာ ... ”

ကျော်စိုးမင်းထံမှ မခံချင်သံထွက်လာခဲ့သည်။ ပြီးနောက် ဆက်၍ ပြော၏။

“နေပါဦး ... မင်းက သက်ဆိုင်ရာကို တိုင်မယ်လေးဘာလေးနဲ့ ... ငါက ဘိန်းဖြူဆပ်ပလိုင်းလုပ်ပါတယ်လို့ ... အထောက်အထား မင်းမှာ ဘာပြစရာရှိလို့လဲ ... ”

သူ့ အင်မတန်ယုံကြည်ကျေးလှပါသည် ထင်ထားသော ကျော်စိုးမင်းထံမှ ရိုင်းစိုင်းသော အပြောအဆိုမျိုး ထွက်လာခဲ့၍ လေးလေးမြင့် တအံ့တဩဖြင့် ကြည့်မိပါ၏။ ဝင်းမောင်ထွန်းထက် ကျော်စိုးမင်းက သုံးလေးနှစ်ခန့် ငယ်ပေသည်။

“သိပ်ခိုင်လုံတဲ့ အထောက်အထားရှိနေပါတယ် ... ကိုကျော်စိုးမင်း ခဏလေးစောင့် ... ”

ဝင်းမောင်ထွန်းက ဦးမျိုးဆက်၏ စာကြည့်ခန်းသို့ လျှောက်ခဲ့သည်။ မကြာလိုက် တိပ်ရီကော်ဒါယူလာပြီး စန္ဒရားခုံပေါ် တက်လိုက်သည်။ ဆိုနီတိပ်ရီကော်ဒါကို ဝင်းမောင်ထွန်း ဖွင့်ပြလိုက်သည်။ လိုအပ်သမျှလောက်ပဲ ဝင်းမောင်ထွန်း ဖွင့်ပြခဲ့သည်။

“အဲ ... ဒါထပ် စီးကရက်ရော ကျန်သေးလား လေးလေး”

“ငါးလိပ် ကျန်သေးတယ် ... ”

“ဟင် ... သောက်တာနည်းလှချည်လား ... ဒါမျိုးက ဖီလင်လိုချင်လို့ သောက်တာပဲ လေးလေး ... များများသောက်လေ ဖီလင်ပိုရလေမှန်း လေးလေး သိသားနဲ့ ... ”

ဝင်းမောင်ထွန်း ... ရီကော်ဒါကို ပိတ်လိုက်သည်။ ကျော်စိုးမင်းကို သူကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးမင်း ဒေါသထွက်နေခဲ့ပြီ။ သူ့အသား
တဲဆတ်ဆတ်တုန်နေပါလေတော့၏။

"ဒါ ... ဒါ ... မင်းညာဏ်တွေပေါ့ ... ဟုတ်လား ... ကဲ
ကဲကွာ ... တိတ်တိတ်အသံဖမ်းထားဦး ... "

"တိုကျော် ... ကိုကျော် ဒီ ... ဒီလိုမလုပ်နဲ့လေ ... "

ကျော်စိုးမင်းက ဝင်းမောင်ထွန်းကို ဝင်၍ ထိုး
သည်။ လေးလေးမြင့်က အထိတ်အလန့်ဖြင့် ဝင်ဆွဲသည်။

"ဖယ်စမ်း ... လေးလေး ... ဒီကောင် လူပါးဝလွန်း

လေးလေးမြင့်ကို သူတွန်းဖယ်ခဲ့သည်။ လေး
မြင့် လွင့်သွားခဲ့ပါ၏။

ဝင်းမောင်ထွန်းက သွေးအေးသည်။ ကျော်စိုး
ကကြိုးပြတ်သော နွားရိုင်းတစ်ကောင်လို တိုက်ခိုက်ခဲ့သည်။

ဝင်းမောင်ထွန်းက ကျော်စိုးမင်းကို မတိုက်ခို
လွှတ်သည်ဆိုရုံသာ ရှောင်တိမ်းနေခဲ့သည်။

ကိုယ်ခံပညာနှင့်ပတ်သက်၍ ကျော်စိုးမင်း သင်
ခြင်း ရှိဟန်မတူ။ သတ္တိလေးကတော့ မဆိုး။ ကြာရှည်တွင်
လက်နက်မဲ့တိုက်ခိုက်၍ ဝင်းမောင်ထွန်းကို တိုက်ခိုက်၍မဖြစ်
ကို သူသိဟန်တူသည်။ တိုက်ခိုက်နေရင်းမှ ကျော်စိုးမင်းက ဘော
ဘီအိတ်ထဲ လက်နှိုက်လိုက်သည်။

မောင်းပြန်ဓား တစ်လက်ပါလာခဲ့သည်။

ခလုတ်နှိပ်လိုက်သည်နှင့် လေးလက်မခန့်ရှည်
ဓားသွား ဝင်းခနဲထွက်လာခဲ့သည်။

"ခင်ဗျား လက်နက်ကိုင်လာပြီဆိုတော့ ကျုပ် မညှာတာ
တော့ဘူး ... ကိုကျော်စိုးမင်း ... "



"ကဲကွာ ... မညှာနဲ့ဦး ... "

ကျော်စိုးမင်းက ဓားကိုင်လက်ကို မြှောက်ကာ ပြေး
ဝင်လာပြီး ဝင်းမောင်ထွန်း၏ ရင်ဝကို စိုက်ချလိုက်သည်။

"အမေ့ ... "

မကြည့်ရဲသဖြင့် အထိတ်အလန့်အော်ရင်း မျက်နှာ
ကို လေးလေးမြင့် လက်ဝါးဖြင့် အုပ်ထားလိုက်သည်။

ထိုးလာသော ဓားကိုင်လက်၏ လက်ကောက်ဝတ်
ကို ဝင်းမောင်ထွန်း မိမိရရ ဆုပ်ကိုင်လိုက်သည်။ ကျော်စိုးမင်း၏
လက်ကို နောက်ပြန်လှန်ချိုးချလိုက်သည်။

ပြီးတော့ လက်ကို နောက်ပြန်လိမ်ထားလိုက်၏။

"ခင်ဗျား ... ဓားကို လွှတ်ချလိုက် ... "

မချ။

ဝင်းမောင်ထွန်း လက်ကို နာနာလေးလိမ်လိုက်
သည်။

"အား ... အ ... အား ... "

"ဓားလွှတ်ချလေ ... "

ကျော်စိုးမင်း လက်မှ ဓားလွှတ်ချလိုက်ပြီ။

လိမ်ထားသော လက်ကို ဝင်းမောင်ထွန်း လွှတ်ပေး
လိုက်သည်။

သို့သော် ...

အသာတကြည့် လွှတ်ပေးခြင်းတော့မဟုတ်။

ကျော်စိုးမင်း၏ ဇက်ပိုးကို လွှတ်နေသော လက်က
လက်ဝါးစောင်းဖြင့် ဆတ်ဆတ်လေးခုတ်၍ လွှတ်ပေးလိုက်ခြင်းပဲ
ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးမင်း ယတ်ထိုးလဲ ကျသွားသည်။ ခဲ
မခေ။ ချက်ချင်း ပြန်ထသည်။ မရှာ။

ပြန်၍ ကျော်စိုးမင်း၏ ဓားကို ကောက်ယူသည်
ဓားသွားခလုတ်ကို ပြန်ဖိသွင်းကာ လေးလေးမြင့်ကို လှမ်း၍ပြ
လိုက်သည်။

"ဆောရီးပဲ မလေးလေးမြင့် ... အများကြီး ရှောင်တိ
သေးတယ် ... ဒါပေမဲ့ ဓားနဲ့ ထိုးပြီးတော့ ပြန်မလု
မဖြစ်တော့ပါဘူး ... ကျွန်တော် မရှောင်နိုင်ရင် ကျွန်တေ
ရမှာဘဲလေ ..."

ကျော်စိုးမင်း လူးလဲထရပ်သည်။ သူ့အားကို
ဓားကလည်း ဝင်းမောင်ထွန်းလက်ထဲ ရောက်နေခဲ့ပြီ။ ထပ်
လည်း မရနိုင်သည်ကို သူသိဟန်တူ၏။

"မင်း ထမင်းဝဝစားပါ. ဝင်းမောင်ထွန်း ... ငါ ... မင်
ဘယ်တော့မှမကျေဘူး ..."

ချာခနဲ လှည့်ထွက်သွားသည်။ လေးလေးမြင့်
နှုတ်မဆက်ပါလေတော့။

ကျော်စိုးမင်းကားနှင့် ထွက်သွားသည်အထိ
လေးမြင့် ရပ်ကြည့်နေခဲ့သည်။ ဝင်းမောင်ထွန်းလည်း တွေတွေ
ငေးရပ်နေခဲ့မိသည်။

"ပွမ် ... ပွမ် ..."

အိမ်မှ အိုပယ်(လ်)ကားမှန်း နှစ်ဦးလုံး သိ
သည်။ ဝင်းမောင်ထွန်းက စန္ဒရား မျက်နှာပြင်ပေါ်မှ စီးကရက်
မှုန့်နှင့် စီးကရက်တိုရော ကျုံးကာ ပြတင်းပေါက်မှ အပြင်သို့ လွှ
လိုက်သည်။



လေးလေးမြင့်၏ ကျေးဇူးတင်သော အကြည့်က ...
ောင်ထွန်းထံ ရောက်လာခဲ့သည်။ ဖေဖေတွေ့လျှင် အဆူခံထိ
ပြီးတော့ ဖေဖေ စိတ်မကောင်းဖြစ်ရှာဦးမည်မဟုတ်လော။

ရှေ့စင်ဝင်အောက်သို့ ကားရပ်ပြီး ဆိုသည်နှင့် လေး
မြင့် ရှောင်ထွက်သွားတော့သည်။

ဝင်းမောင်ထွန်းပင် ဦးမျိုးဆက်ကို သွားကြိုလိုက်

"ကဲ ... မယ်သာအုံ ... ဇာစ်ခုခုစားရအောင် သွားစီစဉ်လိုက်
ဦး ... ဖိုးလူလည်း ကားဂိုဒေါင်ထဲ သွင်းလိုက်တော့"

ဒေါ်သာအုံနှင့် ဦးဖိုးလူကို ယုထုတ်ပြီးမှ ဦးမျိုးဆက်
မ်ပေါ်တက်လာကာ ဝင်းမောင်ထွန်း၏ ပခုံးကို ဆုပ်ကိုင်လိုက်

"ဘယ့်နှယ်လဲ ... အားလုံးပြီးစီးရဲ့လား ... အနက်ကယ်(လ်)
မှတော့ ထွန်းထွန်းပြောတဲ့အတိုင်း အချိန်ရအောင် မြို့လုံးပတ်
လည် လျှောက်သွားပစ်လိုက်တယ် ... သမီးရဲ့ ကျောင်းအုပ်
ဆရာမကြီးဆီတောင်ဝင်ခဲ့သေးတယ် ..."

"မှန်းတာထက် လေးဆယ့်ငါးမိနစ်လောက်စောပြီးတယ်
အနက်ကယ်(လ်) ..."

"ဟုတ်ရဲ့လား ..."

"ဟုတ်မယ်ထင်တာပဲ ... အပေါ်ထပ်တက်ကြည့်ပါလား ...
အနက်ကယ်(လ်) ..."

ဦးမျိုးဆက်ကိုယ်တိုင် စိတ်ဝင်စားသဖြင့် ရှေ့မှ ...
ာ်သွားသည်။ ဝင်းမောင်ထွန်း နောက်မှ လိုက်ပါသွားသည်။

"ဒီမှာလေ ... ဟောဒီ နံရံကနေပြီး စားပွဲနဲ့ဗီရိုဘယ်ကို ကင်

www.burmeseclassic.com

www.burmeseclassic.com



မရာတစ်လုံးနဲ့ ချိန်ထားတယ် ... ကျန်တဲ့ နံရံသုံးဘက်
မှာလည်း ကင်မရာတွေ တစ်လုံးစီဝှက်ပြီး ချိန်ထားတ
ကင်မရာ လေးလုံးနဲ့ လေးဘက်လေးတန် ချိန်ထားတယ်
ပါတော့ ... "

အပေါ်မှာ မျက်နှာကျက်ဆီသို့ ဝင်းမောင်ထွန်း
လက်ညှိုးညွှန်ပြပြန်သည်။

"မျက်နှာကျက်က အပေါ်မှာ လျှပ်စစ်မီးခွက်နဲ့ အောက်
ချိန်ထားပြန်တယ် ... မျက်နှာကျက်က မော်တာလေး
လုံးက ကင်မရာလေးလုံးနဲ့ ခလုတ်တွေနဲ့ လျှပ်စစ်မီးခွက်
ထိန်းထားတယ် ... မော်တာဝါယာကို ဝှက်ယူလာပြီး
တံခါး အံဆွဲနဲ့ စွားပွဲအံဆွဲတွေမှာ ချိန်သားကိုက်ဝါယာ
ကို ထည့်ထားတယ် ... သူခိုးက ဘာကိုပဲဖြစ်ဖြစ် စားပွဲ
ဗီရိုတံခါး တစ်ခုခုကို ဆွဲဖွင့်လိုက်တာနဲ့ ပွိုင်းထားတဲ့
ကမျက်နှာကျက်က မော်တာကို လျှပ်စစ်အားနဲ့ လည်
စေမယ် ... မော်တာလည်တာနဲ့ ကင်မရာလေးလုံးရဲ့
ခလုတ်နဲ့ လျှပ်စစ်မီးခွက်ခလုတ်ဟာ တစ်ပြိုင်တည်း
လိုက်သလိုဖြစ်ပြီး တစ်ချိန်တည်းမှာ လျှပ်စစ်မီးအ
ရောင်နဲ့ ဓာတ်ပုံရိုက်ပြီးသားဖြစ်သွားမယ် အနက်ကယ်
နောက်ပြီး လျှပ်စစ်ခေါင်းလောင်းပါတွဲထားလို့ ခေ
လောင်းသံရော တစ်ချိန်တည်းမှာ ပြန်စေမယ် ... "

"ဘယ်ဆိုးလို့လဲ ... ထွန်းထွန်း ဆရာဝန်မလုပ်ဘဲ လျှပ်
အင်ဂျင်နီယာ လုပ်ဖို့ကောင်းနေပြီ ... "

"ဝါသနာပါလို့ အိမ်မှာ မီးပျက်ရင် လာလာပြင်ပေးတဲ့
စစ်မီးဆရာကြီးဆီမှာ သင်ထားတာပါ ... "



အောက်ထပ်သို့ ပြန်ဆင်းလာခဲ့ကြသည်။ ဧည့်ခန်း
ထဲတွင် လေးလေးမြင့်က ကုန္တြေရပြန်ထိုင်ရင်း တိပ်ရီကော်ဒါကြီး
ကို ဖွင့်နားထောင်နေခဲ့သည်။

"သမီးရဲ့ ဆရာမကြီးဆီတောင် ဖေဖေ ဝင်ခဲ့တယ် ... သမီး
နေမကောင်းလို့ ကျောင်းမတက်နိုင်တာပါလို့ ခွင့်တိုင်ခဲ့
တယ် ... "

"ကောင်းပါတယ် ဖေဖေ ... ဆရာမကြီးက ကျောင်းပျက်
ရက်များရင် မကြိုက်ချင်ဘူး ... "

"ဒါထက် ... ဖေဖေ ခြံထဲမရောက်ခင် ကားအနီရောင်တစ်
စီးထွက်သွားတာ မြင်လိုက်တယ် ... ကျော်စိုးမင်း ကားပဲ
ဖြစ်မယ်ထင်တယ် ... စန္ဒရားပေါ်မှာလည်း ဖေဖေ့ ဆိုနီရီ
ကော်ဒါတွေ့တယ် ... အိမ်မှာ ဘာတွေဖြစ်သေးလဲ ...
သမီး"

"အိမ်မှာ ဘာတွေဖြစ်တယ်ဆိုတာကို ဝင်းမောင်ထွန်း ပြော
ပြီးပြီမဟုတ်လား ဖေဖေ ... ဒါတွေပြောချင်လို့ ဖေဖေ့ကို
လက်ကုတ်ပြီး အပေါ်ခေါ်သွားတာ မဟုတ်လား ... "

ဝင်းမောင်ထွန်း ဘာမှ မပြောမိသော်လည်း မခံ့
ရဲတော့ တွန့်မိပါလေသည်။

"သမီး မှားပြန်ပြီ ... မှသားစကားကို ... ဖေဖေ ရှောင်နိုင်း
သရွေ့ ရှောင်တာ သမီး သိသားပဲ ... ထွန်းထွန်းနဲ့ ဖေဖေ
တိုင်ပင်တာ တခြားကိစ္စပဲ ... ကျော်စိုးမင်းနဲ့ ပတ်သက်တဲ့
စကားကို ထွန်းထွန်း အခုအချိန်အထိ ဖေဖေ့ကို လေသံ
တောင် မဟသေးပါဘူး သမီး ... "

ကိုယ့်အဖေအကြောင်း လေးလေးမြင့် သိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ လိမ်မပြောတတ်။ ဖေဖေ ဤသို့ ပြောလာတော့ လေး
မြင့်မှာ ဝင်းမောင်ထွန်းကို အားနာသွားမိရပြန်သည်။

“ဟုတ်တယ် ဖေဖေ ... မှန်တာပြောရရင် ကိုကျော်စိုးမင်း
လေးလေးပဲ ဖေဖေမရှိတုန်း ဖုန်းဆက်ခေါ်လိုက်တာ

“အော် ... အော် ... အကြောင်းကတော့ ...”

ဝင်းမောင်ထွန်းက လှစ်ခနဲ ဦးမျိုးဆက်မတား
ထဲသို့ ဆင်းလာခဲ့သည်။ ဦးမျိုးဆက်က ကုလားထိုင်တစ်လုံး
ဝင်ထိုင်သည်။

“အကြောင်းကတော့ ဖေဖေ့ကို သတင်းတစ်ပတ်အ
ကိုကျော်စိုးမင်းနဲ့ လေးလေးရဲ့ ဆက်ဆံရေးနဲ့ သိ
ကိစ္စကို အဖြေပေးပါ့မယ်လို့ ...”

“အဲ ... ဟုတ်သားပဲ သမီး ...”

“လေးလေး လိမ္မာသွားပါပြီ ဖေဖေ ... ဒီနေ့မှာဘဲ ကို
စိုးမင်းရဲ့ ဓာတ်ရုပ်သွင်ကို လေးလေး မျက်စိနဲ့ တပ်အ
တယ် ... နားနဲ့ဆတ်ဆတ်ကြားတယ် ... ကိုကျော်စိုး
အရေခြုံပဲ ... ခေါင်းယောင်ဆောင်တဲ့ ကျိုးမှန်း လေး
သေချာနားလည်သွားပါပြီ ဖေဖေ ...”

“ဟာ ... ဟ ... ဒီစကားကြားရတာ မင်္ဂလာရှိလို
ဘယ်လိုတွေ ဖြစ်ကုန်လို့လဲ သမီး ...”

ဖြစ်ပျက်ပုံအားလုံးကို လေးလေးမြင့် ခေ့ခေ့
ပြလိုက်သည်။

“ဒါဆို မောင်ကျော်စိုးမင်းနဲ့ ပတ်သက်ပြီး အချိန်ထ
လိုသေးသလား သမီး ...”

“လုံးဝမလိုတော့ဘူး ဖေဖေ ... သူ့အပေါ် ထရွှ



မဟုတ်ခဲ့ကြောင်း ဒီနေ့ပဲ သိရပြီ ဖေဖေ ... တွဲမိတွဲရာ တွဲခဲ့
တာကို မေတ္တာစိတ်လို့ ထင်ခဲ့မိတာပါ ... အခုတော့ သူ့ကို
ဆက်မတွဲရဲတော့တာနဲ့ စိတ်ထဲက အလိုလိုတော့ နှလုံးနာ
ပြီး ပြတ်သွားတာပဲ ဖေဖေ ...”

“ဒါထက် ... အကဲခတ်သလောက် ထွန်းထွန်းကျတော့
လည်း ဖေဖေ့မျက်နှာကြောင့် အလိုက်အထိုက် ဆက်ဆံနေ
တဲ့ သဘောမျိုးလို့ မြင်တယ် ... ဟုတ်ရဲ့လား ...”

လေးလေးမြင့်ထံမှ သက်ပြင်းကို မသိမသာချလိုက်
ကို ကြားရသည်။

“သိရှိမြင်ကို ... ကိုထွန်းထွန်း ရောက်လာစကတော့ လေး
လေးမလိုလားတာ အမှန်ပဲ ... ဒါကလည်း ကိုကျော်စိုးမင်း
ရဲ့ လောင်းရိပ်မိနေတဲ့ သဘောမှန်း အခုမှ လေးလေး ...
သဘောပေါက်လာမိပါတယ် ...”

ဦးမျိုးဆက် ပြုံးလိုက်သည်။ ဒီလောက်ဆိုလျှင် သမီး
လေးလေးမြင့်၏ ဝင်းမောင်ထွန်းအပေါ် ထားရှိသောစိတ်ကို သူခန့်
မှန်းမိပြီ။

“ဒီကောင် ထွန်းထွန်းဟာ မိန်းမပျိုတွေနဲ့ အပေါင်းအဆက်
ဆံမရှိသလောက်နည်းခဲ့တယ် ... မန္တလေးသားတွေက ကြီး
သူပဲဖြစ်ဖြစ် ငယ်သူပဲဖြစ်ဖြစ် စကားပြောတဲ့အခါ သူတို့ကိုယ်
သူတို့ နှိမ့်ချပြောပြီး ဆက်ဆံတတ်ကြတယ် ... ချိုချိုသာသာ
ပြောတတ်ကြတယ် ... နောက်တစ်ချက်က သမီးက မလို
လားဘဲ ရင်းရင်းနှီးနှီးဆက်ဆံလိုက်ရင် ဖအေက အရေးပေး
လို့ ဒီအခွင့်အရေးကိုယူတာလို့ သမီးက ထင်သွားမှာဘဲ စိုး
ရိမ်ရှာတာ ဖြစ်မှာပေါ့ ...”

www.burmeseclassic.com

www.burmeseclassic.com



ပါးချိုင့်လေးခွက်အောင် လေးလေးမြင့် ပြုံးရင်း သူ့ ဖေဖေဦးမျိုးဆက်ကို ပြောသည်။

"ကိုထွန်းထွန်းဘက်က ဖေဖေ ရှေ့နေလိုက်ရတာ မမော လား ဖေဖေ ..."

"ဟာ ... သမီးကလည်း ..."

ဦးမျိုးဆက်ပါလိုက်၍ ပြုံးရယ်လိုက်မိသည်။

"ထွန်းထွန်းလို သားမျိုး ဖေဖေလိုချင်ပေမဲ့ ဖေဖေ့မှာ သား ယောက်ျားလေးမထွန်းကားခဲ့ဘူး ... ထွန်းထွန်းရဲ့ ဖခင် ဗိုလ်သီဟနဲ့ ဖေဖေဟာ သိပ်ချစ်ကြတာ ... သိပ်သံယော ကြီးခဲ့တယ် ... ထွန်းထွန်း မိဘများမရှိတဲ့နောက် ဖေဖေ့ သားဖြစ်သင့်တယ် ... ထွန်းထွန်းဟာ ဖေဖေ့သားဖြစ် အရေးမှာ သမီးနဲ့ ပတ်သက်နေတယ် ..."

"အို ... ဖေဖေကလည်း ဘာမှန်းမသိဘူး ..."

လေးလေးမြင့် ခေါင်းငုံ့သွားသည်။ ဖခင်ဖြစ်သူက သမီးစိတ်မျှားဆိုးသွားသလားဟု သမီးကို အသေအချာကြည့်သည်။

သို့သော် ... လေးလေးမြင့်၏ ပါးပြင်မှ ပါးချိုင့်လေး မသိမသာ ခွက်ဝင်နေသည်ကို ဦးမျိုးဆက် မြင်ရသည်။

တန်တော့ ... ကောင်မလေး ပြုံးနေပါပြီ။ ပါးချိုင့် တာက ပြုံးလျှင် ခွက်ဝင်သွားတတ်သည် မဟုတ်ပါလား ..."

ဦးမျိုးဆက် ပြုံး၍ ထိုင်ရာမှ ထလိုက်သည်။ သူ့ရင် ကသောကတစ်ဝက်တော့ လျော့ကျသွားရပါပြီတည်း။



## အခန်း (၁၀)

ဦးမျိုးဆက်နှင့် ဝင်းမောင်ထွန်းတို့ စောမရသိုက် ကြောင်း ပြောဖြစ်ခဲ့ကြသည်။ လေးလေးမြင့် ကိစ္စတစ်ခုအေးသွား ဆိုနိုင်သည် မဟုတ်လား။

"စောမရသိုက် ခရီးစဉ်ကိစ္စ ဆွေးနွေးကြရအောင် ထွန်းထွန်း ထွန်းထွန်းရဲ့ သုံးပိုင်းတစ်ပိုင်း သွားယူချေ ..."

ဝင်းမောင်ထွန်း အခန်းထဲ ဝင်ကာ မြေပုံကိုယူခဲ့ ဦးမျိုးဆက်က သူ့မြေပုံပိုင်းနှင့် ဝင်းမောင်ထွန်း မြေပုံကို လိုက်သည်။

နှစ်ပိုင်းဆက်ရာတွင် နောက်ထပ်တစ်ပိုင်းလိုနေမှန်း နေပါ၏။

"တပ်ကြပ်ကြီး ရန်ကျော်က အစရှာမရတော့ မြေပုံက နှစ် ပိုင်းဆက်ပဲဖြစ်နေသေးတယ် ..."

"ဒါဆို ဖြစ်ပါ့မလား ... အန်ကယ်(လ်) ..."

"ဖြစ်လောက်တယ် ထင်တာပဲ ... အန်ကယ်(လ်)စဉ်းစား ကြည့်တယ် ... အဆက်အစပ်အားဖြင့် ပထမဆုံး အပိုင်းနဲ့ နောက်ဆုံးအပိုင်းက ဆက်စပ်နေတယ် ... အခု မြေပုံအပိုင်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုကို ဆက်စပ်ကြည့်တာနဲ့တောင် ကမ်းပါးယံတစ်ဖ
တစ်ချက်မှာ ရှိနေတဲ့ ကျောက်ဂူတွေနဲ့ ရွှေတွေ ဝှက်ထား
ကျောက်ဂူနေရာကို အခု လက်ရှိမြေပုံကပဲ ညွှန်ပြနေတယ်
"ဒီမှာကြည့်လေ ထွန်းထွန်း ... "
"ဒါက လက်ဝဲဘက် တောင်ကမ်းပါးယံက တတိယမြောက်
ကျောက်ဂူကို ကြက်ခြေခတ်ထားတယ် ... နောက်ထ
ကြက်ခြေကတော့ လက်ယာဘက်ကမ်းပါးယံ ကျောက်ဂူ
တန်းထဲက ပဉ္စမမြောက် ကျောက်ဂူ။ "ရွှေ"ဆိုပြီး မြားပြထား
တဲ့နေရာနဲ့ဆိုရင် သုံးနားညီ တြိဂံဖြစ်တဲ့အကြောင်း မြေပုံ
ထင်ရှားအောင်ပြထားတယ် ... "
"အဲဒီ တောင်ကမ်းပါးနဲ့ ကျောက်ဂူတွေဟာ မြန်မာပြည်နယ်
နမိတ်ထဲမှာဘဲလား အန်ကယ်(လ်) ... မြန်မာပြည် နယ်
နမိတ်ထဲမှာဆိုရင်တော့ ကျွန်တော်တို့သွားရင် သက်ဆိုင်ရာ
ကခွင့်ပြုချက်ရယူပြီးမှ သွားရင် ကောင်းမလားလို့ ... "
ဦးမျိုးဆက် ခေါင်းခါယမ်းပြသည်။
"မသေချာဘူး ထွန်းထွန်း ... နယ်စပ်မှ တကယ့်နယ်စပ်
ရာတွေဖြစ်နေတယ် ... မြန်မာပြည်ထဲ ပါချင်ပါမယ် ...
အိန္ဒိယနယ်စပ်မဟုတ်ဘဲ အိန္ဒိယပြည်ထဲ ပါချင်လည်းပါ
ဒုတိယ ကမ္ဘာစစ်မဖြစ်ခင် မြန်မာပြည်ကို အင်္ဂလိပ်တွေ အ
ချုပ်စဉ်က နယ်နမိတ်တိတိကျကျ သတ်မှတ်ချက်မရှိခဲ့
ဒါပေမဲ့ ကိစ္စမရှိဘူးလေ ... အခု အန်ကယ်(လ်)တို့သွားမ
အချိန်မှာ ရွှေတွေ တွေ့မယ် မတွေ့ဘူးဆိုတာ မသေချာ
ဘူး ... သို့ဝှက်ခဲ့တဲ့ အချိန်တွေ နှစ်နဲ့မနည်းတော့ အဲဒီ
တင် တောင်ပြိုတာ ... လျှောင်လှုပ်တာတွေဖြစ်ပြီး ပထ



အနေအထား ပြောင်းသွားရင်လည်း တွေ့ဖို့မလွယ်ပါဘူး၊
ကံအားလျော်စွာ ပြန်တွေ့တယ်ဆိုရင် အဲဒီ နယ်စပ်ဒေသနဲ့ ...
အနီးဆုံးရဲ့ဖြစ်စေ၊ စစ်တပ်ဖြစ်စေ အကြောင်းကြားရမှာပဲ"
"သိပ်တော့ မရေရာဘူးနော် အန်ကယ်(လ်) ... "
"ဗိုလ်သီဟ အသက်ပေးသွားရတဲ့ ပစ္စည်းမို့ ပြန်ရှာကြည့်ချင်
တယ်၊ ပြန်တွေ့ခဲ့ရင်လည်း အန်ကယ်(လ်)နဲ့ ထွန်းထွန်းတို့
တစ်သက်ချမ်းသာပြီပေါ့ဆိုတဲ့ လောဘစိတ်လည်းပါတာ
ပေါ့ကွယ် ... "
"ကောင်းပါတယ် အန်ကယ်(လ်) ... ကျွန်တော်ကလည်း
စွန့်စားရတာတွေ ခက်ခက်ခဲခဲ ခရီးလမ်းကြမ်းတွေကို သွား
ချင်တဲ့ ဆန္ဒရှိနေပါတယ် ... အဲဒီလို ခရီးကြမ်းမျိုးကို စွန့်စား
သွားချင်တာနဲ့ အတော်ပါပဲ ... "
"အမှန်တော့ တပ်ကြပ်ကြီးရန်ကျော်ဆီမှာ ပါသွားတဲ့ မြေပုံ
အပိုင်းက ရွှေဖွက်ထားတဲ့နေရာကို ညွှန်ပြတဲ့ ခရီးစဉ်တွေပါ
တယ် ... အခု အန်ကယ်(လ်)နဲ့ ထွန်းထွန်းမှာရှိတဲ့ မြေပုံနှစ်
ပိုင်းက ကျောက်ဂူတွေအများကြီးအနက်က ဘယ်ကျောက်
ဂူမှာ ရွှေတွေ ဝှက်ထားတယ်ဆိုတာပဲပါတယ် ... ကိစ္စတော့
မရှိပါဘူး ... အန်ကယ်(လ်) မှတ်ထားတာတွေလည်းရှိ
တယ် ... အဲဒီ တောထဲရောက်သွားရင် တောင်တစ်လုံးပေါ်
မှာ စေတီနှစ်ဆူတည်ထားတာရှိတယ် ... အဲဒီ တောင်ပေါ်
ကစေတီနှစ်ဆူတွေ့တာနဲ့ အန်ကယ်(လ်) လမ်းတွေကို ပြန်
မှတ်မိမှာ သေချာပါတယ် ... "
"ဒါဆို ... ဘယ်တော့လောက်ခရီးထွက်မယ်မှန်းလဲ အန်
ကယ်(လ်) ... "

www.burmeseclassic.com

www.burmeseclassic.com



"မိလေးလေးရဲ့ ကျန်းမာရေးစိတ်ချရဖို့ရော လမ်းခရီးမှာ လို အပ်မယ့် ပစ္စည်းတွေစုဖို့ရော ဆိုရင် ရှေ့လလောက်မှာ သွား နိုင်မယ် ထင်တာပဲ ..."

"မလေးလေးမြင့်ကို ခေါ်မှာလား အန်ကယ်(လ်) ..."

"ဘယ် မလေးလေးမြင့်လဲကွာ ... လေးလေးလို့ပဲ ခေါ်စမ်း ပါ ... မင်းတို့ဟာက မဟုတ်သေးပါဘူး ..."

ဝင်းမောင်ထွန်း ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ... လေးလေးကို ခေါ်မယ်ဆိုရင် လမ်းခရီးက မကြမ်းလွန်းဘူးလား အန်ကယ်(လ်) ..."

"ထွန်းထွန်းသိတဲ့အတိုင်း ရန်ကုန်မှာ ထားခဲ့လို့ကတော့ ဘိန်းဖြူဘက် ပြန်လည်သွားရင်ခက်မယ်၊ ခေါ်သွားမှပဲဖြစ် မယ်၊ ကလေးမြို့ရောက်ရင် မိတ်ဆွေအိမ်မှာ ထားခဲ့ပြီး အန်ကယ်(လ်)တို့ အပြန်ကိုစောင့်နိုင်းမလား၊ ဒါမှ မဟုတ် တစ်ဖွဲ့လုံး အိန္ဒိယဘက်ကဆင်းပြီး အင်ဖာဟိုတယ်တစ်ခုမှာ အမျိုးသမီးအဖော်နဲ့ ထားခဲ့ရမလားလို့လည်း စဉ်းစားတယ် ထွန်းထွန်း ..."

"အခုခရီးစဉ်မှာအန်ကယ်(လ်)နဲ့ကျွန်တော့်အပြင် အဘဖိုးလှ တို့ပါဦးမလား ... တခြားအဖော်ရောပေါ့ ..."

"ဖိုးလှက ကိုယ်ခံပညာရှိတယ် ... ဒါပေမဲ့ သူ့မှာ ရင်ကျပ် ရောဂါရှိတယ် ... ခရီးကြမ်းတော့ မဖြစ်နိုင်ဘူး ... နောက် ပြီး သီရိမြိုင်ခြံနဲ့ အိမ်ကို ဖိုးလှတို့လင်မယားပဲ အစောင့်ထား ခဲ့မှ အန်ကယ်(လ်) စိတ်ချမှာ ..."

"ဒါဆို ဘယ်သူ့ခေါ်ဖို့ အန်ကယ်(လ်) စိတ်ကူးထားသလဲ"

"အန်ကယ်(လ်)ရဲ့အရာရှိဘဝတုန်းက လူယုံတပည့်တွေထဲ



ကရွေးခေါ်ဖို့ စဉ်းစားတုန်းပဲ ..."

"ဒါဆိုရင် မန္တလေးက ကျွန်တော်နဲ့ အတူနေတဲ့ ဟိုင်းလုံကို ခေါ်ပါလား အကြမ်းခံနိုင်တယ်၊ တောင်ပေါ်သားတစ်ဦးပဲ၊ အကြီးအကဲမျိုးရိုးကပါ၊ ကျွန်တော့်ကိုတောင် တပည့်ခံတာ မဟုတ်ဘူး ... ညီအစ်ကိုလိုချစ်လို့ နေနေတာပါ ..."

"ဒါဆိုရင် အန်ကယ်(လ်) လူမရှာတော့ဘူး ... ခေါ်လိုက်ပါ ထွန်းထွန်း ..."

"ဒါဆိုရင် ဒီနေ့ပဲ စာရေးပြီးခေါ်လိုက်မယ် ... အဲ တစ်ခုတော့ ရှိတယ်၊ ဟိုင်းလုံလာရင် ကျွန်တော်မွေးထားတဲ့ ကျားမောင် ဆိုတဲ့ ခွေးကြီးပါလာမယ်၊ ခွေးကလည်း တကယ့်ခွေးမျိုး ကောင်းပါ ..."

"ပိုပြီးကောင်းတာပေါ့ ... သီရိမြိုင်မှာလည်း ခွေးတစ်ကောင် မှမရှိတော့ အတော်ဖြစ်သွားတာပေါ့ ... စာရေးမနေနဲ့ ကြေး နန်းရိုက်ခေါ်ကွာ ... ဟိုင်းလုံ ရောက်လာတော့လည်း အကဲ ခတ်ချိန်ပိုရနိုင်တာပေါ့ ..."

ဝင်းမောင်ထွန်းက မိမိ၏အိမ်ကို စောင့်ရှောက်ဖို့ သြဘာထံသို့ ပြည့်စုံစွာ စာရေးသည်။ ဦးသြဘာက ခြံချင်းကပ်ဖြစ် မြန်မာစာ(၇)တန်းအထိ သင်ဖူးသော ဟိုင်းလုံထံ သို့လည်း ရေးသည်။

ထို့နောက် နှစ်စောင်နှင့် မန္တလေး လူကြုံပေးရန် ခြကုန်းဘူတာကြီးသို့ သူဆင်းခဲ့ပါ၏။ ဘူတာကြီးတွင်တွေ့ရ သော အရင်းနှီးဆုံးမိတ်ဆွေလက်သို့ ဝင်းမောင်ထွန်း စာနှစ်စောင်တို့ ညှိခဲ့ပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

အဘဖိုးလူက ကိုယ်ခံပညာရပ်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားခဲ့သည်။ သေနတ်ပစ်တွင်လည်း အသက်ကြီးလာ၍ မျက်စိမွဲသောကြောင့် ဘူးလ်အိုင်းခေါ် စက်ဝိုင်းဗဟိုချက်ကို လွဲချင်လွဲမည်။ အနီးကပ်ဆုံး ထိအောင်တော့ ပစ်နိုင်ပါလေ၏။

ဦးမျိုးဆက်က ဝင်းမောင်ထွန်း သေနတ်ပစ်မည်ဆို၍ သူ့အိမ်တွင်ရှိသော လိုင်စင်နှင့် ကိုင်သည့် ပွိုင့်တူးတူး ရိုင်ဖယ်နှင့် ကာဘိုင်သေနတ်တွေကို ထုတ်ပေးသည်။ ပြောင်းတိုအမျိုးအစား ဒသမ(၃၈)ဘို့ ခြောက်လုံးပြူးနှင့် ပစ္စတိုလ်တို့ကိုပါ ထုတ်ပေး၏။

ပွိုင့်တူးတူးကစကာ အပစ်သင်ရသည်။

အခြေခံဖြစ်သော ... သေနတ်ကိုင်လက်ငြိမ်စနည်း အသက်ရှုနည်း၊ ပြောင်းထိပ်ချိန်မှတ်နှင့် နောက်ချိန်မှတ်ကို ပစ်မှတ်သို့ ချိန်နည်း။ အမျိုးအစားအလိုက် ယမ်းတွန်းအား။ ပစ်မှတ်ရှိရာ အကွာအဝေးတွက်ကာ သေနတ်ချိန်နည်း။ လေညင်း၊ လေပြင်း လေပြေ သုံးမျိုးတိုက်ခတ်စဉ် ပစ်ခတ်နည်း စသည်ဖြင့် အဘဖိုးလူကပင် ဝင်းမောင်ထွန်းကို ချီးမွမ်းခဲ့ရ၏။

"မောင်ရင်ဟာ အင်မတန်အတတ်မြန်တဲ့ လူပဲကွယ် ...



မောင်ရင့်လိုလူရှားတယ် ..."

လေးလေးမြင့်က ညနေပိုင်း ဦးဖိုးလူက ဝင်းမောင်ထွန်းအား ကိုယ်ခံပညာသင်ပေးနေသည်ကိုလာ၍ကြည့်တတ်သည်။ ဦးမျိုးဆက်က နှစ်ဦးစလုံးကို မသိမသာ နားဖောက်သော စကားရိပ်များပြောထားခဲ့၍ ဝင်းမောင်ထွန်းနှင့် လေးလေးမြင့်တို့ အနေရခက်သည်။ ရင်ခုန်မိကြသည်။

အကြည့်ချင်းဆုံလျှင် နှစ်ဦးလုံး မျက်နှာလွှဲလိုက်ကြသည့်တိုင်း ရင်ခုန်ကြ၏။ ထိုရင်ခုန်ရခြင်းပင် ကြည်နူးစရာဖြစ်ပါလေ၏၊ သို့သော် ... နှစ်ဦးသားစကားတော့ မပြောဖြစ်ကြ။

အဘဖိုးလူ ... သင်ပြရင်း ဝင်းမောင်ထွန်းကို ကိုင်ပေါက်လိုက်သည့် အခါမျိုးတွင် ...

"အယ် ... သေပါပြီ ..."

ဟု လွှတ်ခနဲ အော်တတ်သည်။ ဤသို့ သုံးလေးကြိမ်ဖြစ်လာသည့်အခါ အဘဖိုးလူက မေးတော့၏။

"ဟေး ... မီလေးလေး နင့်ဟာကဘာယ်လိုလဲ ... ထွန်းထွန်းကို ငါကကိုင်ပေါက်တော့ သေပါပြီတဲ့ ... ငါ့ကို ထွန်းထွန်းက ကိုင်ပေါက်တော့ ပြုံးနေပါလား ... ဘာသဘောလဲ"

"အို ... အဘကလည်း ..."

လေးလေးမြင့်အပျိုမ ရှက်သွားရပါလေ၏။

ပြုံးပြုံးကြီးစိုက်ကြည့်နေခဲ့သော ဝင်းမောင်ထွန်း၏ အကြည့်ကြောင့် ရင်မှာဒိန်းခနဲခုန်ရပြီ။

တစ်မျိုးကြီးမှ တစ်မျိုးချည်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဘဖိုးလူ ပင်စင်သွားယူတတ်သည်။ သူက မြို့တိုက် တစ်မတော်တွင် အမှုထမ်းခဲ့သူဖြစ်ပါသည်။

လေးလေးမြင့်က ဗိုလ်ချုပ်ဈေးသွားချင်သည်ဟု ပြောလာခဲ့သည်။

"ဖေဖေ ... လေးလေး ဗိုလ်ချုပ်ဈေးသွားမလို့ ကားယူသွားမယ်နော် ..."

ဦးမျိုးဆက်က ကြည့်လိုက်ပြီး ...

"သမီး အပြင်သွားသင့်ပါတယ် ... ဒါပေမဲ့ ဟိုကောင် ကျော်စိုးမင်းက မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုခဲ့ရင် ဘယ်လိုလုပ်မလဲ ..."

"ဒါဆို ဖေဖေလိုက်ပို့ ... ဂလုပ်(ဂုဏ်ရှိ)က ကားကိုလည်း ဆယ်နှစ်နာရီခွဲပွဲ ဝင်ကြည့်ကြစို့လား ဖေဖေ ..."

ဂလုပ်ရှိ(ဂုဏ်အမည်ပြောင်းသည်) ထိုစဉ်က ဂလုပ်ရှိဟူ၍သာ အခေါ်များသည်။ ယခု ထိုရုပ်ရှင်ရုံနေရာတွင် ထရိတ်ဒါး (ကုန်သည်ကြီး)ဟိုတယ် ဆောက်လုပ်ထားပါသည်။

"ဖေဖေ လိုက်ပို့ချင်ပါတယ် ... ဒါပေမဲ့ ဒီနေ့ မွန်းလွဲတစ်နာရီ



မှာ ညှိသည်တစ်ယောက်ချိန်းထားခဲ့တယ် ... နေဦး ... ဒီလိုလုပ် သမီးက ဒီနေ့သွားချင်တယ်ဆို ဒီနေ့ပဲဆိုတာ ဖေဖေသိတယ် ... ထွန်းထွန်းသာခေါ်သွားတော့ ..."

"လေးလေး ငြင်းချင်လို့တော့မဟုတ်ဘူး ... ဒါပေမဲ့ ဘေး အမြင်သင့်တော်ပါ့မလားလို့ ..."

"အာ ... ကျော်စိုးမင်းလို့ လူနဲ့တော့ အရင်က သမီးတွဲသွားနေတာပဲ ... ထွန်းထွန်းလိုလူက သမီးကို လက်ဖျားနဲ့ မတို့စေရဘူး ... နောက်ပြီး ဘယ်သတ္တဝါက ကဲ့ရဲ့မှာလဲ ..."

"အို့ ဖေဖေကလည်း ... ဒါတွေ လေးလေး နားလည်ပါတယ် သွားမယ်လေ ... သူလိုက်ပို့ရင် ..."

သမီးမမြင်အောင် ဦးမျိုးဆက် တစ်ဘက်လှည့်ပြီးသည်။ ဝင်းမောင်ထွန်း အခန်းရှိရာသို့ သူလျှောက်ခဲ့သည်။ သမီးလေးလေးမြင့်ကိုလည်း လျှောက်ရင်း ပြောသွားသေးသည်။

"သမီး အလှပြင်တော့လေ အဝတ်အစားလဲတော့လေ"

လေးလေးမြင့်က သူမ အိပ်ခန်းသို့ ထွက်သွားပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့် အောက်ဆင်းလာသည့်အခါ အိုဗ
ကားက စင်ဝင်အောက်တွင် ရောက်နေခဲ့ပြီ။

ဝင်းမောင်ထွန်းက ကားပေါ်တွင် ရောက်ရှိနေခဲ့

လေးလေးမြင့်ကို ဝင်းမောင်ထွန်း လှမ်းကြည့်
သည်။

လှမှလှ ... ချောမှချော ... ။

ကိုယ်လုံးအချိုးကျသော မိန်းကလေးများသည်
မာဆန်ဆန်ဝတ်လေ ကိုယ်လှအလှ ပေါ်လွင်လေပဲဖြစ်သည်။

ကားတံခါးကို ... လေးလေးမြင့်ဖွင့်၍ တက်လို
သည်။

"ဘယ်ကိုမောင်းရမလဲ မလေး ... အဲ ... အဲ လေး
ဟိုလေ အန်ကယ်(လ်)က ပြောထားတယ် ... ရင်းနှီး
တွေဖြစ်သွားပြီတဲ့ ... လေးလေးလို့ ခေါ်ပါတဲ့ ကျွန်
ကလည်း အဲဒီလိုပဲ ခေါ်ချင်နေပါတယ် ..."

သူ့အသံတို့ တုန်ယင်နေသည်မို့ လေးလေးမြင့်
သည်။



ထစ်ထစ်အအကြီးဖြစ်နေခဲ့ပါ၏။ ပြုံးချင်စရာမဟုတ်
သား။

"ဗိုလ်ချုပ်ဈေးကို မောင်းပါ ကိုအောင် ... အဲ ကိုထွန်းထွန်း
ဟင်း ... ဟင်း ... ဖေဖေက မှာထားတယ် စကားပြောတဲ့
အချိန်ကစပြီး ကိုထွန်းထွန်းလို့ ခေါ်ပါတဲ့ ... ကျွန်မကိုလည်း
မပြောရဘူးတဲ့လေ ..."

လေးလေးမြင့် ပြောပြီး ရယ်နေမိသည်။ သူမ ရယ်
နေခဲ့သည်ကို ဝင်းမောင်ထွန်း မမြင်ဟုထင်နေခဲ့သည်။

မှားပြီး ဝင်းမောင်ထွန်းက ကားနောက်မှန်းမှ တစ်
ချိန်လုံး ကြည့်နေခဲ့သည်ကို လေးလေးမြင့် မသိရှာခဲ့။

ဝင်းမောင်ထွန်းက ကားကို မောင်းထွက်ခဲ့သည်။

လေးလေးမြင့် မျက်လုံးကိုဝေ့၍ သူမ ဖေဖေ ဦးမျိုး
ဆက်ကိုရှာသည်။ သူမ အပြင်ထွက်လျှင် ဦးမျိုးဆက်က ပေါ်တီကို
အောက်မှ နှုတ်ဆက်တတ်သည်။

ယခုမူ မတွေ့။ ဘာတွေ အလုပ်များနေပါ့။

ဘယ်ဟုတ်လိမ့်မလဲ။

ဦးမျိုးဆက်က ပေါ်တီကိုအောက် လာမရပ်သော်
လည်း တခြားပြတင်းပေါက်မှ သမီးချောနှင့် သမက်လောင်းကိုလူ
ချောကို ချောင်းလို့ကြည့်နေပါလေ၏။

ပြီးတော့ ရေရွတ်လိုက်သေးသည်။

"ဟာ ... ဟ ဘယ်ရမလဲ မီလေးလေးရာ ... ဖေဖေ့မှာ
ဘယ်ချည့်သည်မှ ချိန်းထားတာမရှိဘူးဟေ့ ..."

ထိုစဉ်က လက်ဝဲမောင်းစနစ်ဖြစ်သည်။

"ဘယ်လမ်းကမောင်းရမလဲ လေးလေး ..."

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တဲ့ လမ်းကမောင်း ... "

"အဲဒါမှ ခက်ခက် ... "

"ဘာလို့ အဲဒါမှ ခက်ခက်လဲ ကိုထွန်းထွန်း ... "

"လမ်းကိုမသိဘူး လေးလေး ... လမ်းမသိတော့ ဘယ်ဘ နောက်လိုက်ရမှာလဲ ... "

"ဟင်းနော် ... ကိုထွန်းထွန်း ... အခုမှစပြီး စကားပြောတည့် တုန်းရှိသေးတယ် ... လူကို မစော်ကားနဲ့ ... "

"ဟိုက် ... ကျွန်တော်က လေးလေးကို ဘာများ စော်ကား လိုက်မိလို့လဲ ... "

"ဘာ ... ကျွန်တော်လည်း ... ဖေဖေ့ကို တိုင်ပြောမယ်"

"ဘာဖြစ်လို့ အန်ကယ်(လ်)နဲ့ ပြန်တိုင်ပြောမှာလဲ လေး လေး"

"ဒီလိုလေ ... မြန်မာစကားပုံမှာ လမ်းမသိခွေးနောက်လိုက် ဆိုတာ ရှိတယ်လေ ... အဲဒီတော့ လေးလေး ဘာဖြစ်သွား လဲ ... အဲဒါ စော်ကားတာပေ့ါ ... "

"မဟုတ်ပါဘူးဗျာ ... ကိုယ်ပြောချင်တာက ... အဲ ကိုယ်လို ပဲသုံးမယ်နော် ... ကိုယ်ပြောချင်တာက လေးလေးမောင်း ပါ ... ကိုယ်ဘေးက ထိုင်ပေးပါ့မယ် ... ဒါမှမဟုတ် လေး လေး ရှေ့ကထိုင်ပြီး ဟိုကွေ့သည်ကွေ့ပြောပေးပါလို့ ရိုးရိုး ပြောလိုက်တာပါ ... ကိုယ်က မြန်မာစကားပုံရိုင်းရိုင်းတွေ သုံးလေ့မရှိဘူး ... "

"မန္တလေးသား စကားအားကြီးတတ်တယ် ... ဒါဆိုရင် တော့"

လေးလေးမြင့် မျက်စောင်းထိုးသည်။ အပြုံးမျက်



င်းပဲဖြစ်ပါ၏။

"ကဲပါ ... ကိုထွန်းထွန်းပဲ ဆက်မောင်းပါ ... လေးလေးညွှန် ပေးမယ် ... "

ဟား ... ဝင်းမောင်ထွန်း ဆင်ကွက်ထဲ ဝင်မလာပါ

တကယ်တော့ ရန်ကုန်မြေပုံကို အထပ်ထပ်ကြည့် သည့် ဝင်းမောင်ထွန်း ဗိုလ်ချုပ်ဈေးကို ဘယ်လိုမောင်းရမယ်ဆို သိဝ်သိ။

လေးလေးမြင့် ရှေ့ထွက်လာမလားလို့။

"အယ် ... အယ် ... ဘယ်ဘက်ချိုး လေးလေး လက်ညှိုးထိုး ပြနေတာ မမြင်ဘူးလား ... "

ဝင်းမောင်ထွန်း အာရုံက လေးလေးမြင့် မျက်နှာ ချောလေးအပေါ် ရစ်ဝဲစွာဖြန့်ကျက်ထားသည်မို့ မကြားလိုက်။

တော်ပါသေး၏။

ရှေ့တည့်တည့်မှ ကားနှင့် မချိတ်မိရုံတမည်ဖြစ်သွား

တစ်ဘက်ကားမောင်းသူက လှမ်းအော်သည်။

"ဘယ်လိုမောင်းတာလဲ ထိုယ့်လူ ... "

မိစ္ဆာတေး လေးလေးမြင့်က မခံ။ ပြန်၍ တစ်ဘက် သူ့မကာပင် ပြတင်းပေါက်တံခါးပေါက်မှ ခေါင်းပြူကာ ပါလေသည်။

"ဘယ်လိုမောင်းရမလဲ ... ဒီလိုမောင်းတာပေ့ါ ... ကား မောင်းတဲ့အခါ သူမှား ကိုယ်မှားရှိတတ်တာဘဲ ... ဘာကြီး ကျယ်နေတာလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သူငယ်ချင်းတို့ရေ ... ကောင်မလေးက သွား
ထိလို့ ကတ်ကတ်လန်နေတာဟေ့ ... မလွယ်ဘူး ...
ဟီးလိမင်းကားလေးက ဝေးသွားခဲ့ပြီ။
"ကြည့် ... ဒါတောင် မထိတထိ ပါးစပ်သရမ်းသွား
တယ် ..."
လေးလေးမြင့်က ခေါင်းပြန်သွင်းရင်း နှုတ်
ပြောလိုက်သည်။
"ဘယ်လို ပါးစပ်သရမ်းသွားလို့လဲ ..."
"ကြားတယ် မဟုတ်လား ..."
"ဟင့်အင်း ..."
"မကြားတာဘဲ ကောင်းပါတယ် ... ကိုထွန်းထွန်း"
"ကြားချင်တယ် မလေးလေး ..."
လေးလေးမြင့် မျက်ဝန်းကိုစေ့၍ ဝင်းမောင်ထွ
ကြည့်သည်။
"သူတို့က လေးလေးကို ပြောသွားတယ်လေ ... သွား
ထိလို့ ကတ်ကတ်လန်တာတဲ့ ..."
"ဟုတ်လား ... သူတို့ပြောတာ မှားနေတာပေါ့ ... တ
လို့သာ သူတို့ပြောတဲ့အတိုင်း အမှန်ဖြစ်နေရင် သိပ်
မှာဘဲ ..."
"ဘာပြောတယ် ..."
"ကိုယ် ... ကိုယ်အရဲစွန့်ပြီး ပြောလိုက်မိတာပါ ..."
ဝင်းမောင်ထွန်း အသံတုန်နေတော့ လေးလေး
ဂရုဏာသက်မိသည်။ အသံတုန်တုန်နှင့်ပင် ဝင်းမောင်ထွန်း
ပြောပါလေ၏။



"ကိုယ်ဖွင့်ပြောရင် အခင်အမင်ပျက်သွားမှာ တကယ်စိုးရိမ်မိ
ပါတယ် ... အန်ကယ်(လ်)နဲ့ ကိုယ်တို့ ခရီးကြမ်းတစ်ခုထွက်
ဖို့စီစဉ်ထားတယ် ... အဲဒီခရီး မသွားခင် ဖွင့်ပြောမှဖြစ်မယ်
လို့ စိတ်ထဲမှာ မှတ်ထားမိတယ် ... သွားတဲ့ ကိစ္စအောင်မြင်
ရင်ဖြစ်စေ ... မအောင်မြင်ရင်ဖြစ်စေ ကိုယ်ဘာဆက်လုပ်
မလဲဆိုတာ စဉ်းစားထားတယ်လေ ... လေးလေးက ကိုယ်
မေတ္တာကို လက်ခံရင် သီရိမြိုင်မှာ ဆက်နေပြီး ရန်ကုန်တစ်
နေရာမှာ ဆေးခန်းဖွင့်ချင်ဖွင့်မယ် ... ဆေးရုံမှာ အလုပ်ဝင်
ချင်ဝင်မယ် ..."
"တကယ်လို့ လေးလေးက "နိုး"ဆိုရင် ... မေတ္တာကို လက်
မခံခဲ့ရင် ခရီးကအပြန် မန္တလေးကို ပြန်မယ်လေ ..."
လေးလေးမြင့် ငြိမ်နေလိုက်သည်။ မိမိငြိမ်နေသဖြင့်
သူအားတုက်ရဲတင်းလာပုံရသည်။ အသံမတုန်ပါလေတော့။
"ချစ်တာနဲ့ အမြင်ကတ်တာက တခြားစီပဲ ... ချစ်တာက
နှလုံးသားကလာတာ ... အမြင်ကတ်တာက မျက်စိကလာ
တာလေ ..."
"ဘာတွေပြောနေတာလဲ ..."
ရင်ထဲ မလင်းမရှင်းဖြစ်လာ၍ လေးလေးမြင့် မေးမိ
သည်။

"အချစ်နှင့် မမြင်ကတ်ဖွာတွေ ရောထွေးကုန်ပြီ မဟုတ်
လား"
"ဩော် ... သီရိမြိုင်ကို ရောက်လာစက အနာဆေးထည့်
တုန်း မလာပါနဲ့လို့ ဆိုတဲ့စာကို လေးလေးရေးတာလို့ကြား
လိုက်ရတယ် ... ပြီးတော့ လေးလေးက ဘောင်းဘီနဲ့ ရှပ်

www.burmeseclassic.com

www.burmeseclassic.com



အကျီဝတ်ထားတော့ ကြည့်မရပြန်ဘူး ... အမြင်ကတ်သွား
မိတယ်လေ ... ”

လေးလေးမြင့် တစ်ဖက်လှည့်ပြုံးမိသည်။ မန္တလေး
သား စကားတတ်သည်ဆိုဦးတော့ ဒီမန္တလေးသား ကိုထွန်းထွန်း
ပြောပုံကမူ ကဘောက်တိ ကဘောက်ချာနိုင်လွန်းလှပါလေ၏

ဒါပေမဲ့ သူမ နားဝင်ချိုနေမိသည်။

“နောက်တော့ ဒီကောင်မလေး ... ဒီလောတ်ချော ...
လောက်လှနေမှတော့ ချစ်သူရှိမှာဘဲလို့ တွေးမိတယ် ...
ကျော်စိုးမင်းနဲ့ တွဲနေပြန်တော့ ဒီကောင်မလေး ကျော်စိုး
မင်း ငြိနေပြီလို့ တွက်လိုက်မိတယ် ... အဲဒီတုန်းကတော့
ဒီလောက်ပါပဲ ... အမှုမဲ့ အမှတ်မဲ့ဘဲ ... ကိုယ်စိတ်ဝင်စားနေ
မှန်း မသိသေးဘူး ... တစ်ယောက်နဲ့ တစ်ယောက်လည်း
အစေးမကပ်ကြဘူးလေ ... ”

“ဟိုရှေ့ ဘုရားလမ်းကို ကျော်ပြီးရင် မိုလ်ချုပ်ဈေးရောက်
တော့မှာနော် ... ”

“အင်းပါ ... ပြီးတော့မှာပါ ... ဟိုလေ ... လေးလေးကို
ကိုယ်ဆေးကုပေးရတော့ ပွေ့ပွေ့ဖက်ဖက်လေး လုပ်ရတာ
ပေါ့ ... ”

“တော် ... ဒါတွေထည့်ပြောစရာလား ... ဟွန်း ရှားမှရှားဘဲ”

“အဲ ... အဲဒီတော့ဗလေ ဟို ... ဟို နှလုံးသားထဲက အချစ်
တွေ ဘယ်လိုဖြစ်ပေါ်လာလဲ မသိဘူး ... လေးလေးကို
ကိုယ်ဘိုင်ချစ်မိသွားတာပါပဲ ... ”

“ဒါဆို ချစ်တယ်ဆိုတာ မိန်းကလေးတစ်ယောက်ကို ပွေ့ရ
ဖိုက်ရမှ သိတာမျိုးပေါ့ ဟုတ်လား ... ”



“နိုး ... နိုး ... ကိုယ် လေးလေးကို အရင်ကတည်းက နှလုံး
သားထဲမှာ ချစ်နေမိတာပါ ... အနီးကပ်ပြုစုမှ နိုးကြားလာ
တာကို ဆိုလိုတာပါ ... ”

“ရှပ်လိုက်တာ ... ဟိုမှာ မီးစိမ်းပြနေပြီ မောင်းတော့”

“အဲ ... ကျော်စိုးမင်း အပေါ်မှာ ဘယ်လိုမှ သံယောဇဉ်မရှိ
ဘူး ပြတ်တယ်ဆိုလို့ ကိုယ်ရင်ခုန်မိတာပေါ့ ... ”

“ဘယ်နားမှာ ထခုန်တာလဲ ... ”

“အာ ... ဝမ်းသာတာကိုတင်စားပြောတာ ကလေးမှမဟုတ်
တာ ... ဘယ်မှာထခုန်ပါ့မလဲ ... ”

လေးလေးမြင့် ကျိတ်ရယ်မိတော့သည်။ အချစ်နှင့်
ပတ်သက်လာလျှင် ဖေဖေပြောသလို အစိမ်းအရိုင်းမှန်း သိလိုက်ရ၍
ရှုနပ်မိပါလေ၏။

“ဘယ်ဘက်ကွေ့လေ ... ဗိုလ်ချုပ်ဈေးရောက်ပြီလေ”

ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်းမှာဘဲ ရပ်ပစ်
လိုက်သည်။

ဟံသာအေး နိုင်လွန်ဆိုင်ကြီးရှေ့မှာဘဲ ဖြစ်ပါ၏။

လေးလေးမြင့် ကားပေါ်မှ ဆင်းလိုက်သည်။

“ကဲ ... ကိုထွန်းထွန်းပြန်တော့ ... လေးလေး ဝယ်ခြမ်းပြီး
ရင် တက္ကစီငှားပြီး ပြန်ခဲ့မယ်လေ ... ”

“ဟာ ... ဘာလို့လဲ ... ကိုယ်ဒီကားထဲမှာ ထိုင်စောင့်နေမှာ
ပေါ့ ... ”

“မစောင့်ပါနဲ့ ... ပြန်ပါ”

“မဟုတ်တာဘဲ လေးလေး ... လေးလေး တစ်ယောက်
တည်းဆိုရင် အန္တရာယ်မကင်းဘူးလေ ... ”

www.burmeseclassic.com

www.burmeseclassic.com



"အခုလည်း ဘာထူးသေးလို့လဲ ... တစ်လမ်းလုံး ကိုထွန်းထွန်း လူပျိုစကားပြောလာတယ် ... အပြန်ကို လေးလေး မလိုက်ရဲတော့ဘူး ... ဗွတ်ကြီးကားတင်ပြေးရင် ဘယ့်နှယ် လုပ်မလဲ ... "

ဝင်းမောင်ထွန်း မျက်နှာချက်ချင်းပဲ ပြောင်းလဲသွားသည်။ လေးလေးမြင့်ကို ပါးစပ်အဟောင်းသားကြည့်နေမိသည်။

တစ်ခဏအကြာတွင် အကြည့်လွှဲပြီး ကားမှန်ဘေး နှစ်ဖက်စလုံးတင်၏။ ဝင်းမောင်ထွန်း တံခါးအတွင်း သော့ချက်ကို ပိတ်လိုက်သည်။

ကားတံခါးကိုသူဖွင့်၍ဆင်းပြီး ကားသော့ကို ဘော နက်အဖုံးပေါ်တင်လိုက်သည်။ သူ့ထံမှ သက်ပြင်းချသံကြားရပါ၏။

"ကားထားပးစ်ခဲ့တယ် ... လေးလေးပြန်ချင်တဲ့အချိန် ကိုယ့် ကားကိုယ်မောင်းပြန်ပါ ... "

"ကိုထွန်းထွန်းက ဘယ်ကိုသွားမှာလဲ ... "

"အန်ကယ်(လ်)ကို နှုတ်ဆက်သွားတယ်လို့ ပြောပေးပါ ... ကျွန်တော် မန္တလေးပြန်ပြီ"

ဝင်းမောင်ထွန်း ချာခနဲလှည့်ပြီး လမ်းမကြီးဘက် ခြေလှမ်းတော့၏။

"အဲဒါ ဘာလုပ်တာလဲ ... ကိုထွန်းထွန်း ... ကိုထွန်းထွန်း"

လေးလေးမြင့် ဟန်ပင်မဆောင်တော့ဘဲ တအား အော်ပြီးခေါ်သည်။ ဝင်းမောင်ထွန်းမရပ်တော့။ နောက်ပင်လှည့် မကြည့်။ လေးလေးမြင့် အရှက်ကို မငဲ့နိုင်တော့ဘဲ အတင်းပင် ဝင်း မောင်ထွန်းနောက် ပြေးလိုက်ခဲ့ပါ၏။

လမ်းမကြီးမကူးခင် မီလာသည်။ မီသည်နှင့် လေး



လေးမြင့်က ဝင်းမောင်ထွန်း၏ လက်မောင်းကို ကိုင်ဆွဲကာ လှည့် လိုက်သည်။

"ဒါဘာလုပ်တာလဲ ... "

"အတူတူအိမ်မှာဆက်နေလို့ မသင့်တော့ဘူးလေ ... ကိုယ် ကအန္တရာယ်ကောင်ဖြစ်နေပြီပဲ ... ကိုယ်ရှိနေသရွေ့ လေး လေးမှာ အန္တရာယ်ရှိတယ်လို့ ယူဆထားမှတော့ ကိုယ် မန္တလေးပြန်ဖို့သင့်ပြီ ... "

"ဘယ်သူက ကိုထွန်းထွန်းကို အန္တရာယ်ကောင်လို့ ပြောလို့ လဲ ... "

"ကားတင်ပြေးမှာကြောက်တယ်လို့ လေးလေး ပြောခဲ့တယ် မဟုတ်လား ... အဲဒါကြောင့် ကိုယ်ဟာ အန္တရာယ်ကောင်ပဲ ပေါ့ ... "

လေးလေးမြင့် ငိုလေတော့သည်။ အမှန်က ကိုလူရှိုး သူအကြီးကို လေးလေးမြင့် နောက်ပြောင်ကျီစယ်ခြင်းဖြစ်ပါ၏။

"မငိုနဲ့ လေးလေး ... ဟိုမှာ လူတွေကြည့်နေကြပြီ ... "

"ကြည့် ... ကြည့်ပေါ့ ... လေးလေးက ကိုထွန်းထွန်းကို တမင်စတာ ကိုထွန်းထွန်းက တကယ်စိတ်ဆိုးထွက်သွား တော့ ဝမ်းနည်းပြီး ငိုတာပေါ့လို့ ... "

"အဲ ... ဒါဆို ခုနကပြောတာ တကယ်မဟုတ်ဘူးပေါ့ ... လေးလေး ကိုယ့်သိက္ခာကို အထင်မသေးဘူးပေါ့ ... ဟုတ် လား ... "

"ကြည့် ... တကယ်ပြောလိုက်တာဆိုရင် အခုလို အရှက်ခွဲခံ ပြီး လိုက်ဆွဲခေါ်မလား ... လာ ... ပြန်လိုက်ခဲ့ ... "

"မငိုနဲ့တော့လေ ... ကိုယ်ပြန်လိုက်ခဲ့ပါ့မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသားယှဉ်တွဲပြီး ပြန်လျှောက်ခဲ့ကြသည်။ လေးလေးမြင့်လည်း အငိုရပ်သွားခဲ့၏။ ဘေးမှ အစအဆုံးကြည့်နေ… သူတွေက ပြုံးစိပြုံးစိဖြစ်သွားကြသည်။

ကောင်ချောချောလေးနှင့် … ကောင်မချောချော… လေးစုံ စိတ်ကောက်စကားများ၊ ပြန်တည့်ကြသည်မှာ ကြည်နူးစရာ… သိပ်ကောင်းလွန်းသည် မဟုတ်ပါလား။

"ကားသော့ပြန်ယူပြီး ဈေးထဲကို လိုက်ခဲ့ပါ ကိုထွန်းထွန်း"

"ကောင်းပါ့မလား … လေးလေး သိက္ခာထိခိုက်ရင် ဘယ်… လိုလုပ်မလဲ … "

"အခုကော ဘာထူးလို့လဲ … လိုက်ခဲ့တော့ … ဘယ်သူ… ဘာထင်ထင်ပေါ့ … တော်ကြာ စိတ်ရှုပေါက်ပြီး မန္တလေး… ကို ပြန်လစ်ပြေးရင် ခက်ဦးမယ် … "

ဝင်းမောင်ထွန်း သော့တွဲကို ပြန်ယူသည်။ ပြီးတော့ လေးလေးမြင့်နှင့် ဗိုလ်ချုပ်ဈေးသို့ လျှောက်ခဲ့သည်။

ရည်းစားမဖြစ် ဘာမဖြစ် တဲတဲလေးအချိန်အတွင်း… မှာ ဖျပ်ခနဲ … ဖျပ်ခနဲ ရင်ခုန်သံတွေ ပြန်ကြားမိပြီး နှစ်ဦးသား… ယှဉ်တွဲလျှောက်ရသည်မှာ ကြည်နူးစရာကောင်းလွန်းလှသည်။

တာဝတိံသာက ဦးမာဃ နေရာချင်းလဲမည်ဆိုလျှင် ဝင်းမောင်ထွန်း အပြတ်ငြင်းပါလေမည်တည်း။



## အခန်း (၁၂)

လေးလေးမြင့် အိပ်မပျော်ပါလေ။

ဗိုလ်ချုပ်ဈေးက အပြန် ကိုထွန်းထွန်းက သူ့အပေါ်… ချစ်နှင့် ပတ်သက်၍ ဆက်ကာမတောင်းခံခဲ့။ သူမ စိတ်ထဲ မချင့်… ရဲ့ ခံစားမိရပါလေ၏။

တကယ်ဆိုလျှင် … ဘာဘာညာညာတော့ ဆက်၍… သင့်သည်ပေါ့။

"လေးလေးက ကိုယ့်အပေါ်ဘယ်တော့လောက် အဖြေ… စကားပြန်မှာလဲ … "

သည်လောက်တော့ ဖြစ်သင့်သည်လေ။

ဗိုလ်ချုပ်ဈေးတွင် ဈေးဝယ်တော့ ကိုထွန်းထွန်းက… လှမ်းလှမ်းမှာဘဲ ရပ်ကာစောင့်သည်။

"ဟဲ့ … လေးလေး … ဒီတစ်ခါ အတွဲသစ်ပါလား တို့ကို မိတ်ဆက်ပေးဦးလေ … "

"သူက ဒေါက်တာ ဝင်းမောင်ထွန်းတဲ့ … မန္တလေး… ဖေဖေ အရင်းနှီးဆုံး မိတ်ဆွေရဲ့သား … သူအလည်လာတုန်း ကားမောင်းပို့ခိုင်းတာ … "

www.burmeseclassic.com

www.burmeseclassic.com



"ကားမောင်းပို့နိုင်းတာလောက်တော့ မလုပ်နဲ့ လေးလေး ရုပ်ရော ဒေါက်ရော အမေရိကန်ဓာတ်လိုက် ဂရေဂရီပက်နဲ့ တူတယ် ... ချောမှ ချောပဲဟယ် ... ပြီးတော့ ဆရာဝန်ဘွဲ့ ရပြီးသားတဲ့ ... ဒီမယ် လေးလေး မလိုချင်ရင်လည်း တို့ကို စွန့်ကြဲခဲ့ပါဟယ် ... တို့နဲ့ မိတ်ဆက်ပေးပါလား ..."

"သူက ရမှာမဟုတ်ဘူး ... မမအေးရဲ့ ... အမျိုးသမီးဆို သူက အရှင်ရှောင်တယ်လေ ..."

ကျော်စိုးမင်းနှင့် လာစဉ်က မိတ်ဆက်ပေးဖူးသော်လည်း ဝင်းမောင်ထွန်းကျတော့ သူမ မိတ်ဆက်မပေးခဲ့ပါလေတော့။

သူတို့အားလုံးက ဝင်းမောင်ထွန်းကို ရုပ်ချောသည်၊ တွေ့သူတိုင်း ကြိုက်ပါပေသည့် နှင်းဆီခိုင်ဟု ဆိုလေတိုင်း လေးလေးမြင့် ကြည့်နူးမိသည်။ ဒါတွေကို သူသိမည်မဟုတ်။

ဘာပဲဖြစ်ဖြစ် ... ကိုယ်ကြည်နူးသလို ဒီလူကြီး မိန်းကို မေးသင့်သည်ပေါ့။ ဒါကြောင့်ပဲ မချင့်မရဲ လေးလေးမြင့် ဖြစ်ရခြင်းပဲ ဖြစ်ပါလေ၏။

အလားတူပင် ... ဝင်းမောင်ထွန်း ခမျာလည်း အိပ်မပျော်နိုင်။ ဗိုလ်ချုပ်ဈေးတွင် မိမိနောက်သို့ အရှက်မငဲ့နိုင်ဘဲ ပြေးလိုက်လာပြီး အတင်းပြန်ဆွဲခေါ်ရင်း ငိုနေသည့် လေးလေးမြင့်၏ မျက်နှာလေးကို တရစ်ဝဲဝဲမြင်နေမိသည်။

သူတွေးရင်းဖြစ်ပင် ညဥ့်နက်သန်းခေါင်တိုင်သွားတော့သည်။ အိပ်မပျော်သူတို့ ထုံးစံအတိုင်း တိတ်ဆိတ်လွန်းသော ညတွင် မည်မျှတိုးညှင်းသော အသံဖြစ်စေ သတိထား ကြားနိုင်စွမ်းရှိသည်သာ။



"ဖုတ် ... ဖုတ် ... ဖုတ် ..."

ဤအသံသည် ကြမ်းပြင်ကို အဝတ်ဖိနပ်စီး၍ ခြေဖွနင်းသံ ဖြစ်နိုင်သည်။

ဝင်းမောင်ထွန်း သူခိုးဝင်ပြန်ပြီဟု ရိပ်စားမိလိုက်သည်။ အိပ်ရာမှ ဝင်းမောင်ထွန်း ဖြည်းညှင်းစွာထသည်။ အိပ်ခန်းတံခါးဝသို့ ခြေဖွနင်း၍ လျှောက်ခဲ့သည်။

အိပ်ခန်းတံခါးကို ဟရုံကလေးဖွင့်ကာ ကိုယ်တစ်စောင်းထွက်လိုက်၏။ စူးရှပိုင်းဝန်းသော လက်နှိပ်ဓာတ်မီး အလင်းရောင်က ဗီရိုနှင့် စားပွဲများကို ထိုးကြည့်နေသည်ကို တွေ့ရ၏။

နံရံကို ကျောကပ်ကာ ဝင်းမောင်ထွန်း လှမ်းရပြန်သည်။

သူခိုးက ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။ ဖျတ်ခနဲ ဓလက်(ရှ်)မီးရောင် ဝင်းလက်သွားသည်နှင့် ခေါင်းလောင်းသံလည်း ဆူညံစွာ ထွက်လာခဲ့ပါလေပြီ။

ဝင်းမောင်ထွန်း လွှားခနဲ ခုန်ကာ မီးခလုတ်များကို ဖွင့်လိုက်သည်။ မီးရောင်များ လင်းလက်သွားသည်။ သူခိုးက လျှင်သည်။ ချက်ချင်း ညှိခန်းမှ လှေကားရှိရာသို့ ပြေးသည်။

ဝင်းမောင်ထွန်း။ သူခိုးကို ဝင်ရောက်ပူးသတ်ခဲ့၏။ သူခိုးက အင်္ကျီဘောင်းဘီ၊ လက်အိတ်၊ ဦးထုပ် အားလုံးအနက်ရောင် ဝတ်ဆင်ထား၏။

သူခိုးက တိုက်ခိုက်လိုစိတ်မရှိ၊ ဖွတ်ဝင်ပူးသတ်သော ဝင်းမောင်ထွန်းကို အတင်းတွန်းထုတ်လိုက်သည်။

ဝင်းမောင်ထွန်း ယိုင်ထွက်သွား၏။ သူခိုးက လှေကားထစ်များကို တဒိုင်းဒိုင်းနင်းကာ ဆင်းပြေးခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ပြန်ထိန်းပြီးနောက် ဝင်းမောင်ထွန်း လှေကားမှ ဆင်းပြေး၍ သူခိုးနောက်သို့ လိုက်ခဲ့သည်။

ဆင်းပြေးစဉ်က အောက်ထပ်တွင် မည်းမှောင်နေသော်လည်း ဝင်းမောင်ထွန်း အောက်ထပ်အရောက် မီးများလင်းလာခဲ့သည်။

မီးခလုတ်ဘေးတွင် အဘဖိုးလူနှင့် ဒေါ်သာအုံတို့ လင်မယားရပ်နေသည်ကို တွေ့လိုက်ရသည်။

"ဘာတွေဖြစ်နေတာလဲ မောင်ရင် ..."

"အဘ သူခိုးကို မတွေ့လိုက်ဘူးလား"

"အဘ မီးဖွင့်လိုက်တော့ မြင်ရတာ မောင်ရင် ပထမဆုံးဘဲ"

လှေကားမှ ဦးမျိုးဆက်ရော လေးလေးမြင့်ပါ ဆင်းလာခဲ့ကြသည်။ ဝင်းမောင်ထွန်းက ထမင်းစားခန်း မီးဖိုဆောင်သို့ ပြေးဝင်ကာ မီးများဖွင့်၍ သူခိုးပြေးပေါက်ကို လိုက်ရှာကြည့်သည်။

လုံးဝမတွေ့။ အိမ်ရှိ ပြတင်းပေါက်တို့ ပိတ်လျက်သားပဲ တွေ့ရသည်။ ဝင်းမောင်ထွန်းက ဦးမျိုးဆက်တို့ စုဝေးရာနေရာသို့ လျှောက်လာခဲ့သည်။

ဝင်းမောင်ထွန်းက ဦးခေါင်းယမ်းပြခဲ့သည်။

"တော်တော်တော့ ဆန်းနေပြီ အန်ကယ်(လ်) ... အပေါ်မှာ သူခိုးနဲ့ လုံးထွေးသတ်ပုတ်ပြီး ... သူခိုးဆင်းအပြေးမှာ ကျွန်တော်နောက်ကလိုက်ခဲ့တာပဲ ... အောက်ထပ်လည်းရောက်ရော သူခိုးက ထွက်ပေါက်မရှိဘဲ ပျောက်သွားတယ် ... အောက်ထပ်မှာ ... အမှားအယွင်း တစ်ခုခုတော့ ရှိနေတာ အမှန်ဘဲ ..."

ဦးဖိုးလူက မျက်လုံးပြူးပြသည်။



"ဟေ ... မောင်ရင် ပြောပုံအရဆိုရင် အောက်ထပ်မှာ အိပ်တဲ့ ကျုပ်တို့လင်မယားတောင် သူခိုးကို ဝှက်ပေးနေသလို ဖြစ်နေပြီကော ..."

"အဖြစ်အပျက်အမှန်ကို ပြောပြတာပါ ... ဒါပေမဲ့ ဒီတစ်ချီတော့ သူခိုးကို မြင်ရတော့မှာပါ ... ဟဲ အန်ကယ်(လ်)နဲ့ လေးလေးတို့ ပြန်အိပ်ချင်အိပ်ပါ ... အိပ်ရေးပျက်လို့ နေထိုင်မကောင်းဖြစ်နေဦးမယ် ..."

"ထွန်းထွန်းကကော ..."

"အခု ညတွင်းချင်း ကင်မရာက ရိုက်လိုက်တဲ့ ပုံကို ဖလင်ဆေးမယ် ... ကူးမယ် အန်ကယ်(လ်) ... မိုးလင်းလို့ အိပ်ရာထတာနဲ့ သူခိုးပုံကို အန်ကယ်(လ်)တို့ကို မြင်ရစေမယ်"

အပေါ်ထပ်သို့ ပြန်တက်သွားခဲ့ကြသည်။ ဦးမျိုးဆက်က သူ့အခန်းရှိရာသို့ တောက်လျှောက်ဝင်သွားသည်။

ဝင်းမောင်ထွန်းက ကင်မရာရှိရာ ဧည့်ခန်းသို့ ... လျှောက်ခဲ့သည်။ လေးလေးမြင့်က သူမအခန်းဝတွင် ရပ်နေခဲ့သည်။ ဝင်းမောင်ထွန်းကို စောင့်နေခဲ့၏။

"ကိုထွန်းထွန်း ..."

"ဟင် ... လေးလေး ..."

"ကိုထွန်းထွန်း သိပ်မပင်ပန်းနေဘူးလားလို့ပါ ..."

"မပင်ပန်းပါဘူး ... ဒီသူခိုးကို ပြန်ချောင်းနေတာကြာပြီ အခုမှလာတယ်လေ ... ဝမ်းသာလို့ ပင်ပန်းလည်းခံနိုင်တယ် ..."

"သူခိုးလာလို့ ဝမ်းသာတယ် ..."

"ဟုတ်တယ် ... ကိုယ်သူခိုးရင် ရုပ်ကိုသေချာသိရအောင်ဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကင်မရာတွေ ချိန်ထားတယ် ... ဟိုတလောက မျက်နှာ
ကျက်ပေါ်မှာ ထဒုန်းဒုန်းထုရိုက်တာ အဲဒီကင်မရာတွေ
ဆင်တာပေါ့ ... "
"ဒါဆိုရင် ကင်မရာတွေက သူခိုးကို ရိုက်လိုက်မှာပေါ့နော်"
"ဒါပေါ့ ... ကျိန်းသေမလွဲနိုင်တော့ဘူး လေးလေး ..."
"ကိုထွန်းထွန်းက ဘာမဆို သိပ်တော်တာပဲ ... တစ်ခု
တယ် ... "
"ဘာညှို့တာလဲ ဟင်"
"သချ်ာ ... "
"ညှို့တယ် ... သချ်ာမှာ ကိုယ်ညှို့တယ် ဟုတ်လား"
"အင်း"
ဝင်းမောင်ထွန်းက လေးလေးမြင့်ကို တအံ့တ
ေးစိုက်ကြည့်မိသည်။
အိပ်ရာမှ ထခဲ့သည့် ကောင်မလေး၏အလှက
လှနေပါ၏။ ဒီကောင်မလေး ... လေးလေးမြင့်၏ ကပိုကရိုအလှ
ရက်စက်စွာလှနိုင်လွန်းပါလေ၏။
"မအင်းနဲ့ ... တကယ်ကို သချ်ာညှို့တာ ... မိုလ်ချုပ်ဈေး
တုန်းက သချ်ာအဖြေကို ပေါ်အောင်မှ တွက်မသွား
"အမ် ... ဟုတ်သားပဲ ကိုယ်ဆက်မတွက်ရဲလို့ပါ လေး
တွက်ချလိုက်လို့ ကိုယ်လိုချင်တဲ့ အဖြေမရခဲ့ရင် ... ကို
ရင်ကျိုးမှာလေ ... "
"ဒါဖြင့် အခုကော ... "
"အခု ကိုယ့်ကို ချစ်တယ်လို့ပဲ အဖြေမှန်တွက်လိုက်ပါ
လေးလေး ... "



"ဟောတော့ ... လေးလေးပေးမဲ့ အဖြေကို တွက်ထားတာ
အမှန်ပါပဲလားနော် ... "
ဝင်းမောင်ထွန်းရင်ထဲမှာ အချစ်ရေတံခါးကို ဖွင့်
တ်ပြီး ဖြစ်သွားပါ၏။
"ချစ်တယ်နော် ... လေးလေး ... "
ဝင်းမောင်ထွန်း၏လက်နှစ်ဖက်စလုံးက စပါးကြီးမြွေ
တ်သလို လေးလေးမြင့်ကိုယ်လုံးလေးကိုရစ်ပတ်ပါလေတော့သည်။
လေးလေးမြင့် အရှက်သည်းစွာ ခေါင်းညိတ်ပါ၏။
ခေါင်းပြင်မှိုမှိုနေရာလပ်မချန် ဝင်းမောင်ထွန်း အနမ်းမိုးရွာချပါလေ
သည်။
"တော်ပြီကွယ် ... "
"လေးလေး ပြောတာမှန်တယ် ... လက်မထပ်ခင် ဆန္ဒဆို
တာကို ချုပ်တည်းရမှန်း ကိုယ်နားလည်ပါတယ် ... "
"ဒါဆို သွားတော့နော် ကိုထွန်း ... "
ဝင်းမောင်ထွန်း လှုချင်းခွာသည်။ နှုတ်ဆက်သော
ကြည့်ဖြင့် ခွဲခွာလိုက်သည်။
လေးလေးမြင့် အိပ်ခန်းသို့ဝင်သွားသည်။ ဝင်းမောင်
ွန်း တစ်ညလုံးအလုပ်လုပ်ခဲ့တော့သည်။ နံနက်(၄)နာရီလောက်
ာ ဖလင်ဆေးပြီး ကူးပြီး ပြီးစီးသွားခဲ့၏။
သူခိုးရုပ်ကို ပီပီပြင်ပြင် မြင်တွေ့ရပြီကော။
ဝင်းမောင်ထွန်း ကျေနပ်စွာပြုံးလိုက်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

'ကော်ဖီဝိုင်းမှာ ဦးမျိုးဆက်ရော၊ လေးလေးမြင့်ပါ ရောက်နေခဲ့ပြီ။ ကော်ဖီမသောက်ကြသေးဘဲ ဝင်းမောင်ထွန်းကို စောင့်နေခဲ့သည်။

ဦးမျိုးဆက်က ညက သူခိုးအဖြေကို သိလို၍ စောင့်သည်။ လေးလေးမြင့်ကတော့ ပူပူနွေးနွေး ချစ်သူကို စောင့်ခြင်း ဖြစ်ပါသည်။

စောင့်တာတူပေမဲ့ ရည်ရွယ်ချက် မတူပါလေ။

လေးလေးမြင့်က ဖေအေကို ကိုထွန်းနှင့် ချစ်နေပြီ ဟုပြောချင်သည်။ ပြောရန်မရဲခဲ့။ ခက်သည်လေ။ ဖေအေနှင့် သမီး တော့ အပြောရပိုခက်ပါ၏။

"သမီး ... ညက ထွန်းထွန်း ဘယ်အချိန်အိပ်သလဲ"

"အိုး ... လေးလေး ဘယ်လိုလုပ်သိမှာလဲ ... ဖေဖေကလဲ"

လေးလေးမြင့် ရှက်ရိပ်သမ်းသွားသည်။ ဖေဖေပြောပုံက တစ်ခန်းတည်းအတူအိပ်ကြသည့် သဘောမျိုးသက်ရောက်နေသည် မဟုတ်လား။

"ဟော လာပြီ သမီး ... "



ဝင်းမောင်ထွန်း ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။

သူ့လက်ထဲမှာ စာအိတ်တစ်အိတ်လည်း ပါလာခဲ့သည်။

"လာဟေ့ ထွန်းထွန်း ... ကော်ဖီတောင် မသောက်နိုင်သေးဘဲ အန်ကယ်(လ်)စောင့်နေတာ ... "

ဝင်းမောင်ထွန်းက ဦးမျိုးဆက်ကို မကြည့်အား ... လေးလေးမြင့်ကိုပဲ အရင်ပြုံးပြသည်။ လေးလေးမြင့်ကလည်း ပြုံးရုံပြီး ခေါင်းငုံ့သွားသည်။

ငယ်ရာမှ ကြီးလာသူ ဦးမျိုးဆက် သဘောပေါက်လိုက်ပါ၏။

"ဟင်း ... ဟင်း မိလေးလေးနဲ့ မင်းက အချိန်တွေအများကြီးရပါသေးတယ်ကွာ ... အခု လောလောဆယ် သူခိုးအကြောင်းလေး မြန်မြန်ပြောစမ်းပါကွာ ... "

"အား ... ဖေဖေကလည်း ... "

လေးလေးမြင့် ရှက်သံဖြင့် ပြောသည်။ သို့သော် ... ပြုံးချင်းပင် ဝင်းမောင်ထွန်းက လက်ထဲမှစာအိတ်ကို ဦးမျိုးဆက်ကို ကမ်းပေးသည်။

"ဓာတ်ပုံတွေပါ အန်ကယ်(လ်) ... ညက သူခိုးပုံကို တွေ့ရပါလိမ့်မယ် ... "

ဦးမျိုးဆက် ကမန်းကတမ်း ဓာတ်ပုံကို စာအိတ်ထဲမှ ထုတ်ယူကြည့်သည်။

"ဟ ... ကျော်စိုးမင်းပါလား ... "

"ကျွန်တော်နဲ့ နှစ်ခါတိတိ သတ်ကြပုတ်ကြရတယ် ... သူ့မျက်နှာကို ကျွန်တော် ကောင်းကောင်းမြင်ခဲ့တာချည်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျော်စိုးမင်းပါလို့ ထုတ်မပြောရဲခဲ့ဘူး ... ဘာဖြစ်
လဲဆိုတော့ လေးလေးစိတ်ထဲ အထင်မှားသွားမှာစိုးလို့

"မဟုတ်တာ ကိုထွန်းကလည်း ... လေးလေးက ဘာ
အထင် သေးရမှာလဲ ..."

"အဲဒီတုန်းက ကိုယ့်မှာ လက်ဆုပ်လက်ကိုင်ပြစရာမရှိ
လေးလေးနဲ့ကလည်း ခင်မင်နေတယ်လေ ... ကျွန်တော်
မနာလိုလို့ သူ့စိုးစွပ်စွဲတာပါလို့ အပြောခံရမှာ အကြောင်း
ဘဲ ..."

"ရှေ့ ဒီမယ် သမီးကြည့် ..."

ဓာတ်ပုံက ရှေ့နောက်ဝဲယာ၊ နောက်ဘက်ပုံ
ဖြစ်သည်။ သို့သော် ... တစ်ကိုယ်လုံး မမိလိုက်။ ကိုယ်တစ်ဝက်
လျှင် ရိုက်နိုင်ခဲ့သည်။

မည်သို့ဆိုစေ ... မြင်ယုံနှင့် ကျော်စိုးမင်းမှန်း သိ
ပါ၏။

"ကိုကျော်စိုးမင်းဟာ သိပ်ယုတ်မာတာဘဲနော် ဖေဖေ"

"သမီး သိပ်ကံကောင်းသွားတယ် ... ထွန်းထွန်း သိ
အရောက်စောလို့ ... မဟုတ်ရင် ကျော်စိုးမင်းနဲ့ သမီး
မျောက်ကိန်းဘဲ ..."

"အဲဒီလောက်လဲ မဟုတ်ပါဘူး ဖေဖေ ... ကိုကျော်စိုး
ဟာ သမီးဆီက ဘာအခွင့်အရေးမှ မရပါဘူး ... သူ့ကို
ထပ်မယ်လို့လဲ သမီးစိတ်မကူးခဲ့ပါဘူး ... ကုန်ကုန်ပြော
သူနဲ့ လုံးဝပြတ်သွားတဲ့ အချိန်အထိ သူ့မေတ္တာကို
လက်မခံသေးပါဘူး ဖေဖေ ..."

တကယ်တမ်း လေးလေးမြင့် သံသယရှင်း



ညီက ဖခင်ကိုမဟုတ် သူမချစ်ရသော ဝင်းမောင်ထွန်းအတွက်ပဲ
ပါလေ၏။

ဝင်းမောင်ထွန်း ပြုံးပါ၏။ သူ့အတွက် ပြုံးစေချင်
သော စကားများမဟုတ်ပါလား။

"ဖိုးလူရော မယ်သာအုံရော လာဦးဟေ့ ..."

ဦးမျိုးဆက်ခေါ်သဖြင့် ဦးဖိုးလူရော ဒေါ်သာအုံပါ
ရောက်ရှိလာခဲ့ကြသည်။

"ဒီမှာကြည့်စမ်း ... ညက သူခိုးကို ထွန်းထွန်း ကင်မရာနဲ့
ရိုက်ဖမ်းထားတာ မိနေပြီ ..."

ဦးဖိုးလူရော ဒေါ်သာအုံပါ ဓာတ်ပုံကို ယူကြည့်ကြ
သည်။

"ဟာ ... ဒါ ဒီအိမ်ကို စန္ဒရားလာသင်တဲ့ ... ကောင်ပဲ ...
ထင်တော့ထင်သား ... ဒီကောင်ဂနာမငြိမ်တာ ..."

"ဆိုပါဦး ... ဖိုးလူ ... ဒီကောင် ဘယ်လိုဂနာမငြိမ်တာလဲ"

"ကျုပ်သုံးခါရှိပြီတွေ့တယ် ... ဆရာကြီး ... ပထမဆုံးတစ်ခါ
စန္ဒရားတီးကြရင်း လေးလေး ရေချိုးဖို့ အပေါ်ထပ်တက်
သွားတယ် ... ဒီကောင် ကျော်စိုးမင်းက လေးလေးလည်း
လစ်ရော အောက်ထပ်ဧည့်ခန်းထဲမှာ မွှေနှောက်ရှာဖွေ
တော့တာပါပဲ ... ကျွန်တော်နဲ့တွေ့တော့ သူက ရယ်ဖြဲဖြဲနဲ့
မီးခြစ်ရှာတာပါလို့ ဆင်ခြေပေးတယ် ... ဒါနဲ့ ကျွန်တော်
မီးခြစ်ယူပေးလိုက်တယ် ... နောက်တော့ သူလာရင် ကျုပ်
မသင်္ကာလို့ မယောင်မလည်ချောင်းတယ် ... လေးလေး
လစ်တာနဲ့ အံဆွဲဖွင့် ဟိုရှာသည်ရှာလုပ်တာပါပဲ ဆရာကြီး"

"ဒါဆို ကျုပ်ကို ဘာလို့ မတိုင်ခဲ့သလဲ ဖိုးလူ ..."

www.burmeseclassic.com

www.burmeseclassic.com



အဘိုးလူက လေးလေးမြင့်ကို လှမ်းကြည့်သည် ပြီးတော့ ခေါင်းယမ်းပြသည်။

"လေးလေး မျက်နှာထောက်ရတယ်လေ ... နောက်ပြီး ဒီကောင် အံဆွဲထဲက ပစ္စည်းတစ်ခုခုယူရင်တော့ ပြန်လ စိတ်ကူးပြီးသားပါ ... "

"ဟုတ်မယ် အန်ကယ်(လ်) ... ကျွန်တော် ဆီ မြင့်ကို ... မရောက်ခင်ကတည်းက ဒီကောင် အောက်ထပ်မှာ နောက်ရှာဖွေပြီးသားဖြစ်မယ် ... သူ အောင် ထပ်မှာမရတော့မှ အပေါ်ထပ်ကို သူခိုးသဏ္ဌာန် ဝင်ခိုးတာ ဖြစ်နိုင်တာပဲ ... ဒါပေမဲ့ တစ်ခုတော့ ကျွန်တော်အံ့ဩမိ သေးတယ် အန်ကယ်(လ်) ... "

"ဘာများလဲ ထွန်းထွန်း ... "

"ကိုကျော်စိုးမင်းကို လေးလေးဆီလာတဲ့အခါ ကျွန်တော် တွေ့နေတာပဲ ... "

"[illegible]က်ကြောင်းတွေဘာလို့ ပြန်ပြောချင်နေရတာလဲ ... ကို[illegible]ထွန်းထွန်း"

မလိုလားသော မျက်နှာနှင့် လေးလေးမြင့်က ဝင် ဟန့်တားသည်။

"မဟုတ်ဘူး လေးလေး ... ကိုယ်ပြောချင်တာက တခြား အကြောင်းပါ ... ဒီလိုလေ ကျော်စိုးမင်း ဗလတော်တော် လေးသေးတာ ကိုယ့်မျက်မြင်ကိုယ်တွေ့ပဲ ... "

ဦးမျိုးဆက်က အလေးအနက်နားထောင်ခဲ့သည်

"အပေါ်ထပ်ကို သူနှစ်ကြိမ်တိုင်တိုင် တက်ခဲ့တယ် ... ကြိမ်စလုံး ကျွန်တော်နဲ့ လုံးထွေးသတ်ပုတ်လိုက်ရတယ် ...



အဲဒီ သတ်ပုတ်တဲ့ အချိန်တုန်းက ကျော်စိုးမင်းဟာ တော် တော်လည်းဆန်းတယ် ... ဗလကလည်း ကျွန်တော်နဲ့ နင် လားငါလားပဲ ... "

"ဟာ မဖြစ်နိုင်တာ ... "

ဦးမျိုးဆက်က ဝင်းမောင်ထွန်း၏ စကားကို လက်

"ထွန်းထွန်း သတ်ပုတ်ရာမှ သွေးသိပ်ပူနေတော့ ဒီကောင့် ကို အားသန်တယ် ... ဗလကြီးတယ်လို့ စိတ်က ထင်တာ မျိုးဖြစ်မှာပါ ... "

"မပြောတတ်ဘူး အန်ကယ်(လ်) ... ဒါပေမဲ့ ကျွန်တော် သွေးမပူတတ်တာအမှန်ဘဲ ... ဒီလို တစ်ယောက်ချင်းမပြော နဲ့ နှစ်ယောက် သုံးယောက်နဲ့ ကျွန်တော်တစ်ယောက် တည်း သတ်ပုတ်တာတောင် သွေးမအေးအေးထားပြီး သတ် နိုင်တယ် အန်ကယ်(လ်) ... "

"ဆရာကြီးပြောတာလဲ မမှားဘူး ... မောင်ရင်ပြောတာလဲ မှန်တယ် ... ဒီမောင်ရင် ဘယ်လောက်သွေးအေးတယ်ဆို တာ နေ့တိုင်း အသတ်အပုတ်လေ့ကျင့်ပေးနေတဲ့ ကျုပ်အသိ ဆုံးပေါ့ ... ဖြစ်နိုင်တာက လူတိုင်းမှာ အတွင်းအား အပြင် အားဆိုတာမျိုး ရှိတယ် ... အတွင်းအားက မြင်နိုင်စွမ်းမရှိ ဘူး ... အပြင်အားက သူ့ရဲ့ ခန္ဓာကိုယ်ကိုကြည့်ပြီး ဆုံးဖြတ်ရ လွယ်တယ် ... အတွင်းအားကို လိုချင်တဲ့ အချိန်ရဖို့ကလည်း ကျင့်ယူရတာပါပဲ ... အဲ ... တစ်ခါတလေတော့ [illegible]အလို အလျောက်လည်း ... ထွက်လာတတ်တယ် ... ဥပမာ ... အရပ်ထဲမှာ မီးလောင်တယ် ... ဓိရိုကြီး[illegible] တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းထမ်းပြေးတယ်ဆိုတာမျိုးက အတွင်းအားဟာ အရှိ လို ငုပ်လျှိုးရာက လန့်ပြီးထွက်လာတာမျိုးဘဲ ... ဟိုကောင် စန္ဒရားဆရာမှာလည်း ဒီမောင်ရင်နဲ့ သတ်ပုတ်တော့ အတွင်းအားတွေ ထွက်လာတာဖြစ်နိုင်တာပဲ ... "

ဦးဖိုးလူ ရှင်းပြတော့လည်း လက်ခံရမလို ဖြစ်နေခဲ့သည်။

သို့သော် ... ကျော်စိုးမင်းနှင့် ဝင်းမောင်ထွန်း၊ လေးလေးကို စီးကရက်ပေးသည့်ကိစ္စနှင့် သတ်ပုတ်ဖူးသည်။ ကျော်စိုးမင်းမှာ ဘာကိုယ်ခံပညာမှမရှိ၊ အတွင်းအား ဘာမှမရှိကြောင်း ဝင်းမောင်ထွန်း မှတ်မှတ်ရရ သတိထားမိပါ၏။

"ထားပါတော့လေ ... အခု ကျော်စိုးမင်းမှန်း သက်သေခံ ဓာတ်ပုံရထားပြီးပဲ ... ရဲအဖွဲ့ကို လှမ်းခေါ်ရုံပေါ့ ... "

ကော်ဖီကို ဦးမျိုးဆက်လက်စသတ်ပြီး တယ်လီဖုန်းရှိရာသို့ ထွက်သွားသည်။

အဘဖိုးလူနှင့် ဒေါ်သာအုံတို့လည်း ထွက်သွားခဲ့ကြ၏။

"ကိုထွန်း သောက်လေ ... "

ကော်ဖီကရားကို လေးလေးမြင့် ငုံ့ပေးသည်။

"လေးလေး ညက အိပ်မပျော်ဘူးထင်တယ် ... မျက်ကွင်းလေးတွေ ချောင်နေတာပဲ ... "

လေးလေးမြင့်က ပြုံး၍ ကြည့်သည်။

"ရော့ ကိုထွန်း ... "

ပေါင်မုန့်မီးကင်ထောပတ်သုတ်နှစ်ချပ်ကို ဝင်းမောင်ထွန်းကို လှမ်းပေးသည်။



"လေးလေးကော ... "

"အခု တစ်ချပ်စီစားမယ်လေ ... စားရင် နောက်ထပ် နှစ်ချပ်ကင်စားလိုက်မှာပေါ့ ... "

အရသာရှိမှရှိ။

"စားလို့ကောင်းလား ကိုထွန်း ... "

"ကိုယ့်တစ်သက်မှာ စားခဲ့တဲ့ ပေါင်မုန့်ထောပတ်သုတ်တွေထဲမှာ ဒီတစ်ခါစားရတာ အကောင်းဆုံးပဲ ... အဲဒါကလည်း လေးလေးကိုယ်တိုင် မီးကင် ... ထောပတ်သုတ်ခဲ့လို့ဖြစ်မှာပါ ... "

"ပိုတယ်နော် ... "

နှစ်ဦးစလုံး ရယ်မောမိကြသည်။ ချစ်ကြပြီဆိုလျှင် စားရာမှာဘဲဖြစ်ဖြစ် သွားရာမှာဘဲဖြစ်ဖြစ် အတူစားအတူသွားရတာ သင် ကြည်နူးစရာမဟုတ်ပါလား။

ထိုစဥ့်မှာပင် ကားတစ်စီး ခြံထဲမောင်းဝင်လာသံကို ကြားရသည်။ တစ်ဆက်တည်းမှာဘဲ ဦးမျိုးဆက်၏ ခေါ်သံကိုပါ ကြားရသည်။

"ထွန်းထွန်းရေ ... ရဲတွေလာပြီ ... "

လေးလေးမြင့်၏ လက်ဖဝါးလေးတွေကို တစ်ချက်ညှစ်ပြီး ဝင်းမောင်ထွန်း ထမင်းစားခန်းမှ ထွက်ခဲ့ပါ၏။

ဧည့်ခန်းတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဆုံစည်းရသည်။

"ဆရာမျိုး ... ဟောဒါက မရမ်းကုန်း ရဲဝန်ထောက် ဦးတင်မောင်လတ်တဲ့ ... ဆရာမျိုး ခြံနဲ့တိုက်က မရမ်းကုန်းမြို့ထဲ ပါနေတော့ အမှုဖွင့်မယ်ဆိုရင် ဦးတင်မောင်လတ်နဲ့ သက်ဆိုင်နေပြီလေ ဆရာ ... "

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူး ဦးဘတူက မိတ်ဆက်ပေးသည်။ ဦးဘတူက မြို့မရဲအရာရှိဖြစ်သည်။

“တွေ့ရတာ ဝမ်းသာပါတယ် ... ဆရာမျိုး ဆားဗစ်(စ်)ထဲမှာ မဆုံဆည်းခဲ့ရပေမဲ့ ဆရာမျိုး ပင်စင်သွားတဲ့နောက်ပိုင်းမှာ ... ဆရာမျိုးအကြောင်း ရဲအဖွဲ့မှာ သတင်းမွှေးနေတာ ကြားနေရပါတယ် ...”

“ကျေးဇူးပါပဲ ကိုတင်မောင်လတ် ... အဲ ညက ... ကျုပ်အိမ် သူခိုးဝင်တယ်လေ ...”

ဟု အစချီပြောခဲ့ပြီး ဝင်းမောင်ထွန်းနှင့် မိတ်ဆက်ပေးကာ သူခိုးဖမ်းခဲ့ပုံများကို အသေးစိတ်ပြောပြလိုက်သည်။

ထို့နောက် ရိုက်ယူထားသော ဓာတ်ပုံများကို ရဲအထောက် ဦးတင်မောင်လတ်နှင့် ဦးဘတူအား ပြသလိုက်ပေသည်။

ဓာတ်ပုံများကို မျက်မှောင်ကြုတ်ကာ ဦးတင်မောင်လတ်ကြည့်သည်။

“ဒီသူခိုးကို ကျွန်တော် တစ်နေရာမှာ မြင်ဖူးသလိုပဲ ... ဆရာမျိုးတို့ကော ဒီသူခိုးကို သိနေလား ...”

“သိပ်သိတာပေါ့ ကိုတင်မောင်လတ် ... ဒီကောင်က စန္ဒရားဆရာလေ ... ဒီအိမ်မှာ သမီးကို စန္ဒရားတီးလာသင်ပေးတဲ့ လူပဲ ...”

“အင်းလေ ... ဓာတ်ပုံနဲ့ ဒီသော့က်သေချာမှတော့ ပုဒ်မ (၄၅၇)နဲ့ ဆွဲရုံပေါ့ ... ဒီလူ့နာမည်နဲ့ လိပ်စာလေးသာ ကျွန်တော့်ကိုပေးပါ ဆရာမျိုး ...”

“နာမည်ကတော့ ကျော်စိုးမင်းတဲ့ ... နေရပ်လိပ်စာတော့ သမီးရေ ... လေးလေး ...”



ဟု ဦးမျိုးဆက် အော်ခေါ်လိုက်သည်။

ထမင်းစားခန်းမှ လေးလေးမြင့် ထွက်လာပါ၏။ ကျော်စိုးမင်း၏ လိပ်စာကို ဦးမျိုးဆက်မေးလိုက်သည်။

“အမှတ်( ... )ဝက်ပါလမ်း ... ခြောက်မိုင်ခွဲပါ ဖေဖေ”

ဦးတင်မောင်လတ်က တစ်လုံးချင်းပင် ကျော်စိုးမင်း၏ လိပ်စာကို ပြန်ရွတ်ဆိုမိသည်။

“အဲဒီ လိပ်စာအတိုင်း သေချာရဲ့လား ... ဒီဓာတ်ပုံထဲက ကျော်စိုးမင်းဆိုတဲ့ လူရဲ့ လိပ်စာအမှန် သေချာရဲ့လား ... တူမ”

“သေချာပါတယ် အန်ကယ်(လ်) ... ကျွန်မကိုယ်တိုင် အဲဒီ ဝက်ပါလမ်းထဲက အိမ်ကို ရောက်ဖူးခဲ့ပါတယ် ...”

ဦးတင်မောင်လတ် ခေါင်းကို ခါယမ်းလိုက်သည်။ ပြီး ဦးမျိုးဆက်ဘက်သို့ လှည့်လိုက်သည်။

“ဆရာမျိုး သမီးပြောတဲ့ အတိုင်းအမှန်သာဆိုရင် ဒီ ကျော်စိုးမင်းကို ကျွန်တော်တို့ ပုဒ်မ ၄၅၇ရနဲ့ မဆွဲနိုင်ဘူး ဆရာမျိုး”

“ဟေ ... ဘာဖြစ်လို့လဲ ...”

“မနေ့က ညတစ်ညလုံးနဲ့ မိုးလင်းတဲ့အထိ ဒီကျော်စိုးမင်းမှာ အလီဘိုင် ကောင်းကောင်းရှိနေလို့ပဲ ...”

“ဆိုပါဦး ... အဲဒီ အလီဘိုင်ကို ...”

အလီဘိုင်ဆိုသည်မှာ ဤအချိန် ဤနေရာတွင် ... ဤပုဂ္ဂိုလ်သည် ရာဇဝတ်မှုကျူးလွန်ပါသည်ဟု စွပ်စွဲစေကာမူ ယင်းပုဂ္ဂိုလ်က ဤအချိန်တွင် သူသည် အခြားတစ်နေရာ၌ ရှိနေကြောင်း ခိုင်လုံစွာ သက်သေအထောက်အထားနှင့် တင်ပြနိုင်ခြင်းကို ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အလီဘိုင်က ကျွန်တော်တို့ မရမ်းကုန်း ရဲစခန်းအချုပ်ထဲမှာဘဲ ဒီလူကို ညရှစ်နာရီကစပြီး အခုအချိန်အထိ ချုပ်ထားဆဲမို့ပါ ဆရာမျိုး ... "

"ဟာ ... "

"ဟင် ... "

ဟုတ်ပ့ါမလားဟူသော အာမေဍိတ်သံတွေ အားလုံးထွက်သွားကြတော့သည်။ ဦးတင်မောင်လတ်က ဆက်၍ ပြောပြသည်။

"မနေ့ညက ခုနစ်နာရီလောက်မှာ အမည်မဖော်သူတစ်ဦးက ရဲစခန်းကိုသတင်းပို့ခဲ့တယ် ... ခုနပြောတဲ့ အမှတ်( ) ဝက်ပါလမ်း ခြောက်မိုင်ခွဲမှာ ဂျင်ဝိုင်းလုပ်နေပါတယ် ... ဒါနဲ့ ကျွန်တော်ကိုယ်တိုင် ရဲကြပ်ကြီးအဖွဲ့နဲ့ သွားဖမ်းခဲ့တာပါ ခြောက်ဦးမိပါတယ် ... လောင်းကစားငွေ ... လောင်းတစားကိရိယာနဲ့ လက်ပူးလက်ကြပ်မိပါတယ် ... ဒါမျိုးဆိုတာက မျက်နှာကြီးတွေများတယ်လေ ... အာမခံကောင်းကောင်း●ပေးလာရင် အာမခံပေးလွှတ်ရတာဘဲ ... ဖမ်းဆီးခြောက်ယောက်ထဲ ငါးဦးကို ချက်ချင်း ဂုဏ်သူရေရှိ ပုဂ္ဂိုလ်များလာပြီး အာမခံပေးလို့ လွှတ်ပေးလိုက်တယ် ... အဲဒီမှာ ကျော်စိုးမင်းဆိုတဲ့ လူက ညကြီးမင်းကြီး ဘယ်သူ့မှ ဖုန်းမဆက်ဘူး ... အာမ,မခံခိုင်းဘူးတဲ့ ... အချုပ်မှာဘဲ ညအိပ်မယ် ... မနက်မိုးလင်းကျမှ အာမခံတွေဆီဖုန်းဆက်ပေးပါ ဆိုလို့ အဲဒီ ကျော်စိုးမင်းကို မရမ်းကုန်း ရဲအချုပ်ခန်းမှာ ကျွန်တော်လာတဲ့အထိ ချုပ်ထားဆဲပါ ဆရာမျိုး ... "

ဘာများ စောဒကတက်နိုင်ပါတော့မည်နည်း။



ဦးမျိုးဆက်ရော ... ဝင်းမောင်ထွန်းပါ ဦးနှောက်ခြောက်သွားရလေပြီ။ ငေးငိုင်သွားကြပါလေ၏။

"အဲဒီတော့ ဆရာမျိုး ဘာလုပ်စေချင်ပါသလဲ ... "

"ကိစ္စကတော့ ရှုပ်ထွေးလာပြီပေါ့ ... အလီဘိုင် ဒီလောက်ကောင်းနေမှတော့ ပုဒ်မ(၄၅၇)နဲ့ ဒီကောင့်ကို ဆွဲမရတော့ဘူးလေ ... ဒီလောက် အလီဘိုင်ကောင်းနေတာကို လက်မခံချင်စရာ ဖြစ်နေသလားဘဲ ... "

"မှန်ပါတယ် ဆရာမျိုး ... အဲဒါကိုပဲ စဉ်းစားနေတာပါ ... ဥပဒေအရ လွတ်အောက်လက်တစ်လုံးခြား လိမ့်ကွက်ပဲဖြစ်မယ်လို့ ... "

"ကဲ ... ကိုတင်မောင်လတ် ခေါင်းရှုပ်မခံနဲ့တော့ဗျာ ... ကျုပ်တိုင်ချက်ကို ဖျက်လိုက်ပေတော့ ... "

"မဖျက်ပါနဲ့ ဆရာမျိုး ... ဒီကြားထဲမှာ သူတို့ လှည့်ကွက်ကို အတတ်နိုင်ဆုံး စုံစမ်းပါ့မယ် ... အခုပုံအတိုင်းဆိုရင် ကျော်စိုးမင်း နှစ်ယောက်ဖြစ်နေပြီလေ ... ဘယ်ဟာ အတု ... ဘယ်ဟာအစစ်ဆိုတာ ရှာဖွေကြည့်ရမှာပေါ့ ... "

ဦးမျိုးဆက်အား နှုတ်ဆက်ပြီးနောက် ဦးတင်မောင်လတ်တို့အဖွဲ့ ပြန်သွားကြသည်။ ဦးမျိုးဆက် ဧည့်ခန်းဆက်တီပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

"ဒီပွဲမှာတော့ အန်ကယ်(လ်)တို့ ကြိုးတုပ်ပြီး အရိုက်ခံလိုက်ရတာပဲ ထွန်းထွန်း ... "

"စိတ်မပျက်ပါနဲ့ အန်ကယ်(လ်) ... ရှင်းပါတယ် ... ကျော်စိုးမင်းမျက်နှာခြင်း ချွတ်စွပ်တူတဲ့ လူတစ်ယောက်ရှိနေလို့ပါပေါ့ အန်ကယ်(လ်) ... သူတို့နှစ်ယောက် ဘယ်သူအတုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ... အစစ်ပဲဖြစ်ဖြစ် တစ်ဖွဲ့တည်းသားပဲဖြစ်လိမ့်မယ် ကျော်စိုးမင်းအစစ်က မြေပုံကိုလာခိုးတဲ့အချိန် အတုက ရဲကို သတင်းပေး ... ဂျင်းပိုင်းဆင်ပြီး အဖမ်းခံခဲ့တာပဲ ... ဒါပေမဲ့ သူတို့လိုချင်တဲ့ မြေပုံက ကျွန်တော်တို့မှာဘဲ ရှိနေပြန်တော့ ပြန်ပြီး တမျိုးတစ်ဖုံလှုပ်ရှားပတ်သက်မှာ သေချာတယ်"

ဦးမျိုးဆက် ခေါင်းညိတ်ပြသည်။

"မှန်တယ် ထွန်းထွန်း ... ဟင်း ... ဟင်း စိတ်ဝင်စားစရာ တောင်ဖြစ်လာပြီ ... "

ထိုနေ့ညနေ ဆည်းဆာအချိန်တွင် လေးလေးမြင့် ရော ဝင်းမောင်ထွန်းပါ ခြံထဲသို့ ရောက်နေခဲ့ကြသည်။

ချစ်သူတွေဖြစ်လာပြီဆိုတော့ ရှေ့ရေးကို စဉ်းစား တိုင်ပင်ဖို့စကြ၏။

"ဖေဖေ့ကို ကိုထွန်းပြောပြီးပြီလားဟင် ... "

"ဘာကိုလဲ လေးလေး ... "

"ကိုထွန်းနဲ့ လေးလေး ချစ်နေကြတာကိုလေ ... "

"သိပ်ပြောချင်တာပေါ့ ... ဒါပေမဲ့ လေးလေးနဲ့ တိုင်ပင်ပြီး လေးလေးက ပြောဆိုမှ ပြောမလားလို့ပါ ... "

"ဒါများ ... မနေ့ကမှ ချစ်ကြတဲ့အတိုင်းပဲ ... "

"ဟော ပေါ်ပြီ ... ကောင်မလေး ကိုထွန်းကို ဘယ်တုန်းက စပြီး ချင်နေတာလဲ ... "

"သိပ်သိချင်တယ်ပေါ့ ... ပြောပြမယ် ... ကိုထွန်း ဆေးကု ပေးပြီးကတည်းကပဲ ... ဘာသိချင်သေးလဲ ... "

"သိချင်သေးတာပေါ့ လေးလေး ဆယ်တန်းအောင်ရင် ... တက္ကသိုလ်ဆက်တက်မယ် မဟုတ်လား ... "



"ဖေဖေက တက္ကသိုလ်တက်စေချင်ရင် တက်ရဦးမှာပေါ့ ... ရိုးရိုးဘာသာတွဲယူရင်တောင် လေးနှစ်ကြီးကြာမှ ဘွဲ့ရမှာ"

"အင်း ... လေးလေးကို သိပ်ချောသိပ်လှတဲ့ ကိုယ့်ချစ်သူကို တက္ကသိုလ်မှာ လေးနှစ်ကြီးသွားနေဖို့ စိတ်မချပါဘူး ... တော်ကြာ ကိုယ့်ထက်သာတဲ့ လူတွေ့သွားခဲ့ရင်"

"အံမာ ... လေးလေးကလည်း ဒီလိုပဲသိလား ... ကိုထွန်းကို လေးနှစ်ကြီးတောင် စိတ်မချနိုင်ပါဘူး ... ဘာပဲပြောပြော လေးလေး တက္ကသိုလ်ဆက်တက်ရင် ကိုထွန်းက မန္တလေး မှာဘဲဖြစ်ဖြစ် ... ရန်ကုန်မှာဘဲဖြစ်ဖြစ် ဆရာဝန်အလုပ်ကို လုပ်မှာဘဲ ... ကိုထွန်းက ရုပ်လည်းချော ... အရုပ်အမောင်း ကလည်းကောင်း ... ဆရာဝန်လည်း ဆရာဝန်လူပျိုဆို တော့ ကြိုက်ချင်တဲ့ မိန်းကလေးတွေ တစ်ပုံကြီးပေါ်လာမှာ ပွန်း ... လေးနှစ်မပြောနဲ့ လေးရက်တောင် စိတ်မချဘူး သိလား ... "

"ဟုတ်တယ် လေးလေး ... လေးနှစ်ကြီးဆိုရင် ... အပြန် အလှန်စိတ်မောကြမယ် ... ဆယ်တန်းအောင်တာနဲ့ လက် ထပ်ပြီး တက္ကသိုလ်ဆက်တက်ပေါ့ ... တချို့များ ကိုယ်ဝန် ကြီးနဲ့ တက္ကသိုလ်တက်နေကြတာပဲ ... အခြေအနေကြည့် ပြီး အန်ကယ်(လ်)ကို အသိပေးမယ် ... "

"အယ် ... ကြည့် ... ပြောရှေ့မယ် ... "

ဝင်းမောင်ထွန်း တစ်စုံတခုပြန်ပြောရန် ပြင်ဆင်မှာ ...အိမ်ရှေ့သို့ သုံးဘီးတစ်စီးဆိုက်သည့်အသံနှင့် မာလီကုလားအရ ...ခေါသတကြီးအော်ဟစ်သံ၊ ခွေးကြီးတစ်ကောင်၏ဟိန်းဟောက် ...တို့ ဆူညံစွာထွက်ပေါ်လာခြင်းကြောင့် နှစ်ဦးသား ခြံဝခါးရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်ခဲ့ကြသည်။

"ဟေး ... ဟိုင်းလုံ ... "

"ဟေး ... အစ်ကို ... သူ လူပါးဝလို့လေ"

ဟိုင်းလုံ ပြန်ပြောသံနှင့် မြင်ရသည့်မြင်ကွင်း

ထိတ်လန့်စရာ၊ ရယ်စရာကောင်းနေခဲ့ပါ၏။

ဝိတ်ထားသော သံတံခါးအလယ်ပေါက်မှ လ

တစ်ဖက်သွင်းကာ အာရမ္မန်၏ လည်ကုပ်ကို ဟိုင်းလုံက ညှစ်ထား

သည်။

ကျားမောင်က သံတံခါးထဲ နှုတ်သီးသွင်းကာ အာ

မ္မန်အား ဟိန်းဟောက်နေခဲ့သည်။

သုံးဘီးကားမောင်းသူက ဟိုင်းလုံ၏ ကြမ်းတမ်း

ကားပေါ်မှ ထိတ်လန့်စွာကြည့်နေခဲ့သည်။

"လွှတ်လိုက်စမ်း ... ဟိုင်းလုံ ... မင်းခွန်အားကြီးနဲ့ အာရ

အသက်ထွက်သွားလိမ့်မယ် ... "

"ဟေ့ ... တို့ရဲ့မိတ်ဆွေတွေ ... ကျားမောင် တိတ်စမ်း"

ကျားမောင် ငြိမ်သွားသည်။ အမြီးနန့်၍ ဝင်းမော

ထွန်းကိုကြည့်၏။

"သူ လူပါးဝတယ် အစ်ကို ... သီရိမြိုင်ဆိုတာနဲ့ အစ်ကို့အိမ်

တံခါးဖွင့်ပေးပါဆိုတာကို ခွေးမောင်းသလို မောင်းထု

တယ် ... "

"အားရေ အစ်ကို ... သူနော် ပလတ်စတစ်ကောက်တဲ့ လူ

လို လူရိုင်းတစ်ယောက်နဲ့ တူသလိုလိုပဲ ... ဒီအိမ်မှာ

သူ့ရိုးအားကြီးလာတယ် ... ချွန်နော် တံခါးဖွင့်ပေးတ

နော် ... ဆရာ စိတ်ဆိုးမယ် ... အလုပ်ထုတ်ပစ်မယ်"



ဝင်းမောင်ထွန်း ရယ်လိုက်မိသည်။

"အာရမ္မန် ... အဲဒါ ငါ့ညီပဲ ... ခွေးကြီးကလည်း ငါ့ခွေးပါ

သူတို့ ငါ့နောက်လိုက်လာကြတာ ... တံခါးဖွင့်ပေးလိုက်"

"အာယိုယို ... ဒါကြီးလား ... အစ်ကို့ညီတော်က ပရင့်(စ)နဲ့

ဂျိုင်းယန့်ပါလား ... "

အာရမ္မန်အပြောကြောင့် လေးလေးမြင့် ရယ်ဖြစ်

၏။ အင်္ဂလိပ်စကားမတော်တခေါက်တတ်သော အာရမ္မန်က

ပြန်ရသော် မင်းသားနှင့် ဘီလူးဟု အဓိပ္ပါယ်ရခြင်းကြောင့်ဖြစ်

ဦးမျိုးဆက် ရောက်ရှိလာသည်။ အာရမ္မန်က တံခါး

ပေးလိုက်၏။ ကျားမောင်က ဝင်းမောင်ထွန်းကို ပတတ်ရပ်ကာ

လှုက်၊ နားရွက်လှုပ်နေခဲ့၏။ ဝင်းမောင်ထွန်းက ကျားမောင်ကို

သပ်ပေးခဲ့သည်။

ဟိုင်းလုံ သုံးဘီးကားခ ထုတ်ပေးလိုက်သည်။ သုံး

ကားက သီရိမြိုင်ခြံရှေ့မှ ဖြန်၍ ထွက်သွားခဲ့သည်။

"အော် ... အန်ကယ်(လ်) ... ဒါ ဟိုင်းလုံနဲ့ ကျားမောင်ပဲ

ဟိုင်းလုံရေ ဟောဒီ အန်ကယ်(လ်)က ဦးမျိုးဆက်တဲ့ ငါရှိ

သေသလို မင်းရှိသေရမယ်နော် ... "

ဟိုင်းလုံက ဦးခေါင်းငုံ့သည်။ ခါးကိုင်းညွတ်၏။

"အစ်ကို ရှိသေသလို ကျွန်တော်ကလည်း ရှိသေပါတယ်

ဦးလေး ... "

"အေးအေး ... သာဓုကွယ် ... သာဓု ... သာဓု ... "

"ဟောဒါက လေးလေး ... အိမ်ရှင် အန်ကယ်(လ်)ရဲ့ သမီး

သူက ဟိုင်းလုံ ... ကိုထွန်းနဲ့ ညီအစ်ကိုလိုနေတဲ့ သူပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဟိုင်းလုံကို တွေ့ရတာဝမ်းသာပါတယ် ..."

ဟိုင်းလုံက ခေါင်းမငုံ့ ခါးတော့ညွတ်၏။

"လေးလေးကို တွေ့ရတာ မိုးပေါ်က နတ်သမီးလေးတစ် ကိုတွေ့ရသလို တွေ့ရတာမို့ ကျွန်တော် သိပ်ဝမ်းသာ တယ် ..."

ဦးမျိုးဆက်သာမက အားလုံးရယ်မောလိုက်ကြ ၏။

"သူက အိမ်မှာ ပန်းပင် ... သစ်ပင်တွေကို ပြုစုပေး အာရမ္မန်တဲ့ ဟိုင်းလုံ ... ဒါလည်း အတူနေ မိသားစုပဲ မရှာရဘူးနော် ..."

ဟိုင်းလုံက အာရမ္မန်ရှိရာသို့ တိုးသွားသည်။ အာရ ကကြောက်ရွံ့စွာ နောက်သို့ ဆုတ်သွားရှာသည်။ အကူအညီတော သည့်အနေနှင့် ဝင်းမောင်ထွန်းကို အာရမ္မန် ကြည့်လိုက်သည်။

ဝင်းမောင်ထွန်း ခေါင်းယမ်းပြသည်။ အာရမ္မန် နောက်မဆုတ်တော့။

ဟိုင်းလုံက အာရမ္မန်၏ ပခုံးနှစ်ဖက်ကို ဆုပ် လိုက်သည်။

"မင်းကိုတော့ ငါသဘောမကျဘူး ... ဒါပေမဲ့ အ မိသားစုလို့ ပြောတော့ မင်းလည်း ငါ့မိသားစုပေါ့ အာ ငါဟာ ပလတ်စတစ်ကောက်တဲ့လူမဟုတ်ဘူး ... အ အကဲ မျိုးရိုးကလာတဲ့လူ ... အဲဒါကို မင်းနားလည် ငါ့ကို ယီးတီးယားတား မလုပ်နဲ့ ... မင်းနာသွားမယ် ကြားလား ..."

"ဟုတ် ... ဟုတ်ကဲ့ ... ကိုဟိုင်းလုံ ..."



ထိုအခိုက်မှာပင် အဘဖိုးလှုနှင့် ဒေါ်သာအုံတို့ ... ရောက်ရှိလာသည်။ ဝင်းမောင်ထွန်းက မိတ်ဆက်ပေးလိုက်၏။

ဦးနေမျိုးက ဟိုင်းလုံကို ကြည့်လိုက်ပြီး ...

"ဟိုင်းလုံရေ ... အိမ်ရှိ လူကုန်အားလုံးကို မင်းရဲ့ ကျား မောင်ကြီးနဲ့ မိတ်ဆက်ပေးပါဦး ... တော်ကြာ ကျားမောင် ဆော်ထည့်လိုက်လို့ အာရမ္မန် ခေါင်းကျိုးသွားဦးမယ်"

"ကျားမောင် ... သေချာအနံ့ယူထား ... အဲဒီ လူတွေအား လုံး မိတ်ဆွေတွေ မဟုတ်ဘူးနော် ... ငါတို့မိသားစု ... မိသားစုနော် ..."

ဦးနေမျိုးကစပြီး ကျားမောင်ကနမ်းသည်။ လေး လေးမြင့် အလှည့်တွင် လေးလေးမြင့်က ကြောက်၍ ချစ်သူနှင့် အင်ကြားတွင် မည်သူလက်မောင်းကို ကိုင်ရမည်မှန်း မသိတတ်နိုင် အောင် ဖြစ်ရသေးသည်။

လူအများရှေ့မှန်း သတိထားမိမှ ဖခင် လက်မောင်း ကို ကိုင်လိုက်ရပါလေသည်။

ဦးဖိုးလှုနှင့် ဒေါ်သာအုံအလှည့်တွင် ဦးဖိုးလှုက ... ကျားမောင်ခေါင်းကို ပွတ်သပ်ပေးလိုက်သေး၏။

အာရမ္မန် အလှည့်တွင်မူ ...

"အာရေး ... အာရေး ..."

အာရမ္မန်ပြေးတော့သည်။ ဝင်းမောင်ထွန်း လှမ်း ရတော့၏။

"မကြောက်ပါနဲ့ကွာ ... ကျားမောင်က ... လူ့ခါးစောင်း လောက်ရှိတဲ့ အုန်းခွံရောင် အင်းခွေးကြီး တစ်ကောင်ဖြစ်ပေ မယ့် သူ့မိသားစုလို သဘောထားပြီဆိုရင် ကြောင်လေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်လို ယဉ်ပါးပါတယ်ကွာ လာခဲ့ အာရမ္မန် ... ”

ဝိုင်းရယ်နေကြသည့် ကြားမှ မျက်လုံးစုံမှိတ်

အာရမ္မန်က ကျားမောင်အနမ်းကို ခံရှာပါ၏။

“ဦးဖိုးလူရေ ... အောက်ထပ်မှာ ဟိုင်းလုံအတွက် တစ်

စီစဉ်ပေးလိုက်ပါ ... ”

“ကျွန်တော် ဟိုင်းလုံအတွက် အပြင်မှာ နေဖို့နေရာမရှိ

လား ... ကျားမောင်နဲ့ အတူနေချင်လို့ပါ ... ”

“ရှိတော့ ရှိတယ်ကွာ ... ဒါပေမဲ့ မင်းကြီး အကြီးအကဲမျိုး

ဆိုတော့ မသင့်တော်ဘူးလေ ... အာရမ္မန် နေတဲ့ တန်း

မှာ အခန်းလွတ်ရှိပါသေးတယ် ... ”

“နေလို့ရပါတယ် ဦးလေး ... ကျွန်တော့်သဘောနဲ့

တော့ မြေကြီးပေါ်မှာ လှဲအိပ်လည်းရပါတယ် ... အစေ

လိုနှိမ်ပြီး ထားရင်သာ ကျွန်တော့်မနေတာပါ ... နော

အပြင်ကပဲ ကျားမောင်နဲ့ ကျွန်တော် စောင့်ရှောက်

ပိုကောင်းပါတယ် ... အတွင်းမှာက အစ်ကိုရှိပြီးသား”

ဟိုင်းလုံနှင့် ကျားမောင်အတွက် တန်းလျား

စီစဉ်ပေးလိုက်သည်။ ဟိုင်းလုံက ကျားမောင်နှင့် အတူနေစဉ်

နပ်နေခဲ့ပါ၏။



## အခန်း (၁၄)

လသာရက်မဟုတ်၍ အလင်းမဲ့နေခဲ့သည်။ ကြယ်ရောင်ပင်မရှိသော ညမို့ ပို၍ မှောင်မဲနေခဲ့သည်။ ကောင်းကင်မှာ တိမ်သားရိပ်များ တက်နေခဲ့၍ မှုန်တီမှုန်မွှား ကြယ်ရောင်ပင် မလင်းနိုင်ခဲ့။

အင်းစိန်ဈေး ဝက်ပါဘုရားအနီးရှိ ခြံတစ်ခြံအတွင်းမှ ခြေတံရှည်အိမ်ပေါ်တွင်မူ အများတကာ အိပ်မောကျချိန်ဖြစ်သော်လည်း ရေနံ့ ဆီမီးအိမ်အလင်းရောင်ရှိနေခဲ့သည်။

စားပွဲပေါ်တွင် မှန်အိမ်ကို တင်ထားသည်။ စားပွဲပေါ်မှာ ဂျော်နီဝါကား အရက်ပုလင်းရှိသည်။ ငါးသုံးလုံးစီးကရက်ဘူး၊ ဆိုဒါပုလင်း၊ ဒိန်ခဲသံဗူး၊ ဝက်အူချောင်းကြော်ဗန်း စသည်ဖြင့် အမယ်စုံစွာ ရှိနေခဲ့၏။

သန်းခေါင်ယံမှာပင် ကားတစ်စီးက ဝြှထဲသို့ မောင်းဝင်လာခဲ့သည်။ ကားက ရှေ့မီးထွန်းခြင်းမရှိဘဲ မီးသေးကိုသာထွန်းထားခဲ့သည်။

လူသိခံခြင်ပုံမရ။ ကားကခြေတံရှည်အိမ်၏လှေကားရင်းတွင် ရပ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းတွင် ထိုင်နေကြသူ လူသုံးဦး လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြ၏။

ကား၏ ဆိုင်းလင့်မီးအသေးကလေးများ ငြိမ်းသွားသည်။ ကားပေါ်မှ လူနှစ်ယောက် ဆင်းလာခဲ့၏။

တစ်ယောက်က လှေကားပေါ်သို့ တက်လာခဲ့ပြီး ကျန်တစ်ဦးက လှေကားအောက်မှာဘဲ ကင်းစောင့်သည့် အနေဖြင့် ကျန်ရစ်ခဲ့သည်။

လှေကားပေါ်တက်လာသူက ပိတ်ထားသည့်တံခါးကို သင်္ကေတဖြင့် အချက်ပေးခေါက်သည်။

နှစ်ချက်ကို လေးလေး ခေါက်၍ ကျန်သုံးချက်ကို ဆက်၍ ခေါက်ခဲ့သည်။

"ခေါက် ... ခေါက် ... "

"ခေါက် ... ခေါက် ... ခေါက် ... "

လူနှစ်ယောက်က ပိတ်ထားသော တံခါးရှိရာသို့ ... လျှောက်ခဲ့သည်။

အိမ်အတွင်းမှ တံခါးမင်းတုပ်မဖြုတ်သေးဘဲ တံခါးရှေ့ရှိ လူကမေးလိုက်သည်။

"ဘယ်သူလဲ ... "

"ရဲဇန္နီ ... "

အပြင်က လူက ခပ်အုပ်အုပ်ဖြေလိုက်သည်။

အတွင်းမှ လူက တံခါးမင်းတုပ်ဖြုတ်ကာ တံခါးကို လူတစ်ယောက် ဝင်သာရုံဟပေးလိုက်သည်။

အပြင်မှလူ ဝင်လာသည်။ တံခါးကို ပြန်၍ ဖွင့်ပေးသူကပိတ်လိုက်သည်။



"ရဲဇန္နီနောက်ကျတယ် ... "

"အင်း နောက်ကျဆို ထောက်ကြန့်အဝင်မှာ အစစ်အဆေးတွေများလွန်းလို့ ကြံဖန်ပြီး မနည်းရောက်အောင်လာခဲ့ရတာ ... "

"ကဲ ဒါဆိုလည်း ထိုင် ... အမောဖြေ ပြီးရင် ဂျော်နီဝါးကား ရှိတယ် ... အမြည်းက ဒိန်ခဲ ဝက်အူချောင်းကြော်ရှိတယ်"

ရဲဇန္နီက ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်။

လိုက်ရုံနှင့် ရဲဇန္နီလိုလူစားသည် တရားမရှိ တံခါးမရှိရမ်းကားမည့် ားမှန်း သိသာလွန်းပါ၏။

ရဲဇန္နီသည် ဖန်ခွက်ထဲသို့ ဂျော်နီဝါကား လက်လေး န့် လောင်းထည့်ပြီး ဘာဆိုဒါမှမရောဘဲ တစ်ငုံမျှဖြင့် ဆက် တ်မျှ ချလိုက်သည်။

ရဲဇန္နီ အရက်ခွက်ကို စားပွဲပေါ်သို့ ချလိုက်သည်။ တော့ ဦးရန်မော်ကို ကြည့်လိုက်သည်။ ဦးရန်မော်မှာ ရုတ်တရက် ကြည့်လျှင် လေးစားလိုက်သောပုဂ္ဂိုလ်ဟု ထင်ရသော်လည်း အသေ ကြည့်လျှင်မူ သူ၏မျက်လုံးများက ကျဉ်းမြောင်းပြီး ကောက် စဉ်းလဲ ရက်စက်သော အရိပ်အယောင်များကို တွေ့ရမည်ဖြစ်ပါ

ရဲဇန္နီက ဦးရန်မော်ကို ကြည့်နေရာမှ နောက်တစ် ာက်ရှိရာသို့ အကြည့်ရောက်သည်။ ထိုသူက မှုန်မှိုင်သော ားလေသည်မသိ။ စားပွဲပေါ်တွင် ခေါင်းငိုက်စိုက်ကျနေခဲ့သည်။

ဦးရန်မော်က ပခုံးတွန့်၍ ပြောလိုက်သည်။

"အငယ်ကောင်လေ ... ကျော်စိုးပေါ့ ... အရေးထဲမှာကောင် ဖွဲ့ဖောက်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးမင်းက ခေါင်းထောင်၍ကြည့်သည်။

"ရဲဗန္ဒုလား ... "

"အေး ... ငါပဲ ကျော်စိုး ... "

"ဘာဗျ ... ကျွန်နာမည် ကျော်စိုးမင်းဗျ ... အပြည့်အစုံ[illegible]
ပါ ... "

"ထားပါတော့ကွာ ... ငါက မင်းကို ဧမေးရသီမှမယ် ကျော်[illegible]
မင်း ... တို့အဖွဲ့ကြီးက မင်းကို ယုံကြည်စိတ်ချလို့ ပေး[illegible]
တဲ့တာဝန်ကို မင်းကျေလည်ပြီးပြတ်အောင် ဆောင်ရွက်[illegible]
မှပေါ့ကွ ... "

ကျော်စိုးမင်းက အင်းမလှုပ် အဲမလှုပ်ရှိကာ [illegible]
ပေါ် ခေါင်းချနေခဲ့ပြန်သည်။

အောင်စိုးမင်း၏ အကြည့်က ကျော်စိုးမင်းထံသို့ [illegible]
ရောက်ရှိသွား၏။ အောင်စိုးမင်း၏ မျက်လုံး၊ မျက်ခုံး၊ နှာတံပေါ်[illegible]
ဆံပင်ထားပုံမှာအစ တစ်ထေရာတည်း ချွတ်စွပ်တူနေသည်။

အမြွာညီအစ်ကိုမှန်း သိသာလွန်းသည်။ တစ်ခု[illegible]
သည်မှာ အောင်စိုးက နည်းနည်းအရပ်ပိုရှည်ကာ ဗလကပို၍ ကြီး[illegible]
သည်။

စားပွဲပေါ်ကို မကျေမနပ်ဖြင့် အောင်စိုးက လက်[illegible]
ဖျန်းခနဲ ပုတ်လိုက်သည်။

ကျော်စိုးမင်းက ခေါင်းထောင်ထလိုက်သည်။

"မင်းက ငါ့ကို ရန်စတာလား အောင်စိုး ... "

"အေး ... ထင်ချင်သလိုထင် ... အခု ရဲဗန္ဒုရောက်လာတုန်း
မင်းသဘောထားကို အပြတ်ပြောလိုက် ... မင်းအဖွဲ့ထဲက
ထွက်မလား ... ဒါမှမဟုတ် ဆက်လုပ်မလား ကျော်စိုး ...



တလောကလုံးမှာ မိန်းမဆိုလို့ လေးလေးမြင့်တစ်ယောက်
တည်း ရှိနေတာကျနေတာပဲ ... ဒီကောင်မလေးကို မင်း
စွဲလမ်းတာနဲ့ တို့ရဲ့ရေရှည်လုပ်ငန်းကြီး အထစ်ထစ်အငေါ့ငေါ့
အဖြစ်မခံနိုင်ဘူးဟေ့ ... "

ကျော်စိုးမင်းက တည့်မတ်စွာ ကုလားထိုင်တွင်ထိုင်
လိုက်သည်။ ပြီးတော့ အောင်စိုးကို ကြည့်လိုက်သည်။

"မင်းက ရဲဗန္ဒုရှေ့မှာ အသားယူနေတာလား အောင်စိုး ...
မင်းက ငါ့ထက်တစ်နာရီပဲ ပိုကြီးတာပါကွ ... မင်းအမိန့်ပေး
တိုင်း လုပ်ချင်မှလုပ်မယ် ... ငါ့သဘောပေါ့ကွာ ... "

"ကျော်စိုးမင်း ... သားငယ် ... "

ဦးရန်မော်က သားအငယ်ဖြစ်သူကို ဟန့်တားလိုက်
သည်။

"ဖေဖေပြောတာကို သေသေချာချာနားထောင်ပါ ... အခု
ကိစ္စမှာ ရဲဗန္ဒုကို ဖေဖေတို့ လုံးလုံးလျားလျားအားကိုးနေရ
တယ် ... ငွေကြေးကိစ္စ လူအင်အားကိစ္စ လက်နက်ကိစ္စ
လမ်းခရီးကိစ္စ လိုအပ်တဲ့ရိက္ခာနဲ့ စရိတ်ငွေကိစ္စအားလုံး
ဆိုပါတော့ ... ဒါကို မင်းနားလည်ထားပါ ကျော်စိုးမင်း"

"ဟုတ်ကဲ့ ... ဒီထက်နားလည်တာကို ကျွန်တော်က ပြန်
ပြောရမယ်ဆိုရင် သန်းပေါင်းအများကြီး ထိုက်တန်တဲ့ ...
စောမရသိုက်က ရွှေတွေရလာရင်လည်း ရဲဗန္ဒုကို ထက်ဝက်
ခွဲပေးရမှာဘဲ မဟုတ်လား ဖေဖေ ... "

"မှန်တယ် ... ဒါပေမဲ့ ဒါကြောင့်သား ... အကြိုပေးသလို
ဦးမျိုးဆက်နဲ့ မပူးပေါင်းခဲ့တာ ... "

ကျော်စိုးမင်း ငြိမ်နေခဲ့သည်။ ဦးရန်မော်က ဆက်၍

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြသည်။

"ဦးမျိုးဆက်နဲ့ ပူးပေါင်းလို့မရတဲ့ တခြားအကြောင်းတွေ သေးတယ် ... တစ်ချက်က ဖေဖေဟာ တပ်ကြပ်ကြီး ရန် ကျော်မဟုတ်ဘူး ... ရန်ကျော်ရဲ့ညီ ရန်မောင်ပဲ ... မင်းဘ ကြီး ဦးရန်ကျော်က မသေမီ ပြောပြခဲ့လို့ စောမရသိုက် အကြောင်းကို ဖေဖေသိထားတာ ... မင်းဘကြီးသေမှ ဝတ်ထားတဲ့ အင်္ကျီအိတ်ထဲက မြေပုံပိုင်းကို ဖေဖေ ထုတ် လိုက်ရတာ ... ဒီ စောမရသိုက် ရွှေတွေဟာ အမွေဆိုင် မဟုတ်ဘူး ... အစ်ကိုမရှိလို့ ညီကိုလွှဲပေးလို့ရတဲ့ အမွေမျိုး လည်းမဟုတ်ဘူး ... ဒီ စောမရသိုက်ဟာ တပ်ကြပ်ကြီး ရန်ကျော်နဲ့သာ ဆိုင်ခဲ့တာ ... "

"နှစ်အချက်က ... ဦးမျိုးဆက်က သဘောထားပြည့်ဝလို့ ရွှေဖေဖေပူးပေါင်းတာကို လက်ခံတယ်ထားဦး ... စောမ သိုက်ကိုသွားဖို့အတွက် လိုအပ်တာတွေအားလုံးနဲ့ စရိတ် စကကို ဖေဖေအချိုးကျထည့်ဝင်ဖို့ ငွေမရှိဘူး ... "

"သုံးအချက်က ... ဦးမျိုးဆက်ဟာ တိုင်းပြည်ကိုချစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ... ဘီအိုင်အေ၊ ဘီဒီအေမှာကတည်းက ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်အတွက် အသက်ပေးတိုက်ခိုက် လာတဲ့လူ ... အဲဒီနောက် ရဲအဖွဲ့မှာ ရဲအရာရှိလုပ်ခဲ့တဲ့လူပဲ တကယ်လို့ စောမရသိုက်ဟာ အိန္ဒိယနယ်ထဲမှာ မဟုတ်ဘဲ မြန်မာပြည်နယ်နိမိတ်ထဲပါဝင်နေတယ်ဆိုရင် နိုင်ငံတော် အစိုးရလက်ထဲပြန်အပ်ချင်အပ်မယ် ... တကယ်လို့မအပ်ဘူး ထား သုံးပုံပုံရင် ဖေဖေတစ်ပုံပဲရမှာ ... ရဲဗန္ဓုကျတော့ သူ့ အဖွဲ့အစည်းက အစိုးရဥပဒေကို ကျောခိုင်းထားတာ စော



မရသိုက်က ရသမျှတစ်ဝက်စီယူရုံပဲ ... ရဲဗန္ဓုအနေနဲ့က လူ အင်အား လက်နက်အင်အား စားနပ်ရိက္ခာ အားလုံး ပြည့်စုံ ပြီးသားပဲ ... "

"ဦးရန်မောင်ရယ် ... စားနပ်ရိက္ခာအကြောင်း ထည့်မပြော ပါနဲ့ ... ကျုပ်လို့ ကောင်က ကျုပ်လူတွေကို ဆန်၊ ဆီ၊ ဆား ရိက္ခာကို အပင်ပန်းခံပြီး သူသွားမတဲ့လား ... လမ်းမှာ ရှိတဲ့ ကျေးရွာတိုင်းမှာ အလှူခံရုံပဲလေ ... လောကကြီးမှာ သေမှာမကြောက်တဲ့ လူရှိလို့လားဗျာ ... ကျုပ်တို့ကို မပေး မကျွေးရင် သတ်ပစ်လိုက်ရုံပဲပေါ့ဗျာ ... "

"အဲဒါပဲ သားငယ် ... ဖေဖေ့မှာ အစ်ကိုရန်ကျော် သေသွား လို့ မြေပုံရခဲ့ပေမဲ့ သားနှစ်ယောက်ကြီးပြင်းအောင် စောင့်ခဲ့ရ တယ် ... ရဲဗန္ဓုလို အဖွဲ့ကိုလည်း ဆက်သွယ်မိဖို့ စောင့်ရ တယ် ... ဖေဖေ ကံကောင်းတယ် ... ဒီအတောအတွင်း ဦးမျိုးဆက် ဘာမှမလှုပ်ရှားခဲ့တာပဲ ... အဲဒီအတောအတွင်း မှာ ဦးမျိုးဆက်ရဲ့ အခြေအနေ တစေ့တစောင့် အကဲခတ်ရ တယ် ... လေ့လာရတယ် ... စုံစမ်းရတယ် ... ရှစ်မိုင် မြာ ဂနိုင်လမ်းက ဦးမျိုးဆက်ရဲ့ တိုက်နဲ့ခြံအကြောင်း အသေး စိတ်သိအောင် စုံစမ်းခဲ့ရတယ် ... ဖေဖေ အသေးစိတ်စုံစမ်း ကြံစည်လာခဲ့ရတာတွေဟာ သားငယ် မိန်းမတစ်ယောက် ကို စွဲလမ်းမိတာကြောင့် ဒီအကြံအစည် မအောင်မြင်တော့ ဘူးဆိုရင် မခက်ဘူးလား ... "

"မခက်ပါဘူး ဖေဖေ ... ကျော်စိုးမင်း တာဝန်ကျအောင် ဆောင်ရွက်ပေးခဲ့တာပါ ... စန္ဒရားဆရာ အနေနဲ့ရအောင် ဝင်တယ် ... လေးလေးမြင့်ကို ဘိန်းဖြူနဲ့ ကျူးသွင်းခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ရသမျှ သတင်းကိုစုံစမ်းခဲ့တာပဲ ... မနေ့ညက ဖေဖေ့
ကြီးညှံ့လို့ ဓာတ်ပုံရိုက်ခံလိုက်ရတာ ... သူတို့ သိ
ကျော်စိုးမင်းပဲသိတာ ... အခုတော့သွားပြီ ... လေး
မြင့်က ကျွန်တော့်ကို မုန်းသွားပြီ ... ”

“ဘာကွ ငါ့ညှံ့လို့ဟုတ်လား ... ညှံ့တာက မင်းကွ ...
သတင်းရအောင် မယူနိုင်လို့ ဓာတ်ပုံရိုက်သွားနိုင်တာ ...
ကင်မရာထောင်ထားလို့သာဘဲ ... ဗုံးသာထောင်ထား
အဲဒီအိမ်မှာတင် ငါ့ကိုစွချောတယ် ... ”

ကျော်စိုးမင်းက လှမ်း၍ အောင်စိုးမင်းကိုထိုး
ဦးရန်မော်က ကြားဝင်ရပ်ရတော့သည်။

“တော်ကြစမ်းကွာ ... အမှန်က နှစ်ယောက်စလုံး
ကျေတယ် ... တကယ်က သီရိမြိုင်မှာ ဆရာဝန်စုတ်
လာပြီး ချယ်လှယ်နေလို့ပဲ ... ”

“ဖေဖေပြောတာ သိပ်မှန်တာပေါ့ ... ”

အကြီးကောင် အောင်စိုးက ထောက်ခံလိုက်သ
ကျော်စိုးမင်းက ဆရာဝန်ဟု အသံကြားသည်နှင့် ခံပြင်းစွာ လက်
ကိုဆုပ်မိ၏။

ရဲဗန္ဓုတ တည်ငြိမ်စွာ ဝင်၍ပြောသည်။

“တိုက်ပွဲဆိုတာ လက်နက်အင်အား ... ဉာဏ်ရည်အင်
သာတဲ့ လူအောင်ပွဲခံစမြဲပဲ ... ဆရာဝန်ဆိုတဲ့ ကောင်
မင်းတို့ စိတ်မဆိုးနဲ့ ... ဒီကောင်က ဉာဏ်ကောင်းရုံမဟုတ်
ဘူး ... လက်ရုံးရည်လည်း မညံ့ဘူး ... ဒီကောင် ရန်
ရောက်တဲ့နေ့ ငါ့တပည့်သုံးယောက်လွှတ်လိုက်တာ ...
ကောင် ဆရာဝန်လက်စွမ်းပြသွားတာ ကားထဲမှ အ



အရှုံး သတိမေ့ကျန်ခဲ့တာ ... စက်ဘီး ပတ္တရောင်ရဲက
သတိရအောင် နှာနှပ်ပေးပြီး ပြန်လွှတ်လိုက်ရတယ် ... ”

“အခုအချိန်ထိ သီရိမြိုင်ကို ဝင်မွှေခဲ့တာ နှစ်ကြိမ်ရှိပြီ ...
ဘာမြေပုံမှ မရသေးဘူး ... မြေပုံမရရင် ဓာမရသိုက်ကိုရှာဖို့
မလွယ်ဘူး ... ဒီမှာ ဦးရန်မော် ကျုပ်တို့အဖွဲ့ စိုးမိုးနိုင်တာ
တောပိုင်းမှာဗျ ... ခင်ဗျားကိစ္စနဲ့ ရန်ကုန်ကို ကျုပ်ဆင်းလာ
တိုင်း ကျုပ်အဖို့ အန္တရာယ်ကြီးတယ် ... ဒီတော့ ကျုပ်အချိန်
သိပ်မပေးနိုင်တော့ဘူး ... ”

“ဟုတ်ပါတယ် ... ရဲဗန္ဓု ... ကျုပ်လည်း တင်ကြိုစဉ်းစား
ပါတယ် ... အခု ကျွန်တော်စဉ်းစားတာက နည်းနည်းကြမ်း
မယ် ... အဲဒါ ရဲဗန္ဓု အကူအညီအများကြီးလိုပါတယ်”

“ကြမ်းစမ်းဗျာ ... နူလို့မှမရရင် ကြမ်းရုံပေါ့ ... တဲ ပြော
ခင်ဗျားရဲ့ တဆင့်ကြမ်းမယ့် အကြံအစည်းကို ... ”

ဦးရန်မော်က ရဲဗန္ဓုအနီးသို့ ကုလားထိုင်ဆွဲယူပြီး
ပြောလိုက်သည်။

ထို့နောက် နှစ်ကိုယ်ကြားရုံမကဘဲ လေးဦးသား
ကြားနိုင်လောက်သော အသံဖြင့် သူ၏ အစီအစဉ်ကို ပြောခဲ့ပါလေ
သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ကောင်းပြီလေ ... ထွန်းထွန်း ပြောတဲ့အတိုင်းပဲ အန်
သဘောတူပါတယ် ... မတူလို့လည်း မရဘူးလေ ... 
သမီးက ကိုယ့်ဘက်မှာမှမရှိတော့ဘဲ ... မင်းတို့ လက်
ပြီးတော့ လေးလေးလည်း တက္ကသိုလ်ကိုဆက်တတ်
မင်းလည်း ဆေးခန်း ဒါမှမဟုတ် ဆေးရုံအလုပ်ဝင်လုပ်
ကဲ ... ဒါပဲဆိုရင် အန်ကယ်(လ်)အိပ်တော့မယ် ... ဂွ
ထွန်းထွန်း ... "

သူခေါင်းညိတ်ပြလိုက်သည်။ ဦးမျိုးဆက်က 
ခန်းရှိရာသို့ ထွက်သွားသည်။

ဝင်းမောင်ထွန်းက ဦးမျိုးဆက် အိပ်ခန်းထဲ ဝင်
ပါလေမှ ချစ်သူ လေးလေးမြင့်အခန်းသို့ လျှောက်ခဲ့သည်။

သူ့အခန်းရှေ့အရောက်တွင် လေးလေးမြင့် အခန်
မှအထွက်နှင့် ဆုံခဲ့သည်။

"ဖေ ... ဖေ ... ဘာ ... ဘာပြောတာလဲဟင် ... "

"အောင်မြင်တယ် လေးလေး ... ကိုထွန်းတို့ စီစဉ်ထား
အတိုင်း သဘောတူပါတယ်တဲ့ ... "



နှစ်ဦးသား ကြည်နူးစွာဖြင့် ပြုံးလိုက်မိကြသည်။

"အဲ ... အိပ်တော့နော် ကိုထွန်း ညဉ့်နက်ပြီ ... "

"လေးလေးလည်း အိပ်တော့နော် ... "

ဝင်းမောင်ထွန်းက လေးလေးမြင့် အခန်းတံခါးကို
တ်ပေးပြီးနောက် သူ၏ အိပ်ခန်းသို့ လျှောက်ခဲ့သည်။

"ဝုတ် ... ဝုတ် ... ဝုတ် ... "

ကျားမောင်၏ ရူးရူးဝါးဝါးဟောင်သံကြောင့် မှေးခနဲ
အိပ်ပျော်သွားသည့် ဝင်းမောင်ထွန်း ဆတ်ခနဲ လန့်နိုးရတော့သည်။

ဟောင်သံက ခြံအနောက်ဘက်ကဖြစ်သည်။

ဟေ့ ကျားမောင် ... ကျားမောင်"ဟု ဟိုင်းလုံ၏
အော်ထိန်း သံကိုလည်းကြားရသည်။ ဝင်းမောင်ထွန်း အောက်ထပ်သို့
ပြေးဆင်းခဲ့၏။

အောက်ထပ်နောက်ဖေးတံခါးပွင့်နေသည်။ ဦးဖိုးလူ
နှင့် ဒေါ်သာအုံတို့လည်း ခြံထဲရောက်နေကြဟန်တူသည်။

ပွင့်နေသော တံခါးမှ ဝင်းမောင်ထွန်းဆင်းလိုက်၏။

"ဘာတွေဖြစ်နေတာလဲ ဟိုင်းလုံ ... "

"လူဝင်တာတော့ အမှန်ပဲ အစ်ကို ... "

ဝင်းမောင်ထွန်းက ကျားမောင်ကို ပွတ်သပ်ထိန်း
လိုက်သည်။ ကျားမောင် ငြိမ်သွားသည်။

"ဒီမှာလေ အစ်ကို ... သီရိမြိုင်ခြံထဲကို ဝင်တဲ့သူခိုးရဲ့ အဝတ်စ
ကျားမောင်ပါးစပ်ထဲကရလိုက်တာ ... "

လက်နှိပ်ဓာတ်မီး ထာဝင်းဝင်းဖြင့် ဦးဖိုးလူ ရောက်
လာခဲ့သည်။

ဦးဖိုးလူ၏ လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် ဝင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်း ကြည့်လိုက်သည်။ အနက်ရောင် တရှန်စပဲဖြစ်ပါ၏။

"ဟိုင်းလုံ ... အစအဆုံးပြောစမ်း ..."

"သူခိုးဟာ ခြံထောင့် အုတ်ကျိုးပဲ့ခြံစည်းရိုးက ဝင်လာလိမ့်မယ် ... ကျားမောင်ကို ကျွန်တော့် အနားမှာဘဲ ကြိုးချည်ထားတော့ သူခိုးဝင်စမှာ အလှမ်းဝေးတော့ ကျားမောင်မြင်လိုက်တော့ ကြိုးပြတ်အောင်ရုန်းပြီး ပြေးထွက်သွားတယ် ကျွန်တော်နောက်ကျသွားတယ် ... သူခိုးကို ကျွန်တော်လုံးဝမမြင်လိုက်ရဘူး ... ကျားမောင်ပါးစပ်ထဲက ဒီအဝတ်စပဲရလိုက်တယ် ..."

"ဒါဆို ခြံစည်းရိုးသွားကြည့်ကြစို့ ..."

"ဟော ... ဘာဖြစ်တာလဲ ..."

ဦးမျိုးဆက်က ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်ဖက် ခြောက်လုံးပြူးတစ်ဖက်ကကိုင်ကာ ခပ်သုတ်သုတ်ပြေးလာရင်းလှမ်းမေး၏။

"လူဝင်ပြန်ပြီ အန်ကယ်(လ) ... ကျားမောင်ပါးစပ်ထဲမှာတော့ သူခိုးရဲ့ အဝတ်စကျန်ခဲ့တယ် ... အခု ခြံစည်းရိုးဘက်သွားကြည့်ကြမလို့ ..."

ဟိုင်းလုံ ညွှန်ပြသော ခြံစည်းရိုးဘက်သို့ လာခဲ့ကြသည်။

ခြံစည်းရိုးက အုတ်များပြိုကျနေခဲ့၍ သူခိုးဝင်ရန်လွယ်ကူလှသည်။

"ဒီမှာကြည့်စမ်း အန်ကယ်(လ်) ... သွေးစက်တွေပဲ လတ်လတ်ဆတ်ဆတ်ပဲ ..."

"ဒါဆို အပေါ်ထပ်ကို မြန်မြန်ပြန်ကြည့်မှဘဲ ထွန်းထွန်း



သူခိုးလက်ထဲ ဘာတွေပါသွားသလဲလို့ ကိုင်ပဝါပါလာခဲ့

"မြေပုံတော့ မပါနိုင်ပါဘူးနော် ... အန်

"ဝေးပါသေးကွာ ... မြေပုံဖွက်ထားတဲ့ကော့ ယောက်ျား ဘယ်သူမှ မသိနိုင်ပါဘူး ..." ... လေးလေး

ဝင်းမောင်ထွန်းက လေးလေးမြလေးအခန်းမှာ

သည်။

"အန်ကယ်(လ်) လေးလေးကောဟင် ကာ်သည်။ လက်

"အေး ... ဟုတ်သားပဲ ... ကမန်းကငေ

လေးကိုလည်း မနိုးဖြစ်ခဲ့ဘူး ... လာ ...

များ သူခိုးကအန္တရာယ်ပေးများသွားမေ

ရှေ့ဆုံးမှ အပြေးတက်သူက ဝင်လက်ကိုင်ပဝါပဲ

လေ၏။ လေးလေးမြင့် အခန်းတံခါးကို ဆွဲဖွင့်မှခေါးပေးပြီး

ပ်မထား၍ အလိုက်သင့်ပွင့်လာခဲ့သည်။

"လေး လေး ... လေးလေး ..."

အိပ်ရာပေါ်ဝယ် လေးလေးကို သည်။

ဆင့်သည် မစဉ်းစားနိုင်တော့ဘဲ အိပ်ခန်းနှင့်တွဲခံချိမခံသာစိတ်

ဆွဲဖွင့်လိုက်သည်။ းက သွေးအေး

မရှိ။ မတွေ့။

"သမီး ... လေးလေး ... သမီး ..." လေးမြင့်ကိုယ်နှ

ဦးမျိုးဆက်က နောက်မှဝင်လ ကျားမောင်က

သည်။ လေးလေးမြင့် မရှိပါလေတော့။ မခွာဘဲ အောက်

အခန်းထဲမှထွက်ကာ တစ်အိမ်လုံးကို ဦးဇောင်းနှင့်

အောက်ထပ်သို့ ဆင်းခဲ့ကြ၏။ ဦးဖိုးလူနှင့် ဒေါ်

ငှင့်ထားပြီ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်း ကြည့်ဝ အဘ ... ကျွန်တော်ဆင်းလာတော့ နောက်

"ဟိုင်းလုံ ...ငိုနေပြီး သူခိုးဖွင့် ပြေးတာလား ..."

"သူခိုးဟာ မြဲဘူး မောင်ရင် ... အပြင်ဘက်မှာ ဟိုင်းလုံနဲ့ မယ် ... ကျွဲအသံကြားမှ ကျူပ်တို့လင်မယား နောက်ဖေးတံ ထားတော့ ၁ကြတာ ..."

လိုက်တော့ ဇုံးစံအတိုင်း သူခိုးဝင်တယ် ... ထုံးစံအတိုင်းပဲ ကျွန်တော်ရဲ့မပျက် သူခိုးပြန်ပြေးသွားတယ်ပေါ့"

လုံးဝမမြင်လို့ အဲဒီလိုပဲ ပြောရမှာဘဲ မောင်ရင် ..."

စပဲရလိုက်တာထိုစဉ်မှာပင် ... ။

"ဒါဆို ခြစည်ရေ... ဟေး ... အစ်ကို ... လာပါဦး ... ကျားေ

"ဟေ ... ဘာဲ်ထိန်းလို့မရတော့ဘူး ..."

ဦးမျိုးဲင်းမောင်ထွန်း အပြင်ပြန်ထွက်ခဲ့သည်။ တစ်ဖက် ခြောက်လုံးထားသည့်ကြားမှ အတင်းရုန်းသည်။ ကျားေ လာရင်းလှမ်းမေး၏။ ဒို ရှာဖွေနေသလိုဖြစ်နေခဲ့ပါ၏။

"လှဝင်ပြန်ပြီ ဒ် တစ်ခုခုကို ရှာနေတဲ့ပုံပဲ ဟိုင်းလုံ ကျားမောင် တော့ သူခိုးရဲ့လိုက်စမ်း ..."

ဘက်သွားကြဲင်းမောင်ထွန်း ပြော၍ ကျားမောင်ကို ဟိုင်းလုံ

ဟိုင်းေးလိုက်သည်။

သည်။ ဘြဲမ်းပြင်ကိုကျားမောင်ကလိုက်၍ နမ်းနေခဲ့သ

ခြစည်ာ ကျားမောင်၏ အရိပ်အကဲကို သိလိုက်ပါ

လွယ်ကူလှသည်။ အုံ ... လေးလေးရဲ့ အဝတ်ဟောင်းတစ်ထည်

"ဒီမှာကြည့်စမ်း ... မလျော်ဖွတ်ရသေးတဲ့ အဝတ်အစားကို လတ်လတ်ဆဉ ..."

"ဒါဆို အပေါ်ထါ်သာအုံ ပြေးတက်သွားသည်။ ပြန်ဆင်းအ



မနေ့က လေးလေးဝတ်ခဲ့သော အင်္ကျီနှင့် လက်ကိုင်ပဝါပါလာခဲ့ သည်။

"ရှေ့အင်္ကျီဟောင်း ... ဒီလက်ကိုင်ပုဝါကတော့ ယောက်ျား ကိုင်ကြီး ... အချောစားလည်းမဟုတ်ဘူး ... လေးလေး ခုတင်ခြေရင်းက ကောက်ရတာ ... လေးလေးအခန်းမှာ ဒါမျိုးမရှိခဲ့ဘူးလို့ ကောက်လာတာ ..."

ဝင်းမောင်ထွန်းက နှစ်ခုစလုံးယူလိုက်သည်။ လက် ပဝါအနံ့ကို သူသိလိုက်၏။

"အန်ကယ်(လ်)"

"ဟင်"

"ဒီလက်ကိုင်ပဝါက မေ့ဆေးဆွတ်ထားတဲ့ လက်ကိုင်ပဝါပဲ အန်ကယ်(လ်)၊ ဇကန္တ လေးလေးမြင့်ကိုမေ့ဆေးပေးပြီး ခေါ်သွားတာဖြစ်မယ် ..."

"တောက် ..."

ဦးမျိုးဆက်က တောက်ခတ်လိုက်သည်။

ဝင်းမောင်ထွန်းရင်ထဲတွင်လည်း မခံချိမခံသာစိတ် ပေါ်တက်တော့၏။ သို့သော် ... ဝင်းမောင်ထွန်းက သွေးအေး

ကျားမောင်၏ နှာထိပ်ဖျားသို့ လေးလေးမြင့်ကိုယ်နံ့ သော ဘလောက်(စ်)အင်္ကျီတွေပေးသည်။ ကျားမောင်က နှစ်ချက်ငုံ့နမ်းပြီး နှုတ်သီးကိုကြမ်းပြင်နှင့်မခွာဘဲ အောက် အသုံးမပြုဘဲ ပိတ်ထားသောအခန်း၏တံခါးကို ဦးဇောင်းနှင့် သည်။

တံခါးပွင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါပစ္စည်းအဟောင်းထားတဲ့ စတိုခန်းကြီး

ဟု ဦးမျိုးဆက်ကတောင် ပြောလိုက်သည်

ဝင်းမောင်ထွန်းက ကျားမောင်နောက်မှလိုက်

ကျားမောင်က စတိုခန်းတစ်နေရာမှကြမ်းပြင်ကို ကုတ်

သည်။

"ဖိုးလူ မြေတိုက်ခန်းတံခါးဖွင့်ပေးလိုက်စမ်း ...

ကြမ်းနှင့်တစ်ပြေးညီဖြစ်နေ၍ မြေအောက်

မသိရ၊ ဦးမိုးလှူက မြေအောက်ခန်းတံခါးဖွင့်လိုက်သည်

လှေကားထစ်များတွေ့ပါ၏။ ကျားမောင်

သည်။ ဝင်းမောင်ထွန်းနောက်မှ ဦးမျိုးဆက် ကပ်လိုက်သ

သူများက ဦးမျိုးဆက်နောက်မှလိုက်၍ဆင်းသည်။

မြေတိုက်ခန်းထဲရောက်ခဲ့ကြသည်။ ဦးမိုး

တိုက်ခန်းရှိမီးခလုတ်ကို ဖွင့်လိုက်သည်။ မီးများလင်းသွ

နံရံအုတ်ရိုးတွင် မြှုပ်ထားသည့် လူတစ်ရပ်

သံဗီရိုကြီးနှစ်လုံးကိုတွေ့ရသည်။ မျက်နှာချင်းဆိုင်ရှိနေခဲ့

"မြေတိုက်ခန်းက ကျကျနနပါလား၊ အန်ကယ်(

"အေး ... ဟိုတုန်းက ကုလားသူဌေးတိုက်ပဲ၊ ဒု

စစ်မဖြစ်ခင်ကဆောက်သလား၊ စစ်ဖြစ်မှပဲ ဗုံးခိုကျ

ဆောက်သလားတော့မသိပါဘူး ... အန်ကယ်(

တက်တော့ မြေတိုက်ကိုလုံးလုံး အသုံးမပြု

သူ့အပေါ်ထပ်အခန်းကိုလည်း ပစ္စည်းဟောင်

လိုက်တယ် ... တစ်လတစ်ခါ ဒီအခန်းထဲမရော

ကျားမောင်ကဆက်၍ အနံ့ခံနေခဲ့သည်။

ထွန်း စဉ်းစားနေခဲ့သည်။ အပေါ်မှရတိုခန်းရော မြေ



တစ်ကြိမ်ပင် လူမဝင်ပါဟုပြောခဲ့သည်။

ယခုမူ ကြမ်းပြင်မှာ ဖုန်များမရှိသလောက်ရှင်းနေခဲ့

အမိုးအပေါ်ထက်ကမူ ပင့်ကူမျှင်များဖုန်များတက်နေခဲ့

သူခိုးဝင်တိုင်း ဤလမ်းကိုအသုံးပြုသည်ပဲဖြစ်မည်။ ခြေရာ

သအောင် လှဲကျင်းသန့်စင်ထားခြင်းဖြစ်ပေမည်။

ထားတော့ သူမည်ကဲ့သို့ ပျောက်သွားလေသနည်း။

င်ထွန်းက လေးလေးမြင့်အကျီကို ကျားမောင်ကိုထပ်နမ်း

ည်။ နမ်းပြီးနောက် ကျားမောင်က တစူးစူးဖြင့် လက်ယာ

ကြီးနားသို့ ကပ်သွားသည်။

ဝင်းမောင်ထွန်း ဗီရိုကိုဆွဲဖွင့်လိုက်သည်။ အံဆွဲထဲ

သို့သော လက်နှိပ်ဓာတ်မီးဖြင့် ရှာကြည့်တော့ အံဆွဲထိပ်

သီးကလေးတစ်ခုတွေ့ရ၏။ စားပွဲတင်လျှပ်စစ်မီးအိမ်တွင်

လေ့ရှိသော မီးခလုတ်မျိုးပဲဖြစ်သည်။

ခလုတ်ကလေးကို သူနှိပ်လိုက်သည်။ ဘာမျှထူး

မရှိ။ စိတ်ပျက်စွာပင် ဝင်းမောင်ထွန်းက သံမဏိဗီရိုတံခါး

ကို ပိတ်ချလိုက်သည်။ ဒီ ... ဒီ ... ဒီ ဆိုသည့် အသံများထွက်

နံရံတွင် မြှုပ်ထားသော ဗီရိုသည့် တဖြည်းဖြည်း ...သွား

လန့်အနေအထားတွင် ရပ်သွားခဲ့၏။

လူဝင်နိုင်သည့်အပေါက်တစ်ပေါက်စီဖြစ်သွားခဲ့၏။

ငံ့ကြည့်သွားခဲ့ကြသည်။ ကျားမောင်က အပေါက်တစ်ပေါက်

သွားခဲ့၏။

ဝင်းမောင်ထွန်းလက်နှိပ်ဓာတ်မီးကိုထိုးကာ ကျား

ဆက်မှ ဝင်လိုက်ခဲ့သည်။ ဦးမျိုးဆက်၊ ဟိုင်းလုံနှင့် ဦးဖိုးလှ

ခဲ့ကြသည်။ လိုဏ်ဂူသဖွယ်ဖြစ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေကြီးကို ဇီရိအမြင့်၊ အနံအတိုင်း လမ်းဖောက်
၏။ ပေတရာနီးပါးခန့်တွင် လမ်းဆုံးပြီးအပေါ်တက်သည့်လှေ
တွေ့ရသည်။ ဝင်းမောင်ထွန်း၊ လှေကားပေါ်တက်ခဲ့သည်။ ဦး
နှင့်အမိုးထိမှ ယင်းအမိုးကိုလက်ဖြင့်သူတွန်းကြည့်လိုက်သည်။
ပွင့်သွားပါ၏။

ပွင့်သွားသောအမိုးပေါက်မှ အပြင်ထွက်လိုက်
သီရိမြိုင်၏ အုတ်ရိုးပျက်ခြံစည်းရိုးနှင့် မလှမ်းမကမ်းနေရာ
သွားမှန်း တွေ့ရသည်။

"အာရေး အား ... အား ... "

ဝင်းမောင်ထွန်း မြေကြီးထဲမှဖောက်ထွက်လာ
ကိုမြင်ရသောပိုးတဝါးအကြည့်ဖြင့်လန့်ကာ အာရမ္မန် ပြေး
တော့သည်။ ကျားမောင်နှင့်အခြားသူများလည်း ထွက်လာ
သည်။

"အန်ကယ်(လ်)တို့မသိပေမဲ့ ရန်သူကတော့ ဒီလှို
အောက်ခန်းကို ကောင်းကောင်းသိနေပြီး၊ ကောင်း
အသုံးပြုသွားတာပဲ၊ လေးလေးကိုလဲ ဒီလမ်းကဝင်၊ ဒီ
ကထွက်ပြီး ဖမ်းခေါ်သွားတာပဲ၊ အန်ကယ်(လ်)ကို
သူဌေးက မြေတိုက်အကြောင်းမပြောခဲ့ဘူးလား ... "

"လုံးဝမပြောခဲ့ဘူး ထွန်းထွန်း"

ထိုစဉ်မှာပင် ကျားမောင်က စာရွက်ခေါက်တစ်
ပါးစပ်ဖြင့်ကိုက်ချီလာပြီး ဝင်းမောင်ထွန်းကိုပေးသည်။

စာရွက်ခေါက်ကိုယူပြီး လက်နှိပ်ဓာတ်မီးဖြင့်
ကြည့်ကာ ဝင်းမောင်ထွန်းဖတ်လိုက်သည်။



ဦးမျိုးဆက် ...

သမီးလေးလေးမြင့် ပြန်လွှတ်ပေးစေ
တိုက်မြေပုံမှုရင်း နှစ်ပိုင်းဖြင့်လဲလှယ်ပါ။ မြေပုံနှစ်ပို
သည့်ပြီး စာဘူးအမှတ် (----)၊ ရန်ကုန်စာတိုက်
(၇)ရက် အချိန်ပေးမည်။ ရဲတိုင်ကြားခြင်းနှင့်
သို့ နောက်ယောင်ခံလိုက်ခြင်းပြုလျှင် လေးလေး
ခံပါ။

ဝင်းမောင်ထွန်း တောက်ခေါက်ပြီး
သို့ စာကိုပေးလိုက်သည်။

ဦးမျိုးဆက်က လက်နှိပ်ဓာတ်မီးအ
ဖတ်လိုက်လေတော့၏။

နဲ့ ဝင်သင့်တဲ့
တဲ့သဘော
အနေနဲ့ကော
ယ်ထားတာ
င် လေးလေး
လ်) ... "
အဝင်အထွက်
ဘု ဒီအဖွဲ့နဲ့
တယ်၊ ကျွန်
ကျော်စိုးမင်း
ကျော်စိုးမင်း
ရှုံနဲ့ လွယ်
တစ်ယောက်
သင့်လို့မေးရ
င်းစော်ကား
က်လာရင်
မဲ့ ခြင်းချက်
က ကျော်စိုး
အနေအထား
... နားနဲ့

www.burmeseclassic.com

www.burmeseclassic.com



၏။ ပေတရာနီး
တွေ့ရသည်။ ဝ
နှင့်အမိုးထိမှ ပ
ပွင့်သွားပါ၏။

## အခန်း (၁၆)

သိရိုမြင်၏ အ
သွားမှန်း တွေ့

"အာအောက်ထပ်ညှော်ခန်းမှာပင် ပြန်ထိုင်ကြသည်။

ဒါသာအုံက ကော်ဖီကိုဖျော်ကာ ခါတ်ဘူးနှင့်ကိုမြင်ရသော သည်။ ဦးဖိုးလူနှင့်ဟိုင်းလုံကို ပြန်လည်အိပ်စေခဲ့တော့သည်။ မြင့်အတွက် စိတ်ပူနေခဲ့ကြသော ဝင်းမောင်ထွန်းသည်။ ကို့မအိပ်နိုင်ကြ။ ကော်ဖီသောက်ရင်း ဆက်ဆွေး

"အန်(

အောဖ်(လ်) ဘယ်လိုစိတ်ကူးလဲ"

အသိုန်ရဖို့ သူတို့လိုခြင်းတဲ့ မြေပုံနှစ်ပိုင်းကိုစာဘူး၊ လိပ်ကထွင်းပေးပို့ရမှာပေါ့ ထွန်းထွန်း၊ ဒါပေမဲ့ အန်ကယ်(လ်) သူ့မျှော အဲဒီမြေပုံရဲ့ ဂျူပလီကာတ် မိတ္တူမှန်ကူးယူထား

"လုံး၆"

စောမရသိုက်ကို သူတို့လဲသွားမယ်၊ ကျွန်တော်ပါးစပ်ဖြင့်ကိုဒ္ဒါးကြမယ်၊ အဲဒီလိုလား အန်ကယ်(လ်)"

င်အမူဖွင့်တိုင်တာမျိုးတော့ မတိုင်ဘူးလို့ စိတ်ကူးကြည့်ကာ ထွန်းထွန်း၊ ဒါပေမဲ့ ရဲမှူးမောင်ဘတူကိုတော့ ဖြစ်ကုန်စင် မိတ်ဆွေအနေနဲ့ ပြောပြထားရင်ကောင်း



မယ်၊ ကိုယ့်ဘက်ကအပိုင်ဖြစ်လို့ ရဲအဖွဲ့အနေနဲ့ ဝင်သင့်တဲ့အခါ မောင်ဘတူက အဆင်သင့်ဖြစ်စေချင်တဲ့သဘောလောက်ပဲ လုပ်ရင်ကောင်းမယ်၊ ထွန်းထွန်းအနေနဲ့ကောဘယ်လိုစိတ်ကူးရသလဲ"

"ရဲမှူးဦးဘတူကို အဲဒီလောက်ပဲ ဆက်သွယ်ထားတာကောင်းပါတယ်၊ တရားဝင်တိုင်ချက်ဖွင့်လိုက်ရင် လေးလေးအတွက် အန္တရာယ်များသွားမယ် အန်ကယ်(လ်) ... "

"ဟုတ်တယ် ထွန်းထွန်း"

"ဒါပေမဲ့ ဒီလူတွေကိုမယုံဘူး၊ မြေတိုက်ထဲက အဝင်အထွက်လုပ်ပြီး လေးလေးကိုဖမ်းခေါ်သွားတာဆိုတော့ ဒီအဖွဲ့နဲ့ ကျော်စိုးမင်းတပ်ဖွဲ့တည်းသားတွေပဲဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ ခါတ်ပုံရိုက်ယူထားလိုက်နိုင်တဲ့သူက ကျော်စိုးမင်းမျက်နှာနဲ့ တစ်ထေရာတည်းပဲလေ၊ ပြီးတော့ ကျော်စိုးမင်းဟာ လေးလေးကိုချစ်နေတဲ့လူပဲ၊ မြေပုံနှစ်ပိုင်းရရုံနဲ့ လွယ်လွယ်လေး ပြန်လွှတ်ပေးမယ် မထင်ဘူး"

"ဒါလဲ မှန်တာပါပဲ ... အဲ ထွန်းထွန်းကို ဖခင်တစ်ယောက်အနေနဲ့ မေးရမှာဝန်လေးတယ်၊ ဒါပေမဲ့ မေးသင့်လို့မေးရမှာပဲ၊ တကယ်လို့များ လေးလေးကို ကျော်စိုးမင်းစော်ကားပြီးမှ အန်ကယ်(လ်)တို့ လက်ထဲပြန်ရောက်လာရင် ထွန်းထွန်း ကြည်ဖြူနိုင်ပါ့မလား"

"ကြည်ဖြူနိုင်ပါတယ် အန်ကယ်(လ်)၊ ဒါပေမဲ့ ခြွင်းချက်တော့ဖြစ်လာနိုင်တယ်။ လေးလေးကိုယ်တိုင်က ကျော်စိုးမင်းအပေါ် မေတ္တာတုံ့ပြန်ပြီး လိုက်လျောတဲ့အနေအထားမျိုးဆိုရင်တော့ ကျွန်တော် မနွှလေးပြန်ရုံပါပဲ၊ အဲ ... နားနဲ့

www.burmeseclassic.com

www.burmeseclassic.com



မနာ ဖဝါးနဲ့ပဲနာပါ အန်ကယ်(လ်)၊ သူတို့လက်ထဲမှာ အနိုင်
ကျင့်ခံရတာမျိုးဆိုရင်တော့ အပျိုရည်ပျက်တာမျိုးဆိုတာ ထ
မမှုပါဘူး၊ နှလုံးသားမေတ္တာဟာ ရုပ်ဖြပ်ချွတ်ယွင်းသွားတာ
နဲ့ ဘာမှမဆိုင်ဘူးလို့ပဲ ကျွန်တော်ယူဆထားပါတယ်"
"အဲဒီလိုစိတ်ထားနိုင်တဲ့အတွက် ထွန်းထွန်းကို အန်ကယ်
(လ်) လေးစားချီးကျူးပါတယ်ကွယ်"
"ဒါတွေထားပါတော့ အန်ကယ်(လ်)၊ ဒါဆိုရင် ကျွန်တော်နဲ့
ဟိုင်းလုံက စာတိုက်ကြီးနဲ့ မနီးမဝေးကနေပြီး ပုန်းကွယ်
စောင့်မယ်၊ စာဘူးထဲက စာအိတ်ကိုလာယူတဲ့ လူနောက်
ကိုနောက်ယောင်ခံလိုက်မယ်၊ ဒါဆိုရင် လေးလေးရှိတဲ့အရပ်
ကို ကျွန်တော်တို့ ခြေရာခံနိုင်မယ်လို့ မျှော်လင့်မိတယ်
အန်ကယ်(လ်)ကော ဘယ်လိုသဘောရသလဲ"
"ကောင်းတယ် သဘောကျတယ်၊ အန်ကယ်(လ်)အမိ
လိုချင်တာကတော့ လေးလေးမြင့်ကိုသူတို့ သတ်ပစ်တဲ့
အထိ လက်မလွန်ဖို့ပဲ၊ ကျော်စိုးမင်းရှိနေတဲ့အတွက် လေး
လေးကို သူလက်ထဲရောက်ပြီးမှ သတ်ပစ်တဲ့အထိ သူဘယ်
လိုမှလက်ခံနိုင်မှာ မဟုတ်ဘူး၊ အဲဒီတော့ သူတို့ကို ရှုံးဖြ
လိုက်တာ လေးလေးအတွက် အန္တရာယ်မရှိနိုင်ဘူးလို့ တွက်
နိုင်ပါတယ်"
"ဒီကိစ္စ ဟိုင်းလုံနဲ့ ကျွန်တော်ကြိုးစားပါ့မယ်၊ ဒါထက် စာ
မှာလက်မှတ်ထိုးထားတဲ့ ဗန္ဓုရန်မော်ဆိုတာကို အန်ကယ်
(လ်)ခြေရာကောက်လို့ မရနိုင်ဘူးလား"
"အဲဒါကိုငါစဉ်းစားမိတယ် ထွန်းထွန်း ... ဟုတ်မဟုတ်တော့
မသေချာဘူး ... အန်ကယ်(လ်) ခရိုင်ရဲဝန် ဘဝတုန်းက



ရဲဗန္ဓုဆိုတဲ့အဖွဲ့တစ်ဖွဲ့ရှိခဲ့ဘူးတယ် ... သောင်းကျန်းသူ
အမည်ခံပဲ ... ပထမတပ်မတော်ကတိုက်သေးတယ် ...
နောက်တော့ သောင်းကျန်းသူအမည်ခံပြီး အမိကက ဓားပြ
တိုက်တဲ့အဖွဲ့သာဖြစ်တယ်လို့ သတ်မှတ်တယ် ... ဓားပြဆို
တော့ အန်ကယ်တို့ရဲ့အဖွဲ့တာဝန်ရှိလာတယ် ... သက်ဆိုင်
ရာ ရဲစခန်းတွေကို ရဲဗန္ဓုရဲ့အဖွဲ့ကို ဖိတိုက်စမ်းလို့ အမိန့်ပေး
လိုက်တယ် ... နင်လားငါလားမတိုက်လိုက်ရပါဘူး ... အဲဒီ
ကတည်းက ရဲဗန္ဓု မြစ်ဝကျွန်းပေါ်က ထွက်ပြေးသွားတာ
တစ်ချိုတည်းငြိမ်သွားတယ် ... အဲဒီ ရဲဗန္ဓုများဖြစ်နေသလား
ပဲ ... "
"ရန်မော်ဆိုတာကကော ... "
ဦးမျိုးဆက်က သူ့ထင်မြင်ချက်ကို ဆက်ပြောသည်။
"မြန်မာလူမျိုးအတော်များများ နာမည်ကိုပေးတဲ့နေရာမှာ
အစဉ်အဆက်ပေးလေ့ရှိကြတယ်၊ အဲဒီသဘောနဲ့ ခန့်မှန်း
မယ်ဆိုရင်တော့ တပ်ကြပ်ကြီး ရန်ကျော်ရဲ့အထက်၊ ဒါမှ
မဟုတ် အောက်ပေါ့၊ ရန်မော်ဆိုတာ ညီမဟုတ်ရင်အစ်ကိုပဲ
ဖြစ်နိုင်တယ်လို့ ခန့်မှန်းမိတယ်"
"သိပ်ဖြစ်နိုင်တာပေါ့ အန်ကယ်(လ်)၊ တပ်ကြပ်ကြီးရန်
ကျော်က သူကွယ်လွန်ကာနီးမှာ သူအစ်ကို ဒါမှမဟုတ် ညီ
ဖြစ်သူကို စောမရသိုက်အကြောင်းပြောပြပြီး သူပိုင်သုံးပိုင်း
တစ်ပိုင်း မြေပုံကို လက်ဆင့်ကမ်းပေးနိုင်တာပဲ ... "
"ဒါပေမဲ့ တပ်ကြပ်ကြီး ရန်ကျော်ရဲ့ ညီအစ်ကိုဖြစ်ရိုးမှန်ရင်
အန်ကယ်(လ်)ကို ဘာလို့မဆက်သွယ်သလဲ၊ ရဲဗန္ဓုရဲ့ဘာလို့
သွားပူးပေါင်းသလဲဆိုတာ စဉ်းစားစရာဖြစ်လာတယ်၊ အင်း

www.burmeseclassic.com

www.burmeseclassic.com



မွေ့ ... သူတို့လည်း ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မြေပုံရပြီဆိုရင်တော့ သွားကြမှာသေချာတယ်၊ အန်ကယ်(လ်)တို့အနေနဲ့ကတော့ မြေပုံမိတ္တူမှန်ကူးထားပြီးတောင် သမီးလေးလေးရဲ့အခြေအနေကိုမှုတည်ပြီး စဉ်းစားရမလိုဖြစ်နေပြီ ... "

"အဲဒါတော့ ဟုတ်ပါတယ် ... လေးလေးရဲ့အခြေအနေကိုစောင့်ကြည့်ပြီးမှ ဘာဆက်လုပ်ကြမလဲဆိုတာ ဆုံးဖြတ်သင့်ပါတယ် ... စောမရသိုက်ကိစ္စကတော့ ကံအကြောင်းလို့ပဲသဘောထားပါ အန်ကယ်(လ်) ... အဲဒီသိုက်ကို ကျွန်တော်လေးလေးထက်ပိုပြီး တန်ဖိုးမထားဘူး အန်ကယ်(လ်)"

ဦးမျိုးဆက် ခေါင်းကိုသာညိတ်ပြလိုက်ပါတယ်။



## အခန်း (၁၇)

ရန်ကုန်မြို့မျက်စိနှင့်ကြည့်လျှင် ဟိုင်းလုံကိုအရူးကြီးတစ်ယောက်ဟု ထင်ကောင်းထင်နေကြပေလိမ့်မည်။ သို့သော်အရူးဆိုပြီး ကလေးများက မစရဲကြ။ ဟိုင်းလုံကိုမြင်သည်နှင့်ကြောက်လန့်စွာ အဝေးသို့ရှောင်သွားကြသည်။

စာဘူးလိပ်စာအတိုင်း ပေးပို့ပြီးနောက်တစ်နေ့မှစ၍ ညှိပုံစံအတိုင်း ဝင်းမောင်ထွန်းနှင့်ဟိုင်းလုံတို့စောင့်ကြသည်။

ပထမနေ့ စာဘူးကိုလာမဖွင့်။ ဒုတိယနေ့ ဘာမှမထူးခြားခဲ့။ တတိယမြောက်နေ့တွင် စတင်လှုပ်ရှားလာသည်။

သားနားသန့်ပြန့်သော အသားလတ်ကုလားအမျိုးအစားတစ်ဦးသားရေအိတ်အနက်တစ်လုံးကိုကိုင်ကာ စာဘူးအနီးသို့ရောက်လာခဲ့၏။

ဘေးပတ်ဝန်းကျင်ကို မျက်စိကစားပြီးမှ ကုလားအမျိုးသားက စာဘူးကိုဖွင့်သည်။

ကုလားအမျိုးသားစာဘူးဖွင့်သည်နှင့် ဟိုင်းလုံပြန်လာခဲ့သည်။ ဝင်းမောင်ထွန်းအား ကုလားအမျိုးသားကိုပြသည်။ သို့တစေ ဝင်းမောင်ထွန်းလှမ်းမြင်ပြီးသားဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပုံပိုင်းအိတ်ကိုယူပြီးနောက် ကုလားကိုလူချောက ကမ်းနားလမ်းကြီးဘက်သို့လျှောက်လာသည်။ အသင့်စောင့်နေသော သုံးဘီးကားတစ်စီးပေါ်သို့တက်သည်နှင့် အနောက်ပိုင်းဘက်သို့ ဦးတည်မောင်းသွားတော့သည်။

ဝင်းမောင်ထွန်းက အသင့်ရှိနေသော ဆိုင်ကယ်(လ်)ပေါ်သို့ နောက်မှဟိုင်းလုံကိုတင်ပြီး ကုလားလူချော၏နောက် ကားတစ်စီးအကွာခံကာ လိုက်ခဲ့သည်။

သုံးဘီးကားက ဆူးလေဘုရားလမ်းဘက်ချိုးသည်။ အညွှန့်တည့်ကြီးမောင်းပြီးနောက် ဂလုပ်(ဂုဏ်စုံ) ရုပ်ရှင်ရုံတွင် ရပ်လိုက်သည်။ ကုလားလူချောဆင်းသွားသည်။ ဂလုပ်ရုံထဲဝင်သွားပါ၏။

ဝင်းမောင်ထွန်းကလည်း ဆိုင်ကယ်(လ်)ကို ဟိုင်းလုံနှင့်ထားခဲ့ကာ ဂလုပ်ရုပ်ရှင်ရုံထဲ ဝင်လိုက်ခဲ့သည်။

ကုလားလူချောက ဒီစီအထူးတန်းဂိတ်ပေါက်တွင် သူ့အိတ်ထဲမှ အသင့်ဝယ်ထားပြီးသော ရုပ်ရှင်လက်မှတ်ကိုထုတ်ပေးလိုက်သည်။(၁၂း၃၀)နာရီရုပ်ရှင်ပွဲကထပြသနေခဲ့ပြီ။ ထရေလာ နမူနာကားများပြနေခြင်းဖြစ်မည်။ လက်မှတ်ရှိသော ကုလားလူချော လျှောခနဲ ရုပ်ရှင်ရုံထဲဝင်သွားနိုင်သည်။

လက်မှတ်မရှိသော ဝင်းမောင်ထွန်းအဖို့ဝင်၍မရနိုင်။

“ဒီမယ်ဗျာ ... ရော့ ငွေငါးကျပ်ယူထားပါ၊ ကျွန်တော်ရုပ်ရှင်ကြည့်ဖို့ မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယောက်ဝင်ပြီး ရှာရုံပါ”

ဟုပြောဆိုကာ ဂိတ်စောင့်အား ဝင်းမောင်ထွန်းက ငါးကျပ်တန်တစ်ရွက်ထုတ်ပေးလိုက်သည်။

ဂိတ်စောင့်သဘောတူကာ ဝင်ခွင့်ပေးပါ၏။ ဝင်း



မောင်ထွန်း ရုံထဲရောက်ချိန်တွင် ရုံထဲတွင် ထိုင်ခုံလိုက်ပြသူက ကုလားလူချော၏ ထိုင်ခုံနံပါတ်ကို မှေးမှိန်သောဓာတ်မီးဖြင့် ရှာဖွေနေရာချပေးနေသည်ကို ဝင်းမောင်ထွန်း လှမ်းမြင်နေရသည်။

ကုလားလူချောအားကပ်လျက် ထိုင်ခုံလက်ျာဘက်က အမျိုးသားတစ်ဦးဖြစ်သည်။ လက်ဝဲဘက်က အမျိုးသမီးတစ်ဦး ဖြစ်နေခဲ့သည်။ (၁၀)မိနစ်ပင်မကြာ။ ကုလားလူချောဘေးမှ အမျိုးသမီးက မတ်တတ်ရပ်ကာ ဂိတ်ထွက်ပေါက်ဆီသို့ လျှောက်လာခဲ့သည်။

သေချာပြီ။ ကုလားလူချောမှ အမျိုးသမီးကိုမြေပုံပိုင်းအား လက်ဆင့်ကမ်းလိုက်ပြီ။

အနီးမှ ကပ်လျှောက်သွားခဲ့သော အမျိုးသမီးမှာ ပန်းနုဝတ်အင်္ကျီလို အင်ဒီးယန်းကပြားမ ဖြစ်နေခဲ့သည်။

ဝင်းမောင်ထွန်းဂိတ်ပေါက်သို့ ထွက်ခဲ့သည်။ ဂိတ်စောင့်ကို လှမ်းပြောလိုက်သည်။

“ပိုက်ဆံကိုခင်ဗျားပဲ ယူလိုက်တော့ဗျာ၊ ဟိုမှာလေ ... ကျွန်တော်ရှာနေတဲ့ မိတ်ဆွေတွေ့ပြီမို့ ပြန်တော့မယ်”

ဂိတ်စောင့်က ပြုံးလိုက်သည်။ ဆုပင်တောင်းလိုက်သေး၏။ အဆင်ပြေပါစေတဲ့။ ရုပ်ရှင်ရုံမှာ ဒါမျိုးတွေကရှိနေပြီလေ။

အင်ဂလိုမလေးက ခွာမြင့်ဖိနပ်တဒေါက်ဒေါက်နှင့် မော်စကိုဗစ်ကားပေါ်သို့ တက်လိုက်သည်။ အချိတ်အဆက်ရှိပြီးသားမို့ အင်ဂလိုလေးတက်ပြီးသည်နှင့် ကားမောင်းထွက်သွား၏။

မော်စကိုဗစ်ကားက ကွန်တီနင်တယ်(လ်) (ယခင် ပြည်သူ့မှန့်တိုက်၊ ယခုအခါ ထရေးတားဟိုတယ်အဆောက်အဦ ဖြစ်နေခဲ့ပြီ။) ကိုပတ်ကာ ဗိုလ်ချုပ်လမ်းအတိုင်း ထောင့်တက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ (လက်ယာမောင်းနှင့် တစ်လမ်းမောင်းစနစ်မပြုလုပ်ရ

(၂၉)လမ်းအရောက်တွင် မော်စကိုဗစ်ကား
ကွေ့ချိုးဝင်ရောက်လိုက်သည်။ အတန်ငယ်မောင်းပြီး ဟိုဘ
မရောက်မီတွင် လေးထပ်တိုက်ကြီးတစ်တိုက်ရှေ့တွင် ကားရ
ခဲ့၏။

ဝင်းမောင်ထွန်း မလှမ်းမကမ်းတွင်ရပ်ကာ ဟို
ကို ဆိုင်ကယ်(လ်)နှင့်အတူထားခဲ့ပြီး အင်္ဂလိုမလေးတ
ရာလှေကားထိပ်သို့ အပြေးရောက်လာသည်။ မော်ကြည့်
သို့မဟုတ်လျှင် မည်သည့်အထပ်အခန်းသို့ ဝင်ရောက်သွား
မည်မဟုတ်ပေ။

တော်ပါသေး၏။ အင်္ဂလိုမလေးသည် တင်ပ
နောက်ပစ်ကာ လှေကားတက်မြဲတက်နေခဲ့သည်။

အမြင့်ဆုံးလေးထပ်သို့တက်ကာ လက်ယာ
အခန်းသို့ဝင်သွားခဲ့ပါ၏။ ဤလေးထပ်၏အခန်းမှာပင် လေး
ကို ဖမ်းဆီးသိုဝှက်ထားသည်ဟု ဝင်းမောင်ထွန်းယူဆလိုက်မိ

ဆန္ဒစောသူ၏ အမှားပင်။

ဝင်းမောင်ထွန်း အဆင်ခြင်ကင်းမဲ့စွာဖြင့် လှေ
ကိုတက်လိုက်သည်။ ဝင်းမောင်ထွန်း လှေကားသို့တက်သည်
ဟိုင်းလုံကဆိုင်ကယ်(လ်)ကိုတွန်းကာ လှေကားထိပ်ပလက်
ပေါ်မှ အပေါ်သို့လှမ်းကြည့်၏။

ဝင်းမောင်ထွန်းက အင်္ဂလိုမလေးဝင်သွား
အခန်းမှ လူခေါ်ခလုတ်စစ်ဘူသီးကိုနှိပ်လိုက်သည်။ တစ်ချိန်
မှာပင် ဂျာကင်ဖြင့်ဖုံးကာ ခါးထိုးထားသောသေနတ်ဖြင့် အ
ထုတ်ကာချိန်ထား၏။



တံခါးပွင့်လာခဲ့သည်။ ဖွင့်ပေးသူကတံခါးရွက်နောက်
သို့ဝင်လိုက်သည်။ ဝင်းမောင်ထွန်းသေနတ်အားကိုးဖြင့် ခွတ်ဝင်
လိုက်သည်။

ဝင်သည်နှင့်တံခါးရွက်နောက်မှလူကို သေနတ်နှင့်
ဘူချိန်ထားလိုက်၏။ ထိုသူက မထီလေးစားအကြည့်ဖြင့် ဝင်း
မောင်ထွန်းကို ကြည့်လိုက်သည်။

"ဩော် ... ခင်ဗျားပဲကိုး"

ဝင်းမောင်ထွန်း ထိုသူကိုမှတ်မိလိုက်သည်။ ရန်ကုန်
ဆောက်စက မိမိဆော်ထားခဲ့သောနှုတ်ခမ်းမွေးနဲ့လူဖြစ်နေခဲ့သည်။
ဝင်းမောင်ထွန်း အမိန့်ပေးလိုက်သည်။

"ကဲ ကိုယ့်လူ၊ ဟိုဘက်လှည့်စမ်း ..."

ဝင်းမောင်ထွန်းအမိန့်ကို သူမမှုသလိုလုပ်နေခဲ့သေး
သည်။ ဝင်းမောင်ထွန်းစိမြင်းစွာ တစ်ခုခုလုပ်ရန်ပြင်လိုက်စဉ်မှာပင်
နောက်ဘက်မှဗိုးခနဲ လေထဲလွှဲလိုက်သောအသံတစ်ခုကြားလိုက်
ရသည်။ သူချက်ချင်းလှည့်လိုက်သည်။

မရတော့ပြီ၊ နောက်ကျသွား၏။ ပမာမခန့်လုပ်သော
နှုတ်ခမ်းမွေးကို ဂရုစိုက်လိုက်ခြင်းကပင် သူ့အမှားဖြစ်ခဲ့ရပြီ။

"ခုတ်"

တစ်စုံတစ်ခုဖြင့် ရိုက်လိုက်မှန်းသာ ဝင်းမောင်ထွန်း
သိလိုက်ရသည်။ မျက်လုံးထဲမှာ မီးပွင့်များကိုတွေ့လိုက်ရ၏။ ပြီး
နောက် အမှောင်အတိကျသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာကြာ သူ သတိလစ်သွားခဲ့သည်ကိုတော့ ဝင်းမောင်ထွန်းမသိ၊ ဦးခေါင်းကိုအရိုက်ခံရသော ဒဏ်ကနာကျင်ဆဲ ရှိသေးသည်။

မူးဝေနေခဲ့သည်။ အရောင်ခပ်သိမ်း ဝိုးတဝါးသာမြင်နေရ၏။ မျက်ဝံတောင်အခါခါခတ်သည်။ ဦးခေါင်းကို ဘယ်ညာယမ်း၏။ တဖြည်းဖြည်း မြင်ကွင်းပီသလာခဲ့သည်။

သို့သော် ပီပြင်သမျှမြင်ကွင်းတွေက ဓောက်ထိုးတွေချည်းဖြစ်နေခဲ့၏။ အကြောင်းမှ ဝင်းမောင်ထွန်းအား ဓောက်ထိုးချည်း ချည်နှောင်ထားခြင်းကြောင့် ဖြစ်ပါလေ၏။

ခြေမျက်စိနှစ်ဖက်မှ၊ ကပ်ချည်နှောင်ကာ ခေါင်မိုးထုပ်တွင်တွဲလောင်းတွဲခံထားရခြင်းဖြစ်သည်။ လက်ကောက်ဝတ်နှစ်ဖက်ကိုပါ ပူးချည်နှောင်ခံထားရပါ၏။ ဝင်းမောင်ထွန်းလှုပ်ရှားလေတိုင်း နာရီချိန်သီးသဖွယ် ဟိုရွှေ့သည်ရွှေ့ဖြစ်နေခဲ့သည်။

ဝင်းမောင်ထွန်းနှင့် ငါးပေခြောက်ပေအကွာတွင် ဖန်မီးသီးတွဲလောင်းရှိနေသည်။ မီးအလင်းရောင်အောက်တွင် လူလေးဦးထိုင်နေခဲ့၏။ သုံးဦးကယောကျ်ားသား၊ တစ်ဦးက မိန်းမသားဖြစ်သည်။



မျက်နှာစိမ်းတွေမဟုတ်။ ဘူတာမှအလာ ဝင်းမောင်
နှင့် သူကြေကိုယ်ကြေတိုက်ခိုက်ခဲ့ရသူတွေ၊ နှုတ်ခမ်းမွေးက
သောင်ပဲဖြစ်သည်။ ကျန်အမျိုးသမီးက အင်ဂလိုမလေးပဲဖြစ်
သ၏။

စားပွဲနှင့် မနီးမဝေးတိုက်ခန်းထောင့်တွင် သစ်သား
ထိုင်တစ်လုံးဖြင့် ပူးကပ်ချည်နှောင်ခြင်းခံထားရသည့်ဟိုင်းလုံ
ရသည်။ ဟိုင်းလုံလည်း သတိလစ်သည်အထိ ခံလိုက်ရခြင်းပဲ
ည်။ ဦးခေါင်းကြီးရှေ့ငိုက်ကာ သတိလစ်နေဆဲပင်ဖြစ်၏။

"အော် ... ဒေါက်တာကြီး သတိရလာပြီလား၊ ဒေါက်တာရဲ့
တွဲလိုကောင်ကြီးလည်း အိပ်ပျော်နေတုန်းပါပဲ၊ ဒေါက်တာ
ကို မှုကြီးက ယောမင်းကြီးလမ်း(ယခင်ယောက်လမ်း) မှာ
တုန်းက သူ့ခံလိုက်ရလို့လက်စားချေလိုက်တာ နည်းနည်း
လက်ဆများသွားလို့ပါတဲ့၊ သတိမိန့်သာရရင် ချက်ချင်းသတ်
လိုက်ချင်သတဲ့ ..."

"ဩော် ... ကျုပ်တို့ကို ခင်ဗျားတို့ဆရာကြီးတွေက သတ်
မိန့်မပေးဘူးတဲ့လား ..."

"သတ်ချင်တာပေါ့ဗျာ၊ ဒေါက်တာကြီးက သီရိမြိုင်မှာ လှုံ
ရွမ်းကောင်းလုပ်ရုံတင်မကဘူး ... နေရာတကာရှုပ်လွန်းလို့
သတ်ရုံမကဘူး၊ အစိမ်းလိုက်ဝါးစားချင်နေတာ၊ နောက်တစ်
ချက်က ဦးမျိုးဆက်က စောမရသိုက်ကိုသွားမှာသေချာ
တယ်လေ၊ အဲဒီတော့ ဦးမျိုးဆက်မှာ လူစွမ်းကောင်းအတူ
ပါမလာဖို့အရေးကြီးတယ် မဟုတ်လား၊ စိတ်ချပါ၊ ဒေါက်
တာကြီးကို သတ်မှာပါ ..."

"အခုသတ်လိုက်စေလေ ..."

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမောင်ထွန်းက အော်ပြောလိုက်သည်။

နှုတ်ခမ်းမွေးက မထီတရီရယ်ပြလိုက်၏။

"အဲဒီသတ္တိတွေကြောင့်ပဲ ဒေါက်တာကိုဆရာကြီးတွေ

သတ်မှုဖြစ်မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဒါပေမဲ့ ကျုပ်

အားလုံးကို လူသတ်မှုနဲ့မစွဲနိုင်တဲ့နည်းလမ်းနဲ့ပဲ သတ်မှာ

"ခင်ဗျားတို့ ဘယ်လိုသတ်သတ်၊ လူသတ်မှုနဲ့စွဲနိုင်မှာ

ကိုယ့်လူ၊ ဗန္ဓုရန်မော်အဖွဲ့ကို ဦးမျိုးဆက်က အသေအ

သိထားတာပဲ၊ ကျုပ်သေတာနဲ့ ဦးမျိုးဆက်က တရားခံ

ပါပဲ ..."

"ဟုတ်ပါ့မလား ဒေါက်တာ"

"သိပ်ဟုတ်တာပေါ့ ... ဟိုအကောင်လွန်နေသေးတယ်"

ဝင်းမောင်ထွန်းက အတပ်သိပြီးဖြစ်သည်ဟု

ဖြီးဖြန်းစကားဆိုလိုက်ခြင်းပင်၊ တကယ်ကဦးမျိုးဆက်ခန့်မှန်း

၍သာအထင်နှင့်ပြောရခြင်းမျိုးပဲ ဖြစ်ပါလေ၏။

"အေးပေါ့လေ၊ ရဲဗန္ဓုနဲ့ ဦးရန်မော်ကို ဦးမျိုးဆက်သိ

လည်းသိမှာပေါ့ ... သူကရဲအရာရှိဟောင်းကြီးတစ်ဦးပဲ

မသိလည်း ခုစာမရသိုက်ကိုသွားရင်တော့ သိကြမှာပါ

ဒါပေမဲ့ အခုဒေါက်တာတို့ကို သတ်လိုက်တာ ဦးရန်

ကိုကျော်စိုးမင်း၊ ကိုအောင်စိုးတို့သားအဖ သတ်လိုက်

လို့တော့ မစွပ်စွဲနိုင်အောင် သတ်ပြရမှာပေါ့"

"ဟောဒီနှစ်ယောက်ကို ဒေါက်တာသိထားပြီးသားပါ

နဲ့ကျောက်ကြီးကျော်သန်းပဲ၊ အခု ကျောက်ကြီးကျော်

ဘာလုပ်နေတယ်ထင်သလဲ၊ သူချိန်ကိုက်ဗုံးလုပ်နေပါ

ရဲဗန္ဓုအဖွဲ့မှာ ကျောက်ကြီးကျော်သန်းက ဗုံးလုပ်တဲ့



မှာ စပါယ်ရှယ်လစ်(စ)လေ၊ မီးရထားတွဲတောင် မြောက်

သွားအောင်လုပ်နိုင်ပါတယ်၊ အခုလုပ်နေတာကတော့ နံရံ

တောင်မကွဲမအက်စေရဘဲ ဒေါက်တာနဲ့ဟို အကောင်ကြွကြီး

ကြွသွားစေရုံလောက်ပါ၊ အသံကလည်း မော်တော်ကားဘီး

ပေါက်သလောက်ပါပဲ၊ ဟေး ... ကျောက်ကြီးကျော်သန်း

မင်းအချိန်ကိုက်ထားမှာ ဘယ်အချိန်လဲကွာ ..."

"၁၁ နာရီ ၄၅ မိနစ် အာစရိ ..."

"ကြည့် ... အေး အေး ကြားလားဒေါက်တာ၊ ဦးရန်မော်တို့

သားအဖသုံးယောက်က နေ့လယ်တစ်နာရီခွဲကတည်းက

ဟိုက်ကုတ်တရားရုံးကြီးမှာ အမှုတစ်ခုအတွက် သက်သေ

ထွက်ဆိုနေကြမယ်လေ၊ ဒီအခန်းဗုံးပေါက်တာနဲ့ပတ်သက်

လို့ သူတို့အလီဘိုင်ကောင်းကောင်းရနိုင်တာပေါ့"

"သိပ်လဲအထင်မကြီးနဲ့ ကိုယ့်လူ၊ ကိုယ့်လူကိုရော ဟိုမှုကြီး

နဲ့ကျောက်ကြီးကျော်သန်းကိုရော အဘဖိုးလူက ကောင်း

ကောင်းမှတ်မိထားတယ်၊ အဘဖိုးလူဆိုတာ ယောမင်းကြီး

လမ်း(ယခင်ယောက်လမ်း)မှာတုန်းက ကျည်နဲ့အတူ ကိုယ့်

လူတို့ကို ကောင်းကောင်းကြီးဆုံးမခဲ့တဲ့ ဦးမျိုးဆက်ကား

အရိုင်ဘာလေ ..."

"ဟား ... ဟား ဦးဖိုးလူမကလို့ ဦးမျိုးဆက်ကိုယ်တိုင် မှတ်

မိတော့ကော ဘာအရေးလဲဒေါက်တာ၊ ကျုပ်တို့သုံးယောက်

က ရဲဗန္ဓုအဖွဲ့ကပဲ၊ ဒီနေ့သနေ့ဝိုင်းမှာပဲ တောထဲပြန်ဝင်

ကြတော့မယ်လေ၊ မြို့ပေါ်ကရဲတွေက ကျုပ်တို့ကိုမသိနိုင်

ဘူးလေ၊ ရဲမှတ်တမ်းမှာ ကျုပ်တို့နာမည်တွေ မရှိပါဘူး"

ဝင်းမောင်ထွန်း ဘာမှပြန်မပြောနိုင်၊ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



အကွက်စေ့လွန်းလှပါ၏။ ဝင်းမောင်ထွန်းက ဟိုင်းလုံရှိရာသို့
လိုက်သည်။ သတိမရသေးသော်လည်း အသက်ရှူမှန်နေခဲ့၏။
အေးသွားရ၏။

"တောက် ..."

ဝင်းမောင်ထွန်း တောက်ခေါက်လိုက်သည်။

"အဖြစ်မသည်းပါနဲ့ဒေါက်တာ၊ လေးလေးမြင့်က
မင်းကို အကပ်မခံပါဘူး၊ ကျော်စိုးမင်းကလည်း
လေးလေးမြင့်မုန်းသည်ထက်မုန်းသွားမှာစိုးလို့ ဖွတ်
ဘူး၊ နွားလိုကောင်ပါ၊ ကိုယ်လက်ခုပ်ထဲကရေကို မသော
ရဲ တဲ့ကောင်ပဲ ..."

"ဒါဆို စောမရဲ့ဆိုက်ကိုသွားရင် လေးလေးမြင့်ကိုတော
ပေါ့ ..."

"ဘယ်ထားခဲ့မှာလဲ၊ ကျော်စိုးမင်းပါမှာဆိုတော့ ခေါ်သွ
မှာပေါ့၊ ရဲဗန္ဓုကလည်း သဘောတူတယ်၊ မြေပုံကိုပေး
တောင် ဦးမျိုးဆက်မိတ္တူယူပြီးသားလို့ တွက်တယ်
ဒီတော့ လေးလေးမြင့်မှာ နိုင်ကွက်ပေါ့ဒေါက်တာ၊ မြေ
ကြည့်ပြီး စောမရဲ့ဆိုက်ကို အတူတူရှာဦးတော့၊ ဦးမျိုး
က ကိုယ်တိုင်ရွှေတွေကိုမြှုပ်ခဲ့သူဆိုတော့ ရဲဗန္ဓုထက်
သာနေတာပဲ၊ ဒါကြောင့်မို့လည်း လေးလေးမြင့်ကို
မလွှတ်တာအမှန်ဆုံးပဲပေါ့ ဒေါက်တာ ..."

"သိချင်တာအများကြီးပေမဲ့ သေရမဲ့အတူတူ မမေးတော့
ဘူး၊ သိချင်တာက ကျုပ်တို့ကိုဘယ်လိုချိန်ကိုက်ဖုံးနဲ့
မှာလဲလို့တော့ မေးချင်မိတယ်၊ ဖြေချင်မှဖြေပါ ..."

"ဖြေရမှာပေါ့ ဒေါက်တာ၊ ကျုပ်တို့ဘယ်လိုလုပ်နိုင်တ



ဆိုတာကိုတော့ ကြွားလိုက်ခြင်ပါသေးတယ်။ အချိန်ကိုက်
ဖုံးကတော့ ဟောဒီစားပွဲပေါ်ကဘူးလေးပဲ၊ ဖုံးလေးနဲ့တွဲ
ထားတဲ့ ဟောဒီစားပွဲတင်နာရီလေးက နှိုးစက်နဲ့နာရီလေ၊
ချိန်ကိုက်ထားတဲ့နာရီကိုရောက်တာနဲ့ နှိုးစက်ခေါင်းလောင်း
ရိုက်တံက သွန့်တည့်တည့်ကြီးကပ်ထားတဲ့ မိုက်ကရိုဆွစ်
(ချ်)လေးကိုသွားရိုက်မယ်၊ မိုက်ကဆွတ်စ်(ချ်)လေးက နှိုး
စက်ရိုက်တံနဲ့ အဆက်မပြတ်အရိုက်ခံရတာနဲ့ ပွင့်ထွက်လာ
မယ်၊ သူပွင့်တာနဲ့ မိန်းလိုင်းနဲ့ဆက်သွယ်ထားတဲ့ လျှပ်စစ်
အားစီးဝင်လာပြီး ဖုံးပေါ်က ဝါယာနှစ်စမီးပွင့်မယ်၊ မီးပွင့်
တာနဲ့ ဖုံးကလဲထပြီး ပေါက်ကွဲမှာပဲ၊ မီးပျက်ချိန်နဲ့ကြုံရင်
တော့ မပေါက်ကွဲနိုင်ဘူးပေါ့၊ ဒါပေမဲ့ အခုလိုရုံးချိန်အတွင်း
မှာတော့ မီးမပြတ်ပါဘူး၊ ဒီအတွက် ဒေါက်တာတို့မလွဲမသွေ
စိတ်ချသေရမှာပဲ၊ ကျုပ်တို့ကတော့ ဒေါက်တာတို့သေမသေ
တာဝန်ရှိတဲ့အတိုင်း မွန်းလွဲတစ်နာရီလောက်မှာလာကြည့်
ရမယ်လေ၊ မီးပျက်တာနဲ့ကြုံရင်တော့ ကျုပ်တို့လက်ချက်နဲ့
ပဲသေရစေမယ်၊ သွားမယ်ဒေါက်တာ လူစွမ်းကောင်းကြီးရေ
နှုတ်ဆက်ခဲ့ပါတယ်"

သူတို့အားလုံးထွက်ခွာသွားကြသည်။ အင်ဂလိုအင်
ဒီယန်းမလေးကမူ ဘာစိတ်ကူးပေါက်သည်မသိ ခေါက်ထိုးကြီးဖြစ်
နေသော ဝင်းမောင်ထွန်း၏နဖူးခေါင်းကလေးကို ဖြစ်ညှစ်သွားခဲ့
ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးထွက်ခွာပြီးနောက် အခန်းထဲတွင် စားပွဲပေါ်မှနာရီသံက ချက် ... ချက်နှင့်မြည်သံက ကျယ်လော လွှမ်းလှပါ၏။ တိတ်ဆိတ်လွန်းနေသည် မဟုတ်လား။

ဝင်းမောင်ထွန်းက ဟိုင်းလုံကိုခေါ်လိုက်မိသည်

"ဟေး ... ဟိုင်းလုံ ... ဟိုင်းလုံ"

"ကျွန်တော်သတိရနေတာ ကြာပါပြီအစ်ကို၊ သူတို့ရှိနေတုန်း မို့ မေ့ချင်ယောင်ဆောင်နေတာပါ။ ထပ်ပြီးတီးခံရရင် သတိမေ့သွားမှာ မဟုတ်လား၊ အစ်ကို"

"အေး ... အခုတို့ညီအစ်ကို ဘာဆက်လုပ်မလဲ"

"အစ်ကိုနိုင်းတာပဲ ကျွန်တော်ဆက်လုပ်တတ်မှာပါ"

မှန်သည်။ ဟိုင်းလုံတွင် သိပ္ပံပညာနှင့်စပ်လျဉ်းသော အတွေ့အကြုံနှင့် အကြံကောင်းမရှိပါလေ။

"ငါ့ဘက်က နာရီမမြင်ရဘူး၊ မင်းဘက်ကကြည့်စမ်း ဟိုင်းလုံ"

"ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ်တိတိရှိပြီ အစ်ကို"

"အင်း ... နာရီဝက်ပဲ ကျန်ပါတော့လား"

www.burmeseclassic.com



ဝင်းမောင်ထွန်း အသက်ဘေးမှလွတ်မြောက်ရန် ... ဦးစားရတော့သည်။

"မင်းထိုင်နေရတဲ့ ကုလားထိုင်ကို ကျိုးပဲ့အောင်လုပ်စမ်း ကွာ၊ မင်းနဲ့ကုလားထိုင်ပူးချည်ထားတော့ အသားတော့နာ မှာပဲ၊ ဒါပေမဲ့ နာတာကသေရတာထက် တော်သေးတာပေါ့"

"အဲဒီလိုလုပ်ရင် ဘာဖြစ်နိုင်မှာလဲ အစ်ကို"

"ကုလားထိုင်ကျိုးပဲ့ပြီး ပုံပျက်သွားမယ်၊ အကျိုးအပဲ့အစတွေ ထွက်ကုန်မယ်ဆိုရင် ချည်ထားတဲ့ကြိုးပတ်တွေ လျော့သွား လိမ့်မယ်၊ ကြိုးလျော့သွားရင် ဖြေလို့ပိုလွယ်တာပေါ့"

"ကောင်းပြီ အစ်ကို"

ဟိုင်းလုံက မိုက်မိုက်ကန်းကန်းပဲလုပ်တော့သည်။ သူ့ခန္ဓာကိုယ်လှုပ်ရှားနိုင်သရွေ့ ကုလားထိုင်ကိုဆောင့်ချသည်။ သူ့ ခန္ဓာကိုယ်ကြောင့် ရှေ့ခြေနှစ်ချောင်းကျိုးသွားပြီး ကုလားထိုင် ကျောဘက်ကိုကျိုးရန် ဟိုင်းလုံကြိုးစားပြန်သည်။

ဟိုင်းလုံလုပ်၍ရသည် မရသည်ကို ဝင်းမောင်ထွန်း စောင့်တော့ သူလုပ်၍မရလျှင် ချိန်ကိုက်ဗုံးစာမိနိုင်သည်။

ဝင်းမောင်ထွန်း အကြံတစ်ခုရလိုက်သည်။

ဟုတ်ပြီ အကြံရပြီ။ ဗုံးဆီသို့သွားသော လျှပ်စစ်အား ပျက်သွားလျှင် ဗုံးမကွဲနိုင်တော့။

မိန်းဆွစ်(ချ်)ထားသောနေရာကို သူရှာကြည့်သည်။ ... တွေ့။

နောက်ဆုံးလင်းနေသော လျှပ်စစ်မီးသီးကိုပဲ အား ကိုးရတော့မည်။ သူ၏ကိုယ်ခန္ဓာကို မီးလုံးဆီရောက်ရန် ရှေ့တိုး နောက်ငင်လှုပ်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ရသည်ကလွဲရင်း မီးသီးကိုမိသည်နှင့် ပူးချည်
သော လက်နှစ်ဘက်က မီးသီးကိုဆွဲဖြုတ်လိုက်တော့၏။

"အားပါးပါး ... ပူလိုက်တာ"

မီးသီးက လက်ထဲရောက်တော့ ပူလွန်း၍ဝင်း
ထွန်း ညည်းကာလွှတ်ချလိုက်တော့၏။

သေသေးကြ နီးလာပြီ။ ထပ်၍လွဲသည်။ လွဲ၍
တွင် မီးသီးကိုရော ဟိုလ်ဒါကိုရောဆုပ်ကိုင်ကာ ဖြုတ်လိုက်
သူလက်မှနောက်သို့ ကိုယ်ခန္ဓာအလွဲတွင်
လိုက်သည်။

ခန္ဓာကိုယ်ငြိမ်အောင်စောင့်သည်။ ကျန်ခဲ့သော
ယာတွင် လျှပ်စစ်အားရှိနိုင်နေသေးသည်။ ဝါယာနှစ်စကို ပွတ်
လိုက်လျှင်ရှော့ဖြစ်ကာ မိန်းဘောက်(စ)ထဲမှ ဖြူး(စ်)ပြတ်သွား
ထိုသို့ဆိုလျှင် တစ်ခန်းလုံးမီးမြှတ်သွားတော့မည်။

ဝင်းမောင်ထွန်းထပ်၍ လွဲရပြန်သည်။ လိုချင်သော
အနေအထားရသည်နှင့် ဝါယာအစ်မနှစ်စုကို လက်တစ်ဖက်တည်း
ဖြင့် ဆုပ်ကိုင်လိုက်သည်။ ကျဉ်ခနဲ သူခံစားလိုက်ရပါ၏။

"ဖောင်း"

မီးပြတ်သွားပြီ မိန်းဖြူး(စ်)ပြတ်သွား၏။

ဝင်းမောင်ထွန်းလည်း အသားကျက်မတတ်
နှစ်စုပူးကိုင်မိ၍ ခံလိုက်ရပါလေ၏။ ဓောက်ထိုးချည်းပင် မိန်းရ
၏။

စောင်သေးသည်။ နှုတ်ခမ်းမွှေးတို့အဖွဲ့က
နောက်ပြန်မချည်ထားခဲ့၍ပဲဖြစ်သည်။ ထိုသို့ချည်ထားခဲ့လျှင်
လို ကြိုးစား၍ရမည်မထင်။



"ဟေး ... အစ်ကို ... ကျွန်တော်လွှတ်သွားပြီဗျ"

ဝမ်းသာအားရအော်ပြောသံကြားမှ မှိန်းနေရာမှ
ဟိုင်းလုံကိုကြည့်လိုက်သည်။

"ဟိုင်းလုံ နာရီကြည့်စမ်းဟေ့"

"ဆယ်တစ်နာရီနဲ့ မိနစ်ငါးဆယ်အစ်ကို"

မည်သို့ပင်ဖြစ်စေ၊ ဗိုမိုစိတ်ချစေရန် ဟိုင်းလုံအား
အလျှင်အမြန်ခိုင်းရသေးသည်။

"ဟိုင်းလုံ စားပွဲပေါ်ကာစီးကရက်ဗူးလို ဘူးလေးမှာတွဲထား
တဲ့ ဝါယာနှစ်ပင်ကို မြန်မြန်ဖြုတ်လိုက်"

ခိုင်းသည့်အတိုင်း ဟိုင်းလုံလုပ်ခဲ့သည်။

ထိုအခါကျမှဝင်းဟိုင်းလုံအား မိမိကိုချည်ထားသော
အနှောင်အဖွဲ့များကို စားပွဲပေါ်တက်၍ ဖြုတ်စေခဲ့သည်။

အောင်မြင်သွားခဲ့ပြီ။ ဟိုင်းလုံလွတ်မြောက်ချိန်မှဆို
လျှင် မမီနိုင်တော့ချေ။

ဝင်းမောင်ထွန်း တွက်ဆလုပ်ကိုင်မှုကြောင့်သာ
လွတ်မြောက်ခဲ့ခြင်းဖြစ်ပါ၏။

သို့သော် သည်အခန်းထဲမှ လွတ်မြောက်ရန်ကြံရဦး
ပေမည်။ သို့တစေ မလွယ်ကူပေ။ တံခါးတွေက သစ်သားတံခါးဝဲပွင့်
လို့ရပြီး ဘာဂျာသံတံခါးက သော့ခတ်ထား၏။

လေးထပ်တိုက်ရပေါ်က ခုန်ဆင်း၍လည်းမလွယ်။

"ကျွန်တော်တို့ ဘာဆက်လုပ်မလဲ အစ်ကို"

"အကောင်းဆုံးကတော့ သူတို့ပြန်လာတာစောင့်ပြီး ခိုက်
တွယ်ရတော့မှာပဲ"

"ကောင်းတယ် အစ်ကို၊ သူတို့ထားခဲ့တဲ့ ဓော်ဘာဗွပ်ထား

www.burmeseclassic.com

www.burmeseclassic.com



တွဲသံပိုက်နဲ့ ကျွန်တော်ခေါ်မယ်"

"အေး ... ငါ့သေနတ်လဲထားခဲ့တယ်၊ သူတို့ပစ္စည်းယူမသွားတာ ရန်သူ့ပစ္စည်းလက်ဝယ်မိတာနဲ့ သူတို့ကိုစွပ်စွဲတာခံရမှာကြောင့်ပဲ ဟိုင်းလုံ"

နှစ်ဦးသား ရေချိုးခန်းထဲ မတိုင်ပင်ဘဲ ဝင်လိုက်ကြသည်။ ရေချိုးလိုက်ရ၍ လန်းဆန်းသွားကြပါ၏။

အိမ်ရှေ့ပြန်ထွက်ကာ တံခါး၏ဘေးတစ်ဘက်စီမှာ ကျောကပ်ပြီး ဟိုင်းလုံနှင့် ဝင်းမောင်ထွန်းတို့ စောင့်နေလိုက်ကြသည်။

ကြာကြာမစောင့်ရ၊ မွန်းလွဲ(၁၂း၄၅)နာရီတွင် အပေါ်တက်လာသော ခြေသံကြားရတော့သည်။

သော့ဖွင့်သံ၊ သံဘာဂျာတံခါးဖွင့်သံ၊ သစ်သားတံခါးလက်တွန်းဖွင့်သံကြားရသည်။

ရှေ့ဆုံးမှ မှူးကြီးဝင်လာသည်။

"ဟာ ... အာစရိ၊ ဗုံးလဲမပေါက်ဘူး၊ နှစ်ကောင်စလုံးလဲ ပျောက်သွားပြီ၊ မရှိတော့ဘူး"

မှူးကြီး တအံ့တသြအပြောကြောင့် သိခြင်မြင်ခြင်စေဖြင့် ကျောက်ကြီးကျော်သန်းနှင့် နှုတ်ခမ်းမွေးတို့ တိုးဝင်လာခဲ့ကြ၏။

"ဖြောင်း ..."

ဟိုင်းလုံက မှူးကြီးကို ဦးခေါင်းကိုရိုက်ထည့်လိုက်သည်။ မှူးကြီးခွေကျသွားသည်။

နှုတ်ခမ်းမွေးကလျင်သည်။ ဟိုင်းလုံလက်မြှောက်နေစဉ်မှာပင် သူ့ချိုင်းအောက်မှ သေနတ်ကိုဆွဲထုတ်ခဲ့သည်။



"ဒိုင်း ..."

နှုတ်ခမ်းမွေးသေနတ်ပြုတ်ကျသွားသည်။ ဝင်းမောင်ထွန်းက သုံ့ထက်ပိုလျင်သည်။ နှုတ်ခမ်းမွေးသေနတ်အထုတ်မှာပင် ဝင်းမောင်ထွန်းက သူ၏ခါးကြားမှသေနတ်ထုတ်ကာ နှုတ်ခမ်းမွေး၏လက်ဖျံကိုပစ် လိုက်နိုင်ပါလေ၏။

ပစ်သည်က လက်ကောက်ဝတ်ကိုဖြစ်သော်လည်း မိုးတုံခါအားကြောင့် ပစ်မှတ်လွဲရခြင်းဖြစ်သည်။

ကျောက်ကြီးကျော်သန်းထွက်ပြေးခဲ့သည်။ မှူးကြီးရော နှုတ်ခမ်းမွေးပါ ခံရပြီဆိုတော့ သူတံခါးပေါက်မှပြေးရန်ပြင်သည်။ မလွတ်ပါ။ ဟိုင်းလုံက ကျော်သန်းဝမ်းဗိုက်ကိုဖြတ်ရိုက်ချလိုက်သည်။ ကျော်သန်းလဲကျသွားခဲ့ပါ၏။

"ကဲ ... အစ်ကို၊ ပွဲသိမ်းပြီ၊ ဘာဆက်လုပ်မလဲ"

"နေဦး၊ ငါစစ်ဆေးကြည့်ဦးမယ်"

သူတို့သုံးဦးစလုံး အသက်အန္တရာယ်မရှိနိုင်။ ဝင်းမောင်ထွန်းက သူ၏လက်ကိုင်ပဝါနှင့် နှုတ်ခမ်းမွေး၏ဒဏ်ရာကို စည်းနှောင်ပေးလိုက်သည်။

ဆရာဝန်သည် ရန်သူဖြစ်စေ မိတ်ဆွေဖြစ်စေ ဆရာဝန်စိတ်ပဲထားရမည်။ သူတို့အားလုံးကိုကြိုးဖြင့် စုစည်းတုပ်နှောင်လိုက်သည်။ နောက်ပြန်ကြိုးတုပ်ပြီး နှောင်သူတို့အားလုံးကို စုစည်းချည်နှောင်ခဲ့ခြင်းဖြစ်သည်။

"ကဲ ... ကျုပ်မွန်းလွဲ(၂)နာရီတိတိမှာ ဗုံးပေါက်အောင်ချိန်ထားခဲ့ပြီ၊ ကျုပ်တို့အလှည့်တုန်းက ကျုပ်တို့ဘာသာလွတ်အောင်လုပ်ယူခဲ့ရတာပဲ၊ ခင်ဗျားတို့လဲ ကြိုးစားပေတော့၊ လွတ်အောင်မလုပ်နိုင်ရင် ဗုံးပေါက်ပြီးသေရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာ နာရီကို(၂)နာရီတိတိတွင် နှိုးစက်ချိန်သည်ကို ဝင်းမောင်ထွန်းက နှုတ်ခမ်းမွေးမြင်သာအောင် ပြုံလိုက်ပါ၏။

"ဟေး ... ဟေး ဒေါက်တာ ... အဲဒီလိုမလုပ်ပါနဲ့ စိတ်ဆင်းရဲလွန်းလို့ပါ ငါ့ညီရာ၊ သေနတ်နဲ့တစ်ခါတည်းသာ အသေသတ်ခဲ့ပါ"

ဝင်းမောင်ထွန်း ပခုံးတွန့်လိုက်သည်။

"ကျုပ်တို့တုန်းကလဲ ဒီလိုဗဲခံစားရတာပဲလေ၊ ဗုံးပေါက်ဖို့ ကာအရေးကြီး ကျန်ပါသေးတယ်၊ ကဲ သွားမယ်"

ဝင်းမောင်ထွန်းနှင့် ဟိုင်းလုံကတော်ခါးများကိုဝိတ်ပြီး မှဆင်းလာခဲ့ကြသည်။

"အစ်ကိုဗုံး တကယ်ချိန်ခဲ့သလား"

"မီးပြတ်နေတာ ဘယ်လိုလုပ်ဗုံးပေါက်မှာလဲ၊ တမင်ဒီကောင်တွေ စိတ်ဆင်းရဲအောင်လုပ်ပစ်ခဲ့တာ"

ရယ်ကာမောကာဖြင့် ပလက်ဖောင်းဘေးတွင်နေမြဲရှိနေခဲ့သော ဆိုင်ကယ်(လ်)ကိုနှိုးကာ သီရိမြိုင်ဘက်သို့ မောင်းနှင်လာလေတော့သတည်း။



## အခန်း (၁၈)

သီရိမြိုင်ခြံထဲသို့ ဆိုင်ကယ်(လ်)ကို ဝင်းမောင်ထွန်း မောင်းနှင်ဝင်ရောက်ခဲ့သည်။

ဦးမျိုးဆက်ရော ဦးဖိုးလူပါပြေးထွက်လာခဲ့ကြသည်

"စိုးရိမ်လိုက်ရတာ ထွန်းထွန်းရယ်၊ ငါတို့လိုက်ခဲ့သေးတယ်၊ ကွန်တီနင်တယ်(လ်)အကွေ့မှာ ငါတို့ကားနဲ့ဆိုက်ကားချိတ်မိလို့ အလျော်ပေးခဲ့ရသေးတယ်။ အဲဒီကိစ္စကြောင့် မင်းတို့ဆိုင်ကယ်(လ်)ကို မျက်ခြေပြတ်သွားရတာပဲ၊ လေးလေးသတောင်းရော မင်းတို့ဘာဖြစ်ခဲ့သလဲဆိုတာ သိချင်တယ် ထွန်းထွန်း"

"သူတို့ထောင်ချောက်ထဲ ကျွန်တော်တို့ ဝင်သွားတာပေါ့ အန်ကယ်(လ်)၊ ကံကောင်းလို့ ချိန်ကိုက်ဗုံးစာမမိခဲ့တာပေါ့"

ဖြစ်ပျက်ခဲ့သမျှကို အစမှအဆုံး ဝင်းမောင်ထွန်းပြောပြသည်။

"ဒါဆို မောင်တတူကိုအကြောင်းကြားမှပဲ ထွန်းထွန်း"

"ဦးဘတူကို အကြောင်းကြားရုံနဲ့ ဒီကောင်သုံးကောင်ကို စစ်နိုင်ဆေးနိုင်ပါ့မလား အန်ကယ်(လ်) ... ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



တရားဝင်လေးလေးကိုပြန်ပေးဆွဲထားတာ တိုင်ချက်မှ
မထားခဲ့ပဲ"

"ရတယ် ဒီကောင်တွေကိုပြန်ပေးမှုနဲ့မဟုတ်ဘဲ ဖိုးထော
တာနဲ့တင် ဖမ်းလို့ရနေပါပြီ၊ နောက်ပြီး ရဲမှာသူ့အပိုင်
စခန်းမဟုတ်ပေမဲ့ မြို့မရဲစုံထောက်အနေနဲ့ ဘယ်သူ့
မသက်ာမှုနဲ့ဖမ်းနိုင်တယ်၊ အခြေအနေမဲ့ အလုပ်မဲ့အဖြ
ဖမ်းနိုင်တယ်၊ အေးဖမ်းပြီးရုံးတင်တဲ့အထိတော့ ဖြစ်ချ
ဖြစ်မယ်၊ ထွန်းထွန်းပြောတဲ့သုံးကောင်ကတော့ ချိန်ကို
ဖိုးလုစ်တယ်ဆိုတာနဲ့တောင် ထောင်ချလို့ရတဲ့အထိ အ
ယူနိုင်နေပြီ"

စကားအဆုံးတွင် ဦးမျိုးဆက်က ဖုန်းရှိရာ
လျှောက်ကာ ဖုန်းဆက်အကြောင်းကြားလိုက်တော့သည်။

ခေါ်သာရဲက ဝင်းမောင်ထွန်းနှင့် ဟိုင်းလုံအတူ
ထမင်းပြင်ပေးခဲ့သည်။ ဟိုင်းလုံက စားနိုင်ပေမဲ့ ဝင်းမောင်ထွ
စားမဝင်ခဲ့ပေ။

ထို့နောက် ဟိုင်းလုံ၏ဒဏ်ရာများကို ဝင်းမော
ထွန်းဆေးထည့်ပေးခဲ့ပါ၏။ နောက်တစ်နေ့နံနက်(၁၁)နာရီလော
တွင် ဦးမျိုးဆက်ထံ ဦးဘတူဖုန်းဆက်ခဲ့သည်။

"အော် ... သုံးကောင်လုံး မနေ့ကဖမ်းထားတယ်၊ တခ
လုံးစစ်တယ်ဟုတ်လား၊ ဘာသတင်းထူးသလဲ မောင်ဘ
"ဟုတ်လား၊ ဒီနေ့မနက် ယူဘီအေဖလိုက်လေယာဉ်
သွားပြီ၊ လေယာဉ်ထွက်သွားပြီးမှ နှုတ်ခမ်းမွေးက
တာပေါ့ ဟုတ်လား၊ မောင်ဘတူ ကိုယ်တိုင်ကော ယူဘီ
မှာသွားစုံစမ်းသေးသလား"



"အား ... ကောင်းတာပေါ့၊ မိတ်ဆွေရှိနေရတော့ပိုပြီး အသေး
စိတ်သိရတာပေါ့"

"ဒါဆို ကျုပ်တို့လဲ နက်ဖြန်ဖလိုက်နဲ့ကလေးမြို့ကိုလိုက်မှ
ဖြစ်တော့မှာ၊ မောင်ဘတူရဲ့မိတ်ဆွေကိုပဲ နက်ဖြန်ဖလိုက်
အတွက် လက်မှတ်သုံးစောင်ဝယ်ပေးပါလား၊ ကျသင့်ငွေ
ကို ဖိုးလူလွှတ်ပြီး ပေးခိုင်းလိုက်မယ်"

"အာ ... မဟုတ်တာ မောင်ဘတူ၊ ဆိတ်ထုံးတုံးပေးရင်တော်
ပြီလေ ... ဆီမစိုက်ခြင်ပါနဲ့၊ မောင်ဘတူက လခစားပဲ၊ ဖိုးလူ
ကိုလွှတ်လိုက်မယ် ကျေးဇူးအထူးပဲတင်တယ် မောင်ဘတူ"

ဦးမျိုးဆက် ဖုန်းချလိုက်သည်။

ဝင်းမောင်ထွန်းရှိနေခဲ့သော ဧည့်ခန်းသို့လျှောက်ခဲ့
သည်။ ခေါ်သာအုံကို ဟိုင်းလုံပါခေါ်ခိုင်းသည်။

"နှစ်ဆယ့်ကိုးလမ်းထဲက သုံးကောင်စလုံးဖမ်းပြီးစစ်တယ်၊
ဦးရန်မော်တို့ ဒီနေ့ဖလိုက်နဲ့ကလေးမြို့ကိုသွားပြီလို့ ဖော်
ခဲ့တယ် ..."

"ဦးရန်မော်လို့ အတိအကျဖော်တာလား အန်ကယ်(လ်)"

"ခေါင်းဆောင်လို့ပဲ ဖော်ခဲ့တာ၊ ယူဘီအေက အရာရှိတချို့
နဲ့မောင်ဘတူကခင်နေတော့ အရာရှိအကူအညီနဲ့ပဲ ဒီနေ့
မနက်မှာ ကလေးလိုက်သွားတဲ့ဖလိုက်ပေါ်ကလူစာရင်း ရ
လိုက်တယ်၊ လူငါးဦးပဲ ရဲဗန္ဓု၊ ဦးရန်မော်၊ ကျန်တဲ့နှစ်
ယောက်က အဖြူညီအစ်ကိုပဲတဲ့ ရုပ်ရှင်းဆိပ်ဆင်တယ်လို့
ပြောတယ်၊ ကျန်တစ်ဦးက မိန်းကလေးတဲ့ လေယာဉ်ပေါ်
တက်တဲ့အထိ စောင်ခြုံနဲ့ပွေ့တင်ရသတဲ့၊ တာဝန်ရှိသူတွေ
ဖွင့်ကြည့်တော့ လူမမာမိန်းကလေးလို့ ယူဆရသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ဝင်းမောင်ထွန်းတောက်ခတ်လိုက်သည်။ အ

ကြောင့် လေးလေးမြင့် လူမမာဖြစ်သွားရပါသနည်း။

"သိပ်လဲစိတ်မပူပါနဲ့ လေးလေးကိုမေ့ဆေးပေးထား

ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် ဘိန်းခွံ့တာမျိုးပဲဖြစ်နိုင်တယ်

ကြောင့် မှိန်းနေတာပဲဖြစ်ရမယ် ထွန်းထွန်း"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ လိုက်ကြမှဖြစ်မယ်"

"မောင်ဘတူကိုပဲ မနက်ဖြန်ဖလိုက်အတွက် လေယာဉ်

မှတ်သုံးစောင်ယူထားခိုင်းလိုက်တယ် ထွန်းထွန်း။ ဒီ

မြန်ဖို့တော့မရနိုင်ဘူးလေ၊ ဒီနေ့ဖလိုက်က တစ်ခေါက်

ပဲရှိတယ်၊ နောက်ထပ် ဂုလေးမြို့ဖလိုက်မရှိတော့

နက်ဖြန်လိုက်မည့်အစီအစဉ်က ဦးမျိုးဆက်

မောင်ထွန်းနှင့် ဟိုင်းလုံတို့သုံးဦးသာဖြစ်သည်။

ဦးမျိုးဆက်က လမ်းခရီးအတွက်လိုအပ်မည့်

အမျိုးမျိုး၊ ရိက္ခာပစ္စည်း၊ လက်နက်ခဲယမ်းကိစ္စအတွက် အဖြင့်

ဆောင်ရွက်သည်။

အပြန်တွင် ဦးဘုတူနှင့်အသေးစိတ်တိုင်ပင်

မည်ဟုပြောသွားခဲ့သည်။

ဦးဖိုးလူက စိတ်မကောင်းဖြစ်မိ၏။ ကျွန်း

အတွက် ဦးမျိုးဆက်ငှားခဲ့ခြင်းကို ကျေးဇူးတင်သော်လည်း

ပွဲမျိုးကို သူမနွှဲရ၍ မချင့်မရဲဖြစ်မိပါလေ၏။



## အခန်း (၁၉)

ကောင်းကင်မှ ပျံသန်းလာခဲ့သော ဒါကိုတာလေ

ဉ်က ငြိမ့်ခနဲဆင်းလေပြီ။

အချိန်သတ်ရပ်ပြီးသည့်နောက် ဖွင့်ပေးသောတံခါး

တံမှ ခရီးသည်များ ဆင်းကြတော့သည်။

"ဂုလေးမှာ အန်ကယ်(လ်)မိတ်ဆွေတွေ ရှိသလားဟင်"

"ရှိတော့ရှိတယ်၊ ဒါပေမဲ့ ... ခုနေက အလုပ်များနေလို့ မ

ဆက်သွယ်နိုင်ဘူး၊ ကိစ္စမရှိဘူးလေ၊ ကြိုရာကားငှားပြီး မိုတယ်

တဲမှာ တည်းကြတာပေါ့"

"ရပါတယ် အန်ကယ်(လ်)၊ ကျွန်တော်တို့က လူငယ်တွေပဲ

ထမင်းဆိုင်ပဲဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းပဲဖြစ်ဖြစ်တည်းလို့

ရပါတယ်၊ အန်ကယ်(လ်)အတွက် အနေအထိုင်ပင်ပန်းမှာ

စိုးတာပါ"

"ရပါတယ် ထွန်းထွန်းရ၊ စစ်သားဟောင်းကြီးပါ၊ ရဲအရာရှိ

အဟောင်းကြီးပါ၊ ဖြစ်သလိုနေ၊ ကြုံသလိုစားတဲ့အလေ့

အကျင့်အန်ကယ်(လ်)မှာ ရှိပြီးသားပါ"

ဆင်းသည့်ခရီးသည်တွေကြားမှာပင် စကားပြော

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကျော်မြင့်ပဲခေါ်ပါ အန်ကယ်(လ်)၊ အစ်ကိုကြီး ဦးဘတူပြောတဲ့အထဲမှာ အန်ကယ်(လ်)က အလွန်လေးစား ထိုက်တဲ့ ပုဂ္ဂိုလ်ကြီးမို့ လေးလေးစားစားဆက်ဆံပါလို့ မှာ လိုက်ပါသေးတယ်"

ဦးမျိုးဆက် ပြုံးလိုက်သည်။

"ဒါဆိုလဲ အခုလောလောဆယ် ဗိုလ်တဲကိုပဲသွားကြပါစို့ မောင်ကျော်မြင့်"

"ဟုတ်ကဲ့ ကျွန်တော့်မှာ ဂျစ်ကားပါလာပါတယ်၊ ရဲဌာနက မိုင်ထားတဲ့ကားတော့ မဟုတ်ပါဘူး၊ အရပ်ထဲကငှားထား တာပါ"

ရှေ့ပိုင်းတွင် ရဲသားဒရိုင်ဘာကမောင်းသည်။ အန် ယ်(လ်)ဦးမျိုးဆက်က အလယ်မှထိုင်ပြီး ရဲဌာနအုပ်ကိုကျော်မြင့် မှထိုင်သည်။ နောက်ခန်းတွင် ရဲကြပ်ကြီးတစ်ဦးပါသည်။

ဝင်းမောင်ထွန်းနှင့်ဟိုင်းလုံက အနောက်ခန်းမှာပဲ ည်။ လေဆိပ်မှဂျစ်ကားမောင်းထွက်လာသည်။ ကိုကျော်မြင့် ကျိုးအကြောင်းရှင်းပြ၏။

"မနေ့က ဖလိုက်နဲ့ပါလာတဲ့လူငါးယောက်ကိစ္စ ?? အစ်ကို ကြီးဦးဘတူက ညနေပိုင်းကျမှ မက်ဆေ့(ဂျ်)နဲ့ ကျွန်တော် တို့ဆီအကြောင်းကြားပါတယ်၊ အဲဒီအဖွဲ့ကို ကလေးမြို့ရဲ့ အနေနဲ့ မသင်္ကာမှုနဲ့ ဖမ်းထားလိုက်ပါတဲ့၊ ဒါပေမဲ့ မက်ဆေ့(ဂျ်)က သတင်းရတဲ့အချိန်သိပ်နောက်ကျသွားပြီ လေ၊ အဲဒီငါးဦးအဖွဲ့က ကလေးမှာတစ်နာရီလောက်ပဲနား ပြီး တမူးဘက်ကိုတန်းထွက်သွားတယ်လို့ပဲ စုံစမ်းသိရပါ တယ်၊ ကျွန်တော်ဆီက ရဲအုပ်ကိုတင်ရွှေကို ဒီနေ့နက်ဖြ



ရင်း လေဆိပ်၏မြေကိုနင်းမိသည်နှင့် ...

"ရန်ကုန်က အငြိမ်းစား ခရိုင်ရဲဝန်ဦးမျိုးဆက်ပါရှိ လားခင်ဗျာ ..."

ဟု ဆင်းလာသည့် လူအုပ်ကြီးကို စမ်းတဝါး သံကြားလိုက်ရသည်နှင့် ဦးမျိုးဆက်ရော ဝင်းမောင်ထွန်း ကြည့်လိုက်ကြသည်။

အော်မေးနေသည့် ရဲအရာရှိထံသို့ ဦးမျိုးဆ ကပ်သွားသည်။

"အငြိမ်းစားခရိုင်ရဲဝန်ဦးမျိုးဆက်ဆိုတာ အန်ကယ် မောင်ရင်"

ဟုပြောဆိုကာ ဦးမျိုးဆက်က လှမ်း၍ ကမ်း၏။

ရဲအရာရှိငယ်က ဦးစွာခြေစုံရိုက်ပြီး အလေး သည်။ ပြီးမှ အန်ကယ်(လ်)ဦးမျိုးဆက်၏လက်ကိုဆွဲကာ နှု ပါ၏။

"ကျွန်တော်ကျော်မြင့်ပါ၊ ကလေးမြို့ရဲစခန်းက ကျော်မြင့်ပါ၊ ဒီဖလိုက်နဲ့ အန်ကယ်(လ်)ဦးမျိုးဆ မယ်၊ လိုအပ်တဲ့အကူအညီအားလုံး ပေးစေချင် ရန်ကုန်မြို့က ရဲမှူးအစ်ကိုကြီးဦးဘတူက ရဲမက်ဆေ့ လက်နဲ့ အကြောင်းကြားထားပါတယ်၊ ကျွန်တော့် ကူညီဖို့အသင့်ပါပဲ၊ အန်ကယ်(လ်)တို့လိုတဲ့အကူအ အစီအစဉ်ရှိပါ ... ဗိုလ်တဲမှာ အန်ကယ်(လ်)တို့အဖွဲ့ စီစဉ်ထားပါတယ် အန်ကယ်(လ်)"

"သိပ်ကျေးဇူးတင်ပါတယ် ဦးကျော်မြင့်"

www.burmeseclassic.com

www.burmeseclassic.com



လီဗေလင်းဖါစင်ဂျာကားနဲ့ တမူးကိုထွက်လိုက်တယ်
ကိုတဆင့် သတင်းပို့ခဲ့ပါတယ်"

မိုလီတဲသို့ရောက်ခဲ့ကြသည်။ ဦးမျိုးဆက်အဖွဲ့
ရှိလာသော ဝန်စည်စလယ်များကို ယာဉ်မောင်းရဲသားနှင့်
ကြီးက ချပေးမည်ဖြစ်၍ ဦးမျိုးဆက်ကတားသည်။

"ခဏလေး နေပါဦး။ မောင်ကျော်မြင့် ပစ္စည်းတွေ
မနေ့က အဖွဲ့အကြောင်း တဆိတ်လောက်ဆက်
လား"

"အမှန်ဝန်ခံရရင် နေ့စဉ်နေ့တိုင် ကလေးမြို့ကိုမျက်
တွေ ဝင်လိုက်ထွက်လိုက်နဲ့မို့ နေ့စဉ်လူဝင်လူထွက်
တာကို သာမန်ကိစ္စလို့ပဲ သဘောထားပါတယ်
ကယ်(လ်)၊ မြို့အဝင်အထွက်မှာဂိတ်ထားပြီး စစ်ဆေး
ဆိုရုံလောက်ပဲ စစ်ဆေးတယ်၊ ဒီမြို့အခြေအနေက
လုပ်ရမယ်ဆိုတာ အန်ကယ်(လ်) ရဲ့အရာရှိဟောင်း
သဘောပေါက်မှာပါ"

ဦးမျိုးဆက်က ထောက်ခံသည့်အနေဖြင့်
ညိတ်လိုက်သည်။

"သတင်းထူးရတဲ့အခါဖြစ်ဖြစ်၊ ကွန်ဘိုင်းချက်ကင်
အကောက်ခွန် လူဝင်မှုနဲ့ရဲဌာနမှူးဝေါင်းပြီး တစ်လတ
စစ်တာမျိုးဖြစ်ဖြစ် အဲဒီအခါမျိုးကျရင် အသေးစိတ်
နိုင်ပါတယ် အန်ကယ်(လ်)"

"ဆက်ပြောပါ မောင်ကျော်မြင့်"

"သတင်းရရခြင်း ကျွန်တော် ချက်ချင်းလိုက်ပါတယ်၊
ကလေးဆိပ်မှာ တာဝန်ကျတဲ့ရဲကြပ်အဖွဲ့ရော ယူဆ



လေဆိပ်တာဝန်ခံရော မနေ့ကဖလိုက်နဲ့ပါလာတဲ့ ကလေး
မြို့က ကုန်သည်ပွဲစားဦးသာဌေးကိုရော သူတို့ဆီမှာစုံစမ်း
စစ်ဆေးချက်တွေ ယူလိုက်တယ်၊ အဖြေပေးတာက မနေ့
ကဖလိုက်နဲ့ လိုက်လာတဲ့မျက်နှာစိမ်းငါးဦးဟာ အမျိုးသား
လူကြီးပိုင်းနှစ်ဦး၊ လူရွယ်ပိုင်းနှစ်ဦးနဲ့ အသက်ဆယ့်ရှစ်ဆယ့်
ကိုးအမျိုးသမီးလေးတစ်ဦး စုစုပေါင်း ငါးဦးတဲ့လေ"

"သူတို့ရဲ့ လူပုံသဏ္ဌာန်ကရော မောင်ကျော်မြင့် ရလိုက်
သလား"

"ရတယ်အန်ကယ်(လ်)၊ တစ်ဦးကငါးဆယ်ကျော်လောက်
ငွေရောင်ဆံပင်တစ်ခေါင်းလုံးဖြူပြီး ဝိန်ဝိန်သွယ်သွယ်နဲ့ဥပမိ
ရုပ်ကောင်းတယ်၊ ဒုတိယလူက လေးဆယ်ကျော် တုတ်
တုတ်ခိုင်ခိုင်၊ ဂင်တိုတိုပဲ"

တကယ်တော့ ဦးမျိုးဆက်က သေချာစေလို၍မေး
ခြင်းသည်။ ရဲမှူးနှင့် ဦးရန်ဇော်သည် ကလေးမြို့ကိုအယောင်
ဆောင်မန္တလေးတွင်ဆင်းပြီး တခြားလမ်းကဖောက်သွားနိုင်သည်။

"ဒုတိယ လူရွယ်နှစ်ဦးကတော့"

ကိုကျော်မြင့် စကားကိုဖြတ်ပြီး ဦးမျိုးဆက်ကပင်
မေးမြန်းပြောလိုက်ပါ၏။

"လူရွယ်နှစ်ဦးက တစ်ယောက်နဲ့တစ်ယောက် မျက်နှာပေါ
ရွေးမရအောင်တူနေကြတယ်၊ အသက်က အစိတ်လောက်၊
ဟုတ်ရဲ့လား ကိုကျော်မြင့်"

"ဟာ သိပ်ဟုတ်တယ် အန်ကယ်(လ်)၊ သူတို့မျက်နှာက
ချွတ်စွပ်တူနေတာမို့ တာဝန်ကျရဲကြပ်ကြီးကို ယူဆီအောင်
ဝန်ခံတို့က ကောင်းကောင်းမှတ်မိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"တတိယဖြစ်တဲ့ ကောင်မလေးကတော့ နေမကောင်း
လို့ မောင်ကျော်မြင့်ပြောမှာပဲလို့ထင်တယ်"

"အဲဒီအတိုင်းပါပဲ အန်ကယ်(လ်)"

"သူတို့မှ သူတို့ဆိုတာ သေချာပြီ ထွန်းထွန်း"

"ဟုတ်ပါတယ် အန်ကယ်(လ်)၊ ဒါဆိုရင် ကလေးဖြို့
အချိန်မဖြုန်းတော့ဘဲ တမူးကိုချက်ချင်းလိုက်ရို့
ကယ်(လ်)"

"အေး ... ဒီလိုပဲ စိတ်ကူးမိလို့ ဂျစ်ကားပေါ်က ပစ္စည်း
မချခိုင်းတာပဲ၊ အန်ကယ်(လ်) စိတ်ကူးနဲ့ထွန်းထွန်း ဒီနေ
မှာ တူသွားပြီ"

ဦးမျိုးဆက်က ရဲဌာနအုပ်ကိုကျော်မြင့်ဘက်
လှည့်လိုက်သည်။

"မောင်ကျော်မြင့်ကို တစ်ခုပြောချင်တယ်၊ ဒီဂျစ်ကား
တမူးကို အခုချက်ချင်းလိုက်ချင်တယ်၊ ဒီဂျစ်ကားပိုင်ရှင်
မောင်ကျော်မြင့်အတော်ခင်သလား"

"တော်တော်ခင်ပါတယ် အန်ကယ်(လ်)"

"ဒါဆို ဒီဂျစ်ကားကို အန်ကယ်(လ်)တို့ ယူသွားချင်တယ်
နေ့တွက်နဲ့ငှားမယ်ဆိုလဲ ပိုင်ရှင်ကျေနပ်တဲ့အတိုင်း နေ့တွက်
ပေးပါ့မယ်၊ မငှားချင်လို့အပြတ်ရောင်းမယ်ဆိုလဲ အပြတ်
ဝယ်ပါ့မယ်"

ဦးမျိုးဆက်က ဂျစ်ကားပေါ်မှ သူ၏ဘရီ(ဖ်)
(စ်)တစ်လုံး၏ခေါင်းကိုဖွင့်ကာ ဘဏ်မှထုတ်လာသည့် ရာတန်
အုပ်(ငွေတစ်သောင်း)အုပ်ကို ထုတ်ယူကာ ကိုကျော်မြင့်လက်
ပေးအပ်သည်။



"အဲဒါ ဂျစ်ကားပိုင်ရှင်နဲ့ မောင်ကျော်မြင့် ဆက်ဆွေးနွေးပါ
မောင်ကျော်မြင့် သင့်တော်သလိုစီစဉ်ထားပါ၊ ရောင်းသည်
ဖြစ်စေ၊ ငှားသည်ဖြစ်စေ၊ လိုငွေ(ဒါမှမဟုတ်) ပိုငွေကို အန်
ကယ်(လ်)ပြန်လာမှရှင်းမယ်လေ"

(ထိုစဉ်က ဂျစ်ကားတစ်စီး ငွေတစ်သောင်းဆိုလျှင်
ကောင်းစားဂျစ်ကားကို ရရှိနိုင်ပါသည်။)

"ဟာ သိပ်ဖြစ်တာပေါ့ အန်ကယ်(လ်)၊ မှတ်တာပါတယ်၊ ဂျစ်
ကားကို ယူသွားပါ၊ နေ့တွက်နဲ့ငှားဖို့ကိုပဲ စီစဉ်ထားပေးပါ
မယ်။ ငွေတစ်သောင်းလဲ ကျွန်တော်ယူမထားပါဘူး၊ ပြန်ယူ
သွားပါခင်ဗျာ"

"အေး ... အဲပြန်ကျမှ အန်ကယ်(လ်)ပြန်ယူမယ်၊ အခုတော့
မောင်ကျော်မြင့်ပဲ ယူထား၊ တော်ကြာရဲအရာရှိမို့ အနိုင်ကျင့်
တယ်လို့ မောင်ကျော်မြင့်ခံနေရဦးမယ်၊ ရောင်းမယ်ဆိုဝယ်
သာထားလိုက်၊ မောင်ကျော်မြင့်ကိုအရပ်သားက အထင်မှား
မခံစေချင်ဘူး၊ ကဲ ... ဒါဆို အန်ကယ်(လ်)တမူးဘက်ကို
မောင်းသွားတော့မယ်"

"ဟာ ... အန်ကယ်(လ်) ဘာသာသွားလို့တော့ ဘယ်ဖြစ်
မလဲအန်ကယ်(လ်) ပို့ချင်တာကတော့ ကျွန်တော်ကိုယ်
တိုင်လိုက်ပို့ချင်တာပါ၊ ရဲဌာနအုပ်တစ်ယောက်အတွက်
ညအိပ်ခရီးထွက်လို့ မဖြစ်နိုင်တာတွေရှိနေလို့ပါ ခင်ဗျား"

"အန်ကယ်(လ်) နားလည်ပါတယ် မောင်ကျော်မြင့်၊ မြို့တစ်
မြို့မှာ ရဲဌာနအုပ်တစ်ယောက်ဟာ ဘယ်လောက်အလုပ်
များတယ်ဆိုတာကိုလေ"

"ကဲ ... မောင်ညို၊ မင်းပဲတမူးလမ်းကို ဒီဂျစ်ကားနဲ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးမောင်းပို့ပေးလိုက်၊ ရဲကြပ်ကြီးအုံးမောင်လဲလိုက်သွား ဟိုကျရင် တမူးရဲအဖွဲ့ရဲ့ အန်ကယ်(လ်)ဦးမျိုးဆက်ကို ဆင့်သွယ်ပေး၊ ငါကမှာလိုက်တယ်၊ ရန်ကုန်မြို့မရဲမှူးဦးဘတုရဲ့ သတင်းပို့ချက်အရ တမူးရဲအဖွဲ့က အန်ကယ်(လ်)ဦးမျိုးဆက်ကို အတတ်စွမ်းနိုင်ဆုံး အကူအညီပေးပါလို့ နားလည်တယ်နော် အုံးမောင်”

“နားလည်ပါတယ် ဆရာ”

“ဒါဆိုသွားကြတော့၊ အန်ကယ်(လ်)တို့က ဆန္ဒသိပ်စောနေတာပါ”



## အခန်း (၂၀)

ကလေးမြို့မှထွက်ခဲ့ချိန်မှာ နံနက်(၉)နာရီခွဲဖြစ်သည်။ ကလေးမြို့နှင့်တမူးမှာ(၉၄)မိုင်ဝေးကွာပါ၏။ လမ်းသည် ကလေးဝလမ်းခွဲအထိ အဆင်းအတက်များလှသည်။ အင်ဂျင်အားကောင်းသော ဂျစ်ကားဝင် တစ်နာရီကိုမိုင်(၂၀)နှုန်းမျှလောက်သာ မောင်းနှင်သည်။ ကလေးဝလမ်းခွဲအလွန် တမူးဘက်သို့ခွဲထွက်ပြီးနောက်လမ်းအနည်းငယ်သာလာသည်။

(၁၀)နာရီခွဲလောက်တွင် ခနဲပတ်တိုကျော်ဖြတ်ခဲ့သည်။ လမ်းဘေးတစ်ဘက်တစ်ချက်တွင် စိုက်ခင်းများကိုတွေ့ရသည်။

ဤကဗောတောင်ကြားဒေသတွင် မြေဩဇာကောင်းသည်။ သို့သော် (ထိုစဉ်အခါက)စိုက်ခင်းများကို လူရှည်တိုင်းရင်းသားသာလျှင် စိုက်ပျိုးကြသည်။ ဂျစ်ကားဖြင့် သွားနေစဉ်အားလမ်းဘေးမှလူရှည်ကိုတွေ့လျှင် ဟိုင်းလုံသည် စကားလှမ်းပြောတတ်သည်။ အော်ဟစ်သည်။

ဟိုင်းလုံပျော်ရွှင်နေခဲ့တော့သည်။ ထိုအခါကျမှ ဟိုင်းလုံ့ဇာတိပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဟိုင်းလုံ၊ မင်းလူရှုည်မဟုတ်လား"

ဦးမျိုးဆက်က မေးတော့သည်။

"ကျွန်တော် လူရှည်မဟုတ်ဘူး ဦးကြီး"

"ဒါပေမဲ့ မင်းလှမ်းပြီးစကားပြောနုတ်ဆက်တော့ ဒီကလူရှည်ကြီးတွေက ဝမ်းသာအားရပြန်ပြောသားပဲ"

"ကျွန်တော်က နာဂပါဦးကြီး"

"ဟေ ... ဟုတ်လား"

"အမှန်တော့ ဒီခရီးကို ကျွန်တော်မလိုက်ချင်ဘူး၊ အစ်ကိုကိုယ်သိဝ်ချစ်လို့သာ လိုက်လာတာ"

"ဟာ ... ဟိုင်းလုံ၊ အဲဒီလိုတော့မလုပ်နဲ့ငါ့ညီ၊ မင်းစိတ်မချမ်းသာရင် ဟောဒီကရဲကြွပ်ကြီးအုံးမောင်နဲ့ ပြန်လိုက်သွား၊ ငါဘယ်လိုမှမအောက်မေ့ဘူး၊ မင်းလိုသလောက် ပိုက်ဆံယူသွား ငါပေးပေးလိုက်မယ်၊ မန္တလေးအိမ်မှာ သွားစောင့်နေပါလား ဟိုင်းလုံ"

တိုင်းလုံ ခေါင်းခါသည်။

"ကျွန်တော်တို့ နာဂတွေဟာ ကိုယ့်အုပ်စု၊ ကိုယ့်သွေးသားအရေးကြုံလာလို့ရှောင်ပြေးတဲ့သူကို တစ်သက်လုံးလူရာမသွင်းတဲ့ ထုံးစံရှိတယ်၊ မြန်မာလိုပြောရရင် ထောီဝတ်ပေးတယ်ပေါ့"

"အင်း ထုံးစံရှိတာတော့ ဟုတ်တာပေါ့၊ ဒါကတစ်မျိုး ... အခုဟာက တစ်မျိုးပဲလေ"

"မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲက အစ်ကိုကိုယ်ချစ်နေတာပဲ၊ အစ်ကိုဘာလုပ်လုပ် ကျွန်တော်လိုက်လုပ်ပေးချင်တယ်၊ အစ်ကိုသေရင် ကျွန်တော်လိုက်သေမယ်လေ"



"အော် ... ဟိုင်းလုံရယ်"

ဟိုင်းလုံ၏ လက်ဝါးကြမ်းကြီးကို ဝင်းမောင်တွန်းဆုပ်ကိုင်လိုက်မိသည်။

စကားတပြောပြောနှင့် မောင်းလာခဲ့ရာ (၂၄)မိုင်ခန်းသို့ရောက်လာ၏။ ကားခေတ္တနားပြီး ရေတိုင်ကီဖေါက်ကာ ရေသစ်လဲရသည်။ ရေဆူလေပြီ။

ကားအဆင်သင့်ဖြစ်သည်နှင့် တက်မောင်းခဲ့သည်။ တမူးသို့ရောက်လေတော့မည်။

"ရဲစခန်းကိုသာ တန်းမောင်းပါ မောင်ညို"

ဦးမျိုးဆက်ပြောသည့်အတိုင်း မောင်ညိုက တမူးရဲစခန်းသို့ တိုက်ရိုက်မောင်းဝင်ခဲ့သည်။

ရဲစခန်းဝင်းအတွင်း ကားကိုရပ်လိုက်သည်။ ရဲကြွပ်ကြီးအုံးမောင်ဆင်းလိုက်သည်။

"ဆရာကြီးတို့ ဖြည်းဖြည်းလိုက်ခဲ့နော်၊ ကျွန်တော် ဌာနပိုင်ကြီးကိုပြေးတွေ့ပြီး ဆရာဦးကျော်မြင့်မှာတဲ့အတိုင်း ပြောထားနှင့်မယ်"

ဦးမျိုးဆက်တို့ လိုက်ပါသွားခဲ့ကြသည်။ ရဲဌာနရှေ့အရောက်တွင် ရဲကြွပ်ကြီးအုံးမောင်နှင့်အတူ ဝဝတ္တားတ္တားမိုက်ရှဲ့ရှဲ့နှင့်ပလေကတ်လုံချည်၊ စွပ်ကြယ်လက်ပြတ်ဝတ်ထားသော ပုဂ္ဂိုလ်တစ်ဦးထွက်လာ၏။

"ကျွန်တော် တမူးဌာနအုပ်ပါ ဝန်မင်း ဖြိုးသာပါ"

ခြေစုံရပ်ဆလ္ယူတေးအလေးပြုရင်း မိတ်ဆက်သည်။ ထိုခေတ်က ခရိုင်ရဲဝန်ဖြစ်စေ၊ အရေးပိုင်ခရိုင်ဝန်ဖြစ်စေ ဝန်မင်းဟု ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဝန်မင်း မဟုတ်တော့ပါဘူး ကိုဖြိုးသာ၊ အငြိမ်းစား ပါ၊ တွေ့ရတာဝမ်းသာပါတယ်၊ ဦးမျိုးဆက်လို့ ခေါ်ချင်ခေါ် ဒါမှမဟုတ် အစ်ကိုကြီးလို့ခေါ်ချင်ခေါ်ပါ၊ ဝန်မင်းလို့မခေါ် နဲ့တော့၊ အငြိမ်းစားဆိုတာ ဘာတာဝန်မှမထမ်းဆောင် တော့တာမို့ တာဝန်အလျောက်ပေးထားတဲ့ရာထူးနာမည် ကိုမခေါ်ပါနဲ့တော့"

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်ကြသည်။

"ဟောဒါက ကျုပ်သားပဲပြောပါတော့ ဝင်းမောင်ထွန်း ဒါက ဟိုဝင်းလုံ၊ တူတစ်ယောက်ဆိုပါတော့ ကိုဖြိုးသာ"

"အထဲကြွပါ၊ အစ်ကိုကြီးတို့လာတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့မှာ အစီရင်ခံစရာရှိနေပါတယ်"

စခန်းအတွင်းသို့ဝင်လိုက်ကြသည်။ တုလားထိုင် တွင် အသီးသီးထိုင်လိုက်ကြ၏။

"အခုနံနက်ပဲ တလေးရွာနားအုပ်ချုပ်ကျော်မြင့် ရှွတ်လိုက် ရဲအုပ်ကိုတင်ငွေရောက်လာတာနဲ့ ချက်ချင်း လူစီမံးငါး တမူးကိုဝင်တာစုံစမ်းပါတယ်၊ ဒီအဖွဲ့က တမူးမှာမအိပ်ကြ ဘူး။ မြောက်ဘက်ကိုခရီးဆက်သွားတယ်လို့သိရပါတယ် တမူးမြို့ထဲမှာ သူတို့ဘယ်သူနဲ့ဆက်သွယ်သွားသလဲဆိုတာ လဲစုံစမ်းနိုင်းထားတယ်၊ မကြာခင် သတင်းတွေမြန်မြန်ဝင်လာ မှာပါအစ်ကိုကြီး။ သတင်းရရင် ခြေရာခံဖို့ လွယ်သွားပြီ"

ဦးမျိုးဆက်က ဦးဖြိုးသာအား ကျေးဇူးတင်ကြောင်း ပြောသည်။ ဗိုလ်တဲမှာပဲတည်းလိုကြောင်းပြော၍ ဦးဖြိုးသာက ဗိုလ် တဲသို့ သူ့ဧည့်သည်များအား စီစဉ်ခိုင်းသည်။

ထိုစဉ်မှာပင် သေနတ်သံနှစ်ချက်ကို ကြားလိုက်ကြ



သည်။

"ဟာ ... ဈေးဘက်ကထွက်လာတဲ့သေနတ်သံပဲ၊ အစ်ကို ကြီးတို့ ခဏဒီမှာပဲထိုင်နေကြဦးနော်၊ ကျွန်တော်သွားစုံစမ်း ကြည့်ဦးမယ်"

ဦးဖြိုးသာက တုလားထိုင်တွင်ချိတ်ထားသော သူ့ဖိနပ်ကိုကောက်စီးတော့သည်။ ဖိနပ်စီးနေစဉ်မှာပင် ဘွားနေထဲသို့ လူသုံးဦးဝင်ရောက်လာခဲ့ကြသည်။ တစ်ဦးက သက်ထိတ်ခတ်ခံထားရသောတရားခံဖြစ်ပြီး ရဲအုပ်တစ်ဦးနှင့်ရဲကြပ် တစ်ဦးဖြစ်သည်။

"ဟာ ... ကိုသာဒင်၊ ရုန်းမှာလဲသွေးတွေထွက်နေပါလား။ ဒီဘိန်းစားသာအေးကိုကော ဘာလို့လက်ထိတ်ခတ်ဖမ်း လာတာလဲ"

"ဆရာဦးဖြိုးသာပြောထားလို့ ကျွန်တော်တို့မြို့ကိုစောင့် ကြည့်နေတယ်ဆရာ၊ သတင်းပေးရှစ်ယောက်က ဈေးထဲ မှာ မျက်နှာစိမ်းတစ်ဦး ရောက်နေတယ်လို့သတင်းပေးပါ တယ်၊ မျက်နှာစိမ်းနဲ့သာအေးပေါင်းပြီး ဈေးဝယ်ကြတယ်၊ ဝယ်သမျှပစ္စည်းတွေက ဆေး၊ စည်သွတ်ဘူးမပေါင်မုန့် ငါးပိ ကြော်ဘူးတွေပဲဖြစ်နေတယ်၊ ခရီးဝေးသွားဖို့ရိက္ခာဝယ်တဲ့ သဘောမို့ သူတို့နှစ်ယောက်ဈေးကထွက်မှာ စစ်ဆေးဖို့ အတွက် ရဲစခန်းလိုက်ခဲ့ဖို့အခေါ်မှာ လူစိမ်းက သူ့လွယ် အိတ်ထဲက ပစ္စတိုထုတ်ပြီး ကျွန်တော့်ကိုပစ်တာပဲဆရာ၊ ကျွန်တော်က သူ့ရင်ဘတ်ကိုဆောင့်ကန်ပြီး မြောက်လဲသွားပြီး ဆွဲထုတ်ရတယ်၊ သူကအပစ် ကျွန်တော်ကဆောင့်ကန်မို့ ရင်ဘတ်ကိုမထိဘဲ ကျွန်တော့်ပုခုံးထိတာပဲ၊ ဒါတောင်

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က ဖင်ထိုင်လဲကျသွားရာက ထပ်ပစ်မလို့လုပ်
နဲ့ သူ့ကိုကျွန်တော်ခြောက်လုံးပြူးနဲ့ပစ်ထည့်လိုက်ရ
သေနတ်သံတွေကြားလို့ ရဲကြပ်ကိုသောင်းပြေးလာ
သာအေးကို အမိဖမ်းလက်ထိတ်ခတ်ခေါ်လာတ
ဟိုမျက်နှာစိမ်းတော့ သေသလားရှင်သလားမသိရ

ရဲအုပ်ကိုသာခင် ရှင်းပြအပြီးတွင် ထမ်းစင်တစ်
အရပ်သားလေးယောက်ထမ်းကာ ဌာနအတွင်းသို့ဝင်လာကြ

"ဟေး ... ဌာနထဲကိုသယ်မလာနဲ့၊ အပြင်ဘက်မှာပဲ

ဦးဖြိုးသာက လှမ်းအော်သည်။ ဦးဖြိုးသာကပင်
မောင်ထွန်းကိုလှမ်းခြောက်လိုက်သည်။

"ဒေါက်တာရေ့ သက်ဆိုင်ရာဆရာဝန်ကိုခေါ်ရင်ကြ
အသက်ရှိသေးရင် တရားခံဆီက ရနိုင်သလောက်စ
လေးရမလားလို့"

ဝင်းမောင်ထွန်းက ဂျစ်ကားပေါ်မှနားကြပ်
လူနာကိုစမ်းကြည့်သည်။ ပြီးတော့ ခေါင်းခါယမ်း၏။

"နှလုံးတည့်တည့်ကို ကျည်ဆံဖောက်ဝင်သွားတာပဲ၊
စင်ပေါ်မတင်ခင်ကတည်းက အသက်ရှိပုံမပေါ်ဘူး ဦး
သာ"

"ပွဲချမ်းပြီးပဲ၊ သာခင့်လက်က နံပြီမှတ်တောင်မလွဲတာ
သားပဲ၊ အလောင်းကိုဆေးရုံသာပို့လိုက်တော့၊ လက်
ယူထားလိုက်ဦး၊ ပြီးမှ ငါဆေးရုံလိုက်သွားမယ်၊
သာခင်လဲလိုက်သွားလေ"

"သာအေး ဘိန်းစားကို ငါ့ဆီခေါ်ခဲ့ဟေ့"

ဦးဖြိုးသာကို တစ်ဌာနလုံးက ကြောက်ရွံ့လေး



ည်။ သူ့ခန္ဓာကိုယ်ကပင် လူကြောက်လောက်သောပုံစံဖြစ်နေခဲ့
ည်။

"အော် ... အစ်ကိုကြီးတို့လဲနေကြပါဦး၊ သာအေးဆီက ဘာ
သတင်းရမလဲ မသိဘူး"

"ရတယ်၊ ကိုဖြိုးသာ၊ မျက်နှာစိမ်းနဲ့ သာအေးရိုက္ခာဝယ်တာ
ကျုပ်တို့နဲ့ပတ်သက်နိုင်ပါတယ်၊ စစ်စရာရှိတာစစ်ပါ"

ရဲကြပ်ကြီးတစ်ဦးက သာအေးကိုလက်ထိတ်တန်း
န်းခေါ်လာခဲ့သည်။ သာအေးက ဌာနပိုင်ကြီးစားပွဲရှေ့ရောက်
ည်နှင့် ဒေါင့်ကြောင့်ထိုင်ချလိုက်သည်။ ဦးဖြိုးသာက ကျောစိမ့်
းစေနိုင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

သာအေးဒူးတုန်သည့်အထိ ကြောက်နေခဲ့ပြီ။

"သာအေး"

"ဟုတ်ကဲ့ ဌာနပိုင်ကြီးခင်ဗျာ"

ဦးဖြိုးသာက မစစ်မီစားပွဲပေါ်မှ ဖျဉ်းလုံးကိုကောက်
ကာ လက်ဖဝါးနှင့် တဖတ်ဖတ်ရိုက်ပြလိုက်သည်။

"မင်းအသားနာခြင်သလား သာအေး"

"မနာခြင်ပါဘူး ခင်ဗျာ"

"အေး အသားမနာခြင်ရင် မှန်တဲ့အတိုင်းထွက်ဆို၊ ငါ့
အကြောင်း မင်းသိတယ်နော်"

"သိပါတယ် တရားခံတိုင်း ဌာနပိုင်ကြီးရှေ့ရောက်ရင်
သေးပါချေးပါတဲ့အထိ သိပါတယ်ခင်ဗျာ"

ဟိုင်းလုံရယ်သည်။ ဝင်းမောင်ထွန်းက တစ်ဝေါင်
ဘွတ်ကာ သတိပေးလိုက်သည်။ ဟိုင်းလုံအပြင်သို့ ပါးစပ်ပိတ်
ထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါဆိုရင် အမှန်အတိုင်းဖြေပေတော့၊ မင်းအေ
သွားတဲ့ကောင်ကိုသိသလား"

"သိတော့သိပါတယ်၊ ရင်းရင်းနှီးနှီးမဟုတ်ပါဘူး ... သူ့
မည်က "မြွေဟောက်ဘသိန်း" လို့ပြောပါတယ်၊ ဗိုလ်ဘသိ
လို့လဲ ပြောပါတယ်ဆရာကြီး"

ဦးဖြိုးသာခေါင်းညိတ်ပြီး ဦးမျိုးဆက်ဘက်သို့လှည့်
ကာ ခပ်တိုးတိုးရှင်းပြသည်။

"မြွေဟောက်ဘသိန်းဆိုပြီး ကဖောတောင်ကြားမှာ နာမည်
ကြီးမင်းမူနေတဲ့ကောင်ပဲ၊ အရေခြုံတာကသောင်းကျန်း
အရေခြုံပြီးတားတယ်၊ တကယ်လုပ်တာက ခရီးသွားေ
ကို ဓားပြတိုက်နေတာပဲ၊ ကျွန်တော်တို့စခန်းမှာရော
ကလေးရဲ့ဌာနမှာရော ဘသိန်းမှတ်တမ်းမရှိဘူး၊ သူလူ
တစ်နေရာကလွင့်လာပြီး မြွေဟောက်ဘသိန်းလို့ ဓား
တိုက်တိုင်းပြောတတ်တယ်၊ ဗိုလ်ဘသိန်းလို့လဲ ပြောတ
တယ်ဆိုပဲ"

ဦးမျိုးဆက် ခေါင်းညိတ်ပြသည်။ ရဲဗန္ဓုု၏တပည့်
ယ်သားတစ်ဦးဖြစ်ပေလိမ့်မည်။

"ဒီကောင်ဘသိန်းဟာ ... သူ့ကိုယ်သူမြွေဟောက်ပဲပြော
ပြော လင်းမြွေပဲပြောပြော ခေါင်းဆောင်မဟုတ်တာသေ
တယ်၊ ဒီကောင်ကို လွှတ်ပြီးဈေးဝယ်ခိုင်းတာပဲ ဖြစ်မယ်
ခေါင်းဆောင်ကဈေးထဲဝင်ပြီး ရိက္ခာမဝယ်ဘူး သာအေး
မှန်မှန်ပြော ဘသိန်းရဲ့အဖွဲ့ခေါင်းဆောင် ဘယ်သူလဲ"

"သူတို့အချင်းချင်း ပြောသံကြားတာ ရဲဗန္ဓုုတဲ့ဆရာကြီး"

ဦးမျိုးဆက်တွေးတာ မှန်နေခဲ့ပြီဖြစ်ပါလေ၏။



"ရဲဗန္ဓုုဟုတ်လား မင်းနဲ့သိကျွမ်းနေတာပဲ မဟုတ်လား၊ သာ
အေး"

"ကျွန်တော့်ကို သူတို့က သတင်းပေးပြီး ဆက်သွယ်တာပါ၊
လှည်းနဲ့နွားလိုချင်လို့ ဆက်သွယ်ကြတာပါ၊ အခြားလူတွေ
က ခြောက်ဘက်တောတန်းဆို တယ်သူမှမလိုက်ရဲကြပါဘူး၊
ကျွန်တော်ကသာ ဈေးကောင်းကောင်းတောင်းပြီး လိုက်
တတ်တဲ့လူမို့ သူတို့ဆက်သွယ်ခဲ့ကြတာပါ၊ ကျွန်တော်က
ဟိုဟာလိုတော့ ဒါမျိုးလုပ်ရပါတယ် ဌာနပိုင်ကြီး"

ဌာနပိုင်ကြီးသာအေးစကားကို ယုံလိုက်ပြီ။ ဘိန်း
ဆိုတော့ သာအေးက အပင်ပန်းမခံတတ်။ အရချောင်သော
မျိုးကိုသာအေးလိုက်သည်။ ယင်းသို့သောနည်းဖြင့် ဘိန်းဝယ်
ငွေကိုရှာဖွေခြင်းဖြစ်ပါလေ၏။ ဒါမျိုးမရှိမှ သာအေး ထင်းတိုက်
တိုက် လိုက်ခြင်းဖြစ်သည်။

"မင်းကိုပေးထားတဲ့စာရင်းအတိုင်း ဈေးဝယ်ပြီး သူတို့စခန်း
ကို မင်းပို့ပေးရမှာပေါ့ ဟုတ်လား သာအေး"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒါဆို သူတို့စခန်းကို မင်းသိနေတယ်ပေါ့ သာအေး"

"မ ... မသိပါဘူး၊ ဌာနပိုင်ကြီး"

"စခန်းမသိဘဲ မင်းဘယ်လိုပို့မလဲ၊ မလိမ်နဲ့နော်"

"သူတို့လူက ခြောက်ဘက်တောတန်းမှာ စောင့်ပြီးလိုက်မှာ
ပါ၊ သူကလမ်းပြပြီး ကျွန်တော်က လှည်းမောင်းပို့ပေးရမှာ
ပါ၊ မလိမ်ပါဘူး ခင်ဗျာ"

မလိမ်မှန်း ဦးဖြိုးသာသိလိုက်ပါ၏။ သို့သော် နည်း
လာယ်တစ်ခု ထပ်သုံးရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရဲကြပ်ကိုသောင်း လာစမ်း"

"အဆင်သင့်ပါ ဆရာကြီး"

"ဒီကောင် သာအေးကို တောတွင်းသောင်းကျန်းသူနဲ့ဆ
သွယ်တဲ့ ပုဒ်မနဲ့ရုံးတင်ထောင်ချမယ်၊ ချုပ်ထားလိုက်"

ရဲကြပ်ကိုသောင်းက ... သာအေးကိုဆွဲခေါ်
သည်။

"ဟာ ဆရာကြီး မ ... မလုပ်ပါနဲ့ဗျာ ... ဆရာကြီးတို့
တာရှုပ် လုပ်ပေးပါ့မယ်၊ ထောင်ထဲမှာဆို ကျွန်တော်
ငတ်ကွာနဲ့ သေပါလိမ့်မယ်၊ ရှစ်ခိုးပါရဲ့ ဆ ... ဆရာကြီး

"ကိုသောင်း ခဏလွှတ်ပေးလိုက်၊ မင်းကသောင်းကျန်း
နဲ့ ဆက်သွယ်လို့ ဥပဒေနဲ့ပြစ်ခွန်းတာတော့ အမှန်ပဲ၊ ဒါ
ရဲအဖွဲ့ကိုရော ဖြည့်ဆည်းပါအကျိုးပြုမယ်ဆိုရင် ထောင်
အောင် ငါအတတ်နိုင်ဆုံးလုပ်ပေးနိုင်တယ်၊ မင်း ငါခိုင်း
အတိုင်းလုပ်ရင် သက်သာလိမ့်မယ် သာအေး"

"တစ်သဝေမတိမ်းလုပ် ... လုပ်ပေးပါ့မယ် ခင်ဗျား"

"ကောင်းပြီ စာရင်းအတိုင်းသွားမယ် ... ပြီးရင် ဘယ်
လောက်ပစ္စည်းဖိုးရမလဲ"

"နက်ဖြန်မနက် ဝေလီဝေလင်းမှာ မြောက်ဘက်တော
ထဲကို လှည်းမောင်းထွက်ရမှာပါ ဆရာကြီး ..."

"အေး ... အဲဒီအတိုင်းသွားဖို့ ... ပြန်လာရင် သူတို့
လိုက်ပြရမယ်"

သာအေးက ရဲစခန်းပတ်လည်ကို ကြည့်လိုက်ပြီး

"တောထဲက ကြားသွားရင် သူတို့ ကျွန်တော်တို့ကို သတ်
မှာပါ ဆရာကြီး"



"ဘယ်လိုမှ မကြားနိုင် ... မသိနိုင်ဘူး ... စခန်းမှာရှိတဲ့
သူတွေအားလုံး သူတို့ကို ချမယ့်သူတွေချည်းပဲ ..."

သာအေး ခေါင်းညိတ်ခဲ့တော့သည်။

ဦးမျိုးဆက်က အိတ်ထဲမှ ငွေတစ်ရာကို ထုတ်၍
ဦးသာကိုပေးလိုက်သည်။

"ဒါက သာအေးကို အရပ်သားတစ်ယောက်အနေနဲ့ဆုချတာ
ပါ ... တာဝန်သိတဲ့ အရပ်သားမို့ ဆုပေးတာပါ"

"တွေ့လား သာအေး ... ဘယ်သူမဆို မှန်ကန်တဲ့ဘက်က
ရပ်လာခဲ့ရင် လူသာစု ... နတ်သာစုခေါ်တယ်ကွ ... ရော့
ဟောဒီ အစ်ကိုကြီးက ဆုချတာလဲယူသွား ..."

သာအေး လက်တုန်နေခဲ့သည်။ လှည်းလိုက်ခငွေ
ယသာရ၏။ ယခု ရဲကို သတင်းပေးရုံနှင့် ငွေတစ်ရာရသည်
တ်လား။

"ကိုသောင်းရေ ... ဒီကောင်ကို လက်ထိတ်ဖြုတ်ပေးလိုက်
ပါ"

ရဲကြပ်က သာအေးလက်ထိတ်ကို ဖြုတ်ပေးခဲ့သည်။
သာအေးက ကုပ်ချောင်းချောင်းဖြင့် ရုံးခန်းမှ ထွက်သွားခဲ့တော့
သည်။

"သာအေးကိုတော့ ယုံမယ်ဆိုတာ ယုံလောက်ပါတယ် အစ်
ကိုကြီး ... ဒါပေမဲ့ မြောက်ဘက်တောတန်းထဲက သူတို့လူ
လိုက်လာမယ်ဆိုတာ စဉ်းစားစရာဖြစ်လာတယ်၊ သာအေး
ကို မျက်စိပိတ်ပြီး ခေါ်သွားရင် သူလမ်းမှတ်မိဖို့ မဖြစ်နိုင်
တော့ဘူး ..."

"အဲဒီ ... လှည်းနောက်က တစ်ယောက်ယောက် နောက်

www.burmeseclassic.com

www.burmeseclassic.com



ငယောင်ခံလိုက်ရရင်ကော ကိုဖြိုးသာ ...”

“ဒါလည်း မလွယ်လှဘူး ... သူတို့နယ်မြေထဲကို အစိုးရ

ကတစ်ဦးဦး ကျူးဝင်သွားရင် ကီစွတုံးလုပ်မှာသေချာ

ကျွန်တော့်ရဲ့ သားတစ်ယောက်ယောက်ကို ဒီလောက်အ

မစွန့်စေချင်ဘူး ... ငွေလေးငါးယောက် လက်နက်ကိုင်ပြီးလိ

လာရင် နောက်ပိုင်း ကျွန်တော်ဖြေရှင်းရ တော်တော်

သွားမယ် ...”

ဟုတ်၏။ ဦးမျိုးဆက်က တရားဝင်တိုင်ထား

မဟုတ်။ တရားဝင်ဆိုလျှင် လုပ်ရကိုင်ရလွယ်ကူဦးမည်။ ဦးမျိုးဆ

ကတရားဝင် တိုင်ချက်ဖွင့်ထားခဲ့သည်မဟုတ်။ ရန်ကုန်မြို့မှ

ဦးဘတူ၏ မေတ္တာရပ်ခံချက်ဖြင့် ကလေးမြို့မှ ဦးကျော်မြင့်၊ တမူး

ဦးဖြိုးသာတို့က အတတ်နိုင်ဆုံး ကူညီနေခြင်းသာလျှင်ဖြစ်သည်

“ခက်တယ် ကိုဖြိုးသာ ... ကျုပ်အနေနဲ့က တိုင်ချက်ဖွင့်

ပေမယ့် သမီးက သူတို့လက်ထဲမှာဆိုတော့ တရားဝင် အ

လက်နက်ကိုင်တပ်ဖွဲ့က လိုက်တာနဲ့ သမီးကို သတ်ပစ်မှာ

တယ်လေ ...”

“ဟုတ်လား ... အစ်ကိုကြီးသမီးက သူတို့လက်ထဲရော

နေလို့လား ... အဲဒီအထိ ကျွန်တော်တို့မသိပါဘူး ... ဦး

ဘတူက အကူအညီပေးပါဆိုတာလောက်ပဲသိရတာပါ

စိတ်ချပါ ... မပူပါနဲ့ တခြားနည်းလမ်းရှာပြီး ကူညီပါ့မ

လက်စသတ်တော့ ဓားစာခံကောင်းကောင်းရထားလို့

လောက်အစာင့်ရဲနေတာကိုး ...”

ဝင်းမောင်ထွန်းက ဦးဖြိုးသာ အနီးကပ်၍မေးသည်

“ဒွာနပိုင်ကြီး ... ဒီမြို့မှာ ရေဒီယိုဆိုင်တွေ မရှိဘူးလားဟင်



“ရေဒီယိုရောင်းတဲ့ဆိုင်တော့မရှိဘူး ... အိမ်ဆိုင်သဘောမျိုး

ရေဒီယိုပြင်တဲ့ လူတစ်ယောက်တော့ရှိပါတယ် ... သူ့မှာ

ဖော်ရေးဘက်က ရေဒီယိုတော်တော်များများဝယ်ထား

တယ် ... သူနဲ့ခင်ပါတယ် ... ဒေါက်တာ ပြင်စရာရှိလို့လား”

“မဟုတ်ပါဘူး ... တွေ့ချင်လို့ပါ ... ဒွာနပိုင်ကြီး ညနေမိုလ်

တဲ လာရင် ထပည့်တစ်ယောက်ယောက်နဲ့ အဲဒီရေဒီယိုပြင်

ဆရာ့ဆီ ပို့ပေးပါလား ...”

“အခုပဲ ရဲကြပ်ကိုသောင်းကို ခေါ်သွားပါ ... ကိုသောင်းရေ

ဒေါက်တာ့ကို ... ကိုအောင်မြတ်ကျော်ဆီ ခေါ်သွားပေးပါ

ကျုပ်ဆိတ်ခွေ့လို့ပြောလိုက်တာ အားလုံးလုပ်ပေးပါလို့ပြော

ပါ ...”

“ဟုတ်ကဲ့ ဆရာကြီး ...”

ဗိုလ်တဲသို့ ဂျစ်ကားဖြင့် ရဲကြပ်ကိုသောင်း အတူ

လိုက်ခဲ့သည်။

ဗိုလ်တဲတွင် ပစ္စည်း များချသည်။ ကလေးမှ လိုက်ပါ

လာသော ရဲသားမောင်ညို့နှင့် ရဲကြပ်ကြီးခုံးမောင်တို့ ဂျစ်ကား

နှင့် ကလေးပြန်မည်ဟု နှုတ်ဆက်ပြီး ပြောဆိုထွက်သွားကြသည်။

ထို့နောက် ဦးမျိုးဆက်အား ခွင့်ပန်ကာ ရဲကြပ်ကို

သောင်းနှင့်အတူ ဂျစ်ကားဖြင့် ရေဒီယိုပြင်ဆရာထံသို့ ထွက်ခဲ့ကြ

သည်။

ရေဒီယိုပြင်ဆရာထံရောက်တော့ သူအလိုရှိသော

ဆားကတ်ဒိုင်ယာဂရမ်တစ်ခု ပုံကြမ်းဆွဲပြသည်။

ပလတ်စတစ်ဆပ်ပြာခွက်တစ်ခုဝယ်ကာ လိုအပ်

သော ထရန်စစ္စတာများ အခြားပစ္စည်းများနှင့် ပြုလုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ(၁)နာရီခန့်တွင် လိုအပ်သော ပစ္စည်းလေးပြီးသွားခဲ့၏။

ပစ္စည်းတန်ဖိုးပေးသော်လည်း ကိုအောင်မြတ်ကျေ ကားမယူခဲ့ပေ။ ဗွာနပိုင်ကြီး၏ မိတ်ဆွေမို့ အဖူအညီပေးလိုက်ပါ ဝင်းမောင်ထွန်း ဗိုလ်တဲသို့ ပြန်ခဲ့သည်။

ဗိုလ်တဲတွင် ဗွာနပိုင်ကြီးဦးဖြိုးသာ ရောက်နေ သည်။

"ဘယ့်နှယ့်လဲ ဒေါက်တာ ... အဆင်ပြေရဲ့လား ..."

"ပြေပါတယ် ခင်ဗျာ ... ကိုအောင်မြတ်ကျော်က ပစ္စည်းဖိုး တောင်မယူပါဘူး ... တစ်ခါတည်း ဗွာနပိုင်ကြီးကို လာ တွေ့ ကျွန်တော့်ပစ္စည်းလေး အကြောင်းပြောပါ့မယ်"

"အဲဒီပစ္စည်းက အင်္ဂလိပ်လိုတော့ မာမ်းမင်းဒီဗိုက်(စ)လို့ ခေါ်ပါတယ် ... နောက်ယောင်ခံလိုက်တဲ့အခါ မျက်ခြေ ပြတ်မသွားနိုင်အောင် ဒီပစ္စည်းလေးကို အဘူထည့်ပေးရ ရပါတယ် ... ဒီမှာကြည့် ... ဟောဒီ ခလုတ်ကလေးနှိပ်လိုက် တာနဲ့ ရေဒီယိုလှိုင်းထွက်နေပါလိမ့်မယ် ... အဲဒီ ရေဒီယို လှိုင်းကို ငါးမိုင် ခြောက်မိုင်ကွာလောက်ကနေပြီး တခြားရေ ဒီယိုတစ်လုံးနဲ့ ဖမ်းရင်ကြားရပါတယ် ... ဒါကြောင့် ကျွန် တော်နဲ့ ကိုအောင်မြတ်ကျော် တိုင်ပင်လုပ်ခဲ့တာပါ"

"အန်ကယ်(လ်) ပထမဆုံး နားထောင်ကြည့်ပါ ..."

လုပ်လာသော ... ကရိယာလေးကို ဗိုလ်တဲအခန်း ထောင့်တွင်ထားပြီး ရန်ကုန်မှ ပါလာသော အိပ်ဆောင်ဓာတ်ခဲရေဒီ ယိုလေးကို နားကြပ်နှင့်တကွ ဦးမျိုးဆက်သို့ ပေးလိုက်သည်။

ဝင်းမောင်ထွန်းပြောသည့်အတိုင်း နားကြပ်နှင့် နား ထောင်လိုက်သည်။



"မြန်တယ် နားမခံနိုင်ဘူး ထွန်းထွန်း ..."

ဝင်းမောင်ထွန်းက ဆပ်ပြာခွက်မှ ခလုတ်ကို ပြေး သည်။

"ကြားရသေးလား အန်ကယ်(လ်) ..."

"ဘာမှ မကြားရတော့ဘူး ..."

"ကဲ ဒါဆို ... ခလုတ်ပြန်ဖွင့်ခဲ့မယ် ... အိတ်ဆောင်ရေဒီယို လေးကိုယူသွားပြီး ဘယ်လောက် အကွာအဝေးအထိ နား ထောင်နိုင်တယ်ဆိုတာ ... သိရအောင် ကားနဲ့သွားကြ ရအောင်"

ဂျစ်ကားပေါ် တက်ခဲ့ကြသည်။ ဝင်းမောင်ထွန်း ... ပိုင်ကြီးနှင့် ဦးသာနှင့် ဦးမျိုးဆက်တို့ကို နားထောင်စေခဲ့သည်။

"ကျွန်တော် ဆက်မောင်းမယ် ... အသံပျောက်သွားရင် ပြောပါ ဗွာနပိုင်ကြီး ..."

နားထောင်ရင်း ဦးဖြိုးသာက ခေါင်းညိတ်သည်။

"ဟိုး ... ဟိုး ဒေါက်တာကြားတော့ ကြားနေရသေးတယ် အသံတင်ထားတာ ဆုံးနေပါပြီ ..."

ကားကိုရပ်လိုက်သည်။ ဝင်းမောင်ထွန်းက ... မေး သည်။

"ဗိုလ်တဲနဲ့ အခုရောက်နေတဲ့ နေရာဟာ မိုင်ဘယ်လောက်ရှိ မလဲ ဗွာနပိုင်ကြီး ..."

"ခုနစ်မိုင်ရှိတယ် ဒေါက်တာ ..."

"ဒါဆိုရင် မနက်ဖြန် သာအေးရဲ့ လှည်းမှာ ဒီပစ္စည်းတပ်ပေး လိုက်ရင် ကျွန်တော်တို့ ခြေရာခံလိုက်နိုင်မှာပါ ... သာအေး ကို အပြည့်အဝယုံလို့မရပါဘူး ... ဒါကြောင့် ဒီကိရိယာလေး

www.burmeseclassic.com

www.burmeseclassic.com



ဆင်လိုက်တာပါ ဗွာနပိုင်ကြီး ...”

“သိပ်မှန်တာပေါ့ ခေါက်တာ ... ကျူပ်လည်း ကြိုတင်ပြေ
လို့ မနက် သာအေးလှည်းထွက်ရင် တိတ်တိတ်လေး ...
ဆီဖုံးဖင်ကို သံချောင်းအချွန်တစ်ခုနဲ့ ဖောက်လွှတ်ဖို့ စီစဉ်
သားပါ ... တကယ်လို့ ဒီကောင်ပြန်မလာရင် ရေနံဆီအ...
ပြီး လိုက်တန်လိုက်ဖို့ပဲ ...”

ဦးမျိုးဆက်က ... နှစ်ဦးလုံး၏ စိတ်ကူးကို ချီး...
လိုက်ပါ၏။

“ကောင်းတယ် နှစ်မျိုးလုံးကို သာအေးလှည်းမှာ တပ်...
လိုက်ပေါ့ ... ဆပ်ပြာခွက်ကဘဲပျက်ပျက် ... ရေနံဆီ...
မိုးတွေဘာတွေရွာလို့ အနံ့ပြယ်ပြီးတစ်ခုမဟုတ် ...
ကတော့ လမ်းစဖော်ပေးမှာဘဲ ...”

ယင်းအစီအစဉ်ကို သဘောတူခဲ့ကြပြီး ကားဖြင့် မြို့
ထဲသို့ ပြန်လာခဲ့ကြပါလေ၏။



# အခန်း (၂၁)

နံနက်(၅)နာရီမှာပင် ဗွာနပိုင် ဦးဖြိုးသာ သူ၏ ရှုရှား
...ချစ်ကားကြီးဖြင့် ရောက်လာခဲ့သည်။

အဆင်သင့်ဝင် ဂျစ်ကားပေါ်သို့ ဝင်းမောင်တွန်း
...တက်ခဲ့သည်။ ဦးမျိုးဆက် မလိုက်ချင်လည်း မဖြစ်သည်မို့ အိပ်ချော်
...နေသဲ ... ဦးမျိုးဆက်ကို မိုလ်တဲမှာဘဲ ထားခဲ့ကြသည်။ ရဲကြပ်ကို
...သောင်းကဘဲ ရှုရှားဂျစ်ကို မောင်းခဲ့သည်။

ကားကိုရပ်လိုက်တော့ သာအေး၏ အိမ်ရှေ့တွင်
...ရပ်ထားတင်ပြီး အသင့်ဖြစ်နေသည့် နွားလှည်းကိုတွေ့ရသည်။

ကားသံကြား၍ ... သာအေးနှင့် သားကလေးတစ်
...ယောက်တို့ ခါးထစ်ချင်ချီထားသည့် ဓနီးဖြစ်ဟန်တူသော အမျိုး
...သမီးတစ်ဦးပါ တွေ့ရ၏။

“ဆရာကြီးကို စောင့်နေတာပါ ... ကျွန်တော် အဆင်သင့်
ဖြစ်နေပါပြီ ...”

“အေးကွာ ဝတ္တရားအရမို့ စစ်ဆေးရတာပါ ... မတော်တဆ
မင်းလှည်းပေါ်မှာ သူပုန်တွေအတွက် သေနတ်တွေတင်
သွားရင် ငါတို့ မသက်သာဘူးလေကွာ ...”

www.burmeseclassic.com

www.burmeseclassic.com



"အား ... ဆရာကြီးကလည်း ... ကျွန်တော် ဒီလော
မမိုက်ရဲပါဘူး ... "

"ဒါဖြင့် လာစမ်းသာအေး ... မင်းကို ငါတိုးတိုးတိတ်တိ
မှာစရာမှာရဦးမယ် ... ဟေး ... ကိုသောင်း ဝတ္တုရားအတိုင်
တော့ လှည်းပေါ်က ပစ္စည်းတွေ စစ်ဆေးလိုက်ဦး ကြာ
လား ... "

"ဟုတ်ကဲ့ပါ ဆရာကြီး ... "

သာအေး ... ပခုံကိုကိုင်ပြီး ဌာနမိုင်ကြီးက မလှ
မကာမ်းသို့ ခေါ်သွားသည်။

ဝင်းမောင်ထွန်းက ဖျတ်ခနဲ အောက်သို့ဆင်းလာ
သူ၏ ကီရိယာလေးကို ကြိုးဖြင့် သေချာစွာချည်နှောင်လိုက်သည်။
ထို့နောက် ကီရိယာလေး၏ခလုတ်ကိုဖွင့်သည်။ အပေါ်မှအသင့်
ထားသော ဂွန်နီအပါးစဖြင့် လူမမြင်အောင်အုပ်ကာ ကြိုးဖြင့်ချည်
လိုက်သည်။

ရဲကြွမ်ကိုသောင်းကလည်း သံဆူးချွန်ကလေးဖြင့်
ရေနံဆီပုံးဖင့်ကိုလှည်းအောက်ဝင်ကာ ဖောက်ဖို့ထိုးလိုက်သည်။

"စစ်ဆေးပြီးပါပြီ ဆရာကြီး ... "

"အေး ... အေး ... ကဲ ... သာအေးသွားပေတော့"

သာအေးက သူ မှန်းမတည့်မီ ပြန်ရောက်လာမည်
ဖြစ်ကြောင်း ပြောကာ လှည်းကိုမောင်းထွက်ခဲ့တော့၏။

ဌာနာပိုင်ကြီးနှင့်အတူ ဗိုလ်တဲ့သို့ ဝင်းမောင်ထွန်း
ကို ပြန်ပို့ပြီး သာအေးပြန်ရောက်မှ ပြန်လာမည်ဖြစ်ကြောင်းပြော
ကာ ပြန်သွားခဲ့တော့၏။

ဝင်းမောင်ထွန်းက အိတ်ဆောင်ရေဒီယိုကို နားကြ



ယ်ကာ မကြာခဏ နားထောင်ကြည့်ခဲ့သည်။

နံနက်(၇)နာရီခန့်တွင် ကျော်ဗိုလ်ဝိုင်းဆိုင်ကြသည်။
ဦးဆက်ကက မေးသည်။

"အယ့်နှယ်လဲ ထွန်းထွန်း ... ရေဒီယိုဆင်ကာနယ်(လ်)အခြေ
အနေ "

"အဖြည်းဖြည်းတော့ အသံတိုးတိုးသွားတယ် ... အသံတင်
ပြီး ရွေ့ပေးနေတာ ခုထက်ထိတော့ ကောင်းကောင်းကြား
နေရတုန်းပဲ ... "

"သာအေး ... လှည်းထွက်ချိန်မှတ်လိုက်သေးလား"

"နံနက် ငါးနာရီလေးဆယ်မိနစ်မှာ သာအေးလှည်းမောင်း
ထွက်သွားတာပါ အန်ကယ်(လ်)"

ဦးမျိုးဆက်က သူ့လက်ပတ်နာရီကိုကြည့်လိုက်
သည်။

"အင်း ... ခုနစ်နာရီဆိုတော့ သာအေးသွားတာ တစ်နာရီနဲ့
မိနစ်နှစ်ဆယ်ရှိပြီ ... တောလမ်းခရီးလှည်းသွားနှုန်းကို
တစ်နာရီသုံးမိုင်နှုန်းထားရင် ခုလောက်ဆို လေးမိုင်နှုန်း
တော့ ရောက်လောက်ပြီ ... "

"ဟုတ်တယ်အန်ကယ်(လ်) ... တကယ်လို့များ သူတို့
ရဲစခန်းက ရှစ်မိုင်ကိုးမိုင်လောက်ဆိုရင် အချက်ပေးအသံကို
ကြားဖို့ မလွယ်တော့ဘူး ... "

"ရှုပါတယ်ကွာ ... အဲဒီတော့ လေးလေးအတွက် အန်
ကယ်(လ်)လိုက်သွားရတော့မှာပဲ ... သာအေးပြန်ရောက်
မရောက်ဆိုတာ မသေချာဘူး ... ရဲဇနှုတ်တို့အဖွဲ့က သာအေး
ကို မသင်္ကာရင် ပြန်မလွှတ်ထဲထားမယ် ... ဒါမှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်လည်း သစ္စာဖောက်နိုင်တာပေါ့ … ပြန်မလာ
ရင်တော့ ခြေရာကောက်ပြီး လိုက်သွားရမှာပဲ၊ ရဲဗန္ဓုတို့
က ဘယ်သိန်းသေသွားတာကို သိနိုင်တာပဲ မဟုတ်လား …
လေးလေးနဲ့ တာဝန်အရှိဆုံးက အန်ကယ် (လ်)ပါကွာ …
တိတ်တိတ်လေးလိုက်ရမဲ့ကိစ္စမျိုးမှာ တစ်ဦးတစ်ယော
ကောင်းတယ် … နှစ်ယောက်ဖြစ်ခဲ့ရင် ရန်သူသိသွား
တယ် … ”

“ဟုတ်ပါတယ်အန်ကယ်(လ်) … တစ်ယောက်ကောင်း
ဖြစ်သင့်ပါတယ် … ဒါပေမဲ့ တစ်ယောက်ကောင်း
ကျွန်တော်ပဲ ဖြစ်သင့်ပါတယ် အန်ကယ်(လ်)”

“ထွန်းထွန်းမသွားရပါဘူး … အန်ကယ်(လ်)ပဲ ဖြစ်ရ
လေးလေးက အန်ကယ်(လ်)သမီးပဲကွယ် … ”

“ဖဝါးနဲ့နာပါ အန်ကယ်(လ်) … လေးလေးဟာ ကျွန်တော်
ချစ်သူပါ … အပြန်အလှန်မေတ္တာစစ်နဲ့ချစ်ကြတာပါ …
လေးလေးကိစ္စကို အစွန့်စားဆုံးဖြစ်ရမယ့်သူဟာ ကျွန်တော်
ပါ”

“တကယ်က ထွန်းထွန်းဟာ အရွယ်ငယ်သေးတဲ့ ဆရာ
တစ်ယောက်ပါ … ရှေ့လျှောက်လူ့လောကမှာ နေရ
အများကြီး ရှိသေးတယ် … အန်ကယ်လ်က အိုနေပါပြီ …
တိုင်းပြည်အတွက် မိသားစုအတွက် တာဝန်ကျေပြီးပြီ …
သေမယ်ဆို သေပျော်ပါပြီ … အန်ကယ်လ်ပဲစွန့်စားပါမယ်”

“အခုပဲ အန်ကယ်လ် အိုပြီဆိုတာ ဝန်ခံတယ်နော် … အ
ကိစ္စက တစ်ယောက်ကောင်းလက်နက်ကိုင်တစ်အုပ်ကြား
ကြားထဲဝင်ရမှာ … ကျွန်တော့်ရဲ့ လှုပ်ရှားမှုကို အန်ကယ်



မမီနိုင်ပါဘူး … လေးလေးကိုမကယ်နိုင်ဘဲ အန်ကယ်လ်
ကိုယ်တိုင် သူတို့ရဲ့လက်ထဲရောက်ကောင်းတောင် ရောက်
သွားနိုင်ပါတယ် … ဒီအတွက် ကျွန်တော်ပဲ သွားပါရစေ”

နောက်ဆုံးတော့ ဝင်းမောင်ထွန်း ပြောပြချက်များ
အမှန်ကန်ဆုံးမို့ ဦးမျိုးဆက်သဘောတူရပါ၏။ ဟိုင်းလုံက
ခွင့်တောင်းသော်လည်း ဝင်းမောင်ထွန်းလက်မခံခဲ့ပေ။

“ကဲလေ၊ သာအေးပြန်အလာကိုစောင့်ကြည့်ကြသေးတာ
ပေါ့၊ ကိုဖြိုးသာနဲ့လည်း တိုင်ပင်ကြည့်ကြတာပေါ့၊ ထွန်းထွန်း
က ရေဒီယိုဆင်နယ်(လ်)ကိုနားထောင်ကြည့်ပါဦး”

စကားအခြေအတင်ပြောနေကြသည်မို့နားမထောင်
ခဲ့ကြ။ ဝင်းမောင်ထွန်း နားကြပ်တပ်ကာ နားထောင်လိုက်ပါ၏။

“ဟာ … အန်ကယ်”

“ဘာထူးလို့လဲ ထွန်းထွန်း”

“သာအေးလည်း တစ်နေရာတည်းမှာပဲရပ်နေတဲ့ သဘောရှိ
နေပြီ … အသံအတိုးအကျယ် တစ်သမတ်တည်းငြိမ်နေပြီ၊
အန်ကယ်(လ်)နားထောင်ကြည့်ပါ … ”

ဦးမျိုးဆက်နားထောင်ကြည့်သည်။ အသံက မတိုး
ကျ။ တစ်သမတ်တည်းပဲ မြည်နေခဲ့သည်။ ရေဒီယိုကိုဝင်းမောင်
ထွန်းလက်သို့ ပြန်ပေးရင်း …

“ဒီအသံအတိုင်းဆိုရင် ဘယ်နှစ်မိုင်လောက်ရှိမယ်ထင်လဲ …
ထွန်းထွန်း”

“မနေ့က ဂျစ်ကားနဲ့သွားပြီး ခုနစ်မိုင်အကွာက နားထောင်ခဲ့
တဲ့အသံနဲ့ နှိုင်းကြည့်ရင် ခြောက်မိုင်လောက်ပဲဝေးမယ်၊
ငါးမိုင်လည်း ဖြစ်နိုင်ပါတယ်အန်ကယ်လ်”

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အချိန်ကိုစောင့်စားနေခဲ့ကြရဖြန်သည် နံနက်(၁၀)နာရီခန့်တွင် တစ်ဖန်နားထောင်ကြည့်ကြသည်။ ဆင် နယ်(လ်)အသံက ဒီအတိုင်းသာ။ လှည်းရပ်ထားကြောင်း သေ နေပေပြီ။ မွန်းတည့်(၁၂)နာရီရှိပြီ။ သာအေး ရောက်ရှိနိုင်တန်ေ လည်း ပြန်၍ရောက်မလာခဲ့ပေ။ တစ်ခုခုတော့ အမှားအယွင်း နေခဲ့တာ သေချာပါ၏။

"တစ်ခုခုတော့ ဖြစ်ပြီထင်တယ် အန်ကယ်လ် ..."

"အေး ... အန်ကယ်(လ်)လည်း ကိုဖြိုးသာများ ပေါ် လာမလားလို့ စောင့်နေတာပဲ ... သာအေးရောက်လာ ကိုဖြိုးသာက အရင်ဆုံးသိမယ့်လူလေ"

"ဦးဖြိုးသာဆီကို ကျွန်တော်တို့ လိုက်သွားရင်မကောင်း လား ..."

"ကောင်းတယ် ... လာသွားကြမယ်"

ဂျစ်ကားဖြင့် သုံးယောက်သား ထွက်လာခဲ့ကြ သည်။ ဗိုလ်တဲအောက်တွင် အစောင့်ချပေးထားသော ရဲအေးနှင့် ကိုပင် ဗိုလ်တဲကိုအပ်ခဲ့ကြသည်။

ဌာနာပိုင်ကြီးကိုယ်တိုင်လည်း တောက်တခေါ ခေါက်နှင့်သာအေးကိုပင် ဖို၍အပြစ်တင်ကြိမ်းမောင်းနေခဲ့သည်။

ဝင်းမောင်ထွန်းက သာအေးအဖြစ်မဖြစ်နိုင်ကြောင်း ရှင်းပြသည်။ သူမိန်းမကိုပင် မွန်းမတိမ်းမီ ပြန်လာမည်ဟု ပြောသွား သည်ကိုပါ ထည့်ပြောခဲ့သည်။

"သေသွားတဲ့ အသိန်းကိစ္စနဲ့ ရောကုန်ပြီထင်တယ် ဌာနပိုင် ကြီး ... သာအေးကိုယုံတယ်ထား ... သူတို့နောက် စခန်း ပြောင်းမှ ပြန်လွှတ်ပေးမယ်ထင်တယ် ... ဒါမှမဟုတ်



သာအေးကိုယ်တိုင် ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံနေရမှန်းမှ မသိတာ"

"အေးဗျာ ... ဒီမှာရှိတဲ့ အင်အားနဲ့ပဲ ဒေါက်တာ ရဲဆစ် ဂနယ်(လ်)အချက်ပြနေတဲ့ လှည်းနောက်ခြေရာခံလိုက် သွားပြီး ဆော်ပစ်လိုက်ချင်တယ် ..."

ဦးဖြိုးသာက အတိုက်အခိုက် ဝါသနာကြီးသည့် အလျှောက် စိတ်ရှိသလိုပြောပစ်လိုက်သည်။ တကယ့်လက်တွေ့ ခွင်မှု ရဲအဖွဲ့အတွက် အထက်အမိန့်မရလျှင် ထွက်တိုက်ခွင့်မရှိပေ။

"ကိုင်း ... ကိုဖြိုးသာ စိတ်ရှည်ရှည်နဲ့ ဒီနေ့ညနေပိုင်းအထိ တော့ စောင့်ကြည့်ကြသေးတာပေါ့ ... ဒီကောင်တွေ စခန်း ပြောင်း လှုပ်ရှားမယ်ဆိုလည်း နေ့ခင်းလှုပ်ရှားမယ်မထင် ဘူး ... ညနေစောင်းနဲ့ ညဦးပိုင်းလှုပ်ရှားမှာပဲ ... သာအေး ပြန်လာလိုပြန်လာငြား စောင့်ကြည့်ကြသေးတာပေါ့"

ဝင်းမောင်ထွန်းတို့ ဗိုလ်တဲပြန်လာရင်း စောင့်စား ပြန်ပါ၏။ ညနေ(၆)နာရီထိုးသွားပြီ။ အခြေအနေက မထူးခြား။ ရေဒီယိုဆစ်ဂနယ်(လ်)ကဒီအတိုင်းပဲအချက်ပြနေ၍ အေး၏လှည်းနေရာမှာပဲ ရှိသေးကြောင်း ထင်ရှားနေပေသည်။

"အန်ကယ်(လ်) ..."

"ပြော ထွန်းထွန်း"

"ရေဒီယိုဆစ်ဂနယ်(လ်)ထဲမှာထည့်ထားခဲ့တဲ့ ဓာတ်ခဲအား ကုန်သွားတာနဲ့ ဆစ်ဂနယ်(လ်)ပေးနေတဲ့ အသံရပ်သွားမှာ ပဲ ... ဆစ်ဂနယ်(လ်)အသံရပ်သွားရင် ခြေရာကောက်ဖို့ ခက်ပြီ ... အဲဒီတော့ ကျွန်တော်လိုက်သွားချင်နေပြီ အန်ကယ်(လ်)"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါဆိုလည်း ထွန်းထွန်းကို ဟိုင်းလုံနဲ့ အန်ကယ်(လ်)
ဂျစ်ကားနဲ့ဝင်နိုင်သလောက် တောလမ်းကိုလိုက်ပို့ပေးမ

ဝင်းမောင်ထွန်းက စစ်လွယ်အိတ်တစ်လုံးထဲမှ ထရန်စစ်စတာရေဒီယိုကိုထည့်သည်။ မာကျောကျောပေါင်မုန့် သည်။ အဖုံးလုံသော ရေဘူးထည့်သည်။ သရီးဖိုက်ဆဲဗင်းစ ခြောက်လုံးပြူး ခါးတွင်ခါးပိတ်ကြိုးထိုးထည့်ပြီး သားရေကျွ အပေါ်မှထပ်ဝတ်သည်။ မုတ်ဆိတ်ရိတ်ဓားအသစ်တစ်ချောင်း ခါးပတ်အောက် အိတ်သေးသေးတွင် ထည့်ထားလိုက်သည်။ အ လိုက် ဓားမြှောင်ကို ခါးကြိုး၌ ထိုးလိုက်ပါ၏။ စစ်လွယ်အိတ် လွယ်လိုက်သည်။

သွားဖို့အသင့်ဖြစ်သွားသည်။ ထိုအချိန်မှာပင် ဝိ တဲအောက်တွင် အစောင့်ချထားသော ရဲသားတစ်ဦး၏အသံ လာခဲ့သည်။

"ဆရာကြီး ဦးမျိုးဆက်ခင်ဗျား ... ဒီအောက်မှာ လူ ယောက်က ဆရာကြီးကိုတွေ့ချင်လို့တဲ့ ..."

ဝင်းမောင်ထွန်း ပြတင်းပေါက်မှငြေးကြည့်သည်။

"ဟာ ... အန်ကယ်(လ်) ... ကျော်စိုးမင်းပဲ ... အ ရဲသားနှစ်ဦးက တစ်ဖက်စီကိုင်ထားတယ် ..."

ဦးမျိုးဆက် ပြတင်းပေါက်သို့ ရောက်လာ အောက်သို့ ငုံ့ကြည့်ပါလေတော့၏။



## အခန်း (၂၂)

"ခေါ်ခဲ့ပါဦးကွယ် ... သူ့ကို အပေါ်ထပ်ပဲခေါ်ခဲ့ပါ ..."

ရဲသားနှစ်ဦးက တစ်ဖက်တစ်ချက်စီကိုင်ပြီး ကျော် မင်းကို လှေကားမှတက်စေခဲ့သည်။

"ဟိုင်းလုံရေ ... သူ့ကိုယ်ထဲမှာ ရှင်းစမ်းကွာ ... ဘယ်လို လက်နက်သယ်လာခဲ့သလဲဆိုတာ ..."

ဟိုင်းလုံက လှေကားထိပ်မှ ဆီး၍ ကျော်စိုးမင်းတစ် ယ်လုံးအနှံ့ ရှာဖွေလိုက်သည်။

"ဘာမှမတွေ့ဘူး ဦးကြီး ..."

"ကဲ ... ဒါဆို လာထိုင်ပါ မောင်ကျော်စိုးမင်း ... မောင်ရင်တို့ နှစ်ယောက် အောက်မှာဘဲ ပြန်စောင့်ပါ ..."

ရဲသားနှစ်ဦး ပြန်ဆင်းသွားသည်။ ဝင်းမောင်ထွန်း ကြားမှ သေနတ်ပေါ်သို့ လက်ကို အသင့်တင်ထားခဲ့သည်။ စိုးမင်း တိုက်ခိုက်လာပါက အသင့်ဖြစ်စေရန်ဖြစ်ပါ၏။

"ဟိုင်းလုံ မီးထွန်းပါကွာ ... ကဲဆိုစမ်း မောင်ကျော်စိုးမင်းက အန်ကယ်(လ်)ဆီရောက်လာတာဆိုတော့ ခြင်္သေ့က သား ကောင်ရှိရာကိုလာတာလား၊ ဒါမှမဟုတ် သားကောင်ကပဲ

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်ရှိရာ ဂူထဲဝင်လာတာလား တစ်ခုခုတော့ဖြစ်မှာ
"သားကောင်က ခြသေ့်ဂူထဲဝင်လာတဲ့ အနေအထားပါ
ကယ်(လ်)... ကျွန်တော့်ဆီမှာ ရန်ပြုဖို့ အစ်တိုတစ်ချော
တောင်မပါပါဘူး ... "
"အဲဒါကို ယုံမယ်ဆိုရင်တော့ လေကားထိပ်မှာ စော
မောင်ရင့်ကို ရှာဖွေခဲ့တာ အားနာစရာတောင်ဖြစ်နေပြီ
"ကျွန်တော့်ကို မယုံတာ မလွန်ပါဘူး ... မယုံအောင်
လုပ်ခဲ့တာပဲလေ ... အခု ကျွန်တော် အန်ကယ်(လ်)
ကူညီရအောင် ထမင်လာခဲ့တာပါ ... "
"ဒါဆိုရင် တစ်ခွန်းပဲမြေပါ ... လေးလေးမြင့် ဘယ်မှာ
အခြေအနေမှန် ဘယ်လိုရှိသလဲ မောင်ကျော်စိုးမင်း"
ဟိုင်းလုံ့ ထွန်းလိုက်သောမီးရောင်ဖြင့် ကျော်စိုး
၏ မျက်နှာကို တွေ့လိုက်ကြရ၏။ မျက်နှာတစ်ခြမ်းမည်းနေ
မျက်လုံးတွင်ဖူးရောင်နေသည်။ နှုတ်ခမ်းလည်းကွဲထားပြီး
သွေးနတွေနှင့် ဖြစ်၏။
"ဒီမြို့ရဲ့မြောက်ဘက် ခြောက်မိုင်ကျော်ကျော်မှာ 'ယူ
ဆိုတဲ့ချောင်းရှိတယ်၊ ရဲဗန္ဓုက ချောင်းနဖူးမှာ ယာယီ
ချနေတယ်၊ လေးလေးကို သီးသန့်တစ်ခုမှာချုပ်ထား
သူတို့မကြာခင် ခရီးထွက်လိမ့်မယ် စခန်းပြောင်းမယ်
အချိန်ဟာ လေးလေးမြင့်ကိုကယ်ဖို့ အကောင်းဆုံး
"မောင်ကျော်စိုင်းမင်းဟာ သူတို့အဖွဲ့သားဆိုတော့
ကယ်(လ်)ကို ဒီလိုပြောတာ သမီးနဲ့မျှားပြီး ထောင်
ဆင်တာလား ... "
"ဟူး ... သိပ်ခက်ပါလား အန်ကယ်(လ်) ... သွား



ရင်တော့ လေးလေးရေတိမ်နစ်မှာ အမှန်ဘဲ ... ကျွန်တော့်ကို ဟိုဘက်ကလည်းမယုံ ... ဒီဘက်ကလည်း မယုံဖြစ်နေပြီ မယုံရင်တော့ ကျွန်တော်ရန်ကုန်ပြန်ပြေးတော့မယ်"
"နေပါဦး ... ကျော်စိုးမင်း ... ခင့်ဗျားရလာတဲ့ ဒဏ်ရာတွေနဲ့ ပြောစကားကို ကျွန်တော်တို့ ယုံပါတယ်ဗျာ ... ပြောချင်တာဆက်ပြောပါ ... "

ကျော်စိုးမင်းက ရယ်လိုက်သည်။

"ခင်ဗျားသိပ်ကံကောင်းပါတယ် ... လေးလေး သစ္စာသိပ်ကြီးတယ် ... ခင်ဗျားကလွဲလို့ ဘယ်သူ့မှ မေတ္တာမရှိဘူးလို့ ဖွင့်ပြောတယ် ... နှုတ်ကြမ်းရင် သူ့အသက်အသေခံလိုက်မယ်တဲ့ ... အခုအချိန်အထိ မှဲ့တစ်ပေါက်မစွန်းသေးပါဘူး လေးလေးကို ရယူပိုင်ဆိုင်ချင်ပေမဲ့ ကျွန်တော့်ကို အကပ်မခံ ရွံ့မုန်းမုန်းမုန်း သိရတော့ သူ့ကိုငဲ့ညှာစိတ်ပေါ်လာတယ် ဖအကြောင့် ... ခင်ဗျားကိုလိုက်လျှောတယ်ထင်တာ ... ဒါပေမဲ့ လေးလေးကိုယ်တိုင်က ခင်ဗျားကို မေတ္တာရှိနေတာပါ ... ကိုဝင်းမောင်ထွန်း"
"အင်း ... ကျိုးကြောင်းဆင်ခြင်တတ်တဲ့ ရဲအရာရှိဟောင်းကြီးတစ်ယောက်ဆိုတော့ အန်ကယ်(လ်)မယုံချင်သေးတာ အမှန်ဘဲ ... ဘာဖြစ်လို့လဲဆိုတော့ ဟိုအရင်ကတည်းက ပြောနိုင်ပါလျက်နဲ့ မောင်ကျော်စိုးမင်းက မပြောခဲ့လို့ပါပဲ"
"မယုံတာယုံတာထက်တော့ အန်ကယ်(လ်)တို့သဘောပါ ကျွန်တော်တို့မှာ အမွှာညီအစ်ကိုရှိတယ် ... သူက အောင်စိုးတဲ့ ... အကြီးပေါ့ ... ကိုးတန်းနဲ့ ကျောင်းထွက်ပြီး ရဲဗန္ဓုရဲ့ အဖွဲ့ထဲဝင်တယ် ... ကျွန်တော်က တက္ကသိုလ်ဒုတိယနှစ်

www.burmeseclassic.com

www.burmeseclassic.com



အထိ တက်ခဲ့ပါတယ် ... အမေမရှိတော့ဘူး အဖေက ဦးရန်မော် ... တပ်ကြပ်ကြီးရန်ကျော်ဟာ အဖေ့ရဲ့ အစ်ကိုပါ ဝါသနာအရ စန္ဒရားဆရာဖြစ်လာခဲ့တယ် ... ”

“အပြင်မှာ လေးလေးနဲ့ ခင်အောင်ပေါင်းပြီး သိရိမြိုင်ကိုတည်လာခဲ့တယ် ... အောင်စိုးက သိရိမြိုင်မှာ မြေပုံကို နှစ်ကြိမ်ဝင်ခိုးခဲ့တယ် ... မူလတိုက်ပိုင်ရှင် ကုလားသူဌေးလက်ထဲက လွှယ့်မန်ရေနကျာ ဦးအပ္ပနားကြောင့် ဖေဖေဦးရန်မော်က မြေတိုက်ခန်းအကြောင်း သိခဲ့ရတာ ... သိရိမြိုင်ရဲ့ လျှို့ဝှက်ချက်ကိုသိနိုင်ဖို့ ဦးအပ္ပနားကို ကပ်ပြီးခင်မင်အောင် မြေခိုးလို့မရတော့ လေးလေးမြင့်ကို ပြန်ပေးဆွဲခဲ့တာပဲ ... ကျွန်တော်ကန့်ကွက်ပေမဲ့ မရခဲ့ပါဘူး ... အခု လေးလေးမြင့် ကျွန်တော့်လက်ထဲရောက်တော့ ဖွတ်ကြီးခိုင်းတယ် ... ကျွန်တော်မကြီးခဲ့ပါဘူး ... အဲဒီတော့ အောင်စိုးက အလှကြည့်မနေနိုင်ဘူးဆိုပြီး ဖွတ်ကြီးမယ်လုပ်တော့ ကျွန်တော်နဲ့သတ်ပုတ်ခဲ့ကြတယ် ... ဖေဖေရောက်လာပြီး ဖျန်ဖြေခဲ့ပါတယ် သားနှစ်ယောက်စလုံးကို ဖေဖေချစ်ရှာပါတယ် ... ”

“ရန်ကုန်မှာကတည်းက အန်ကယ်(လ်)ကို မောင်ကျော်စိုးမင်း လာပြောဖို့ကောင်းတယ် ... ”

“ဒါကတော့ လေးလေးမြင့် ကျွန်တော့်အပေါ် စိတ်လည်မလားလို့ မျှော်လင့်တာရယ် ... ဖေဖေဟာ စောမရသိုက်ကို စိတ်ဝင်စားနေတော့ အကြောင်းကြားလိုက်ရင် ကျွန်တော်တို့ တစ်ဖွဲ့လုံးမိသွားမယ် ... ဖေဖေ့အကြံအစည်လည်း ပျက်သွားမှာပေါ့ အန်ကယ်(လ်) ... နောက်ဆုံး ရွှေရလာရင် သားနှစ်ယောက်ကိုပဲ ခွဲပေးမှာဘဲ ... ကျွန်တော်



က သူတို့နဲ့ ဆက်မလိုက်ချင်တော့ဘူး ... ဒါပေမဲ့ လေးသေးရေတိမ်နစ်သွားမှာစိုးလို့ ဝင်ပြောရတာ”

ဝင်းမောင်ထွန်းက ... ပဒ္မချောင်းကိုသွားလိုလှပြီ။ ချိုးဆက်က လက်ဝါးကာပြ၍ ငြိမ်နေရပြန်ပါလေ၏။

“ဒီနေ့မနက် ရဲဗန္ဓုတို့စခန်းကို ရိက္ခာလာပို့တဲ့ လှည်းကို မောင်ကျော်စိုးမင်း သတိထားမိလိုက်သလား ... ”

“လှည်းသမား သာအေးကို ဗိုလ်ဘသိန်းကိုစ္စနဲ့ ရိုက်တယ် ရေနံဆီပုံးက ပေါက်လာတော့ တဲမှာနှိပ်စက်ပြီး ချုပ်ထားလိုက်ပြီ။ ဒီဘက်က အစိုးရတပ်တွေ ရေနံဆီအနံ့ခံပြီး လိုက်လာလိမ့်မယ်ဆိုပြီး ဒီညစခန်းပြောင်းလိမ့်မယ် ... ”

“ဒါဆိုရင် မောင်ကျော်စိုးမင်းတောင် အသက်အန္တရာယ်ရှိလာနိုင်ပြီ ... ”

“မှန်ပါတယ် အန်ကယ်(လ်) ... ဖေဖေက ရဲဗန္ဓုကို မလှန်ရဲပါဘူး ... ဖေဖေက မသတ်ရင်တောင် သေစေချင်မှာပါ သူက ရဲဗန္ဓုလူဖြစ်နေတယ် ... အမှန်အတိုင်းပြောရရင် ကျွန်တော့်မှာ ပစ္စတိုလ်တစ်လက်ပါတယ် ... အန်ကယ့်ဆီဝင်လာရင် မသင်္ကာဖြစ်မှာစိုးလို့ ဗိုလ်တဲအပြင် ချုံပုတ်ထဲမှာ ဝှက်ထားခဲ့တယ် ... ”

“ကောင်းပြီလေ ... ဒီလိုလုပ် ... အဲဒီပစ္စတိုလ်နဲ့ မောင်ကျော်စိုးမင်း တမူးက ဌာနပိုင်ဆီမှာ လက်နက်ချအလင်းဝင်လိုက် လက်ဖျားနဲ့ စခန်းကမတို့စေရဘူး ... အန်ကယ်(လ်) တာဝန်ယူပါတယ် ... လောလောဆယ် ရဲအချုပ်ခန်းမှာတော့ ထားချင်ထားမလား၊ မသိဘူး ... ”

“ရပါတယ် အန်ကယ်(လ်) ... အချုပ်ခန်းထဲနေရတာ ...

www.burmeseclassic.com

www.burmeseclassic.com



ရဲဗန္ဓုရှန်က အကင်းဆုံးပဲ ...”

တကယ်က ဦးမျိုးဆက်ညာဏ်ကစားလိုက်ခြင်းဖြစ်၏။ အကယ်၍ လေးလေးမြင့်အား ကယ်တင်ခြင်း မအောင်မြင်ပါက ကျော်စိုးမင်းနှင့် အလဲအလှယ်လုပ်ရန်ဖြစ်ပါ၏။

“ရော့ ဒါဆို မောင်ကျော်စိုးမင်က မြေပုံကြမ်းဆွဲပြလိုက်”

ဖောင်တိန်နှင့်စာရွက်ကို ဦးမျိုးဆက်က ကျော်စိုးမင်းအား ကမ်းပေးလိုက်၏။ ကျော်စိုးမင်းက မြေပုံကြမ်းဆွဲပြ၍ ပြီးတော့ရှင်းပြပါ၏။

ဝင်းမောင်ထွန်းက ... ကျော်စိုးမင်းပြောသမျှ ထောင်ပြီး မြေပုံကြမ်းကို သိမ်းလိုက်၏။

“ကျေးဇူးတင်ပါတယ် ... ကိုကျော်စိုးမင်း”

ဝင်းမောင်ထွန်းက ခရီးအတွက် ပစ္စည်းများကို ဖြည့်စွက်သည်။ လိုရမယ်ရ ဆေးသေတ္တာထဲမှ အဆိပ်ဖြစ်သော ဆေးပုလင်းကို ယူ၍ ထည့်လိုက်၏။

မိမိအနေနှင့် မလွတ်လျှင် သူတို့အသတ်မခံ။ ကိုယ့်အဆိပ်ကိုယ်သောက်၍ အသက်သေလိုက်မည်။

ဂျစ်ကားဖြင့် ... အားလုံးထွက်ခဲ့ကြသည်။ မိုယ်အတွက်တွင် ကျော်စိုးမင်း ဝှက်ထားခဲ့သော ပစ္စတိုလ်ကိုရှာ၍ သူ့အား မပေးဘဲ ဦးမျိုးဆက်လက်သို့သာ ဝင်းမောင်ထွန်းအပ်လိုက်ပါလေ၏။



တောကြီးမျက်မည်းထဲတွင် ညအချိန် တစ်ယောက်တည်းရှိနေခဲ့သည့်အတွက် အားငယ်မိသလိုတော့ ဝင်းမောင်ထွန်း ဖြစ်မိသည်။

မြေပုံကို ဝင်းမောင်ထွန်း လက်နှိပ်မီးအသေးစားကလေးဖြင့် ထပ်မံ၍ ကြည့်လိုက်သည်။ ရေဒီယိုကိုဇုတ်ကာ ... ဆစ်ဂနယ်(လ်)ကို နားထောင်ကာ လျှောက်ခဲ့၏။ စခန်းသို့နီးကပ်သာချိန်တွင် ရေနံဆီအနံ့ကို ရသေးသည်။ သို့သော် နောက်ထပ်လုံးဝမရပါလေတော့။ တစ်နာရီခန့်အကြာတွင် ယူးချောင်းရောက်လာခဲ့သည်။

ကိုက်(၃၀)ခန့်အကွာတွင် သစ်ပင်များအုံ့ဆိုင်းနေ၏။ မြေပုံအရ တောင်ဘက်မြေစိုက်တဲက သာအေးအား ချုပ်ထားသော တဲဖြစ်ရမည်။ ကပ်လျှက်မြေစိုက်တဲက အစောင့်တဲဖြစ်မည်။ မြောက်ဘက်အစွန်ဆုံး ခြေတံရှည်တဲသာလျှင် လေးလေးမြင့်အားထားရှိချုပ်နှောင်သော တဲဖြစ်ပေလိမ့်မည်။

ကင်းစောင့်များက ညပိုင်းဆိုလျှင် အရက်မူးနေတတ်သည်ဟု ကျော်စိုးမင်းပြောခဲ့သည်။ ကင်းစောင့်များ၏ လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားမှုကို မတွေ့ရပေ။ မြေစိုက်တဲနှစ်လုံးကို သူ ပိရိစွာ ကျော်ဖြတ်နိုင်ခဲ့သည်။ တဲအဆောက်အအုံနားကပ်မိမှ ကိုယ်ကိုမတ်ကာ တဲနံရံကိုကပ်လိုက်သည်။

"အမယ်လေး၊ အသက်ရှယ်ထွက်လိုက်ပါတော့၊ ရေ ... ရေ"

မချိမဆုံ့ညည်းညူသံကြီးကို သူကြားလိုက်ရသည်။ သာအေးအသံပဲဟု ခန့်မှန်းလိုက်သည်။ ကြောင်တစ်ကောင်လိုတဲအနီးသို့ ချဉ်းကပ်ပြီး တံခါးကို ဖွဖွလေးတွန်းကြည့်သည်။ တံခါးပွင့်သွားခဲ့၏။

"အမယ်လေး လေး ... အသေသာသတ်လိုက်ပါတော့ ရေ ရေ ... "

လက်နှိပ်ဓာတ်မီးကိုအဝတ်အုပ်၍သူထိုးကြည့်သည်။ လား လား ... ရဲဇန္နတို့ လူမဆန်စွာ နှိပ်စက်ထားသော သာအေးကို အလင်းပျပျဖြင့် မြင်ရ၏။

"ဖြစ်မှဖြစ်ရလေဗျာ ... "

"ဘယ်သူလဲဟင် ... "

"ကျွန်တော်လေ ... တမူးရဲစခန်းမှာ တွေ့ခဲ့တဲ့ ဒေါက်တာဝင်းမောင်ထွန်းပါ ကိုသာအေး ... "

"ဟာ ... ဆရာ့ကိုပါ သူ ... သူတို့ဖမ်းပြန်ပြီလား"

"ကျွန်တော့်ကို သူတို့မဖမ်းမိပါဘူး ... ကိုသာအေးကိုကယ်ဖို့ရောက်လာတာပါ ... "

"မကယ်နဲ့ ဆရာ ... ကျုပ်သေမှာဘဲ ... ရေ ... ရေသောက်ပါရစေ ... "

ဝင်းမောင်ထွန်း ရှေ့ရှာ၍ တိုက်လိုက်သည်။ ရေကိုသူမျိုနိုင်ရှာပါ၏။



"သူ ... သူတို့ ကက်သာလမ်းခွဲ ဘုရားပြုစခန်းကနေ ဆရာတို့ကို စောင့်ပြီး တိုက်လိမ့်မယ် ... သူတို့အဲဒီကိုအပြောင်းရွှေ့ကြမှာ ... ပြေး ... ပြေးပါတော့"

ထိုစဉ်မှာပင် တံခါးပေါက်မှ အာလေးလျှာလေးနှင့်ကားပြောသံကြားရသည်။ ဝင်းမောင်ထွန်း ဇွေကြည့်သည်။ ထင်းပုံဘေးမှ အရက်ပုလင်းထဲသို့ ပါလာသော အဆိပ်ကို ထည့်လိုက်သည်။ သေနတ်ပါသော်လည်း အသံထွက်မည်စိုး၍ သူ မသုံးရဲ။တတ်နိုင်ပြီ။ သူ့အသက် ကိုယ့်အသက်မဟုတ်ပါလား။ တံခါးဘေးသို့ သူပြေးကပ်သည်။

အစောင့်တစ်ယောက်လက်ထဲတွင်လက်နှိပ်ဓာတ်မီးလာသည်။ တံခါးက ဝင်သည်နှင့် သာအေးရှိရာသို့ထိုးကြည့်သည်။

"ဟ ... ဒီကောင်ကြွသွားပြီ ... "

"ဖြစ်နိုင်တယ် ... အသေအချာကြည့်စမ်း ... "

"ဖြစ်နိုင်တယ် ... အသေအချာကြည့်စမ်း ... "

"သေပြီကွ ... သေချာတယ် ... ရဲဇန္နကိုသွားအကြောင်းကြားရမယ် ... "

"သေနေပြီပဲ ... တို့တစ်ပတ်ကျော့ပြန်လာတာ လက်ကျန်လေးရှင်းရအောင်ပဲကွာ ... မင်းလက်နှိပ်ဓာတ်မီး ပိတ်ထားစမ်းပါ ... ပြီးမှ အကြောင်းကြားလည်းဖြစ်ပါတယ်"

အစောင့်နှစ်ဦး အရက်ပုလင်းကို အမှောင်ထဲယူသွား၍ သောက်လိုက်ကြသည်။

"ဟာ ... ဒီတစ်ချီပြင်းလှချည်လား ... ခွီး ... ခွီး"

"အေးပေါ်ကွာ ... ဒါမြေမြှုပ်မီးတောက် ထန်းလျက်အစစ်လေ ... ပြင်းမှပြင်း ခွီး ... ခွီး ... "

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာ တွန်းတိုးရုန်းကန်သံများ ကြားရပြီး ငြိမ်သက်သွားခဲ့၏။ ရဲရဲတင်းတင်းပင် လက်နှိပ်ဓာတ်မီးဖြင့် ဝင်းမောင်တွန်း ထိုးကြည့်၏။ သွားပြီပေါ့။ တုံးလုံးပက်လက်။

လူဆိုးများထံမှ ပစ္စတိုလ်တစ်လက်ပဲတွေ့ရသည်။ အခြားဘာမျှ မတွေ့ရ။ သာအေးအလောင်းနှင့် မနီးမဝေးတွင် ဓာတ်ဆီတစ်ပုံးတွေ့ရသည်။ ဓာတ်ဆီပုလင်းအဝကို ပိတ်ထားသည့် အဖုံးကို မဟာတဟာလေး ဖွင့်ထားခဲ့သည်။

ငှင်းနောက် တဲအတွင်းရှိ ထင်းခြောက်များကို ... သည်။ ထင်းအလယ်တွင် ဖယောင်းတိုင်မီးကို တစ်ဝက်ဖြတ်ထွန်း ခဲ့သည်။ မီးကုန်လျှင် ထင်းပုံကို မီးစွဲမည်။ ထိုမီးမှ ဓာတ်ဆီပုံးကိုစွဲပြီး တဲမီးလောင်စေရန်ဖြစ်ပါ၏။

တဲမှထွက်ကာ မှောင်ရိပ်ခိုပြီး လေးလေးမြင့်ရှိရာ ခြေတံရှည်တဲသို့ ကူးခဲ့ရသည်။ တဲနှင့် ကိုက်လေးငါးဆယ်ခန့်တွင် ရှည်မျောမျော မည်းမည်းသဏ္ဌာန်တစ်ခုကို ဝင်းမောင်ထွန်းတွေ့ရ သည်။ လှေပဲဖြစ်နိုင်၏။ လေးလေးမြင့်ကို ကယ်ပြီးလျှင် ယူးရှောင် အတိုင်း လှေဖြင့် ပြေးမှဖြစ်မည်။ လှေမရှိလျှင် ရေကူး၍သာ ပြေး မည်ဖြစ်ပါ၏။

အနှောင့်အယှက်ကင်းနေခဲ့သည်။ ဒုတိယမြေစိုက် တဲတွင် စုဝေးနေခြင်းပဲဖြစ်လိမ့်မည်ထင်သည်။ အစောင့်များမရှိ စခန်းပြောင်းရန် တိုင်ပင်နေကြခြင်းဖြစ်နိုင်ပါ၏။

တဲတံခါးက အပြင်မှ ဝါးလုံးထိုးထားခြင်းမျှသာ လွယ်ကူစွာဖွင့်ပြီး ဝင်းမောင်ထွန်း တဲအတွင်းသို့ ဝင်လိုက်သည်။ လက်နှိပ်ဓာတ်မီးကို ပဝါအုပ်၍ ထွန်းသည်။ လေးလေးမြင့်ကိုရှာ သည်။



တွေ့ပေပြီ။ ရင်ထဲနင့်ခနဲဖြစ်ရပါ၏။ သူမ လက်နှစ် ဖက်ကို ပူးချည်ပြီး ကြိုးကိုတဲခေါင်မိုးတစ်ခုနှင့် ချည်ကာ တွဲလောင်း ချထားခြင်းဖြစ်သည်။ ခြေကျင်းဝတ်ကိုပူးကာ ကြိုးချည်ထားပါ၏။

ကြိုးကို ဝင်းမောင်ထွန်း ဖြတ်လိုက်သည်။ ပင်ပန်း ခြင်းကြောင့် လေးလေးမြင့် အိပ်ပျော်နေခဲ့ရှာသည်။ သူမပါးစပ်ကို ဝင်းမောင်ထွန်း လက်ဖြင့်အုပ်ကာ နှိုးသည်။ စူးစူးဝါးဝါးထအော်လျှင် ခက်မည်။

"လေးလေး ... ကိုယ်ပါနော် ..."

"အင်း ... ဟင် ... ဘယ်သူ ..."

"အသံမထွက်နဲ့လေ ... ကိုယ်ပါ ထွန်းထွန်း ... ကိုထွန်း လေ"

အင့်ခနဲရှိုက်သံ လေးလေးမြင့်ထံမှထွက်လာခဲ့သည်။

"မငိုနဲ့တော့ လေးလေးနဲ့ ... လေးလေးရဲ့လက်က ကြိုးနဲ့ ချည်ကာ ကြိုးဖြတ်ရဦးမယ် ... ပြီးတော့ ဒီကနေပြေးကြရမှာ အသံကိုကြားလို့မဖြစ်ဘူး ..."

ဝင်းမောင်ထွန်း သွက်လက်စွာ ဓားမြှောင်ဖြင့် ကြိုးများကို ဖြတ်လိုက်တော့သည်။

"ကို ... ကိုထွန်းရယ် လေးလေး ဒီဘဝမှာ ပြန်မှတွေ့ရပါ တော့မလားလို့ ..."

"ကဲ ... လေးလေး ... နောက်ရန်မအေးသေးဘူး ... ကိုယ် တို့ပြေးကြရမယ် ..."

ယင်းအချိန်မှာပင် ... ။

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယမြောက်တဲတွင် စခန်းပြောင်းရန် ဆွေးနွေးနေခဲ့ကြသည်။ အပေါ်အပါးသွားရန် တဲအတွင်းမှ ဗိုလ်ငကျော်အထွက်၊ သာအေးတဲမှ မီးရောင်ကို တွေ့မြင်ခဲ့ပါ၏။

"ဟေ ... သာအေးတဲမှာ မီးရောင်တွေ တွေ့တယ် ..."

"အစောင့်တွေသွားကြတယ် မဟုတ်လား ..."

"ဟုတ်တယ် ရဲဗန္ဓု ... စည်းဝေးပွဲကျင်းပတုန်း ကျော့မောင်နဲ့ တင်ကိုကို စောင့်နိုင်းထားတယ် ... ဒီကောင်တွေ ခွက်ပုန်းနေပြီထင်တယ် ... အထဲမှာ ဓာတ်ဆီးပုံးတွေရှိလျက်နဲ့ မဆင်မခြင်ကွာ ... ဗိုလ်ကြည်မြင့်နဲ့ ချန်ထွန်းက ဟိုဘက်တဲသွား မီးငြိမ်း ... ကျော့မောင်နဲ့ တင်ကိုကို ဌါးဆီခေါ်လာခဲ့ ..."

"ဟေ့ ... အခု ဗိုလ်ကျော်ကိုယ်တိုင် ကောင်မလေးတဲကိုသွားစမ်း ... ဟိုနှစ်ကောင်ကို ငါ့ဆီပဲခေါ်လာခဲ့ ..."

ရဲဗန္ဓုက အော်ပြောလိုက်သည်။ ကိုယ့်တာဝန်နှင့်ကိုယ် ပြေးကြရ၏။ ဗိုလ်ငကျော်က ခါးမှပစ္စတိုလ်ထုတ်ကာ ပြေးပါလေ၏။

"ဟော ခြေသံကြားတယ် ... လေးလေး ... ပြေးလာတဲ့ခြေသံပဲ ..."

မတတ်နိုင်၊ ရင်ဆိုင်ဖို့သာရှိတော့သည်။ ပွင့်နေသောတံခါးသို့ ဝင်းမောင်ထွန်း စူးရဲစွာကြည့်နေခဲ့သည်။

လက်နှိပ်ဓာတ်မီးနှင့်အတူ ပစ္စတိုလက်ကိုင်လက်အကိုကို တွေ့ရသည်နှင့် ဝင်းမောင်ထွန်းက အသင့်ပြင်ထားသောပစ္စတိုလ်သေနတ်နှင့် ပစ်ချလိုက်တော့၏။

"ဒိုင်း ... ဒိုင်း ..."

ယမ်းနံ့များ ညော်ထွက်သွားသည်။ လေးလေးမြင့်အက်ကိုဆွဲကာ တဲမှထွက်ပြီး လှေရှိရာသို့ ဝင်းမောင်ထွန်းပြေးခဲ့တော့သည်။

"ခဏနေဦး ... လေးလေး အရင်ပြေးနှင့် ... ဟိုမှာတွေ့လား ... အဲဒါလှေပဲ ..."

"အတူတူပြေးရအောင်ပါ ကိုထွန်းရယ် ..."

"ဖျက်ဆီးနိုင်သလောက် ဖျက်ဆီးခဲ့မှဖြစ်မှာ ... ဒါမှဖြစ်မယ်လေ."

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမောင်ထွန်း ဂျာကင်ကိုချွတ်သည်။ ကုပ်အင်္ကျီ ပါချွတ်၏။ စစ်လွယ်အိတ်ထဲပါလာသော အရက်ပုံုလင်းကို ထုတ်၍ အင်္ကျီများပေါ်သို့ ဖြန်းသည်။ ထို့နောက် မီးရှို့ကာ တဲအတွင်း ပစ်ပေါက်ထည့်လိုက်သည်။

အော် ... ဒီကောင်မလေးထုံပေပေ ကတ်တတ်တ လိုက်နေသေးသည်။ လေးလေးမြင့်က နေရာမှမရွေ့။ သူ့ကို စောင့်နေသည်။ လေးလေးအချစ်ကို သူမြင်ရပြီ။ သေအတူ ရှင်အတူ ပေါ့။

သူတို့နှစ်ဦးပြေးနေစဉ်မှာပင် သာအေးတဲမှ ပေါ ကွဲသံတွေ ထွက်လာသည်။ မီးလောင်နေခဲ့ပြီ။ ဗုံးပေါက်ကွဲနေခြ ဖြစ်နိုင်၏။

ပွက်ပွက်ထ ဆူညံနေခဲ့ပြီ။

သူတို့နှစ်ဦး လှေပေါ်သို့ တက်နိုင်ခဲ့သည်။ လှေ ကို ခါဖြင့်ဖြတ်လိုက်၏။ လှေက ရေစီးအတိုင်းမျောပါနေခဲ့လေ

နောက်မှတစ်ဦးတစ်ယောက်မျှ ... လိုက်နိုင်ခြ လေတော့။ ခြေတံရှည်တဲကြီး ပေါက်ကွဲမီးလောင်နေခဲ့ပြီ။ လှေ မှာပင် လေးလေးမြင့်နှင့် သူအလွမ်းသယ် အနမ်းမိုးရွာချခဲ့ပါ တော့ပြီ။



## အခန်း (၂၃)

တော်ကကြြက်ပဲဖြစ်ဖြစ် မြို့ပေါ်ကကြက်ပဲဖြစ်ဖြစ် တွန်းလာလျှင် အောက်အီး အီးဘွတ်ဟူ၍ အော်ကြစမြဲပဲဖြစ် အပေါ်တည့်တည့်သစ်ကိုင်းမှ တောကြက်ဖတွန်သံကြောင့် လေးမြင့်နှင့် ဝင်းမောင်ထွန်းတို့ နိုးလာခဲ့ကြသည်။ လေးလေး က ဝင်းမောင်ထွန်း၏ရင်ခွင်ထဲမှ လူးလဲထလိုက်သည်။ သူမ နှာတ ရှက်သွေးကြောင့် နီရဲလာ၏။

“လေးလေးနိုးပြီလား ... ကိုယ်နိုးတာကြာပြီ ... လေးလေး ဖက်ထားတော့ အိပ်ပျက်သွားမှာစိုးလို့ ငြိမ်နေခဲ့တာ ... ”

ဝင်းမောင်ထွန်းနှင့် လေးလေးမြင့်တို့ ရေဘူးထဲမှရေ ျက်နှာသစ်သန့်စင်လိုက်ကြသည်။ ညက တစ်ချိန်လုံး နိုးကာ တစ်ဦးနှင့်တစ်ဦး ရှိနေခဲ့သော်လည်း စောင့်စည်းဆိန်းသိမ်းနိုင် သည်။ ယူးချောင်းကို လှေစုန်မျှောလိုက်ပါခဲ့သည်ကို တွက်ချက် အရပ်မျက်နှာကိုမှန်းရသည်။ မသေချာလှ။ ဒါကြောင့်ပင် အသင့် ာသော ဘရိတ်မားလေးကို ရေဘူးခွက်ထဲသို့ အသာချလိုက် ည်။ ဘရိတ်ဓားက ရေပေါ်တွင်အပြားလိုက်။

“သိပြီ ... လေးလေး ... ”

“ဘာသိတာလဲဟင် ကိုထွန်း ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီရေခွက်ထဲက ဘရိတ်ခွားက တောင်နဲ့မြောက်ကို
နေတယ်လေ ... သူမှာ သံလိုက်ဓာတ်ရှိနေတဲ့အတွက်
တောင်နဲ့မြောက်ကို ညွှန်ပြခဲ့တာပဲ ..."

လှည်းလမ်းဘေးချုံပင်သစ်ပင်များကို တွယ်
လျှောက်ခဲ့ကြခြင်းဖြစ်သည်။

"ဟေး ... အစ်ကို ဟိုမှာကြည့်စမ်း ..."

ဂျစ်ကားတစ်စီးကို မြင်ရသည်။ လေးလေးမြင့်
ဆွဲ၍ ဝင်းမောင်ထွန်းပြေးတော့၏။ ကားက ဖုံ့ခနဲရပ်သွားခဲ့သည်။

"ဟာ ... လာပြီဟေ့ ... သ ... သမီးပါလာတယ် ..."

လေးလေးမြင့်က ဖခင်ဖြစ်သူကိုဖက်ကာ ရှိုက်
တငင်ငိုကြွေးပါလေ၏။ ဟိုင်းလုံက ဝင်းမောင်ထွန်းကို ဝမ်း
အားရပြေးဖက်၏။

"အစ် ... အစ်ကို ဘာမှမဖြစ်ဘူးနော် ..."

"ငါဘာမှ မဖြစ်ပါဘူး ... ဟိုင်းလုံ ... ငါဝက်ဝက်ကွဲအော
လုပ်ခဲ့တယ်"

ဖြစ်ပျက်သမျှကို လေးလေးမြင့်နှင့် ဝင်းမောင်ထ
တို့ တစ်လှည့်စီပြောခဲ့ကြ၏။

"အင်း ... ရှင်းပါပြီ ... တော်သေးတာပေါ့ကွယ် ... အဲ
ဘယ်မှာအိပ်ကြလဲ ..."

လွှတ်ခနဲ ဦးမျိုးဆက်မေးလိုက်သည်။

"အဲ ... ဟို ... ဟို ... အင်း ... သစ်ပင်အောက်မှာ"

လေးလေးမြင် ထစ်ထစ်အအပြောသည်။ ဝင်းမော
ထွန်း မျက်နှာပူပူနှင့် ဂျစ်ကားကို ဗိုလ်တဲအထိ မောင်းခဲ့ပါလေ
ဦးမျိုးဆက် ဆက်၍ မမေးပါလေတော့။



ဦးဖြိုးသာ ဗိုလ်တဲသို့ ပေါက်ချလာခဲ့သည်။ အထက်
ဘ ရဲဗန္ဓုတို့အဖွဲ့ကို ရှင်းလင်းတိုက်ခိုက်ရန် အမိန့်ကျလာခဲ့သည်။

ခက်သည်က သမီးချော လေးလေးမြင့်။ ဖျောင်းဖျရ
တော့သည်။ ခေါ်သွား၍မဖြစ်သည့်မို့ ဌာနမှိုင်ကြီးအိမ်တွင်ပင်
ထားခဲ့ရသည်။

ရဲဌာနအတွင်းမှာရှိသော ဦးဖြိုးသာ၏ အိမ်သို့ ဝင်
ရောက်လာကာ လေးလေးမြင့်ကို ဌာနမှိုင်ကြီး ဦးဖြိုးသာဇနီးနှင့်
မိတ်ဆက်ပေး၏။

"အဲ ... ဒီမိန်းမ ချောပါတယ်ဆိုမှ လူတွေ့နေတာတောင်
ကတ်သီးကတ်သတ်မေးရတယ်လို့"

အားလုံးပင် ရယ်မောမိကြသည်။

ဖခင်နှင့် ချစ်သူကို ခွဲရအံ့ဆဲဆဲ လေးလေးမြင့်ပင်
ချို့ငယ်လေးစွက်အောင်ပြုံးခဲ့ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

တမူးမှ စစ်သောင်သို့အသွား လမ်းကကြမ်းသည် ပြီးတော့ ချင်းတွင်းမြစ်ကို ဆန့်တက်ရသည်။ သစ်ထုတ်လုပ်ရေးပိုင် မော်တော်ဘုတ်ဖြင့် ခရီးဆက်ခဲ့ခြင်းဖြစ်သည်။

ဟုမ္မလင်းသို့ ညခုနစ်နာရီတွင်ရောက်သည်။ က… သာသို့ ဟုမ္မလင်းမှ ရဲသားတစ်ဦးတောင်းခံပြီးကူးခဲ့သည်။

ကက်သာမှ တစ်ညအိပ်သည်။ နောက်တစ်နေ့ ဆ… ခုနစ်ကောင်ငှားပြီး ဘုရားပြို့သို့ ချီတက်ခဲ့ကြသည်။

လမ်းကကြမ်းမှကြမ်း။ သို့တစေ ခရီးပြင်းနှင်ခဲ့… သည်။ ဘုရားပြို့ရောက်တော့ ညနေဆည်းဆာချိန်ရောက်ခဲ့ပြီ။ ည… ချက်ပြုတ်နေစဉ်မှာပင် ဦးမျိုးဆက်နှင့် ဦးဖြိုးသာတိုင်ပင်ကြသည်…

လှည်းလမ်းတစ်ဖက်တစ်ချက်ရှိ အုတ်တံတိုင်း… အုတ်ရိုးပျက်များကို အမာခံနေရာအဖြစ် ရွေးခဲ့ကြ၏။ အဝေါ… တောင်ပူစာအမြင့်ပိုင်းလည်း ဖြစ်ပါ၏။ တိုက်ပွဲကို ဦးမျိုးဆက်… ဌာနပိုင်ကြီး ဦးဖြိုးသာတို့က ဦးဆောင်သည်။ အသုတ်ခွဲ၍ ထ… စားလိုက်ကြ၏။

ထိုအချိန်တွင် အလှည့်ကျကင်းစောင့်စေ၏။



ဦးမျိုးဆက်၊ ဟိုင်းလုံ၊ တော်မီးဂန်းကိုင်ရဲကြပ်ကြီးနှင့် …ိုင်ဖယ်ကိုင်ရဲသားနှစ်ဦး တစ်ဖွဲ့ခွဲသည်။

ဦးဖြိုးသာ၊ ဘရင်းကိုင်ရဲကြပ်ကြီးနှင့် ရိုင်ဖယ်ကိုင်ရဲ …သားငါးယောက်က တစ်ဖွဲ့ ဖြစ်ပါ၏။

ညရှစ်နာရီထိုးသွားပြီ။ အခြေအနေက စတင်ထူး …ခြားလာခဲ့တော့၏။

"ဦးကြီး … ဦးကြီး … ကျွန်တော်မြင်တယ်ဗျ …"

ဟိုင်းလုံကတွားတက်လာရင်း ဦးမျိုးဆက်နှင့် ဝင်း …မောင်ထွန်းကြားသို့ တွားဝင်ကာပြောလိုက်သည်။

"ဘာမြင်တာလဲ ဟိုင်းလုံ …"

ဟိုင်းလုံ့ဆီမှ မှန်ဘီလူးကိုယူ၍ ဝင်းမောင်ထွန်း …ကြည့်လိုက်၏။ မြင်ကွင်းက ပီသလာသည်။

"ဟုတ်တယ် အန်ကယ်(လ်) … လူတွေနဲ့ မြင်းတွေပဲ။ မြင်း တွေအပေါ်စီးလာတာမတွေ့ရတော့ လားတွေဖြစ်နိုင်ပါ တယ် …"

စကားဖြတ်ပြီး သူရေတွက်ကြည့်၏။

"အားလုံး လူဆယ့်တစ်ယောက်နဲ့ လားငါးကောင်ပဲ အန် ကယ်(လ်) …"

"သေနတ်တွေပါလား …"

"အဲဒီလောက်တော့ မသဲကွဲဘူး … ဗန္ဓုတို့အဖွဲ့ပဲဖြစ်မှာပါ ဒီကိုလာမယ်ဆိုတာ သာအေးဆီကကြားခဲ့ရတာပဲ"

ဟိုင်းလုံကို ဦးဖြိုးသာတို့အဖွဲ့သို့ အကြောင်းကြား …စေလိုက်သည်။

"ရောသံကြားတာနဲ့ ပစ်လို့သာပြော ဟိုင်းလုံ … ဆလိုက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်ထိုးပါလို့လဲပြော ... ကြားလား"

ဟိုင်းလုံ တွားသွားကာ ထွက်ခွာသွားသည်။

ဝင်းမောင်ထွန်းက မှန်ပြောင်းဖြင့်ကြည့်ရင်းမှ ...

"ကိုက်တစ်ရာ ဒီဘက်မှာရောက်ပြီ အန်ကယ်(လ်) ..."

ရှီး ...

ဒိုင်း ... ဒိုင်း ... ဒိုင်း ...

ဒက်၊ ဒက် ... ဒက် ... ။

ဗန္ဓုတို့အဖွဲ့အငိုက်မိလေပြီ။ တွေခနဲ ထွေးခနဲ လဲကျသွားသည်ကို မြင်နေရသည်။

ဦးမျိုးဆက်က သူ၏ ၃၇၇ ရိုင်ဖယ်နှင့် တျောကျွန်းထိုင်ကာလားနောက်မှ ဘုရင်းဂန်းသမားကို ပစ်ချလိုက်သည်။

နွားငွေ့ခံရသလို မြေပြင်တွင် သုံးလေးပတ်လူးလွန့်ပြီး ဘရင်းဂန့်ပစ်သူ ငြိမ်ကျသွားသည်။

နောက်တစ်ယောက်က ... ဘရင်းဂန့်ကို ပြေးအကောက် ဦးမျိုးဆက်က ထပ်မံ၍ ပစ်လိုက်သည်။ ကားခနဲပစ်ကျသွားပြန်သည်။

အမြင့်မှ လက်ပစ်ဗုံးပစ်ရသည်က တပန်းသာလှသည်။ ဗန္ဓုတို့ဘက်မှလည်း ဗုံးဖြင့်ပစ်သည်။ သူတို့ဗုံးနှင့် သူတို့ပြန်ထိမှန်ရသည်။

အုံးခနဲပေါက်ကွဲသံတွေနှင့်အတူ ရန်သူတွေ ကျဆုံးသွားကြသည်။

နာရီဝက်ခန့်အကြာ အပစ်အခတ်မရှိတော့။ ကျန်ရှိနေသည့် ရန်သူတွေ ဆုတ်ခွာသွားကြသည်။ ဦးမျိုးဆက်နှင့် ဦးဖြိုးသာတို့အဖွဲ့ နှစ်ဖွဲ့ပြန်၍ ပေါင်းသည်။ မသေဘဲ ကျန်နေသည့် လား



…ခွင်တွေကို ဖမ်းရဦးမည်။ ရန်သူတွေ၏ ကျဆုံးအလောင်းများ၊ …ဏ်ရာရသူတွေကို ကောက်ကြရ၏။

"ဒေါက်တာရေ ... ဒဏ်ရာရတဲ့ ကောင်ဆိုရင် ဒေါက်တာ့ဆီပို့လိုက်မယ် ... ဒီဘုရားပျက်ထဲကပဲ ဒေါက်တာစောင့်ပေးပါ ... မသေသင့်တဲ့လူ မသေရအောင်ပေါ့ ... တရားဥပဒေအပြစ်ပေးတာကို ဆက်ခံပလေ့စေပေါ့ဗျာ ..."

ဦးဖြိုးသာက တိုက်စဉ်ကအသေအကျေစိတ်ရှိသော်…ည်း တိုက်ပွဲတွင် ဒဏ်ရာဖြင့်ကျန်ခဲ့သူကို ဥပေက္ခာပြုလိုစိတ်မရှိ…။

ဝင်းမောင်ထွန်း စီးကရက်မသောက်တတ်သော်…ည်း စိတ်ပြေလက်ပျောက်စေတော့ဟူသော အတွေးဝင်ကာ မီး…၍ စီးကရက်ကို သောက်ရန်ပြင်မိလိုက်၏။

မီးခြစ် ခြစ်လိုက်စဉ်မှာပင် ဒိုင်းခနဲသေနတ်သံထွက်…၁ နံရံပျက်ကို ထိမှန်ခဲ့သည်။ ချက်ချင်း မီးခြစ်ကိုငြိမ်းသည်။ မိမိ…နှင့် မနီးမဝေးတွင်ရှိသော ရန်သူက မီးခြစ်အလင်းရောင် ရှိရာသို့…ချိန်း၍ပစ်ခြင်းပဲဖြစ်ပါ၏။

ဝင်းမောင်ထွန်းခါးကြားမှ ခြောက်လုံးပြူးကို ဆွဲ…ထုတ်ကာ မျက်စိကို ဝေ့ကြည့်လိုက်သည်။

မိမိနှင့် မနီးမဝေးရှိ သိမ်ပျက်လို အဆောက်အအုံထဲ…သို့ ပြေးဝင်သွားသည့် အရိပ်မည်းတစ်ခုကို တွေ့လိုက်ရသည်။ ချက်…ချင်း သူသိမ်ပျက်ထဲသို့ ပြေးဝင်လိုက်သည်။ လှစ်ခနဲ ဝင်ခဲ့ပြီး ဝင်း…မောင်ထွန်း ပြန်မထွက်ရဲတော့။ ထွက်ခဲ့လျှင် ပစ်ကွင်းဖြစ်နေပြီ။

အပြင်မှာက လင်းနေခဲ့သည်။ အမှောင်ထဲမှ အလင်း…ထွက်သူအတွက် အရှုံးကများနေခဲ့ပြီ။ ရန်သူနှင့် ဝင်းမောင်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးလှုပ်ရှားမှုကို တစ်ဦးစောင့်ကြည့်နေကြသည်။ အချိန်ကြ
သွား၏။

ရန်သူကပင် စတင်လှုပ်ရှားတော့သည်။ သိမ်ပျက်
ထဲ ကြာရှည်မနေရဲ။ ရဲအဖွဲ့ ဆလိုက်မီးထိုးပြီးဝင်လာသည်။ ရန်သူက
ခဲတစ်လုံးကို တစ်နေရာသို့ ပစ်မြှောက်လိုက်သည်။ ရိုးနေပြီ။ ဝင်း
မောင်ထွန်းက ခဲကျရာသို့ မပစ်ခဲ့။

လက်ဝဲလက်ဖြင့်သေနတ်ကိုင်ထားခဲ့သည်။ နောက်
ခဲတစ်လုံးကျလာလျှင် မောင်းခွဲချမည်။ မီးပွင့်လာသည့် လက်
တစ်ကမ်းမျှ ရန်သူကပစ်လျှင် ကျည်ဆန်က လက်တစ်ဆန့်အကွာ
ကိုသာ ရောက်နိုင်ပေမည်။

ခဲတစ်လုံးကျလာသည်။ ဝင်းမောင်ထွန်းက ခဲကျ
ရာသို့ပစ်၏။ တစ်ချိန်တည်းမှာပင် သေနတ်ကို ညာလက်ဖြင့် ပြောင်း
ကိုင်ပြီးဖြစ်သည်။ နှစ်ချက်ပင် ရန်သူက ဆက်ပစ်သည်။ အော်တို
မက်တစ် မောင်းပြန်ပစ္စတိုလ်မှ ထပ်ဆင့်အပစ်ထွက် လွယ်လှသည်။
နှစ်ချက်ပစ်ခြင်းသည် မီးနှစ်ခါပွင့်စေသည်သာ။

“ဒိုင်း ... ”

“အား ... ”

ဝင်းမောင်ထွန်းက မီးနှစ်ပွင့်ဆင့်ပွင့်ရာသို့ တစ်ချက်
တည်းပင် ထိုးပစ်ချလိုက်သည်။ ရန်သူအငိုက်မိသွားသည်။ ဆင်ထွက်
ထဲသို့ တန်းဝင်၏။

ရန်သူက ကိုယ်တစ်ရွှတ်ဆွဲပြီး သိမ်ပျက်မှ ထွက်
ပေါက်ဆီသို့ လျှောက်သွားသည်။ ကောင်းကင်မှ အလင်းဖြင့် သူ့
ကိုယ်ခန္ဓာကို မြင်နေရသည်။

“ဟေ့လူရပ် ... လက်နက်ချပါ ... ”



“ဘာကွ ... ဆရာဝန်စုတ် ... မင်းကြောင့် တို့အားလုံး ဆုံးရှုံး
ရတယ် ... စခန်းမီးလောင်ရာမှာ လက်နက်ကြီးတွေပါသွား
တယ် ... အဲဒါ မင်းကြောင့်ဘဲ ... ”

ရန်သူက ဒဏ်ရာကြားမှ ပစ္စတိုလ်ဖြင့် ပစ်ခတ်ရန်
မြှောက်လာသည်။ မတတ်သာတော့ပြီ။ ပစ္စတိုလ်သေနတ်က အော်
တိုမစ်တစ် ကျည်ထွက်မြန်သည်။

“ဒိုင်း ... ဒိုင်း ... ”

“ဒိုင်း ... ”

ဝင်းမောင်ထွန်းက အရင်ဦးအောင်ပစ်သည့်တိုင် ရန်
သူက ကြိုးစားပစ်ခတ်သေး၏။ သူ့လက်မမြန်လျှင် သွားပြီ။

ရန်သူ ပုံးခနဲ လဲကျသွားသည်။ ပက်လက်ကျသွား
ပြီး လူးလွန့်နေသေး၏။ ခဏအကြာ ငြိမ်သက်သွားတော့သည်။
သေနတ်ကို ချိန်၍ ရန်သူအနီးသို့ ချဉ်းကပ်ကပ်ခဲ့သည်။ သေပြီမှန်း
စိတ်ချမှ ဖောင်တိန်ဓာတ်မီးလေးဖြင့် ရန်သူ၏ မျက်နှာကို ဝင်း
မောင်ထွန်းထိုးကြည့်လိုက်၏။

ကျော်စိုးမင်းနှင့် ချွတ်စွပ်တူလှသည်။ ဒါ ကျော်စိုး
မင်းအစ်ကို အောင်စိုးမင်းဆိုတာ သေချာသွားပြီ။ အောင်စိုး လက်
ထဲမှ ပစ္စတိုလ်ကို ဆွဲယူလိုက်သည်။

ပစ္စတိုလ်ဒင်သားပေါ်တွင် “ဗီ”အက္ခရာထွင်းထား
သည်။ အဓိပ္ပါယ်ကို ဝင်းမောင်ထွန်းမသိ။

“အစ်ကို ... ”

“ဟင် ... ဟိုင်းလုံ ... ”

“ဟုတ်တယ် ... အစ်ကိုကို စိတ်မချလို့ လိုက်လာတာ။ အစ်
ကို့လက်ထဲက ပစ္စတိုလ်ကို ကျွန်တော့်ကိုပေးပါလား ...

www.burmeseclassic.com

www.burmeseclassic.com



ဦးဖြိုးသာတို့မှာ သိမ်းလို့ရတဲ့ သေနတ်တွေ အများကြီးဘဲ"

"ရော့ကွာ ..."

ဝင်းမောင်ထွန်းက ပစ္စတိုလ်သေနတ်ကို ဟိုင်းလုံအားပေးလိုက်ပါ၏။

အောင်စိုးကိုယ်ကို ရှာဖွေကြည့်သည်။ လက်ပက်မှာရှိတွင် "ဗ" အက္ခရာ ထွင်းထားသည်ကို တွေ့ရပြန်သည်။ ဘာကြောင့်ထွင်းထားသည်ကိုမသိ။

အောင်စိုးအိတ်ထဲမှ မြေပုံတစ်ပိုင်းကို တွေ့ရသည်။ တစ်ကြွမ်ကြီးရန်ကျော်၏ မြေပုံပင်ဖြစ်ရပေမည်။ မြေပုံက အလွန်ဟောင်းနွမ်းပြီး ခေါက်ရိုးကျိုးကြေနေခဲ့သည်။ ပြီးတော့ တောတွင်းအဖွဲ့ချင်း ဆက်သွယ်သည့် စာရွက်စာတမ်းများတွေ့ရသည်။ မြေပုံကိုအန်ကယ်(လ်)ဦးမျိုးဆက်ကို ပေးရမည်။ နာရီနှင့် စာရွက်စာတမ်းများကို ဌာနပိုင်ကြီး ဦးဖြိုးသာကို အပ်ရပေမည်။

အောင်စိုးအလောင်းကို ဟိုင်းလုံနှင့် ဝင်းမောင်ထွန်းတို့ ဌာနပိုင်ကြီးထံ သယ်ယူလာခဲ့သည်။

ဌာနပိုင်ကြီးအနေနှင့် အထက်တွင် မျက်နှာကောင်းရရုံမက ရာထူးပင် တက်နိုင်သော အောင်ပွဲဖြစ်နေ၍ တပြုံးပြုံးရှိနေသည်။

ရန်သူ့အလောင်းက ... အောင်စိုးအပါအဝင်(၆) လောင်းနှင့် ဒဏ်ရာရရှိသူ တစ်ဦးရသည်။ လားပါးကောင်အနက်တစ်ကောင်သေသည်။ လက်နက်၊ခဲယမ်းမီးကျောက်နှင့် ရိက္ခာများ သိမ်းဆည်းရမိသည်။

အလောင်းများကို ညတွင်းချင်းပင် ရေတွင်းပျက်ထဲသို့ ပစ်ချကာ အပေါ်အသင့်မြေဖို့ သင်္ဂြိုဟ်လိုက်ရ၏။ ည(၁၁)နာရီ



၌တွင် ကိစ္စအဝဝငြိမ်းအေးသွားသည်။

အများသူငါ အိပ်ချိန်မှာ မအိပ်နိုင်သူများက ကင်းသားနှစ်ယောက်၊ ဦးမျိုးဆက်နှင့် ဝင်းမောင်ထွန်းတို့ပဲဖြစ်သည်။

ဖယောင်းတိုင် ... ကိုယ်စီထွန်းက စာရေးကြသည်။ ဦးမျိုးဆက်က ချစ်သမီးလေး လေးလေးမြင့်ထံ မှာစရာရှိသည်မှာ ကြားရေးခြင်းဖြစ်သည်။

ဝင်းမောင်ထွန်းကမူ ချစ်သူထံသဝဏ်လွှာပါးသည် ဖြစ်ပါ၏။ မနက်မိုးလင်းသည်နှင့် ဦးဖြိုးသာနှင့်အဖွဲ့ ပြန်တော့မည်။

သည်တော့ ဦးဖြိုးသာနှင့် စာကြို့ပါးရန်အတွက် ဖြစ်ပါသေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ရောင်ခြည်လာသည်နှင့်တစ်ပွဲလုံးနိုးကြတော့သည်။ ဦးမျိုးဆက်၊ ဌာနပိုင်ကြီး၊ ဝင်းမောင်ထွန်းနှင့် ဟိုင်းလုံတို့ ရေမွေး ကြမ်းပိုင်းရင်း ဌာနပိုင်ကြီးက စိုးရိမ်မကင်းသော စကားဆိုခဲ့သည်။

"ကဲ ... အစ်ကိုကြီး ... ကျွန်တော်ရဲ့တာဝန်အရ သီးသန့် တိုက်ပွဲကတော့ အောင်မြင်စွာနဲ့ပဲ မွဲသိမ်းသွားနိုင်ပြီ ... ဒါပေမဲ့ အစ်ကိုကြီးတို့ ခရီးစဉ်အတွက် ကျွန်တော်ဆက်ပြီး မပါဝင်နိုင်တာ စိတ်မကောင်းပါဘူး ... "

"ကျွန်တော်နားလည်ပါတယ် ... ကိုဖြိုးသာ ... အခုဆက်ရမဲ့ ခရီးက အစိုးရကိစ္စလည်းမဟုတ်ဘူး ... နယ်မြေအရဆိုရင် မြန်မာပြည်နယ်စပ်စွန်းပြီ အိန္ဒိယနယ်စပ်ထဲရောက်ရင် ရောက်သွားမယ် ... ဒီတော့ လက်ရှိတာဝန်ထမ်းဆောင်နေ တဲ့ ကိုဖြိုးသာ ဘယ်မှာဆက်လိုက်ခွင့်ရှိမလဲ"

"ကျွန်တော်စဉ်းစားထားတယ် ... အစ်ကိုကြီးတို့မှာ လူအင် အားသိပ်နည်းတယ် ... ဒေါက်တာ ... မောင်ဟိုင်းလုံရယ် တော့ သုံးယောက်တည်းပဲ ... လက်နက်တွေကတော့ အစ် ကိုကြီးကိုယ်တိုင်နဲ့ပဲ ပြည့်စုံပါတယ်"



"အခု မနက်ပဲ ကက်သာက ဆင်သုံးကောင်နဲ့ ဆင်ဦးစီးတွေ ရောက်လာကြမှာပဲ"

"ဘာအားကိုးရမှာလဲ ... အစ်ကိုကြီး ... အခကြေးငွေကျေ နပ်အောင်ရလို့ လိုက်တဲ့လူတွေပဲ ... ကိုယ့်လူရင်းလိုသ ဘောထားလို့ ဘယ်ရမှာလဲ ... "

"ဟုတ်ပါတယ် ... ကိုဖြိုးသာက ဘယ်လိုစီစဉ်ပေးချင်လို့လဲ"

"ဒီလိုလေ ... ကျွန်တော့် တမူးရဲတပ်ဖွဲ့ထဲက လိုက်ချင်တဲ့ သူနှစ်ဦးကို အစ်ကိုကြီးခေါ်သွား ... ဒီကောင်တွေဟာ ကျွန် တော့်မျက်နှာနဲ့ အစ်ကိုကြီးတို့အပေါ် သစ္စာရှိမှာပါပဲ ... အဲဒါ ကို ညကစဉ်းစားမိပါတယ်"

"သိပ်ကောင်းပါတယ် ... ဒါပေမဲ့ သူတို့အလုပ်ထိခိုက်မှာ ပေါ့"

"ရတယ်လေ ... နေဦး ... ကျွန်တော်အားလုံးခေါ်လိုက် မယ်"

ဦးဖြိုးသာက သူ့လူတွေ စုလိုက်သည်။ မြေပြင်ပေါ် ၌ ဝိုင်းထိုင်လိုက်ကြသည်။ ဌာနပိုင်ကြီး စကားကို နားစွင့်ကြသည်။

"အစ်ကိုကြီးနဲ့ အဖွဲ့က အိန္ဒိယမြန်မာနယ်စပ်အထိ ခရီးဆက် စရာရှိနေတယ် ... ဘာကိစ္စလဲဆိုတာ မင်းတို့သိစရာမလိုဘူး အိမ်ထောင်သည်မလိုက်ရဘူး ... ငါ့မျက်နှာကိုထောက်ပြီး သစ္စာရှိရမယ် ... မင်းတို့ထဲက လူမျိုးနှစ်ယောက်လိုချင်တယ် ခွင့်တစ်လတောင်းတဲ့စာ ငါကိုရေးပေးရမယ် ... လစာမဲ့ ခွင့်ပဲဖြစ်ရမယ် ... "

"တစ်ယောက်ကို အနည်းဆုံး သုံးရာပေးမယ် ... ကိုဖြိုးသာ ပြန်လာရင် ဒီထက်ပိုရစရာရှိပါလိမ့်မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ်မဟုတ်လား ... လိုက်ချင်တဲ့သူ မတ်တတ်ရပ် စမ်း ... "

လေးယောက်ရပ်ပြသည်။ အဲဒီအထဲက မဲနှိုက်လိုက်၏။ မိုးဆောင်းနှင့် မောင်ကောက်လိုက်ခွင့်ရ၏။ ထိုစဉ်က လခော ရှစ်ဆယ့်နှစ်ကျပ်သာရသည်။ ခွင့်စာရေးပြီး ရဲယူနီးဖောင်းနှင့် အရာ ဝတ်လဲရသည်။

"အစ်ကိုကြီးသမီးအတွက် စိတ်ချပါ ... ကျွန်တော့်မိန်းမက အစ်ကိုကြီးသမီးကို မြင်မြင်ချင်း ချစ်နေတာပဲမဟုတ်လား အပြန်ခရီးဆိုပေမဲ့ ခရီးက ကြမ်းတော့ အချိန်မီအရောက် သွားဖို့ ခွင့်ပြုပါ"

"တစ်ခုတော့ရှိတယ် ... ကိုဖြိုးသာ ... တကယ်လို့ အပြန်ခရီး မှာ ရေမသင့်လို့ တမူးကို မရောက်ခဲ့ရင် သမီးကို ကိုဖြိုးသာ ပဲ ကလေးကို လိုက်ပို့ပေးစေချင်တယ်"

"စိတ်ချပါ အစ်ကိုကြီး ... ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေး ပါ့မယ်"

ထို့နောက် နှုတ်ဆက်ပြီး သိမ်းဆည်းရမိ ပစ္စည်းများ နှင့်အတူ ဦးဖြိုးသာတို့အဖွဲ့ ထွက်ခွာသွားခဲ့ကြပါလေသည်။

ဘုရားပြိုစခန်းတွင် ကျန်ရစ်သော ဦးမျိုးဆက်တို့ အဖွဲ့ တိုင်ပင်ကြ၏။

"တို့ အခုရောက်နေတဲ့ ဘုရားပြိုစခန်းကနေပြီး အနောက် စူးစူး နှစ်မိုင်လောက်သွားရင် (၁၉၄၂) ခုနှစ်က စတီးဝဲလ် ဆိုတဲ့ ပုဂ္ဂိုလ်နဲ့အဖွဲ့ အိန္ဒိယဘက် ဆုတ်သွားတဲ့ တောင် ကြားလမ်းကို တွေ့လိမ့်မယ်ထင်တယ် ... အဲဒီကနေ မြောင်း စကားအရဆိုရင်တော့ တောမရ တောင်ခြေ ကျောက်ဂူစခန်း



ရှိရမယ် ... တောင်ဆင်း တောင်တက်ခရီးဆိုတော့ လမ်းမှာ နှစ်ညအိပ်ခရီးတော့ရှိမယ် ... "

အခြားသူများက ထားရာနေ စေရာသွားတွေမို့ ဘာမှဝင်ဆွေးနွေးမှုမပြုနိုင်။ ဒီခရီးကို သူတို့သိသည်မဟုတ်။

"အန်ကယ်(လ်) ကြည့်ရတာ တစ်ခုခုစိုးရိမ်နေသလိုပဲ အန် ကယ်(လ်) ... "

"ဟုတ်တယ် ... ဘုရားပြိုတိုက်ပွဲမှာ ငါတို့အနိုင်ရပေမဲ့ ဗန္ဓုနဲ့ ရန်မောင်လွတ်သွားတယ် ... ဒီကောင်တွေက ဒီဘက်နယ်မြေ ကျွမ်းကျင်တယ် ... လူထပ်စုစောင်းဖို့လည်း လွယ်ကူတယ် ငါတို့အတွက် နေ့ပိုင်းမှာ ကိစ္စမရှိဘူး ... ညပိုင်းဘက်မှာ စခန်းချရင် ဝင်စီးမခံရဘူးလို့ မပြောနိုင်ဘူး ... အဲဒါတို့ စိုးရိမ် တာပဲ ... "

ဟိုင်းလုံက ဝင်ပြောလာခဲ့သည်။

"ကျွန်တော်မြေပုံကို နားမလည်ဘူး ဦးကြီး ... ခုန ပြောသွား တဲ့ စတီးဝဲလ်ဆုတ်သွားတဲ့လမ်းဆို ကျွန်တော်ကလေးဘဝ ကတည်းက ကျွမ်းကျင်ပါတယ် ... "

ဖြစ်နိုင်ပါသည်။ စတီးဝဲလ် ဆုတ်သွားချိန် နှစ်ပေါင်း နှစ်ဆယ်ကျော်က လနှင့် ယခု ဟိုင်းလုံအသက်နှိုင်းစာပါ ဟိုင်းသည် ကလေးဘဝပင်ရှိမည်။

"ဆက်ပြောပါဦး ဟိုင်းလုံ ... "

"အဲဒီ စတီးဝဲ(လ်) ဆုတ်သွားတဲ့ တောင်ကြားလမ်းမှာ ... လမ်းခွဲတွေရှိတယ် ... အဲဒီလမ်းခွဲတွေထဲက မြောက်ဘက် ကို ချိုးတဲ့ လမ်းခွဲတစ်ခုဟာ ကျွန်တော့်ဇာတိ နာဂရွာပဲ ... လမ်းခွဲကနေ ရွာအထိ (၇)မိုင်လောက်ရှိမယ် ... အခုခရီး

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရင် ည(၈)နာရီလောက် ရွာကိုရောက်မယ် … ရွာရောက်ရင် ကျွန်တော့်ဦးကြီးက နာဂအကြီးအကဲမို့ ပူစရာမရှိပါဘူး …"

"ကောင်းပါတယ် … တို့က မြောက်ဘက်ကိုထောင်မယ် စောမရဂူကိုသွားရမှာက အနောက်စူးစူးဆိုတော့ ခရီးဖင့်နေမလားလို့"

"နည်းနည်းတော့ ခရီးဖင့်တယ် … ကျွန်တော့်ရွာရောက်ပြီးမှ အနောက်စူးစူးကိုသွားလည်းရတာပါပဲ … တောင်တွေကြားမှာ ညအိပ်ရင် ဗန္ဓုလာတိုက်မှာစိုးတယ် … ဦးကြီးပြောတယ်နော် … ကျွန်တော်သိတာက ဗန္ဓုထက်ဆိုးတာ … ကြောက်စရာကောင်းတာရှိသေးတယ် …"

"ဟေ ပြောစမ်းပါဦး"

"နာဂနယ်တွေမှာ … နာဂတိုင်းမတိုးတက်သေးပါဘူး … မယဉ်ကျေးသေးတဲ့ နာဂဆိုးတချို့ရှိနေသေးတယ် … လူစိမ်းလာတာနဲ့ အဆိပ်လူးမြှားနဲ့တိုက်ခိုက်ကြတယ်"

နောက်ဆုံး ဟိုင်းလုံ၏ အကြံပေးချက်ကို လက်ခံရတော့သည်။ နံနက်(၇)နာရီခန့်တွင် ဆင်(၃)ကောင်နှင့် ဆင်ဦးစီးများ ကက်သာမှ ရောက်လာကြသည်။ ဝန်စည်စလွယ်များကို ဆင်များပေါ် တင်ကြသည်။

ဘုရားပြိုစခန်းမှ ထွက်ခဲ့ကြသည်။ နှစ်မိုင်နီးပါး … အရောက်တွင် စတီးဝဲ(လ်) ဆုတ်ပြေးရာ တောင်ကြားလမ်းသို့ … ရောက်သည်။ ဆုတ်ပြေးရာလမ်းကြောင်းဆိုသော်လည်း အိန္ဒိယဘက်သို့ ဖြစ်သလိုဆုတ်ခဲ့ရသော လမ်းပင်ဖြစ်သည်။ ဖက်ဆစ်များက မြန်ဆန်စွာ မြန်မာပြည်သို့ ရောက်လာခဲ့၍ တရုတ်ပြည်သို့ ဆုတ်



ခွာချိန်မရလိုက်တဲ့ ပြေးရခြင်းဖြစ်ပါ၏။

တစ်နာရီခန့် တောင်ကြားကိုဖြတ်ပြီးနောက် ဟိုင်းလုံက ဦးမျိုးဆက်ကို ခေတ္တရပ်ခိုင်းသည်။ မြောက်ဘက်တောင်ရိုးကို ဟိုင်းလုံကြည့်သည်။

"ဒီနေရာကပဲ ကျွန်တော်တို့ တက်ရမယ် …"

"သေချာရဲ့လား ဟိုင်းလုံ"

"သေချာပါတယ် … ဦးကြီး …"

လမ်းခရီးက ပိုကြမ်းလာသည်။ တောင်ကျချောင်းများကို ဖြတ်ရ၏။ ခရီးကြမ်း၍ ခရီးမတွင်လှ။

နေ့လယ်တစ်နာရီလောက်တွင် ဆင်သချောင်းကို ဖြတ်ကျော်ကြရသည်။ ကျားမောင်တောင်ခြေအရောက်တွင် ခရီးထောက်နားကြရ၏။

နေရောင်အောက်တွင် လှပစွာရှိနေသော တောင်တန်း၏ အလှကို မြင်တွေ့နေကြရသည်။ လမ်းခရီးပင်ပန်းတော့ …သော လေးလေးမြင့်ပါမလာသည်ကိုပင် ကံကောင်းသေးသည် ဟု သတိရမိချင်ဖြစ်မိပါလေ၏။

နေစောင်းချိန်တွင် တောင်ကျချောင်းအတိုင်း ဆန်တက်ကြရသည်။ ညနေလေးနာရီသာသာခန့်တွင် နာဂရွာစုလေးကို လှမ်းမြင်ရပြီ။ ဟိုင်းလုံကြည့်ရသည်မှာ ပျော်ရွှင်နေပုံရပါ၏။

ဝုတ် … ဝုတ် … ဝုတ်။

ခွေးဟောင်သံကြားရသော အကွာအဝေးအရောက်တွင် ဦးမျိုးဆက်က ရပ်နားရန် အမိန့်ပေးလိုက်သည်။

"ဟိုင်းလုံ …"

"ခင်ဗျာ … ဦးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့က နာဂရွာဟာ မင်းဦးကြီးရွာဆိုတာ သေချာတယ်နော်"

"သေချာပါတယ် ... ဦးကြီး"

"ဒါပေမဲ့ ရွာထဲမှာ လူစိမ်းရှိနေတယ် ... ခွေးဟောင်သံ[...] နားထောင်ကြည့်လေ ... ကဲပါကွာ ... သေချာသွားအောင် ဖိုးထောင်နဲ့ ဟိုင်းလုံ ရှေ့ကသွားနှင့် တို့နောက်ကနေလိုက်ခဲ့ကြမယ် ..."

"ဟုတ်ကဲ့ ... ဦးကြီး"

ဟိုင်းလုံနှင့် ဖိုးထောင်တို့ ရှေ့မှထွက်ခွာသွားကြသည်။

မိနစ်နှစ်ဆယ်လောက်အကြာတွင် ဟိုင်းလုံနှင့် ဖိုးထောင်တို့ ချွေးနံ့သင်းသင်းများနှင့် ပြန်ရောက်လာခဲ့ကြသည်။

ဟိုင်းလုံနှင့် အသက်ငါးဆယ်ကျော်ခန့် နာဂအမျိုးသားကြီး တစ်ဦးပါလာခဲ့သည်။

"ဦးကြီးပြောတာမှန်တယ် ... ရွာထဲမှာ ကျွန်တော်တို့ထက် နှစ်နာရီစောပြီး မြန်မာညှော်သည်လေးယောက် လက်နက်ကိုယ်စီနဲ့ ရောက်နေကြတယ်"

"ဗန္ဓုတို့ ... ရန်မော်တို့များလား ဟိုင်းလုံ"

"ကျွန်တော်မမြင်ခဲ့ရသေးဘူး ... မြင်ရင်လည်း မထူးပါဘူး ဗန္ဓုတို့ ရန်မော်တို့မှ ကျွန်တော်မသိဘဲ"

ဒါတော့ ဟုတ်သည်။ ဦးမျိုးဆက်တို့ ဝင်းမောင်ထွန်းတို့ပင် ဗန္ဓုနှင့် ရန်မော်ဆိုတာ မြင်ဖူးထားခြင်းမရှိပေ။

"ကဲပါလေ ... ရွာထဲမှာ ပြဿနာဝင်နေတာကထား[...] အခု ဦးကြီးတို့နဲ့ ကျွန်တော့်ဦးကြီးကို မိတ်ဆက်ပေး[...]



တယ်"

ဟိုင်းလုံက သူ့ဦးကြီးကို နာဂလိုပြောသည်။ ဘာ[...]တော့ မသိကြ။ ဒါပေမဲ့ နာဂအကြီးအကဲက လေးစားသော[...]အရာဖြင့် ဦးမျိုးဆက်ကို ဖက်လာခဲ့၏။ ဦးမျိုးဆက်ကလည်း[...]၍ ဖက်လိုက်ပါ၏။

ထို့နောက် ဟိုင်းလုံကပင် ဝင်းမောင်ထွန်းအား ... [...]တ်ညိုးထိုးပြကာ နာဂစကားဖြင့်ပင် ပြောပါလေသည်။

ဝင်းမောင်ထွန်းကျမှ နာဂအကြီးအကဲသည် ပို၍[...]နီးမှုပြသည်။ နာဂအကြီးအကဲက ဝင်းမောင်ထွန်းအား ဖက်၏။ ဝင်းမောင်ထွန်းပါးကို သူ့ပါးဖြင့် ကပ်သည်။ ဝင်းမောင်ထွန်း၏ ခြေ[...]ထိုင်ချပြီး ဖက်ပြန်၏။

ဝင်းမောင်ထွန်းက ... သက်ကြီးဝါကြီးဖြစ်သော[...]ဖြင့် သူ့ပါထိုင်ချကာ နာဂအကြီးအကဲ၏ ပခုံးကို ပြန်ဖက်ရင်း။

"ဟော့ကောင် ဟိုင်းလုံ ... မင်းဟာက ဘာလဲကွ ... တို့မြန်မာထုံးစံမှာ အသက်အရွယ်ကြီးသူတွေက လူငယ်တွေရဲ့ ခြေသလုံးကိုဖက်တာတွေ ဘာတွေမလုပ်ရဘူး ... ငါ ငါရဲကြီးတော့မယ် ..."

"ရှင်းပြပါ့မယ် ... အစ်ကို ... ဦးကြီးက လေးစားထိုက်တဲ့ ပုဂ္ဂိုလ်လို့ မိတ်ဆက်ပေးခဲ့တာပါ ... အစ်ကိုက ကျွန်တော့်ရဲ့ ကျေးဇူးရှင် ... ပြီးတော့ ကျွန်တော့်အစ်ကိုအရင်းလို့ နလုံးသားက အသိအမှတ်ပြုကြောင်း ပြောခဲ့လို့ ဦးကြီးက ဒီလို တုံ့ပြန်တာပါ ... အစ်ကိုဟာ ကျွန်တော့်အစ်ကိုအရင်းမို့ ရွာမှာ အကြီးအကဲလုပ်ချင်ရင်တောင် လုပ်လို့ရပါပြီ"

"အေးကွာ ... ဒါတွေထားတော့ ... ရွာထဲက ပြဿနာကို

www.burmeseclassic.com

www.burmeseclassic.com



အနီကယ်ရှင်းပြလိုက်ဦး ဟိုင်းလုံ”

ဟိုင်းလုံက ဦးမျိုးဆက်ဘက်လှည့်၍ ပြောသည်

“ဒီလိုပါ ဦးကြီး ... နာဂရွာမှာ သူစိမ်းဧည့်သည်လာရင် တည်းခိုဧည့်တဲဆိုတာ ဆောက်ထားပါတယ် ... အဲဒါ အ ရောက်လာတဲ့ လူစိမ်းလေးယောက်ကို နေရာပေးပြီးသ ဦးကြီးတို့အဖွဲ့ကို ဧည့်သည်တဲမှာ ထပ်ပြီးထားဖို့အခက်အ ရှိနေပါတယ် ... ထုံးစံအရ အရင်ရောက်လာတဲ့ ဧည့်သည် ရော ဒုတိယဧည့်သည်ကို လက်ခံချင်တဲ့အတွက် ပထ ရောက်လာတဲ့ ဧည့်သည်ကို နှင်လွှတ်တာမျိုး အကြီးအ က မလုပ်ရပါဘူး ... ဒါကို ကျွန်တော်က ... မကျေနပ် ဦးကြီးကို အကြီးအကဲနေရာကချပြီး ကျွန်တော်အကြီးအ လုပ်ရပါမယ် ... နောက်တက်တဲ့ အကြီးအကဲရဲ့ အမိ ပထမဧည့်သည်ကို နှင်ရပါမယ် ... ပြီးမှ ကျွန်တော်လ ချင်တဲ့ ဧည့်သည်ကို ဧည့်သည်တဲမှာ လက်ခံရမှာပါ”

“ဘယ်ကောင်းမလဲ ဟိုင်းလုံ ... တို့များ ဧည့်သည်တဲဝင် ဖို့ မင်းဦးကြီးနဲ့ ပဋိပက္ခဖြစ်ပြီး လုပ်ရမှာကို လက်ခံရ လား ... တို့များအားလုံး ရွာပြင်မှာဘဲ စခန်းချမယ် တို့အတွက် မင်းတို့ ုးစံမပျက်စေနဲ့ ... ”

ဘယ်ဟုတ်မလဲ အစ်ကို ... ကျွန်တော့်နယ်မြေမှာ အ ကို့ရာဇဝင်ရိုင်းအောင် ရွာပြင်မှာ စခန်းချခိုင်းလို့ ဘယ် ပါ့မလဲ”

“ကဲပါ ဟိုင်းလုံ ... မင်းတို့ တူဝရီးလည်း ကွဲနေတာ ခုပြန်တွေ့ ခုရန်ဖြစ်ဆိုရင် မင်းဦးကြီးစိတ်ဘယ်ကော မလဲ ... တို့တွေက ရက်ရှည်မှမဟုတ်တာ ... စခန်းချ



ဖျင်တွေလည်းပါသားပဲ ... ”

“ကောင်းပါပြီ အစ်ကို ... ရွာပြင်မှာတော့ မနေပါနဲ့ ... ရွာထဲ မှာ မြေကွက်လပ်ကောင်းကောင်းရှာပြီး ကျွန်တော်တို့ ထိုး ပေးပါ့မယ် ... ”

ထိုအတိုင်းပင် သူ့ဦးကြီးကိုပြောကာ ဟိုင်းလုံက ရွာ မှာဘဲ တဲထိုးစေခဲ့ပါ၏။ တစ်ရွာလုံးက ဟိုင်းလုံကို လေးစားကြ ည်။ တကယ်က ဟိုင်းလုံသာလျှင် တောင်ပိုင်ကြီးနေရာကို ဆက် မည်မဟုတ်ပါလား။

ရေမိုးချိုး အဝတ်အစားလဲပြီးနောက် ဟိုင်းလုံပြန် ောက်လာသည်။

“ဦးကြီးနဲ့ အစ်ကို ခဏလိုက်ခဲ့ပါ ... ပရိယာယ်နဲ့ပြောရရင် တော့ ဧည့်တဲမှာရောက်နေတဲ့ လူစိမ်းတွေနဲ့ အစ်ကိုတို့ကို မိတ်ဆက်ပေးဖို့ပါ ... သူတို့က ဒီကိုမလာချင်ဘူး ... မိတ် မဆက်ချင်ဘူးတဲ့ ... ”

“ဟ ... ကြီးကျယ်လှချည်လား ဟိုင်းလုံ”

“ဟုတ်တယ် ... ကျွန်တော်မျက်ခွက်ကို ထိုးပစ်ချင်တာ ဒါပေမဲ့ ထုံးစံအရ ဦးကြီးက လက်ခံထားသူကို ကျွန်တော်တို့ ရွာထဲမှာ မလုပ်ရဘူး ... ရန်လုပ်ချင်ရင် ကျွန်တော့်ဦးကြီး (တောင်ပိုင်)ရဲ့ နယ်နမိတ်ကျော်သွားမှ သတ်ပစ်ချင်သတ် ပစ်လို့ရပါတယ်”

“သူတို့အားလုံး ဘယ်နှစ်ယောက်လဲ”

“သုံးယောက် အစ်ကို”

“ဟ ... စောစောကပြောတော့ လေးယောက်ဆို”

“ဟုတ်တယ် ... လာတုန်းက လေးယောက်ပဲ ... အခုတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဘယ်ထွက်သွားသလဲ မသိဘူးလို့ ဦးကြီးကပြော
တယ် ...”

“လူဆယ့်တစ်ယောက်မှာ ... ကျဆုံးတာက လူခြောက်
ယောက် ... တစ်ယောက်အရှင်မိတော့ ခုနစ်ယောက်ဆိုတော့
ထွက်ပြေးတာ လူလေးယောက်ပဲ ... ဒီတော့ ဒီလူတွေဟာ
ဗန္ဓုတို့ပဲဖြစ်ရမယ် အန်ကယ်(လ်)”

“အေးဖြစ်နိုင်တယ် ... ဒီကောင်တွေက တောကျွမ်းတော့
တို့အရင်ရောက်နှင့်တာဖြစ်မယ်”

“သူတို့ ဒီဘက်ကို ဆက်ပြေးလာတာ စောမရသိုက်ကိုလာ
တာပဲ ... အန်ကယ်(လ်) ... ဒီရွာကို ဘာလို့ဝင်မလဲ ...
စောမရသိုက်ကို တန်းသွားရင် ရတာပဲ”

ဟိုင်းလုံက ခေါင်းခါပြသည်။

“သူတို့ ဒီနယ်ဘက်ကို ရောက်ဖူးရင် လမ်းမှာ ညမအိပ်ဖုံး
အဆိပ်လူမြွေးနဲ့ နာဂတချို့က တောထဲပုန်းလျှိုနေတယ်
တာကို သူတို့သိလို့ တောင်ကြားနဲ့ အနီးဆုံး ကျွန်တော်
ရွာမှာပဲ လာအိပ်တာဖြစ်လိမ့်မယ်”

“အေးလေ ... လူချင်းသွားတွေ့ပြီး အကဲခတ်ကြရမှာ
ဖိုးထောင်နဲ့ မောင်ကောက်တို့ ဒီမှာဘဲစောင့်ကြ”

ဟိုင်းလုံနှင့် ညွှန့်သည်တဲသို့ ဦးမျိုးဆက်၊ ဝင်းမောင်
ထွန်းတို့ လိုက်ပါခဲ့ကြပါလေ၏။



အခန်း (၂၆)

ညွှန့်သည်တဲသို့ တောင်ပိုင်ကြီးလည်းရောက်ရှိလာ
သည်။ နာဂအကြီးအကဲနှင့် ဦးမျိုးဆက်၊ ဟိုင်းလုံနှင့် ဝင်းမောင်ထွန်း
တို့ တဲအတွင်းဝင်ရောက်လိုက်ကြသည်။

လူစိမ်းသုံးဦးက ဟိုင်းလုံတို့ဝင်လိုက်သည်နှင့် မတ်
တတ်ရပ်ခဲ့ကြ၏။

တစ်ဖက်နှင့် တစ်ဖက်အကဲခတ်လိုက်ကြသည်။

လူစိမ်းထဲတွင် ... ငွေရောင်ဖြူနေသော ဆံပင်နှင့်
ခါးရှုပ်သန့်သည်။ လူကြီးတစ်ဦး၊ မိုက်တီမိုက်ကန်းရုပ်ပေါက်နေ
သော လူရွယ်နှစ်ဦးကို တွေ့ရသည်။ ငွေရောင်ဖြူနေသော လူကြီး၏
မျက်နှာက ကျော်စိုးမင်းတို့ ညီအစ်ကိုနှင့် ရုပ်ချင်းတူလှရာ ဦးရန်
ခင်ဆိုတာ သေချာနေခဲ့ပြီ။ ထိုလူကြီး၏ ရုပ်ရည်နှင့် မျက်လုံးတို့
၌ ရုပ်ရည်သန့်စေကာမူ ကောက်ကျစ်စဉ်းလဲဟန် ထွက်ပေါ်နေပါ
၏။

သူ့ဦးကြီး နာဂလိုပြောသည်ကို ဟိုင်းလုံက စကား
ပြန်ပေး၏။

“တောင်ပိုင်ကြီးကပြောတယ် ... ညွှန့်သည်အချင်းချင်း မိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြပါ ... ရွာထဲမှာ သင့်မြတ်အောင်နေပါ ... ရန်မြ
အောင်စပြီး လုပ်တဲ့သူကို တောင်ပိုင်ကြီးက အပြစ်ပေး
မယ်တဲ့ ... "

ဦးမျိုးဆက်က ရယ်မောမောနှင့် လူစိမ်းခေါင်း
ဆောင်ကို မိတ်ဆက်လိုက်သည်။

"ကျုပ်က မျိုးဆက်ပါ ... ရန်ကုန်မှာနေပါတယ် ... ခရိုင်ဝ
အဆင့်နဲ့ ပင်စင်ယူထားပြီးပါပြီ ... ဟောဟိုက ဒေါက်တာ
ဝင်းမောင်ထွန်းပါ ... သူက ဟိုင်းလုံတဲ့ ... ဒေါက်တာရဲ့ဦး
လို့ပဲမှတ်ပါ ... "

တဖက်မှ ငွေရောင် ဆံပင်နှင့်လူက ပြုံးလိုက်သည်
ပြီးမှ မပွင့်တပွင့်ပြောလိုက်၏။

"ရိုင်းတယ်လို့မထင်နဲ့ဗျာ ... ကျုပ်တို့လူစုမှာက အခုလော
လောဆယ် မိတ်ဆက်ဖို့ နာမည်တွေ ဘာတွေမရှိဘူး"

ဦးမျိုးဆက်က အပြုံးမပျက်ပြောသည်။

"ကိစ္စမရှိပါဘူး ... ရွာထဲမှာ ခင်ဗျားတို့ ကျုပ်တို့အတိ
အကြောင်း မေ့ထားလိုက်ကြပါဦးစို့ ... ဒီရွာနယ်နိမိ
ကျော်ရင်တော့ ပစ္စုပ္ပန်နဲ့ အနာဂတ်ရှိရမှာပေါ့ ... ကိုး
ဟိုင်းလုံရေ ... မင်းဦးကြီးကို ပြောပါကွာ၊ တို့ကထုံးစံအတိုင်း
လိုက်နာပါ့မယ်လို့ ... တို့ကိုလည်း ရှက်ဖွင်တဲ့ ပြန်ခွင့်ပြု
ပေါ့ ... "

ဟိုင်းလုံက သူ့ဦးကြီးကို ပြောပြသည်။ ဦးမျိုးဆ
ကကျေလည်စွာ မိတ်ဆက်သော်လည်း ဟိုဘက်က မချေမငံပြော
တာကို ထည့်ပြောပုံရ၏။ ဟိုင်းလုံဦးကြီးက ကျေနပ်ပုံတော့ရ

"ဒီမှာရှိတာ ဦးရန်မောင်ဆိုတာ သေချာသွားပြီ ... အ
ဗန္ဓု ဘယ်ရောက်သလဲဆိုတာ စဉ်းစားစရာဖြစ်နေတ



အန်ကယ်(လ်) ... "

"အင်း ... ဘာပဲဖြစ်ဖြစ် သတိကတော့ ထားရမှာပေါ့ ထွန်း
ထွန်း ... "

"ကျွန်တော်လည်း ဆွမ်းခံရင်းငှက်သင့် ဖြစ်နေပြီပေါ့ အစ်ကို"

"ဟေ ... ဘာလို့တုန်း ဟိုင်းလုံ ... "

"ဦးကြီးက မြစ်ကြီးနားကို လူလွှတ်ရှာတာ ရှစ်လရှိသွားပြီတဲ့
အမိကကတော့ တောင်ပိုင်ကြီးပြန်လုပ် ကြင်ရာရွေးယူ ...
သားသမီးမွေး ... ကျွန်တော့်သမီးက အကြီးအကဲနေရာကို
ဆက်ခံဖို့ပဲ ... အကြီးအကဲရဲ့ သားသာ အကြီးအကဲနေရာကို
ဆက်ခံရမှာကိုး ... အခု ကျွန်တော် ပြန်ရောက်လို့ တစ်ရွာ
လုံးက ဝမ်းသာနေကြတယ် ... "

"ဟာ ... ဒါသိပ်ကောင်းတာပေါ့ ... "

"ကျွန်တော် ဒီတောထဲမှာ မပျော်ဘူး အစ်ကို ... မိန်းမနဲ့
အတူတူနေပြီး အကြီးအကဲလုပ်ရတာထက် အစ်ကိုနဲ့ အတူ
တူမြို့ကြီးမှာ နေရတာကို ပိုပြီးပျော်ပါတယ် ... "

"ရပါတယ်ကွာ ... မင်းကြိုက်ရာရွေးလိုက် ... သားသမီး
ထွန်းကားပြီးတာနဲ့ မင်းဦးလေးကိုပဲ တောင်ပိုင်ကြီးပြန်ခန့်
ထားလိုက် ... မင်းကလေးကြီးလာတော့ တောင်ပိုင်ကြီး
ပြန်ခန့်ထားလိုက်ပေါ့ ... မင်းကတော့ မင်း ကြင်ယာခေါ်ပြီး
သီရိမြိုင်ကိုလာခဲ့ကွာ ... ငါလည်း လေးလေးမြင့်နဲ့ပြန်
ရောက်ရင် လက်ထပ်မှာပဲ ... "

ဦးမျိုးဆက် အနီးအနားတွင်မရှိသည်ကိုမြင်မှ ဝင်း
မောင်ထွန်း ဆက်၍ ပြောခဲ့သည်။

"မင်းပြန်ချင်တဲ့ အချိန်လာကွာ ... ငါ့ရဲ့ညီက မင်းပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ငါ့ညီကို ငါက ကောင်းကောင်းမွန်မွန်ထားရမှာပေါ့ ...”

ဟိုင်းလုံထခုန်သည်။

“ဟေး ... ဒါမှ ငါ့အစ်ကို ... ညကျရင် ကျွန်တော့်အတွက် အစ်ကိုက ရွေးပေးပါနော် ...”

“ဟေ ... ဘာလို့ ငါက ရွေးပေးရမှာလဲ ...”

“ဒီလိုလေ ... ဒီည မဏ္ဍပ်မှာ ညစာစားပွဲနဲ့ ဧည့်သည်တွေကို ဧည့်ခံတယ်ဆိုပေမဲ့ ... တကယ်ဆိုရင် ဦးကြီးက ကျွန်တော့် အတွက် ကြင်ယာရွေးပွဲလုပ်တာပါ ... အဲဒီမှာ နာဂအပျို တွေချည်းပဲ ရွေးကနိုင်းတာပါ ... အဲဒီအထဲက အစ်ကို့စိတ် ကြိုက်ရွေးပေးပါ ...”

“မဟုတ်တာဘဲ ဟိုင်းလုံ ... မင်းကြိုက်တာ မင်းရွေးပေါ့”

“မဟုတ်ဘူး အစ်ကို ... ကျွန်တော့်မှာ မိဘတွေမရှိတော့ဘူး အခု အကြီးအကဲဦးကြီးက သူ့စိတ်ကြိုက်အပျိုတွေချည်း ကနိုင်းတာ ... အစ်ကိုက ကျွန်တော့်အစ်ကိုကြီးဆိုတော့ အစ်ကိုကသာ ရွေးချယ်လို့ရတာပါ ... ကျွန်တော့်ဆွေမျိုး လေ”

“ကောင်းပြီကွာ ... ငါရွေးပေးပါ့မယ် ...”

တာဝန်ထတို့ပြုလိုက်ပါ၏။



ညရှစ်နာရီတွင် ဧည့်မဏ္ဍပ်တွင် လူစုံတက်စုံရောက် ရှိကြသည်။ အလယ်တွင် မီးပုံကြီးရှိသည်။ ဝက်ကို ကောင်လုံးကင်း ထားသည်။ ရင်ခွဲကာ ဝမ်းမစေအောင် ကလီစာထုတ် သံချောင်း ထောက်ထားသည်။ ဒါမှ အကျက်ညီပေမည်။

ဧည့်သည်တွေနှင့် အတူ ကွပ်ပစ်ရှည်ကြီးတွင် ... တောင်ပိုင်ကြီးက အလယ်မှထိုင်သည်။ နာဂအားလုံး တောက် တောက်ပပဝတ်ကြသည်။ သက်ကြီးရွယ်အိုများကို မဏ္ဍပ်ထဲမှာပင် ထားသည်။

မီးပုံနှင့် မနီးမဝေးမှာ ကြင်ယာလောင်း နာဂအပျို ဆယ်ဦးနှင့် ဟိုင်းလုံတို့ နာဂလူပျိုတစ်သိုက် မျက်နှာချင်းဆိုင်ထိုင်ရ သည်။ ဟိုင်းလုံမှအစ နာဂ ရိုးရာအတိုင်း ဝတ်ဆင်ထားကြသည်။

လုံကိုင်၊ လေးကိုင်၊ ရိုင်ဖယ်ကိုင် နာဂစစ်သည်များ သိုတွေ့ရ၏။ ဤနယ်မြေကို အင်္ဂလိပ်စစ်ပ ဂျပန်တပ်များ ဖြတ် သန်းသွားခဲ့ကြဖူး၏။ တိုက်ပွဲတွေလည်း ဖြစ်ခဲ့ဖူးကြသည်။ သည် တော့ ကျဆုံးသူများထဲမှ ရထားသည့် လက်နက်များဖြစ်ပေမည်။

“ထွန်းထွန်း ... အခုအချိန်အထိ ဗန္ဓု ရောက်မလာသေးဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွ ... ”

“ဟုတ်လား အန်ကယ်(လ်) ... ကျွန်တော်က ဟိုင်းလုံပဲ ကြည့်နေတာဆိုတော့ သတိမထားမိဘူး ... ”

“မင်း ... ဟိုင်းလုံအတွက် ကြင်ယာတော်လောင်း ရွေးပြီးပြီလား ... ”

“ကြည့်တော့ ကြည့်နေတာပဲ အန်ကယ်(လ်) ... သူဦးကြီးကတမင်ရွေးထားတာမို့လို့လားမသိဘူး ... ဆယ်ယောက်လုံး လှူးတူး ရှယ်တူတွေမို့လို့ ကြည့်ကောင်းနေတာချည်းပဲ အန်ကယ်(လ်)ရေ သူတို့ထုံးစံက တမျိုးပဲနော် ... အပျိုတွေက ရင်မှာ ဘာမှမဝတ်ကြဘူး ... အိမ်ထောင်သည်နဲ့ သားသည်မအေကျတော့ ရင်တစ်ခြမ်းကို အဝတ်နဲ့ ဝတ်ပြီး ဖုံးကွယ်ထားကြတယ် ... ”

“ဒါက သူတို့ ဓလေ့ထုံးစံပေါ့ ထွန်းထွန်း ... ”

ဖိုးထောင်နှင့် မောင်ကောက်တို့မှာ အကြီးအကျယ် ပျော်ရွှင်နေခဲ့ကြသည်။ ဆင်ဦးစီးသုံးယောက်က ဆင်များနှင့် အတူ ရွာအပြင်မှာဘဲ နေကြ၍ သူတို့အတွက် စားသောက်ဖွယ်ရာများကို ဟိုင်းလုံက ပို့ပေးပါ၏။

ဝက်ကင်နှင့် ခေါင်ရည်များကို ဧည့်သည်များအား တည်ခင်းကျွေးမွေးသည်။ ဝင်းမောင်ထွန်းက ညီတော်မောင် ဟိုင်းလုံအတွက် သဘောကောင်း ရုပ်ချော နာဂပျိုဖြူလေးတစ်ဦးကို ရွေးချယ်လိုက်သည်။ နာဂပျိုဖြူလေး၏ မျက်နှာက ချိုပြုံးသည်။ ကိုယ်နေဟန်ထားက တောင့်တင်းစိုပြေသည်။

ဟိုင်းလုံက ကရင်းမှ ဝင်းမောင်ထွန်းအနီးသို့ ရောက်လာခဲ့သည်။



“အစ်ကို ရွေးပြီးပြီလား ... ”

“အေး ... ဟိုဝိုင်းက နေတဲ့အထဲက စတုတ္ထမြောက်”

“လာပါ အစ်ကိုရာ ... ကျွန်တော်သွားဆွဲတာ မှားသွားရင် မှားတာကိုဘဲ ယူရမှာ ... လာပါ အစ်ကိုကိုယ်တိုင် လက်ဆွဲပြပါ ... ”

မတာက်သာပါလေတော့။

ရဲရဲတင်းတင်းပဲ ကွပ်ပျစ်မှဆင်းကာ သူရွေးထားသော ကောင်မလေး၏ လက်ကိုဆွဲကာ ဟိုင်းလုံလက်ထဲသို့ ထည့်လိုက်သည်။

“ဟာ ... အစ်ကို သိပ်တော်တာပဲ ... ကျွန်တော်ကလည်း သူ့ကိုပဲ ရွေးထားတာ ... နာဂတွေအားလုံးကလည်း ... သဘောတူနေကြပြီ ... ”

လက်ခုပ်သံများ၊ မြေကြီးပုတ်သံ၊ တဲန်ရဲထုသံများ၊ ရှက်လောရိုက်ဆူညံသွားသည်။

ထိုစဉ်မှာပင် ... ။

လူတစ်ယောက် ဧည့်မဏ္ဍပ်သို့ တိုးဝင်လာသည်။ [illegible]တင်၊ ဘောင်းဘီရှည်နှင့် စစ်ဘိနပ်မှာ ရွှံ့များပေးကျံလျှက်ရှိသည်။ [illegible]င်တိုတုတ်မိုင်၏။

ထိုလူက ဦးရန့်မောင် အနီးကပ်ကာ တီးတိုးပြောသည်။ ရွှံ့ပေနေသော ထိုသူ၏ ခါးတွင် သေနတ်[illegible]စ်လက်ထိုးထား [illegible]၏။

ထိုသူက ကခုန်နေသော ဟိုင်းလုံအနီးသို့ ကပ်သွားသည်။ ဦးမျိုးဆက် ထိုအဖွဲ့နှင့် ဦးရန့်ဘော်တို့အဖွဲ့မှာ သေနတ်များ [illegible]ပါလာခဲ့ကြ။

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်အတွင်း သေနတ်ရှိသူဆို၍ ဟိုင်းလုံနှင့် ရွှေဒေး သူ၏ ခါးမှ သေနတ်နှစ်လက်သာရှိသည်။

ဂင်တိုတိုင်နှင့် လူက ဖော်ဖော်မြန်သည်။ ဟိုင်းလုံ၏ ခါးမှ ကြိုးချည်ထားသော ပစ္စတိုလ်ကို ဆောင့်ဆွဲလိုက်သည်။ ဝင်းမောင်ထွန်းက ပို၍ လျင်သည်။ ဂင်တိုတိုနှင့်လူ ဆောင့်အဆွဲမှာပင် လက်ပေါ်သို့ ဝင်းမောင်ထွန်း ခုန်အုပ်လိုက်သည်။

နှစ်ဦးစလုံး အားလျှားမှောက်လဲကျသည်။ နှစ်ဦးလုံး လူးလဲထ၏။ ဂင်တိုတိုနှင့် လူက သူ့ခါးမှ သေနတ်ကို ဆွဲထုတ်သည်။

သူဆွဲမထုတ်နိုင်သေးခင်မှာပင် ဝင်းမောင်ထွန်းက သူ့လက်ထဲပါလာသော ပစ္စတိုလ်နှင့် ထိုသူ့ရင်ဘက်ကို ချိန်လိုက်၏။

"မရဘူး ရဲဗန္ဓု ... ခင်ဗျား ပစ္စတိုလ်အပြင်ရောက်တာနဲ့ ကျုပ် မောင်းအပြုတ်ဘဲ ..."

ဟိုင်းလုံက အဖြစ်အပျက်မှန်ကို သိ၍ တောင်ပိုင်ကြီးကို ရှင်းပြလိုက်သည်။ ဗန္ဓုက နာဂစကားဖြင့် ပြန်ပြောသည်။ နာဂလိုပြောနိုင်၍ ဗန္ဓုတို့အဖွဲ့ကို ညှော်ကောင်းအဖြစ် ထားရှိခဲ့ခြင်း ဖြစ်သည်။

"အခု သတ္တိသားလောင်း ကြိုးနဲ့ချိတ်ထားသော ကျုပ်တို့အဖွဲ့က လူတစ်ယောက်ရဲ့ သေနတ်နဲ့ သိပ်တူနေလို့ ဟုတ်မဟုတ် သေချာအောင်ကြည့်တာပါ ... ဒါကို ဟိုဘက်က သူရဲကောင်းကြီးက ခုန်အုပ်ပြီး အဲဒီသေနတ်နဲ့ ပစ်ဖို့ ချိန်တာ တောင်ပိုင်ကြီးမျက်မြင်ပါပဲ ..."

"သူပစ်ရင်သေနိုင်တယ် ... သူမပစ်ဘဲ ချိန်ရုံချိန်ထားတာ ကျုပ်တွေ့သားပဲ ... မင်းကလည်း သေနတ်ဆွဲထုတ်တယ်



ဒါပေမဲ့ နောက်ကျတယ် ..."

"ကျွန်တော်တကယ် ပစ်ချင်ရင် မဏ္ဍပ်ထဲဝင်လာကတည်းက ပစ်နိုင်တာပဲ ... တောင်ပိုင်ကြီးရဲ့ စည်းကမ်းကိုနားလည်လို့မပစ်တာပါ ..."

တောင်ပိုင်ကြီးကို ဗန္ဓုက ပရိယာယ်ကြွယ်စွာပင် ဇဝေဇဝါဖြစ်အောင် ပြောလိုက်နိုင်ပါ၏။ ဟိုင်းလုံက စောဒကတက်သည်။ သူ့ထံမှ ရိုးသားစွာတောင်းမယူကြည့်ခြင်းက မရိုးသားဟု ပြောလိုက်သည်။

နာဂစကားဖြင့်ပင် ဗန္ဓုက ...

"ဒါဆိုရင် တောင်ပိုင်ကြီးက သေနတ်ကို ယခုပင် သူတို့အား ပေးကြည့်ပါ"

ဟု တောင်ပိုင်ကြီးအား ခွင့်တောင်းသည်။

ဝင်းမောင်ထွန်းက ကျည်ကပ်ကို ထုတ်ယူပြီး ... တောင်ပိုင်ကြီးလက်သို့ ပေးလိုက်သည်။ ဗန္ဓုက "ဗ" အက္ခရာကို ထောင်ပြသည်။ ဦးရန်မော်က ကြည့်လိုက်သည်။ သူ့မျက်နှာက ကြောက်စရာကောင်းလောက်အောင် ပြောင်းလဲသွားပါလေ၏။

ဗန္ဓုက ဦးရန်မော်လက်အတွင်းမှ သေနတ်ကို ... တောင်ပိုင်ကြီးထံ ပြန်အပ်ရင်း ...

"သူတို့ကို မေးပေးပါ ... ဘယ်ကရလာတာလဲလို့ ..."

ဟိုင်းလုံက တောင်ပိုင်ကြီး မမေးမီ ဦးစွာပြောလိုက်သည်။

"ဒီကိုလာတဲ့လမ်းမှာ ဘုရားပွဲဆိုတာရှိတယ် ... အဲဒီအထိ ရဲအဖွဲ့ပါလာတယ် ... ဘုရားပွဲမှာ သောင်းကျန်းသူနဲ့ ရဲအဖွဲ့ တိုက်ပွဲဖြစ်တယ် ... သောင်းကျန်းသူတွေ ကျဆုံးသွားတယ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီပစ္စတိုလ်သေနတ်ဟာ သေဆုံးသွားတဲ့ သောင်းကျန်းသူ ရဲ့သေနတ်ပဲ ... ဒီပစ္စတိုလ်သေနတ်ကို ကျွန်ုပ်ယူခဲ့တာပဲ"

တောင်ပိုင်ကြီးက အဆုံးအဖြတ်ပေးခဲ့သည်။

"စစ်ဖြစ်ရင် ရှုံးတဲ့သူဘက်က ပစ္စည်းကို နိုင်တဲ့သူက ယူတာ တရားတယ် ... ဒါကြောင့် ဟိုင်းလုံယူတာ တရားပါတယ် မင်းတို့ ပစ္စည်းမဖြစ်နိုင်တော့ဘူး ..."

မှန်ကန်နေသည်မို့ ဗန္ဓုက ရယ်မောကာ ခေါင်းညိတ်သည်။ ယင်းအခိုက်မှာပင် ဦးရန်မော်က ရှေ့တိုးလာခဲ့ပြီး ...

"ဆရာဝန်စုတ် ... မင်း ငါ့သားကို ပစ်သတ်ခဲ့တာမဟုတ်လား ... မင်းသတ္တိမကြောင်စမ်းနဲ့ ... ငါ့သားကြီးကို သတ်တာမင်းဘဲမဟုတ်လား ..."

"ဟုတ်တယ် ... ကျုပ်က ခင်ဗျားသားကို ပစ်ခဲ့ရတာပဲ ... မသေခဲ့ဘူး ... လက်နက်ချခိုင်းတာ မချလို့ ပစ်လိုက်ရတယ် ခင်ဗျားသားက ကျုပ်ကို သေနတ်နဲ့ပစ်ဖို့ ကြိုးစားတာမို့ ကာကွယ်လိုက်ရတာပဲ ... ရှင်းပြီလား ..."

"အေး ... ရှင်းတယ် ... မင်း မိုးကောင်းတုန်းရွာဦးပေါ် ... ဆရာဝန်စုတ် ..."

ဗန္ဓုက ဦးရန်မော်ကို နှစ်သိမ့်ကာ ညင်သာစွာ ခေါ်လိုက်၏။

"တောင်ပိုင်ကြီး ခင်ဗျာ ... ကျွန်တော့်ကိုယ်မှာ ရှုံ့တွေ နေတာမို့ မင်္ဂလာပွဲနဲ့ မအပ်စပ်ပါဘူး ... ရေမိုးချိုးဖို့ ခွင့်ပြု ဦး ..."

တောင်ပိုင်ကြီးက ခေါင်းညိတ်ခွင့်ပြုလိုက်သည်။ ဦးဗန္ဓု ... ဦးရန်မော် ... ငယ်သားနှစ်ဦးထွက်ခွာသွားကြသည်။



ဟိုင်းလုံကို သူ၏ ဆန္ဒအတိုင်း တောင်ပိုင်ကြီးက လက်ထပ်ပွဲကို စောမရသိုက်မှ ပြန်လာပြီးမှ ကျင်းပရန်နှင့် အရိုက်အရာခွဲပွဲကိုပါ ဆက်လက်ကျင်းပရန် သဘောတူလိုက်ပါ၏။

တောင်ပိုင်ကြီးကို ဦးမျိုးဆက်က ယုံကြည်သည်မို့ စောမရသိုက်အကြောင်းနှင့် ခရီးဆက်ရန်ပြောပြလိုက်သည်။ ရွှေငွေများ ဝှက်ထားခဲ့သည်ကိုမူ ထုတ်မပြောခဲ့ဘဲ ဗိုလ်သီဟ၏ အရိုးကောက်ရန်ဟု လိုးလွဲပြောခဲ့၏။

"အေး ... အဲဒီမှာ သိပ်ဆိုးတယ် ... ဘယ်နာဂမှ မသွားဘူး တောသိပ်နက်တယ် ... နာဂဆိုးတွေတောင် မသွားရဲကြဘူး ... ကျောက်ဂူဘက်က တစ္ဆေနက်ကိုကြောက်ကြလို့ပဲ တစ္ဆေနက်ကြီးနယ်ထဲ အမဲလိုက်တဲ့ သူမှန်သမျှ သေကြတာချည်းပဲ ..."

"ကျောက်ဂူဘက်က တစ္ဆေနက်ကြီး ဟုတ်လား"

"ဟုတ်တယ် ... ဒါတောင် မသေလို့ ပြန်ရောက်လာဖူးတဲ့ ရှားရှားပါးပါး နာဂက ပြောပြခဲ့တာပဲ ... လှစ်ခနဲ လှစ်ခနဲ ကျောက်တုံးတွေကြားကပေါ်လာတာသိပ်မြန်သတဲ့ ... တစ်ကိုယ်လုံး မည်းနက်တဲ့ အဝတ်ရှည်ကြီး ဝတ်ထားတာတဲ့ ... နောက်ပြီး ဝင်လာတဲ့သူမှန်သမျှ သူ့နယ်ထဲက ... မလွတ်ဘူး ... သေအောင်သတ်ဖစ်တာချည်းပဲ ... သူ တောင် ကံကောင်းလို့ လွတ်ခဲ့ရတာလို့ပြောတယ်"

"နေပါဦး ... တစ္ဆေနက်ကြီးကို တွေ့ခဲ့ရတဲ့နာဂ အခုရှိသေးလား ..."

"မရှိတော့ဘူး ... သေပြီ ..."

"တစ္ဆေနက်ကြီးက တစ်ခုခုလုပ်လို့ ရွာရောက်မှ သေတာ

www.burmeseclassic.com

www.burmeseclassic.com



လား ... ”

“မဟုတ်ပါဘူး ... ဒီကောင် ကျောက်ဂူတွေဘက်ရောက်သွားတုန်းက ဆယ့်သုံးနှစ်အရွယ် ကလေးသာသာပဲ ... နာဂတွေ ကလေးအရွယ်ကစပြီး အမဲလိုက်ကြတယ် ... ဒီကောင်လေးက ကျားသေးသေးလေးတစ်ကောင်နောက်လိုက်တုန်း ကျောက်ဂူတွေဘက် နယ်ကျွံသွားတာ ... အဲဒီမှာ မျက်စိလည်ရင်း သူလိုက်တဲ့ ကျားက ပြန်ကိုက်တာ ကျားနဲ့ နပန်းလုံးရင်း သူ သတိလစ်သွားတယ် ... သူ သတိရလာတော့ တစ္ဆေနက်ကြီးက သူ့ကို ပြုစုပေးနေတာတဲ့”

“ပြီးတော့ သူ့ကို မီးကင်ထားတဲ့ အသားတွေကျွေး ... သစ်သီးတွေကျွေးတယ် ... သူ အားပြန်ပြည့်တော့ ကျားသေကို ထမ်းခိုင်းပြီး ရွာလမ်းကို ညွှန်ပြခဲ့တယ် ... နောက်ကို မလာဖို့ လက်ဟန်ခြေဟန်နဲ့ ပြခဲ့တယ်တဲ့ ... ”

“ဘာဖြစ်လို့ သူ့ကျတော့ မသတ်ရတာလဲ ... ”

“ကလေးမို့ မသတ်တာဖြစ်မယ် ... ဒီကောင် အသက်နှစ်ဆယ်က သေသွားတာပဲ ... ရိုးရိုးဖျားလို့ သေသွားရှာတာပါ”

“သေသွားတာ ဘယ်လောက်ကြာပြီလဲ ... ”

“သုံးနှစ် ... ”

ဒါဆို တွေ့ခဲ့သူ ဆယ့်သုံးနှစ်သားမှ အသက်နှစ်ဆယ်ဆို ခုနစ်နှစ်။ သေသွားသည့် သုံးနှစ်ထည့်ပေါင်းလျှင် ဆယ်နှစ်သွားပြီ။

တစ္ဆေနက်ဆိုသည်မှာ လူတစ်ယောက်ပဲဖြစ်ရမည်။ မျက်နှာကို မမြင်စေလို၍ အဝတ်နက် ဆင်မြန်းထားခြင်းပဲဖြစ်မည်



သို့ဆိုလျှင် လွန်ခဲ့သော ဆယ်နှစ်ကတည်းကပင် တစ်စုံတစ်ဆက်သည့် စောမရသိုက်ထဲက ရွှေတွေ၊ စိန်တွေ တွေ့သွားပေပြီ။

ဦးမျိုးဆက်မှ တွေးဖြည့်ပြီး ...

“ဘယ်လိုလဲ ... ထွန်းထွန်း ... ”

“ဟုတ်တယ် အန်ကယ်(လ်) ... ကျွန်တော်ကလည်း အဲဒါကိုပဲ စဉ်းစားမိတယ် ... နေဦး ဆက်မေးကြည့်မယ် ... အန်ကယ်(လ်) ... ”

“တောင်ပိုင်ကြီးကို မေးကြည့်ပေးပါဦး ဟိုင်းလုံ ... ကျားကိုက်တဲ့ နာဂလေး ရွာပြန်ရောက်ပြီးနောက်ပိုင်း ဒီတစ္ဆေနက်ကြီး ရှိနေသေးလား ... သတင်းမကြားတော့ဘဲ ... ပျောက်ကွယ်သွားသလားဆိုတာ ... ”

ဟိုင်းလုံက မေးသည်။ တောင်ပိုင်ကြီးက ခေါင်းတယမ်းနှင့် ဖြေခဲ့သည်။

“တစ္ဆေနက်ကြီးက ... အခုထိ ရှိနေဆဲပဲတဲ့ အစ်ကိုရေ ... တောင်ပိုင်ကြီးတို့လို ယဉ်ကျေးတဲ့ နာဂတွေကတော့ ... အန္တရာယ်ကိုရှောင်တဲ့အနေနဲ့ ဘယ်သူမှ မသွားကြဘူးတဲ့ နာဂရိုင်းတချို့သွားကြတယ်တဲ့ ... ဘယ်သူမှ ပြန်မလာကြတော့ဘူးတဲ့လေ ... သေသွားကြတာပဲနေမှာလို့ ပြောပါတယ် အစ်ကို ... လွန်ခဲ့တဲ့ သုံးလလောက်ကတောင် သွားကြတာ တစ်ယောက်မှ ပြန်မလာကြဘူးလို့ ပြောပါတယ်”

“အေး စဉ်းစားစရာတော့ ဖြစ်နေပြီ ... သိုက်ကို တွေ့သွားပြီဆိုရင်လည်း တူးပြီးပြန်ရုံပေါ့ ... စောမရသိုက်ကို မတွေ့သေးလို့များလား ... ပြောပုံအရဆိုရင်တော့ တစ္ဆေနက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဟာ လူများစုလည်း မဖြစ်နိုင်ပြန်ဘူး ... အင်း ... ဒီ
တပိုက်က နာဂတွေကြောက်သွားအောင် အဝတ်နက်ကြီး
ထားတာဖြစ်လိမ့်မယ် ... အေးလေ သွားကြည့်ရင်အေ
အဖြေမှန်ပေါ်လာမှာဘဲ ..."

ည(၁၀)နာရီကျော်ခန့်တွင် ပွဲသိမ်းသွားသည်။ ရွ
ဖျင်တဲသို့ ဦးမျိုးဆက်တို့ ပြန်လာကြသည်။ အားလုံး အိပ်ရာပေါ်
ခြေပစ်လက်ပစ် ဖြစ်ကုန်ကြ၏။

ထိုစဉ်မှာပင် အမောတကောပြေးလာသည့် ဟို
လုံကို တွေ့လိုက်ရသည်။

"အစ်ကို ... အစ်ကိုရေ ..."

သေနတ်ကိုဆွဲကာ ... ဝင်းမောင်ထွန်း ရွက်ဖျင်
အတွင်းမှ ထွက်လိုက်သည်။

"ဘာလဲ ဟိုင်းလုံ ... ဘာဖြစ်လို့လဲ ..."

"ဗန္ဓုတို့ လူသိုက် တစ်ယောက်မှ မရှိကြတော့ဘူး ... ခ
ပစ္စည်းတွေယူပြီး လစ်သွားကြပြီ အစ်ကို ..."

ဦးမျိုးဆက် ထွက်လာခဲ့သည်။

"စောမရသိုက်ကို တို့ထက်စောပြီး ရောက်နိုင်ဖို့ ထွက်သွ
တာဖြစ်မှာပေါ့ ... ဗန္ဓုက ဒီနယ်မြေကို ကျွမ်းကျင်တာ
လေ"

"ဟာ ... ဦးကြီး ... ညဘက်ဆို မလွယ်ဘူး ... ဆိ
မြားသမားတွေနဲ့ တွေ့မယ် ... ဒီကောင်တွေက ညမှာ
တဲ့ ဓါးကွက်လို အကောင်တွေ ..."

"ဟိုင်းလုံ စောစောက သတိထားမိမှာပေါ့ ... ဗန္ဓု နှ
ဖွက်တွေပေပြီး အပြင်ကပြန်လာတာလေ ... တို့များ



ရောက်လာပြီးဆိုကတည်းက ဗန္ဓုတစ်ယောက်တည်း ...
အပြင်ထွက်သွားပြီး အကြံအဖန်တွေလုပ်မှာပေါ့ ... မင်း
ပြောတဲ့ နာဂဆိုးတွေက လူနည်းစုပဲ ... တမင်လက်ဆောင်
တွေပေးပြီး စည်းရုံးလိုက်တာမျိုးပဲ ဖြစ်မှာပေါ့ ..."

"အဲဒါတော့ ဖြစ်နိုင်တယ် ... နာဂဆိုးတွေက ဆား ... အစား
အသောက် ရောင်စုံပုတီးရယ် သိပ်လိုချင်တဲ့ လူတွေ ...
နောက်ပြီး နာဂဆိုးတွေက လူနည်းစုဖြစ်နေတော့ ရွာတည်
မနေဘူး ... တောထဲမှာ အောင်းပြီး အလစ်မှာ ရွာတွေကို
ဝင်တိုက်တဲ့ လူမျိုးတွေ ..."

"ကိစ္စမရှိပါဘူး ... တို့အဖွဲ့နဲ့ ဗန္ဓုအဖွဲ့က နက်ဖြန်ခါ တွေ့ကြ
ဆုံကြမှာမလွဲပါဘူး ... ကဲ ... ကဲ အိပ်ရေးမပျက်ကြစေနဲ့
အိပ်ရေးပျက်ပြီး ... ထိုင်းမှိုင်းနေရင် တကယ့်အရေးကျ
မကောင်းဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

နံနက်လင်းမှ သေချာကြည့်မိကြသည်။ မြင်း
တွေ တွေ့ရ၏။ ဗန္ဓုက မြင်းကိုပါ စီးစဉ်ပြီး လစ်သွားခြင်းပင်

တောင်ဗိုင်ကြီးက ရှာဓောင့် နာဂစစ်သည်
ထားခဲ့သည်။ သူကိုယ်တိုင်ပင် သူ၏ လက်ရွေးစင်နာဂစစ်သည်
နှင့် သူ၏ နယ်နမိတ်အဆုံးအထိ လိုက်ပို့ပေးသည်။ ကျ
တောင်ခြေက သူပိုင်နယ်၏ အဆုံးသတ်ပင် ဖြစ်ပါလေ
မင်းတောင်ကြားလမ်းအရောက် နေက အတော်ပင် မြင့်တ
လေပြီ။ တောင်ဗိုင်ကြီးမှအစ နာဂစစ်သည်များ ရိုယ်ဖယ်
ရင်း လှံမြှောက်ရင် တစ်ခဲနက် နှုတ်ဆက်ကာ ကျန်ရစ်ခဲ့

ဝင်းမောင်ထွန်းက လက်နက်ကိုယ်စီကိုင်
ခရီးဆက်ခဲ့ကြ၏။ ခရီးသွားရင်း ဗန္ဓုတို့အဖွဲ့ကို မျက်ခြေမပြတ်
ခတ်ကြည့်ကြရသည်။

မကြာပါ။ ရှေ့မှ သွားနေသော ဆင်ကို ထေ
သော ခြောင်းရှူးသွားသည်။ ဗန္ဓုတို့အဖွဲ့၏ ကောက်ကျစ်
မှုပင် ဖြစ်ပါ၏။ ဆင်ကို ဆေးထည့်ထားပြီး ဆက်၍ ခ
သည်။



ယုတ်မာစွာပင် ထောင်ထားသော ဆူးခြောင့်များကို သတိထား ဖယ်ရှားရသည်။ တောက နက်လာခဲ့သည်။ အိုမင်းလှပြီး ဖြစ်သော သစ်ပင်ကြီးများက မိုးထိုးနေကာ နွယ်ပင်များက တွဲရရွဲ ကျလျှက်ရှိသည်။

ပုဆိန်များဖြင့် တောရှင်း၍ သွားရသည့်အထိ တော တထူလာခဲ့၏။ တစ်နေရာအရောက်၊ ဝင်းမောင်ထွန်းက မာကျော စွာ မြေကြီးသို့ ထိုးစိုက်ဝင်နေသော နွယ်ကြိုးကြီးကို မတင်ကာ စူးစိုက်စွာကြည့်လိုက်မိသည်။

"ဟေ ... ဟိုင်းလုံ ခုတ်နဲ့ ... မခုတ်နဲ့ ... မဖယ်နဲ့ မင်းငါ့ဆီ မြန်မြန်လာစမ်း ... "

"ဘာဖြစ်လို့လဲ အစ်ကို ... "

"အန်ကယ်(လ်)ရေ ... ကျွန်တော် နွယ်ကြိုးကို မသက်ာဘူး ဆင်တွေရော လူတွေပါ အားလုံးနောက်ဆုတ်ပါ ... ကျွန် တော်ကြည့်ချင်လို့ ... "

ဦးမျိုးဆက်က ဆင်ရော လူတွေပါ နောက်ဆုတ်ခိုင်း သည်။

ဝင်းမောင်ထွန်းက မြေကြီးထဲစိုက်ဝင်နေသော နွယ် ကြိုးကို ကြိုးတစ်ချောင်းချင်းဖြင့် ချည်ပြီး ကြိုးခွေအတိုင်းနောက်သို့ ဆုတ်လာခဲ့သည်။ ၎င်းနောက် ကျကျနန အကာအကွယ်ယူပြီးမှ ကြိုးစကို အားဖြင့် ဆွဲလိုက်ပါ၏။

"ဝုန်း ... ဒုန်း ... "

အဆင်ခြင်းမဲ့မှာသာ နွယ်ကြိုးကို ခုတ်ထွင်ရှင်းလင်း လိုက်လျှင် သူတို့လူစု သေကြရတော့မည်။ ဗန္ဓုကို လျှော့တွက်၍ မရတော့။ သူသည် ဤနာဂနယ်ထဲမှာပင် ညတွင်းချင်း မြင်းရ

www.burmeseclassic.com

www.burmeseclassic.com



အောင်ရှာနိုင်သည်။ ဗုံးထောင်ချောက်တွေ ဆင်သွားနိုင်၏။ လက်နက်အင်အား လူအင်အား မည်မျှအထိ ရှိထားလေသည်။

ဦးမျိုးဆက် စိတ်မောလူမောဖြစ်မိသည်။ သို့တစေ ဘာပဲဖြစ်ဖြစ် ရှေ့ခရီးကို ဆက်တိုးရမည်သာ။ ထိုသို့ဖြင့် ဆွေးနွေး ခလုတ်၊ ဗုံးထောင်ချောက်များကို ကြည့်ရှု သတိထားရင်းမှ စောမရ တောင်ခြေသို့ ညနေ(၄)နာရီမှ ကပ်မိကြသည်။

"အန်ကယ်(လ်)အားလုံးကို ပြန်အမှတ်ရသွားပြီ ထွန်းထွန်း မြေပုံပြန်ကြည့်စရာမလိုတော့ပါဘူး ... ကျောက်ဂူစခန်းကို အမှန်ရပြီ ... ဟောဟို တောင်ပူစာထိပ်က ဘုရားငုတ်တို စေတီလေးခြေရင်းမှာဘဲ ထွန်းထွန်းရဲ့ ဖေဖေ ဗိုလ်သီဟရဲ့ အလောင်းကို မြှုပ်ခဲ့တာဘဲ ... အခုနေ ပြန်တူးရင် ဗိုလ်သီဟ အရိုးတော့ ပြန်ရနိုင်သေးတယ်လို့ ထင်တာပဲ ... အဲဒါ ထွန်း ထွန်း တူးချင်ရင် တူးမလားလို့ ခေါ်ပြတာ ... "

ဝင်းမောင်ထွန်း ... မျက်နှာညှိုးရိပ်သမ်းသွားသည်။ ဖေဖေဗိုလ်သီဟ မြှုပ်နှံရာသို့ ကြည်ကာ ဦးချရှစ်ခိုးလိုက်ပါ၏။

"ဒီပြင် ကိစ္စတွေအတွက်ပဲ ဦးစားပေးရမယ် အန်ကယ်(လ်) အရိုးဖော်ရတယ်ဆိုရင် အချိန်ယူရမှာပါ ... ဒီအတွက် စော မရသိုက် ကိစ္စပဲစဉ်းစားပါ ... "

"အေးကွယ် ... အန်ကယ်(လ်) သဘောပေါက်ပါတယ် ... ထွန်းထွန်းကိုပြသတာမို့ ခေါ်ပြတာပါ ... လောလောဆယ် တော့ သိုက်ရှိရာ ကျောက်ဂူကိုပဲ ရှာကြတာပေါ့ ... "



## အခန်း (၂၈)

မြေပုံမလိုတော့ပြီ။

ဦးမျိုးဆက်က ခေါင်းဆောင်၍ ရှေ့ဆုံးမှ လမ်းပြပြီး "သိုက်" မြှုပ်နှံထည့်သွင်းထားရာ ကျောက်ဂူကြီးသို့ လှမ်းခဲ့ကြ ည်။ လေးဘက်လေးတန် သည်ကျောက်တောင် ကျောက်ကမ်း ား ဖြစ်နေသည်မို့ သတိထားကြရ၏။

"တစ်ခုတော့ နည်းနည်းဆန်းနေတယ် ထွန်းထွန်း ... "

"ဘာဆန်းတာလဲ အန်ကယ်(လ်) ... "

"သိုက်ရှိရာလမ်းက ... အခုလို ကုတ်ကပ်သွားရတဲ့ လမ်း မဟုတ်ဘူး အခုတော့ လမ်းကကျဉ်းနေတယ် ... ဒီလောက် ကုတ်ကပ်ပြီး အန်ကယ်(လ်)တို့ ရွှေချောင်းတွေ သယ်ပြီး ပို့လို့ဘယ်ဖြစ်မလဲ ... လမ်းမှားတာလည်း မဖြစ်နိုင်ဘူး၊ ချောက်ကမ်းပါးအမြင့်မှာပေါက်နေတဲ့ သစ်ပင်တွေ တောင် ထိပ်မှာ စေတီတည်ထားတာတွေ အားလုံးမှန်နေတယ်"

"အနှစ်နှစ်ဆယ်ကျော်ဆိုတော့ တောင်ပြိုတာတွေ ဘာတွေ ရှိမှာပေါ့ ... အန်ကယ်(လ်) ... "

www.burmeseclassic.com

www.burmeseclassic.com



"ပြိုရင် အမြင့်ပိုင်းက ပြိုပြီသင့်တာပေါ့ ... အခုဟာက …
အနိမ့်ပိုင်းမှာသာ ပြောင်းလဲသွားတာပါ ... ကျောက်…
ဆိုတာ ပြောင်းလဲဖို့ မလွယ်ဘူးလေ ... အနိကယ်(လ်)တို့…
ပုပ္ပါးတောင်ကြီးဟာ ကျောက်တောင်ကြီးသဘောပဲ …
အခုအထိ အနိကယ်(လ်)တို့ မမွေးခင်ကတည်းက ရှိနေ…
ဘာမှ မပြောင်းလဲဘူးလေ ..."

"ဟော ... အနိကယ်(လ်) ..."

"ဒိုင်း ... ဒိုင်း ..."

အားလုံးရပ်တန့်ပြီး အခြေအနေကို စောင့်ကြည့်…
သည်။ လူများနှင့် တစ်ဦးတစ်ယောက်တည်းက အပြန်အလှန်…
ခတ်နေသည့် ပုံစံဖြစ်နေခဲ့သည်။ "ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

"နေဦး ထွန်းထွန်း ... အခုတို့ရောက်နေတာက မြော…
ဘက်မှာ ... ပစ်နေတာက အရှေ့ကမ်းပါးနဲ့ အနောက်…
ပါးက ပစ်နေတဲ့ အသံလို့ ခန့်မှန်းနိုင်တယ် ..."

"အခု ကျွန်တော်တို့ သွားနေတာက မြောက်ဘက်ကမ်း…
ယံကနေပြီး ဘယ်ကိုဦးတည်ပြီး သွားနေတာလဲ ဟင်"

"အနောက်ကမ်းပါးယံကိုပဲ ထွန်းထွန်း ... စောမရည်…
ကျောက်ဂူက တောင်ကမ်းပါးယံကို ဖောက်ဝင်သွား…

"အလယ်ဘောင်က သိပ်နက်တဲ့ လျိုကြီးဖြစ်နေလို့ …
အနောက်ကမ်းပါးယံကို ပတ်ပြီး တောင်ကမ်းပါးယံကို …
အတွက် မြောက်ကမ်းပါးယံက အနိကယ်(လ်)ဝင်လာ…
ဗိုလ်သီဟ မြေမြှုပ်ခဲ့တာကလည်း ဒီမြောက်ဘက် တော…
စာမှာဘဲ ... လာရှေ့တိုးမယ် ... သူတို့က အရှေ့နဲ့အနော…
ပစ်နေကြတာ ... တို့မြောက်ဘက်က လမ်းလွတ်နေတာ…



ဆက်၍ အနောက်ဘက်သို့ တက်လာခဲ့ကြသည်။ အရှေ့ဘက်မှ ပစ်ခတ်သံက ကျာလွန်းလှသည်။ အနောက်ဘက်က ပြန်ပစ်သံက တစ်ချက်ချင်း ကျဲလှသည်။

"ဟော ... ဟော ... ဟိုမှာ အနိကယ်(လ်) မြင်လား ... လူမည်းမည်းတစ်ယောက်လေ ..."

"မြင်တယ် ထွန်းထွန်း ..."

အရှေ့မှပစ်နေသောကျည်ဆန်ကိုတည့်တည့်အကာအကွယ်ယူထားသဖြင့် မြောက်ဘက်မှကြည့်လျှင် ဘေးတိုက်အဝတ်နက်ကြီးနှင့် လူကို ဦးမျိုးဆက်ရော ဝင်းမောင်ထွန်းပါမြင်နေရသည်။

အဝတ်နက်နှင့်လူမှာ တစ်ဖက်မှ တရစပ်ပစ်နေ၍ ခေါင်းပင်မဖော်နိုင်ဘဲ ရှိနေခဲ့သည်။

"အနိကယ်(လ်) ... ဘာပဲဖြစ်ဖြစ် တစ်ယောက်သမားက ကျွန်တော်ကူပစ်ပေးချင်တယ် ... ဟိုရှေ့ဘက်က ဗန္ဓုတို့ ဖြစ်နိုင်တယ် ..."

"အေး ... ပစ် ..."

ဦးမျိုးဆက်၊ ဟိုင်းလုံ၊ ဝင်းမောင်ထွန်းတို့အရှေ့ဘက်သို့ ကူပစ်ပေးတော့၏။ ဦးမျိုးဆက်က မှန်ပြောင်းဖြင့်ကြည့်သည်။

"အစစ်ပဲဟေ့ ... ဗန္ဓုအဖွဲ့ကွ ... ဖိပစ် ... ဖိပစ် ... မောင်ကောက်နဲ့ ဖိုးထောင်ပါပစ်နိုင်း ..."

တဖောင်းဖောင်း တဒိုင်းဒိုင်းထိပစ်ပေးကြတော့၏။ ဗန္ဓုတို့၏ မြေပုံပိုင်းက အောင်စိုးထံ ပါသွားခဲ့သည်။ အောင်စိုးကသေပြီး သူ့အိတ်ထဲမှ မြေပုံပိုင်းကို ဦးမျိုးဆက်တို့ပဲ ရထားလိုက်သည်။

သူတို့ထံတွင် မြေပုံပိုင်း တစ်ပိုင်းမရှိတော့၍ စောမရ သိုက်အဝင်လမ်း လွဲသွားပုံရသည်။ စောမရ ကျောက်ဂူကို အရှေ့

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးယံလမ်းမှပင် မရမက ဖွတ်တိုးဝင်စဉ်မှာဘဲ အဝတ်နက်နှင့်လူတွေက တွေ့ရှိပြီး တိုက်မိုက်ကြခြင်းဖြစ်ပေမည်။

အဝတ်နက်နှင့် ... လူတွေကို ကူညီခြင်းသည်ပင် အဝတ်နက်နှင့် လူးလဲကျသွားခဲ့သည်။ အဝတ်နက်နှင့်လူကို ပစ်ချခဲ့သော သေနတ်သမားကို လှစ်ခနဲ မြင်သည်နှင့် ဝင်းမောင်ထွန်း ဒိုင်းခနဲ ပစ်ချခဲ့သည်။ ထိုသူ ပတ်ချလန်ကာ လဲကျသွားခဲ့ပြီ။

"ဖိပစ်ဟေ့ ... ထွန်းထွန်း ဖိပစ်ကွ ..."

ဦးမျိုးဆက်၏ သေနတ်တွေက သာမန် ရိုင်ဖယ်တွေမဟုတ် ... (၂၇၀)နှင့် ဒဿမ(၃၀၀)မဂ္ဂနစ်သေနတ်များဖြစ်သည်။ ပစ်အားဖိထားသောအခါ သူတို့၏ အလှမ်းမမီသော သေနတ်များဖြင့် မဆုံခဲတော့ဘဲ ကျည်လွတ်ရာသို့ ပြေးကြတော့သည်။ (၁၅) မိနစ်အတွင်း ဘာပစ်ခတ်သံမျှ မကြားရပါလေတော့။

ရန်သူ ဗန္ဒုတို့ ထွက်ပြေးပြီ။ စိတ်ချရသည်နှင့် ဦးမျိုးဆက်တို့ အဝတ်နက်နှင့် လူရှိရာသို့ ကူးခဲ့ကြသည်။

အနောက်ဘက် ကမ်းပါးယံ ထိုသူလဲကျနေသည့်နေရာနှင့် (၁၅)ပေခန့် အကွာတွင် တောင်ဆိတ်တစ်ကောင်နှင့် အဝတ် နက်လူခြေနှစ်လှမ်းအကွာတွင် ရိုင်ဖယ်သေနတ်တစ်လက် တွေ့ရည်။

မြင်ရုံဖြင့် ဒုတိယ ကမ္ဘာစစ်အတွင်းက မြန်မာပြည်ရောက် ဖက်ဆစ်များကိုင်ခဲ့သော ရိုင်ဖယ်မှန်း ဦးမျိုးဆက် ဒက်ခနဲ သိသည်။ သူသည်လည်း ကိုင်ခဲ့ဖူးသည်ကိုး။

"သူမသေသေးဘူး ..."

ဝင်းမောင်ထွန်းက ဆရာဝန်ပီပီ စမ်းသပ်ကြည့်၍ ပြောသည်။ ထိသွားသော ဒဏ်ရာက လည်ပင်းအောက်ရင်းဘက်



အထက်တွင် ဖြစ်သည်။

ဦးမျိုးဆက်က အဝတ်နက်ကို ခွာချလိုက်သည်။

"အာရိသသော ..."

မျက်နှာပေါ်လာသည်နှင့် ကျေးရူးတင်ပါတယ်ဗျာသော ဂျပန်စကားဖြင့် ဦးမျိုးဆက်တို့ ကူပစ်ပေးသည်ကို ရည်ရွယ်ကာပြောခဲ့သည်။

"အန်ကယ်(လ်) ချက်ချင်းရရင်တော့ မြှောင်လင့်နိုင်ပါတယ်"

"အေးကွာ ... ဗန္ဒုတို့ကလည်း အရှေ့ကမ်းပါးကနေပြီး ... တောင်ဘက်ထိုးဖောက်သွားပုံရတယ် ... သိုက်ကျောက်ဂူထဲ သူတို့ အရင်ဝင်သွားမှာစိုးရတယ် ... နေဦး ဟိုင်းလုံ မောင်ကောက်နဲ့ ဖိုးထောင်တို့သွားပြီ ကျောက်ဂူထဲမဝင်နိုင်အောင် ဗန္ဒုတို့အဖွဲ့ကို ပစ်ကွာ ..."

ဟိုင်းလုံတို့ သုံးယောက်က ကျောက်ဂူကို ကိုက်တစ်ရာအကွာမှ ပစ်ခတ်နေခဲ့သည်။

"ရေ ... ရေပေးပါ ..."

"ဘရမ်ဒီ ထုတ်ပြီး နည်းနည်းပါးပါး ပါးစပ်ထဲထည့် ဒဏ်ရာထဲထည့်ပေးလိုက်ပါ ထွန်းထွန်း ..."

ဦးမျိုးဆက်က ပြော၍ ဝင်းမောင်ထွန်းမှ အာဆွတ်ရုံအရက်အနည်းငယ် လောင်းထည့်သည်။ ဒဏ်ရာပေါ်သို့လည်း ... အနည်းငယ်လောင်း၏။

"ကျွန်တော့်ဂူစခန်းက ဒီနားမှာဘဲ ... ဝင်နေရင် ပိုဘေးကင်းမယ် ..."

ဖက်ဆစ်က ပြောသဖြင့် ရှေ့နောက်မကြာ သူညွှန်ပြ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း ကျောက်ဂူထဲသို့ ဝင်ခဲ့ကြသည်။ ဝင်ပေါက်က ကျဉ်း၍ ခါးကုန်းဝင်ရသော်လည်း အထဲသို့ ရောက်လျှင်မူ အတော်ပင် ကျယ်ဝန်းသော ဂူဖြစ်ကာ နေထိုင်ရန်သင့်တော်လှသည်။

ဒဏ်ရာကို ဝင်းမောင်ထွန်း စစ်ဆေးကြည့်သည်။ လွယ်တော့မလွယ်။ ခွဲစိတ်ကုရန်က မိမိမှာ ပစ္စည်းမပြည့်စုံ။ မပြည့်မစုံဖြင့်ခွဲလျှင် သေသွားနိုင်သည်။ သွေးသွင်းထားလျှင်မူ နှစ်ရက်သုံးရက် အချိန်ဆွဲထားနိုင်၏။

သွေးသွင်းတာကမလွယ်။ သွေးချင်းတူမှ။ သွေးရှိတာကလည်း သွေးအမျိုးအစား ခွဲခြားနိုင်ရန် စစ်ဆေးရဦးမည်။

"ဘယ်လို ထွန်းထွန်း ... "

"လွယ်တော့ မလွယ်ဘူး ... သွေးသွင်းနိုင်ရင်တော့ ရက်ပိုင်းလောက်ဆွဲထားနိုင်တယ် ... ဟုမ္ဗလင်းအထိခေါ်သွားပြီး ဆေးရုံတင်ရင်တော့ မျှော်လင့်ချက်ရှိနိုင်ပါတယ် ... သွေးရ တယ်ထားဦး ... သွေးအမျိုးအစားသိဖို့က မလွယ်ပြန်ဘူး"

"နေဦး ... ဒီဖက်ဆစ်ဟာ ဒုတိယ ကမ္ဘာစစ်က မပြန်ဘဲ ကျန်ရစ်ခဲ့တဲ့ စစ်သားတစ်ဦးပဲဖြစ်ရမယ် ... ဖက်ဆစ်စစ်သားအချို့ သွေးအမျိုးအစား ရေးထားလေ့ရှိကြတယ်"

"ဟာ ... ဒါဆို ရှာကြည့်မယ် အန်ကယ်(လ်) ... "

ကျောက်ဂူထဲတွင် သတိလစ်နေသည့် ဖက်ဆစ်ကို ဝင်းမောင်ထွန်း ရှာကြည့်သည်။ ဦးမျိုးဆက်ပြောတာမှန်သည်။ ဖက်ဆစ်၏ လက်မောင်းတွင် ဂျပန်စာနှင့် ယှဉ်ကာ အောဘီဆိုသည့် အင်္ဂလိပ်စာလုံးကိုပါ တွေ့ရသည်။

"အောဘီ အမျိုးအစားပဲ ထွန်းထွန်း ... "

"ဒါဆိုရင် အတော်ပဲ ... ကျွန်တော့်သွေးလည်း အောဘီပါ ဆင်ပေါ်မှာ သွေးသွင်းပိုက် ကိရိယာတွေပါတယ် ... ကျွန်



တော်ပြေးယူဦးမယ် ... "

ဂူအပြင်ထွက်ကာ ဝင်းမောင်ထွန်း ဆေးသေတ္တာယူ ...သည်။ ဂူထဲကျန်ရစ်ခဲ့သော ဦးမျိုးဆက်က အိပ်ရာဟောင်း ...ပေါ်တွင် သတိလစ်နေသည့် ဖက်ဆစ်ကိုပဲကြည့်နေမိသည်။ ...ရှာကြည့်မိ၏။

ယင်းအခိုက်မှာပင် ... ဖက်ဆစ်က လူးလွန့်လာပြီး ...ရလာခဲ့သည်။ သတိရခြင်း ရေတောင်းတော့၏။ အာဆွတ်ရုံ ...မ်ဒီအရက်ကို ဦးမျိုးဆက်က တိုက်လိုက်သည်။ ဖက်ဆစ် သတိ ...င်းကောင်းရချိန်တွင် ဦးမျိုးဆက်က ဂျပန်ဘာသာဖြင့် သိလို ...ကိုမေးသည်။ ဖက်ဆစ် စစ်သားဟောင်းကြီးက ပြန်၍ ဖြေ ...သည်။ အချိန်အတော်ကြာသွားသည်။

ဝင်းမောင်ထွန်း ဆေးသေတ္တာဆွဲကာ ဂူထဲသို့ ပြန် ...လာသည်။

ဝင်းမောင်ထွန်းက သူ့လက်မောင်းမှ သွေးကိုထုတ် ...သည်။

"ထွန်းထွန်းရေ ... သူက မင်းအဖေ ဗိုလ်သီဟ သက်စွန့်ဆံဖျားတိုက်ခဲ့တဲ့ ... ဂျပန်စစ်သားလေးယောက်ထဲက တစ်ယောက်ပဲ ... တပ်ကြပ်ကြီးရန်ကျော် သေမသေအကြည့်မှာ သေချင်ယောင်ဆောင်ခဲ့တာပဲ ... အန်ကယ်(လ်)တို့ ဒီနေရာက ထွက်ခွာသွားခဲ့ပြီးမှ သူတို့ တပ်ကကျန်ခဲ့တဲ့ ဆေးဝါးလေယာဉ်ပျက်ထဲကရတဲ့ ဆေးဝါးတွေနဲ့ သူ့ဘာသာသူကုလို့ မသေမပျောက် ကျန်ခဲ့တာပဲတဲ့ ... ဒီနေရာမှာပဲနေခဲ့ပြီး တောထဲမှာ ရှာဖွေစားသောက်ခဲ့တာလေ ... လက်နက် ခဲယမ်းတွေကလည်း ကျန်ခဲ့တယ် ... ဒီနေရာတစ်ဝိုက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ... ကစားစရာတွေလည်းပေါတော့ ဒဏ်ရာဖျော
ကင်းတာတောင်မပြန်ဖြစ်ဘဲ ဆက်နေဖို့ ဆုံးဖြတ်ခဲ့တာ
"ပြီးတော့ စောမရသိုက်ထဲက ရွှေတွေ စိန်တွေကိုလ
စွန့်ပစ်ရမှာစိုးတာနဲ့ နေဖြစ်ခဲ့တာ ... ပြန်ဖို့လမ်းကလ
မသိခဲ့ဘူးလေ ... အဓိက အချက်က ဂျပန်စစ်ရှုံးသွား
သူကြားပေမဲ့ စစ်ထဲဝင်ကတည်းက ဘုရင်တင်နေသော
အတွက် ရန်သူကို ဘယ်တော့မှ လက်နက်မချဘဲ တိုက်
လို့ ပဋိညာဉ်ခံထားခဲ့တာပဲ ... ဒါကြောင့် အခုအချိန်အ
လက်နက်မချဘဲ ကျန်ခဲ့တဲ့ ဖက်ဆစ်သူရဲကောင်းပါတဲ့ ...
တိုတိုပြောရရင် ဘူရှီဒိုစိတ်ဓါတ်ပြည့်ဝတာပေါ့ ... အဲဒီ
စစ်သားတွေ အန်ကယ်(လ်) အများကြီးတွေ့ဖူးတယ် ...
ရန်သူကို လက်နက်မချဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့
ဖက်ဆစ်စစ်သားတွေပဲ ..."

"သူမှာ ညီအစ်ကိုမောင်နှမ မရှိခဲ့ဘူးတဲ့လေ ... ဒါကြော
ဒီနေရာမှာ သူ့အတွက် အဲစစအရာရာအဆင်ပြေပြီး
စောမရသိုက်ထဲက စိန်ရွှေရတနာတွေကို စွဲလမ်းပြီး ပိုင်
သူဆိုတဲ့အစွဲကြောင့် အဝတ်နက်ကြီးခြုံပြီး စောမရသို
စောင့်ကြီးလို ဖြစ်မှန်းမသိဖြစ်သွားရတော့တာပဲ၊ ဒါကြော
ဒီနယ်ဘက်လာသူတွေမှန်သမျှ အဝတ်နက်တစ္ဆေကြီးအ
သတ်ပစ်နေခဲ့တာပဲ ... သူမှာက လက်နက်ခဲယမ်း ပြည့်
နေတယ် မဟုတ်လား ..."

"ဒါပေမဲ့ ဗန္ဓုတို့ကို သူပြန်တိုက်တာကျတော့ ရိုင်ဖယ်
လက်တည်းပဲ အန်ကယ်(လ်) ..."

"အေး ဒါလည်း စဉ်းစားစရာပဲပေါ့ ..."



ဝင်းမောင်ထွန်းက သေွးပုလင်းပြည့်ပြီမို့ ဖက်ဆစ်
အား သွေးသွင်းရန်စီစဉ်ခဲ့သည်။ သွေးသွင်းခဲ့သည်။

ထိုစဉ်မှာပင် အပြင်ဘက်မှ ဝုန်းခနဲ ဝေါခနဲ မြေတုန်
သွားအောင် ပေါက်ကွဲသံကြီး ပေါ်လာခဲ့တော့သည်။

"ဟိုင်းလုံတို့ တိုက်ပွဲအခြေအနေ ဘယ်လိုလဲမသိဘူး ထွန်း
ထွန်း ..."

"အန်ကယ်(လ်) ဒီကစောင့် ... သွေးသွင်းထားတာက သူ
ဟာသူ တစ်စက်ခြင်းဝင်နေမှာဘဲ ..."

ဝင်းမောင်ထွန်း ဂူထဲမှ ထွက်သွားသည်။

ဖက်ဆစ်က ဝင်းမောင်ထွန်း လှုပ်ပုံကိုင်ပုံကြည့်၍
ဆရာဝန်လားဟုမေးသည်။ ဦးမျိုးဆက်က ရှင်းပြလိုက်သည်။ သူ
င်သည် ဖက်ဆစ်တပ်မှ အဖောက်ကြီး၍ ကျသွားသူဖြစ်ကြောင်း
ပြခဲ့သည်။

ဖက်ဆစ်မှာ စိတ်ထိခိုက်သွားခဲ့ပါ၏။ ဝင်းမောင်
ထွန်းနှင့် အဲတူ မောင်ကောက်၊ ဖိုးထော်၊ ဟိုင်းလုံတို့ ဂူအတွင်းသို့
ရောက်လာခဲ့ကြသည်။

"သွားပြီ အန်ကယ်(လ်) ... စောမရဲသိုက်ဝင်တဲ့လမ်းကို
ဗိုလ်ဗန္ဓုတို့အဖွဲ့ လက်နက်ကြီးနဲ့ပစ်လိုက်တာဖြစ်မယ် ...
ကျောက်တောင်ပြိုကျပြီး လမ်းပိတ်သွားပြီ ..."

ကြားရသော သတင်းက ဦးမျိုးဆက်အဖို့ ရင်ခိုဖွယ်
ဖြစ်သည်။ အရာရာက အလွန်အမင်း နောက်ကျသွားခဲ့ပြီဖြစ်ပါ၏။
ဦးမျိုးဆက် မျက်နှာညှိုးကျသွားပြီး။

"ဘာဖြစ်လို့လဲ မာစတာ ..."

ဦးမျိုးဆက်၏ မျက်နှာထားကြောင့် ဖက်ဆစ်က

www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ မာစတာဆိုသည်မှာ လေးစားကြည်ညိုသူကို ခေါ်သည်ဟု သူနားလည်ထားပုံရသည်။ သူသည်လည်း တချိန်က မာစတာအခေါ်ခံရဖူးပေမည်။

မထူးတော့ပြီဟု သဘောပိုက်ကာ ဦးမျိုးဆက်က အရှည်ကြီးရှင်းပြလိုက်ပါသည်။ စကားအဆုံးတွင် ဖက်ဆစ်ကပြုံးသည်။

"မာစတာ ဦးမျိုးဆက်တို့ သိပ်ဖော်ကောင်းတယ် ... ဂူထဲဝင်သူတိုင်းဟာ အဆင့်ဆင့် ထောင်ထားတဲ့ မိုင်းတွေကြောင့် သေကြရမှာမလွဲပါဘူး ... ရတနာဂူထဲကို မိုင်းဗုံးတွေရှောင်ပြီး အရောက်သွားနိုင်တာ ကျွန်တော်တစ်ဦးတည်းရှိပါတယ် မာစတာတို့ဟာ ကျောက်ဂူထဲသွားနိုင်ပါလျှက်နဲ့ ကျွန်တော့်အသက်ကို ကယ်တင်လိုတဲ့ဆန္ဒကြောင့် မသွားဖြစ်တာက ဘဲ သိပ်ကောင်းသွားတာပါ ... စေတနာအကျိုးပေးတာပါပဲ ကျွန်တော့်အသက်ရှင်ဖို့ မလွယ်တော့ပါဘူး ... "

"ဒီလောက်များပြားတဲ့ ရွှေချောင်းတွေကို ဂျပန်ပြည်ရောက်အောင် ကျွန်တော် ဘယ်လိုမှမသယ်နိုင်ပါဘူး ... ဒါပေမဲ့ လူ့စိတ်ဆိုတာ အင်မတန်တစ်ကိုယ်ကောင်းဆန်ပါတယ် ... ကျွန်တော်ယူမသွားနိုင်တဲ့ ရတနာတွေကို တခြားသူတွေယူမှာကို နှမြောတယ် ... တွန့်တိုတယ် ... ဒါကြောင့် အင်မတန် ပြင်းထန်တဲ့ ဗုံးတွေကို ဆင်ထားခဲ့တာပါပဲ ... ကျွန်တော့်ကို စာရွက်နဲ့ ဖောင်တိန် ... ခဏပေးပါ ... ဗုံးတွေလွှတ်တဲ့လမ်းကို မြေပုံဆွဲပေးပါမယ် ... "

"ခင်ဗျား မသေနိုင်ပါဘူး ... ကျုပ်တို့မှာ ဆင်တွေပါလာပါတယ် ... ဟုမှူးလင်းဆေးရုံအထိ ခေါ်သွားပြီး ဆေးကုပေးမှာ



ပါ ... "

"ကျွန်တော် မနေရတော့ပါဘူး ... ကျွန်တော့်ကို ကျွန်တော်သိပါတယ် ... "

ထိုစဉ်မှာပင် ဖြိုကျသံများ ပေါက်ကွဲသံများ ရောထွေးကာကြားရသည်။ ကျောက်ဂူလေးပင် လှုပ်ခါနေပါ၏။

"ဝုန်း ... ဝေါ ... ဝုန်း ... ဝုန်း ... "

"မာစတာ ... ဦးမျိုးဆက်တို့ ကျောက်ဂူအပြင်ထွက်ပါ ... ကျောက်တောင်ဆိုတာ အက်သွားရင်ပင် လူ့ခြေထောက်လိုဝေ့ရိုက်ပြီး ကွဲပြိုတတ်ပါတယ်"

ထို့နောက် အပြင်သို့ လေးဘက်ထောက်ကာ ထွက်ကြရသည်။ အပြင်ရောက်သည့်တိုင် ငလျင်လှုပ်သလို တုန်ခါနေခဲ့သည်။ မတ်တတ်မရပ်နိုင်။

ငြိမ်သက်သွားချိန်မှာ ဦးမျိုးဆက်နှင့် ဝင်းမောင်တို့ စောမရသိုက်ကျောက်ဂူရှိရာ အနောက်ဘက်ကမ်းပါးယံသို့ ငေးမြော်ကြည့်လိုက်ကြသည်။

မိနစ်နှစ်ဆယ်ခန့် ကျောက်တုံးကြီးများ ပြိုလိမ့်ကျနေသေးသည်။ ဗန္ဓုတို့အဖွဲ့ စောမရသိုက်နှင့်အတူ ကွယ်ပျောက်သွားခဲ့ပြီ။ လောဘသားကောင်များက စောမရသိုက်နှင့်အတူ မရှိတော့ပြီ။ စောမရသိုက်ဆိုတာ ရှိခဲ့ပါသည်ဆိုလျှင် တောင်ပခုံးတန်းပြင်တစ်ပုဒ်ဖြစ်သွားခဲ့ပါလေပြီ။

"ဟင်း ... အန်ကယ်(လ်) ... "

"ဘာကိုယုံကြည့်တာလဲ အန်ကယ်(လ်) ... "

"ရတနာသိုက် ရယ်လို့ ဖြစ်လာခဲ့ရင် အဲဒီ ရတနာသိုက်ဟာ နောင်းလူတွေ ဘယ်လိုပဲရှာရှာ တစ်စုံတစ်ခုသော ဘေးဆိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ တစ်နည်းနည်းနဲ့ ကွယ်ပျောက်သွားခဲ့တာတွေကို ကြားဖူးနာစရှိခဲ့ဖူးတယ် ... အခုတော့ ယုံလိုက်ပါပြီကွယ် ... လက်တွေ့ပဲလေကွယ် ... ”

“ဒါဆိုလည်း ပြန်ကြယုံပေါ့ အန်ကယ်(လ်) ... မှန်တာပြောရရင် ... ကျွန်တော်ဟာ မက်မောသင့်သလောက် မက်မောလှတယ်လို့တော့ မဟုတ်ခဲ့ဘူး ... ဗိုလ်သီဟရဲ့ သွေးဝီသတာရယ် ...သတ္တိရယ်ဆိုတာရယ် ... အသက်ကြီးတဲ့ အန်ကယ်(လ်)ကို စောင့်ရှောက်ဖို့ လိုက်လာခဲ့တာပါ ... လေးလေးလည်း မျှော်လှရောပေါ့ ... ပြန်ကြပါစို့ အန်ကယ်(လ်)”

တိုင်းလုံတို့အား ဆင်များရှိရာလွှတ်လိုက်သည်။ ပြန်ကြမည်မို့ အဆင့်သင့်ဖြစ်စေရန် စီစဉ်စေသည်။

ဦးမျိုးဆက်နှင့် ဝင်းမောင်ထွန်းတို့ နှစ်ယောက်တည်း ဖက်ဆစ်ရှိရာ ဂူလေးထဲသို့ ဝင်လာခဲ့သည်။

“ကျုပ်တို့အားလုံး လိုက်လျှောလိုက်ပြီ ... ရတနာဂူဝေါ်လည်း မိုးဒဏ်ကြောင့် ပိတ်သွားပြီလို့ ပြောရုံမကတော့ဘူး ပျောက်ကွယ်သွားပါပြီ ... ခင်ဗျားကို ကျုပ်တို့ ဆေးရုံရောက်တဲ့အထိ ခေါ်သွားပါ့မယ် ... ”

ဖက်ဆစ်မျက်ဝန်းမှ မျက်ရည်များကျသည်။ ပြီးတော့ သူလည်တိုင်မှ ဆွဲကြိုးဆွဲသလို ဆွဲထားသော အိတ်ရှုံ့ကလေးကိုဖြုတ်ပေးသည်။

“ဒီအထဲမှာ စိန်တွေချည်း ကျွန်တော်ထည့်ထားပါတယ် ... စိန်ဟာ သေးငယ်ပေမဲ့ တန်ဖိုးရှိတယ် ... ရွှေနဲ့ စိန်အလေးချိန်ခြင်း တူနေတာတောင် စိန်တစ်အောင်စဟာ ရွှေတစ်အောင်စထက် အများကြီးတန်ဖိုးကွာခြားပါတယ် ... အ



တာ ... တကယ်လို့ ကျွန်တော် တစ်နေရာကို ပြေးခဲ့ရင် တစ်သက်လုံး မဆင်းရဲအောင် ကောင်းမွေဆိုတဲ့ စိန်အလုံးရေ(၃၀၀)ကျော် ထည့်ထားခဲ့ပါတယ် ... ကျေးဇူးရှင်တွေမို့ ယူသွားပါ မာစတာ ... ”

“ခင်ဗျား မသေနိုင်ပါဘူး ... ”

သူလက်စါးကာပြသည်။

“ကျွန်တော့်အတွက် ထည့်မတွက်ပါနဲ့ ... မာစတာတို့ ဒီအချိန်မျိုးမှာ ဘယ်လိုမှ ပြန်လို့မဖြစ်တော့ပါဘူး ... လမ်းမှာ အခက်အခဲဖြစ်တဲ့ လမ်းကြမ်းတာကတစ်ကြောင်း ပြီးတော့ ဒီနယ်မှာ လူနည်းပေမဲ့ ကြောက်စရာကောင်းတဲ့ လူတစ်စု ရှိပါတယ် ... သူတို့က နေ့ဘက်အိပ်ပြီး ညဘက်မှ ထွက်ကြတဲ့ လူဆိုးတွေပါပဲ ... သူတို့နဲ့ တွေ့နိုင်တာမို့ မနက်ကျမှပြန်ပါ မာစတာ ... ”

“ကျုပ်တို့က ခင်ဗျားကို ဆေးရုံပို့ဖို့အတွက် ပြန်ချင်တာပါ”

“ကျေးဇူးပါပဲ မာစတာမျိုးဆက် ... အခုအချိန်မှာသွားရင် ဆေးရုံမရောက်ဘဲ လမ်းမှာ နာဂလူဆိုးတွေနဲ့ တွေ့ပြီး သေမှာဘဲလေ ... ဘာထူးမှာလဲ ... ”

သဘာဝကျသည်မို့ ခရီးမထွက်တော့ဘဲ ဂူဝတွင် အလှည့်ကျ ကင်းစောင့်စေကာ တစ်ညကို ကျောက်ဂူထဲမှာဘဲ ကုန်ဆုံးစေခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

မနက်မိုးလင်းတော့ ဖြေကွဲစရာနှင့် ဆုံဆည်းကြ
တော့သည်။ ဖက်ဆစ်သည် သူ၏ စိန်ထုပ်ကို ဦးမျိုးဆက်လက်ထဲ
ထည့်ခဲ့ရှာသည်။

ဦးမျိုးဆက်နိုးတော့ သူ၏ စိန်ထုပ်က ဦးမျိုးဆ
လက်ဖဝါးပေါ်မှာဘဲဖြစ်သည်။ ညက ဟိုင်းလုံ၊ မောင်ကောက်
ထောင်တို့ အလှည့်ကျ ကင်းစောင့်၍ ဂူဝမှာ အိပ်ကြသည်။

ထွန်းထွန်းကို သေချာစေရန် မျက်ဖြူလန်နေပြီ
သော ဖက်ဆစ်ကို စမ်းသပ်စေ၏။

"သေရှာပြီ အန်ကယ်(လ်) ..."

"အင်း စိတ်မကောင်းစရာပဲ ... သူ့ခမျာ မယူမှာစိုးလို့
ကယ်(လ်)လက်ဖဝါးထဲ ထည့်ခဲ့ရှာတယ် ... သူ့စေတ
ပြခဲ့တာပေါ့လေ ..."

"အလောင်းကို ဘယ်လိုလုပ်မလဲ ... ဟိုင်းလုံတို့ ရွာ
ဝင်အိပ်မှဖြစ်မယ် ... ကျွန်တော်လည်း စိတ်မကော
ဘူး"

ဖက်ဆစ်၏ အလောင်းကို ဂူထဲမှထုတ်သည်။



ကိုင်းအနေတော်များကို ခုတ်ဖြစ်ကာ အလောင်းအား မီးရှို့ကာ
သင်္ဂြိုဟ်ခဲ့ရာ နေရာမှ မီးခိုးများ တလူလူတက်ကာ ကျန်ရစ်ခဲ့သည်။

ဗိုလ်သီဟာ၏ အလောင်းမြှုပ်နှံရာ ဘုရားငုတ်တို
တောင်ပူစာလေးသို့ နံနက်(၉)နာရီတွင်ရောက်သည်။

"ဆင်သမားတွေက အောက်မှာဘဲ နေခဲ့ကြ ... မောင်
ကောက်နဲ့ ဖိုးထောင်တို့က ကင်းစောင့်ပြီးနေခဲ့ကြပါ ..."

တူးဆွရန် ပေါက်တူး၊ ဂေါ်ပြား၊ ပုဆိန်များကို ဟိုင်း
လုံနှင့် ဝင်းမောင်ထွန်းတို့ထမ်းကာ တောင်ပူစာပေါ်သို့ တက်ခဲ့ကြ
သည်။ ဦးမျိုးဆက်က ရှေ့ဆုံးမှ တက်ခဲ့သည်။

တောင်ပူစာပေါ်သို့ ရောက်သည်နှင့် ဦးစွာ ဘုရား
ရှိခိုးကန်တော့ကြ၏။ ၎င်းနောက် ရုပ်ကြွင်းကို တူးဆွခဲ့ကြသည်။

အားလုံးက ဗိုလ်သီဟ ရုပ်ကြွင်းကိုသာ အာရုံစိုက်
နေကြသည်။

ထိုစဉ်မှာပင် ကင်းသမား မောင်ကောက်တို့ဘက်
မဟုတ်သော အခြားမျက်ကွယ်တစ်နေရာမှ တောင်ပူစာပေါ်သို့
တက်လာခဲ့သည်ကို မမြင်မိကြ။

တက်လာသူက ဘုရားငုတ်တိုအကွယ်မှ ပြေးလိုက်ပြီး
လက်ထဲမှ ပစ္စတိုကို မောင်းဆွဲလိုက်သည်။ ကလစ်ဟူသော အသံကို
ဝင်းမောင်ထွန်း ကြားလိုက်ရသည်။

ထိုအချိန်မှာပင် ကျောပေးနေသော ဝင်းမောင်ထွန်း
ကို ပစ်ချလိုက်တော့၏။ နားပါးလွန်းသော ဝင်းမောင်ထွန်းက ရှေ့
အကြည့် လူတစ်ယောက်က သူ့အပေါ်ခုန်အုပ်လာခဲ့သည်။

"ဒိုင်း ..."

ဦးမျိုးဆက်ကလျှင်ပို့။

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းလုံက ရိပ်ခနဲ မြင်လိုက်၍ ဝင်းမောင်ထွန်းအား ခုန်အုပ်ကာ ဆွဲလှဲလိုက်စဉ်မှာပင် ဦးမျိုးဆက်က ရန်သူကို ပစ်ခ လိုက်သည်။ သေနတ်သံက ရောထွေးသွားသည်။ ရန်သူက နောက် လန်ကျသွားခဲ့သည်။

ရန်သူကျသွားရာသို့ သွားခဲ့ကြသည်။

"ဟာ ... ဦးရန်မောင်ပါလား ... တော်သေးတယ် မသေ ဘူး"

ဝင်းမောင်ထွန်းက ပြောလိုက်သည်။ ဦးရန်မော် တစ်ကိုယ်လုံး သွေးတွေယိုစီးကျနေခဲ့သည်။ သူ့မျက်ဝန်းမှာ နာ ကြည်းရိပ်များ အပြည့်ဖြစ်ပါ၏။

"တောက် ... မင်းကို သတ်ချင်လွန်းလို့ ရဲဗန္ဓုတို့ ကျော ဝှထဲဝင်တာတောင် လိုက်မဝင်ခဲ့ဘူး ... ငါတို့သားအဖရဲ့ ချစ် ... ချစ်ခြင်းကိုခွဲတဲ့ ဆ ... ဆရာဝန်စုတ် ... မင်း ကို ... ငါ ... ငါရောက်လေရာ ဘ ဝ က စောင့်ပြီး လက်စား ချေ ..."

စကားပင်မဆုံးလိုက်၊ ဦးရန်မောင်ခေါင်းငိုက်စိုက်ကျ သွားခဲ့ပါလေ၏။ အတ္တကြီးမားလွန်းသော ဦးရန်မောင်တစ်ယောက် တမလွန်ခရီးကို ထွက်ခွာသွားခဲ့ပြီ။

ရန်သူတစ်ယောက်ဖြစ်လင့်ကစား ဦးမျိုးဆက်တို့က လူသားတစ်ဦးမို့ ထုံးစံအတိုင်း နေရာတွင်ပင် ဦးရန်မော်ကို ကောင်း စွာ မြေမြှုပ်ပေးခဲ့သည်။

ဝင်းမောင်ထွန်းက ဗိုလ်သီဟာ၏ အရိုးများကို ကောင်းစွာကောက်ယူခဲ့သည်။ ထိုအချိန်မှာပင် တောင်ပူစာပေါ် ဝင်းမောင်ထွန်း ပြန်၍ ဆင်းလာခဲ့သည်။



ဟိုင်းလုံ၏ ဦးကြီးသည် သူ၏ လက်ရွေးစင် နာဂစစ် သည်များနှင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ စောမရသိုက်ဂူကြီး ဗုံး တွေပေါက်ကွဲပြိုကျသံကို ကြားကာ တူတော်မောင်အတွက် စိုးရိမ် ပြီး ရောက်ရှိချီတက်လာခြင်းဖြစ်ကြောင်း တောင်ပိုင်ကြီးက ပြောခဲ့ သည်။

အပြန်ခရီးတွင် တအုပ်တမကြီး ဘေးအန္တရာယ် ကင်းစွာဖြင့် နာဂရွာသို့ ညနေ နေဝင်ချိန်တွင် ရောက်ရှိသွားခဲ့ပါလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

နာဂရွာလေးမှာ သုံးရက်ခန့်ကြာမြင့်သွားသည်
ဟိုင်းလုံ၏ အရိုက်အရာပွဲနှင့် လက်ထပ်ပွဲကြောင့်ပဲဖြစ်ပါ၏။ နာဂ
တွင် တောင်ပိုင်ကြီးက ဦးမျိုးဆက်နှင့် ဝင်းမောင်ထွန်းတို့ကို တ
တနားထားပါလေ၏။

မောင်ကောက်နှင့် ဖိုးထောင်ကို ရွာ၏ ကာလသ
ခေါင်ခေါင်အိမ်တွင် လွှတ်လပ်စွာထားသည်။ သူတို့ကလည်း န
ပျိုဖြူကလေးများဖြင့် ပျော်ပျော်ပါးပါး ရင်းနှီးခွင့်ရ၍ အကြိုက်
နေခဲ့ပါ၏။

ဆင်ဦးစီးများနှင့် ဆင်သုံးကောင်ကိုမူ ရွာပြင်ပ
ပင် စခန်းချစေသည်။

"ဒီမယ် ထွန်းထွန်း ..."

"ဟုတ်ကဲ့ ... အန်ကယ်(လ်) ..."

"စိန်အမှောင် ... ကြောင်အလင်းတဲ့ကွ ... ဘယ်
ကောင်းတယ်ဆိုတာ မှောင်ထဲမှာကြည့်ဆိုတဲ့ သဘော
အခု မိုးချုပ်ပြီ ... ဘာမီးမှမထွန်းခင် ဖက်ဆစ်ပေးလိုက်
အကြီးဆုံး စိန်နဲ့ သေးဆုံး စိန်ကို အန်ကယ်(လ်) လက်



ထဲထည့်ပြတာ ..."

တကယ်ပင် စိန်များထံမှ ဖြိုးဖြိုးလက်လက်ထွက်သော အရောင်များက တဖျပ်ဖျပ်မြင်ရသည်။

"စိန်အလုံးအကြီးဆုံးက ... သာမန်ဇီးသီးအရွယ်ရှိပြီး ...
အသေးဆုံးက မန်ကျည်းစေ့လောက်ရှိတယ် ထွန်းထွန်း ...
အိတ်ထဲမှာ စိန်အကြီး ... အသေးဘယ်လောက်ဆိုတာ
တော့ အချိန်မရသေးလို့ မခွဲခြား ... မရေတွက်ရသေးဘူး
အန်ကယ်(လ်)တို့ လာရကျိုးနပ်ကြောင်း ထွန်းထွန်း သိစေ
ချင်လို့ပါ ... ဒီစိန်တွေရဲ့ ထက်ဝက်ဟာ ထွန်းထွန်းတစ်ဝက်
ပိုင်သင့်တယ် မဟုတ်လား ..."

"မလိုပါဘူး အန်ကယ်(လ်) ..."

"ဟေ ... ဘာလို့မလိုရမှာလဲ ..."

ဝင်းမောင်ထွန်းက ဦးမျိုးဆက်ကို မျက်နှာပူစွာနှင့်ပဲ ပြောချလိုက်ပါလေတော့၏။

"လေးလေးနဲ့ ကျွန်တော်က လက်ထပ်မှာဘဲ အန်ကယ် ...
အန်ကယ်(လ်)မှာရှိသရွေ့ ... ကျွန်တော့်မှာရှိသရွေ့ လေး
လေးပဲ ပေးမှာဘဲမဟုတ်လား ... သည်တော့ ကျွန်တော်
ဘာလို့ခွဲပြီးယူနေရဦးမှာလဲ အန်ကယ်(လ်) ..."

"အေး ... ဟုတ်သား ..."

ဝါးလုံးကွဲရယ်သော်လည်း မရယ်တော့ပါ။ ဦးမျိုးဆက်ဖြိုးတော့ ပြုံးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

အောင်မြင်စွာပဲ ဟိုင်းလုံ၏ အရိုက်အရာခံပွဲနှင့် လက်ထပ်ပွဲပြီးဆုံးသွားခဲ့သည်။

"အစ်ကို ကျွန်တော့်မျိုးဆက်ရအောင် ခဏနေခဲ့တာပါ ... ကျွန်တော့်ဇနီး ကလေးမွေးပြီးရင် ကလေးကို ဦးကြီးဆီမှာ ရင်ခွင်ပိုက်အရိုက်အရာဆက်ခံသူအဖြစ် ထားခဲ့မှာပါ ... ပြီးရင် သီရိမြို့ကို ကျွန်တော်လာခဲ့မယ် အစ်ကို ..."

"လာခဲ့ပေါ့ ဟိုင်းလုံ ... ငါက သီရိမြို့မှာဘဲ ရှိနေတော့မှာဘဲ"

"မန္တလေးက အိမ်ကလေးကို ဘာလုပ်မလဲ အစ်ကို"

"ရောင်းချင်ရောင်းမယ်ကွာ ... မရောင်းလည်း လူငှားတင်ထားလိုက်မှာပေါ့ ..."

"ကျွန်တော်နဲ့ အစ်ကို သိပ်ချစ်သွားတာ အဲဒီအိမ်လေးပါ မရောင်းပါနဲ့ ... အမှတ်တရထားပါ အစ်ကို ..."

"အေးပါကွာ ... တကယ်ဆိုရင် ငါ့အမေထားခဲ့တာပဲ ... မရောင်းတော့ပါဘူး ..."



"လာခဲ့ပါ ဟိုင်းလုံ ... မင်းကို ငါစောင့်နေမယ် ... တကယ်ဆို မင်းဟာ ငါ့ရဲ့ညီလေ ... မင်းဇနီးခေါ်လာခဲ့ ... အတူတူစား အတူတူနေပေါ့ ... တို့တတွေက တကယ်ဆို တကယ့်သွေးသားရင်းတော့ မဟုတ်လား ဟိုင်းလုံ ..."

ဟိုင်းလုံ စိတ်မခိုင်တော့၊ မျက်ရည်ကျလျှက် ကျန်ရစ်ခဲ့ရာပြီး ဦးမျိုးဆက်နှင့် ဝင်းမောင်ထွန်းတို့အဖွဲ့ ခရီးဆက်ကြရပါလေပြီ။

ကသာအရောက်တွင် ဆင်ဦးစီးများကို ဆင်ဖိုးအပြင် အပိုငွေများဆုချခဲ့သည်။

အချိန်ကောင်း အချိန်မီရောက်၍ ဦးမျိုးကဆက်၊ ဝင်းမောင်ထွန်း၊ မောင်ကောတ်၊ ဖိုးထောင်တို့ ဟုမ္မလင်းသို့ ကူးလာသည်။

ဟုမ္မလင်းမှ စစ်သောင်းသို့ မော်တော်ဘုတ်ငှားကာ ဆန်မြောလိုက်ပါခဲ့၏။ ထမင်းစားချိန်မှာ စစ်သောင်းသို့ရောက်သည်။

စစ်သောင်းမှ တမူးသို့ ကြိုက်ဈေးထက် ပိုပေးကာ ဂျစ်ကားဆရာကို တောက်လျှောက်မောင်းစေခဲ့၏။

ညနေ မှောင်ရီပြိုလေးမှာ ဌာနပိုင်ကြီး ဦးဖြိုးသာ အိမ်သို့ ဆိုက်ရောက်ခဲ့ပါလေတော့သည်။

"ဟယ် ... ဖေဖေ ..."

"ဟယ် ... ကိုထွန်း ..."

ဂျစ်ကားရပ်သည်နှင့် လေးလေးမြင့် ပြေးထွက်လာသည်။ ဖခင်ရင်ခွင်ထဲသို့ ပြေးဝင်တော့သည်။

ချစ်သူဘဝမို့ ချစ်သူရင်ခွင်ထဲသို့ ပြေးဝင်ချင်သော်လည်း ထိန်းသိမ်းရသည်။ ဆီးကြိုချင်သူကလည်း ဆီးကြိုပိုက်ထွေး

www.burmeseclassic.com

www.burmeseclassic.com



ချင်ပေမည်။

အမြဲတစေ ထိန်းသိမ်းရသော မြန်မာယဉ်ကျေးမှုက အမြင်ရိုင်းအောင် နွှင့်မပြုနိုင်ပေ။ လက်ထပ်ပြီး အကြင်လင်မယား ဘဝမှာဝင်လျှင် ဟိုရိုးသြားပွဲကို ထိန်းသိမ်းကြရသည်မဟုတ်လား။

မောင်ကောက်နှင့် ဖိုးထောင်တို့ကို ဌာနပိုင်ကြီး လက်ဖြင့် ငွေဖောစ်ထောင်စီ* ဆုချခဲ့သည်။ သူတို့ ဝမ်းသာကြည်နူး သွားခဲ့ကြသည်။

စကားဝိုင်းမှာ စိုပြေလှသည်။

ဦးဖြိုးသာ၏ ဘုရားပြတိုက်ပွဲ အနိုင်ရမှုအတွက် ... အထက်မှ ကျေနပ်ကာ ရုံမှူး(အဆိုင်ဝီ) ရာထူးသို့ တိုးမြှင့်ပေးရန် စီစဉ် နေကြောင်းသိရ၍ ဦးမျိုးဆက် ဝမ်းသာရသည်။

ဦးဖြိုးသာက ဦးမျိုးဆက်တို့ ကြုံတွေ့လာခဲ့ရသော လမ်းခရီးအကြောင်း၊ ဗန္ဓုတို့အဖွဲ့အကြောင်းကို မေးမြန်းခဲ့သည်။

ဦးမျိုးဆက်က စိတ်ဝင်စားဖွယ်ရာ ရှင်းပြ၍ ခနဲ့ရှိ ရှိအရာရှိအကြပ်နှင့် ရဲသားတွေ စိတ်ဝင်စားကာ နားထောင်ကြ သည်။

နာဂမျိုးဖြူလေးများအကြောင်းရောက်တော့ ပြုံးစိစိ ဖြစ်ကုန်ကြသော မောင်ကောက်နှင့် ဖိုးထောင်ပါ သူတို့အတွေ့ အကြုံကိုဝင်ပြောတော့ ပွဲကျကုန်ပါလေသည်။

ယင်းအချိန်တွင် ဝင်းမောင်ထွန်းက ချစ်ရသူ ... လေးလေးမြင့်ရှိရာသို့ ရောက်ရှိသွားခဲ့သည်။ ဦးမျိုးဆက် တစ် ယောက် စကားဝိုင်းမှ ဝင်းမောင်ထွန်းပျောက်သွားသည်ကို သိနိုင် မည်မထင်။

စကားဝိုင်းက လက်ပံပင်ဇရက်ကျသည်နှင့် ခြားလှ



ညီမှမဟုတ်တာဘဲလေ။ သည်လိုပဲ ဝင်းမောင်ထွန်းကလည်း မှတ် ချက်ပြုသည်။

ဝင်းမောင်ထွန်းက လေးလေးမြင့်ကို သိုင်းဖက်ထား သည်။ ကြားလေသွေးလျှင် ဝေးမတတ်ဆိုတာ သူယုံပြီ။

"ဒါဆို နာဂအမျိုးမလေးတွေက သိပ်လှတာပဲနော် ကိုထွန်း"

"အင်းပေါ့ လှတာမှ သိပ်လှ ... အရွယ်တူလေးတွေချည်းပဲ"

"ဘာဖြစ်လို့ ကိုထွန်းကို ရွေးခိုင်းတာလဲ ကိုဟိုင်းလိုရွေးပါ စေပေါ့ ..."

"မရဘူး လေးလေး ... ထုံးစံအရ ကိုထွန်းက အစ်ကိုကြီး လေ ... ရွေးပေးရတာပေါ့ ..."

"သိပ်လှတာဆိုတော့ နာဂမျိုးဖြူလေးတွေက သတို့သမီး ဝတ်စုံလှလှတွေ ဝတ်ထားမှာပေါ့ ... ဟုတ်လား ကိုထွန်း"

"အာ ... "

"အယ် ..."

"ကြည့်စမ်း ... ကြည့်စမ်း ... ဒါကြောင့် ကိုထွန်းရွေးပေးတာ နေမှာဘဲ ... သွား ... သွား ... "

မိန်းမစိတ်က မိန်းမစိတ်ပါပဲ ... ကိုယ့်ချစ်သူက ... ခြားမိန်းကလေးတွေကို ကြည့်မိသည်ဆိုလျှင်ပင် နှလုံးဆတ်ဆတ် ပြီ။

သည်တော့ လေးလေးမြင့် အပျိုမထပြေးပါလေပြီ။

ဝင်းမောင်ထွန်းနောက်မှ လိုက်ဆွဲရတော့သည်။ ဆွဲမိသည်နှင့် ဝင်းမောင်ထွန်းက လေးလေးမြင့်ပါးပြင်သို့ ... နမ်းမိုးရွာချခြင်းဖြင့် နှစ်သိမ့်စေရန်ပြင်လိုက်သည်။

သည်စဉ်မှာဘဲ လေးလေးမြင့်မှ လက်မြှောက်ကာပြီး။

www.burmeseclassic.com

www.burmeseclassic.com



"နေဦး ကိုထွန်း ... နောက်ဆို လေးလေးကလွဲလို့ ဘယ်မိန်းကလေးမှ မကြည့်ပါဘူးလို့ ကတိပေးရမယ် ... ပေးမှာလား ..."

ယင်းအခိုက်မှာပင် ...

"ပေးလိုက်စမ်းပါ ထွန်းထွန်းရာ ... မိန်းမတွေဟာ သည်လိုပါပဲ ... နောက်တော့လည်း လစ်ရင်ခိုးကြည့်ရတာပါပဲ"

"အယ် ... ဦးဖြိုးသာ ..."

ဘယ်အချိန်က အနီးသို့ ရောက်လာမှန်းမသိရသော ဗွာနပိုင်ကြီးကိုတော့ တွေ့လိုက်ရသည်။ ဖြိုးစိစိဖြင့် ဦးဖြိုးသာ ထွက်သွား၏။

နှစ်ဦးစလုံး ကိုယ်ရှိန်သတ်လိုက်ရသည်။

တစ်ဦးနှင့်တစ်ဦး ပြုံး၍ ကြည့်မိကြသည်။

လေးလေးမြင့်၏ လက်ကလေးကို ဝင်းမောင်ထွန်း မရှောင်မရှဲ ဖျစ်ညှစ်လိုက်ရပါလေ၏။

ပြီးပါပြီ

www.burmeseclassic.com